
http://www.dhammadownload.com

# ထိ – သိ – သတိ
# သားတောင်ဆရာတော်ဘုရားကြီး၏
# ထေရုပ္ပတ္တိနှင့် ကိုယ်တွေ့ဖြစ်ရပ်များ



http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း မောင်အံ့ (မဟာဝိဇ္ဇာ–ဘုံဘေ) | က မှ ဂ |
| ၂။ | ဦးလှမြိုင် (ကိုဆောင်း) | ဃ မှ စ |
| ၃။ | အရှင်ကုသလ (ဘုရားစု) | ဆ မှ ဈ |
| ၄။ | စာရေးသူ၏ဆန္ဒမွန် | ၁ |
| ၅။ | ထေရုပ္ပတ္တိအကျဉ်း | ၄ |
| ၆။ | ကျောင်းသားအရွယ်လွန်ဆန်းကျယ် | ၄ |
| ၇။ | ရှင်လူထွက်လျှင် လုပ်ငန်းဝင် | ၅ |
| ၈။ | မြင့်မြတ်သည့် ရဟန်းဘဝ | ၆ |
| ၉။ | မဂ်၊ ဖိုလ်ရည်မှန်းအားထုတ်ခန်း | ၇ |
| ၁၀။ | ဝေဘူဆရာတော်မိန့်ကြားခြင်း | ၁၂ |
| ၁၁။ | ဝေဘူဆရာတော်နှင့် မဟာစည်ဆရာတော်တို့ကြွရောက်ခြင်း | ၁၃ |
| ၁၂။ | ထူးခြားသတင်းဖြစ်ပေါ်ခြင်းနှင့် ဆရာတော်ကြီး၏ သာသနာ့ခရီး | ၁၅ |
| ၁၃။ | မဟာသီဝမထေရ်တရားတော် | ၁၉ |
| ၁၅။ | ဉာဏ်စဉ် | ၂၁ |
| ၁၆။ | တရားသဘာဝ | ၂၃ |
| ၁၇။ | အပါယ်ငရဲ | ၂၄ |
| ၁၈။ | ဆရာတော်ဘုရားကြီး မကြာခဏမိန့်ကြားသည့် အဆုံးအမ မိန့်စကားများ | ၃၀ |
| ၂၀။ | အမြဲဆင်ခြင်နေရမယ့် တရား အနိစ္စ၊ ဒုက္ခ၊ အနတ္တ | ၃၃ |
| ၂၁။ | ၂၀၀၄ခုနှစ် ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးနှင့် ထူးခြားချက်များ | ၄၉ |
| ၂၆။ | ဖလေးရွာမှ ကျိုက်မတ်ကော်စေတီ ထီးတင်ပွဲ | ၅၁ |
| ၂၈။ | ရန်ကုန်မေဃဝတီကျောင်းသို့ ကြွရောက်ခြင်း | ၅၁ |
| ၂၉။ | ကိုယ်တွေ့ထူးခြားဖြစ်စဉ်များ | ၅၂ |
| ၃၀။ | ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီး အစဉ်ဟောကြားတော်မူလေ့ရှိသော တရားတော် | ၆၅ |
| ၃၁။ | ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် တောင်ပုလုတောရ ကမ္ဘာ့အေးဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း | ၆၈ |
| ၃၂။ | ကျေးဇူးတော်ရှင် စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီး၏ ကိုယ်တွေ့တရားကျင့်စဉ် | ၇၄ |
| ၃၃။ | သိမှတ်ဖွယ်ရာအဖြာဖြာ | ၈၉ |
| ၃၄။ | မနောမယပတ္တမြား | ၉၅ |
| ၃၅။ | နိဂုံးနှုတ်ဆက်ဆန္ဒ | ၉၉ |

http://www.dhammadownload.com



ဆားတောင်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com



ဆားတောင်ဆရာတော်ဘုရားကြီး၏
သက်တော် (၃၀)နှစ်အရွယ်ပုံတော်
ရဟန်းကိစ္စပြီးချိန်

http://www.dhammadownload.com



ကျေးရှူးတော်ရှင် ဥပဇ္ဈာယ်ဆရာတော် ဦးဇဋိလ



မစိုးရိမ်တောရ စာသင်တိုက်

http://www.dhammadownload.com




ရန်ကင်းတောင်သိမ်တော်ပုံ



ရဟန်းအမ၊ ကျောင်းအမကြီး
ဒေါ်အေးမယ်၏အဘိုး
ကျောင်းဒါယကာ
သူကြီးဦးတင်၏ပုံ

http://www.dhammadownload.com



သင်.... တရားကို အားထုတ်ပါ
ဆင်းရဲဒုက္ခမျိုးစုံမှ လွတ်ကင်းပြီး
မုချချမ်းသာမည်။

ဆားတောင်ဆရာတော်ဘုရားကြီး၏ လက္ခဏာတော်

http://www.dhammadownload.com



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဦးသန့် နှင့်စာရေးဆရာမကြီး
ဒေါ်ခင်မျိုးချစ်တို့ ဆရာတော်ထံမှ ဩဝါဒခံယူနေပုံ



ဆားတောင်ဆရာတော်ဘုရားကြီး၏ဆံတော်လုံးနေပုံ

http://www.dhammadownload.com



ရဟန်းအမ
ကျောင်းအမကြီး
ဒေါ်အေးမယ်
အသက် (၁၈)နှစ်အရွယ်ပုံ



သီလရှင်ဒေါ်အေးစန္ဒာ၏ပုံ
(ရဟန်းအမ၊ ကျောင်းအမကြီး
ဒေါ်အေးမယ်)

http://www.dhammadownload.com



၁–၉–၁၉၈၅ နေ့ မန္တလေးတိုင်းတွင်ဆွမ်းဆန်စိမ်းကြွပြီး
ပရိတ်တရားတော်များချီးမြှင့်နေပုံ



၁–၉–၁၉၈၅ နေ့ မန္တလေးတိုင်းတွင် ဆွမ်းဆန်စိမ်း
လောင်းလှူပွဲကြွစဉ်

http://www.dhammadownload.com



ယနေ့ထက်တိုင် ဆားတောင်ဆရာတော်ဘုရားကြီး၏
ဝေယျာဝစ္စကူသိုလ်ယူနေကြသော
ရဟန်းမယ်တော်၏ သမီးနှင့်တူမများ



ဆားတောင်ဆရာတော်ဘုရားကြီး မန္တလေးတိုင်း၌
(၁-၉-၁၉၈၅)နေ့တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ကြွစဉ်

http://www.dhammadownload.com



ဆားတောင်ဆရာတော်ဘုရားကြီး၏ ပုံတော်

http://www.dhammadownload.com




(၂–၁၂–၁၉၉၈)ဗိုလ်မှူးကြီးကိုကိုမောင် နေအိမ်သစ်သို့
ကြွရောက်သည့်နေ့၌ ရန်ကုန်လေဆိပ်တွင် ဓေတ္တာသိတင်းသုံးစဉ်



ဆားတောင်ဆရာတော်
ဘုရားကြီး၏
ဆံတော်ပုလင်းထဲ၌
ဆရာတော်ဘုရားကြီး
ကြွလာပုံ

http://www.dhammadownload.com



ဆားတောင်ဆရာတော်ဘုရားကြီး
ဇလွန်ပြည်တော်ပြန်ဘုရားသို့
ဘုရားဖူးကြွစဉ်

http://www.dhammadownload.com




ဝေဘူဆရာတော်ဘုရားကြီး ဘုဉ်းပေးခဲ့သော ငွေသပိတ်နှင့်
နို့ဆွမ်း ဘုဉ်းပေးနေပုံ
(ဗိုလ်မှူးကြီးကိုကိုမောင် နေအိမ်၌သီတင်းသုံးစဉ်)



ဆားတောင်ဆရာတော်
ဘုရားကြီး
ဗိုလ်မှူးကြီးကိုကိုမောင်
နေအိမ်မှ ဆေးခန်းသို့ကြွစဉ်

http://www.dhammadownload.com




ပရိဘောဂစေတီ ထီးတော်တင်ပွဲတွင်
ဆားတောင်ဆရာတော်ဘုရားကြီးနှင့် စာရေးသူ၏သား
ဘုရားဒါယကာ ဦးကျော်ဆွေတို့ ရေစင်သွန်းလောင်း ပူဇော်နေပုံ




ကျောင်းဒါယကာ ဦးကျော်ဆွေ လှူဒါန်းထားသည့်
ဆားတောင်ဆရာတော်ဘုရားကြီး သီတင်းသုံးရန်ကျောင်း

http://www.dhammadownload.com



ဆားတောင်ဆရာတော်ဘုရားကြီး တပည့်ဒါယကာ၊
ဒါယိကာမများနှင့်အတူ ကျိုက်ထီးရိုးဘုရားဖူးစဉ်



ဆားတောင်ဆရာတော်ဘုရားကြီး ကျိုက်ထီးရိုးဘုရားမှ ပြန်ကြွစဉ်

http://www.dhammadownload.com



ပရိဘောဂစေတီတော်၊ ရဟန်းအစ်မ မိသားစုနှင့်
ဘုရားဒါယကာ၊ ဒါယိကာမ မိသားစု



ပရိဘောဂစေတီတော်နှင့်
ဘုရားဒါယကာ မိသားစု

http://www.dhammadownload.com



ဆားတောင်ဆရာတော်ဘုရားကြီး၏ ပရိဘောဂစေတီတော်



ဆားတောင်ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍
စာရေးသူ၏ သားနှစ်ယောက် ရဟန်းအဖြစ်ခံယူနေပုံ

http://www.dhammadownload.com



စာရေးသူ၏အိမ် (အလုံ) ၌ ၆၁ ပါးအလှူနှင့် ရဟန်းခံ ရှင်ပြုပုံ



မနက်ခင်း အလုံအိမ်ခြံဝင်း၌
ဆားတောင်ဆရာတော်ဘုရားကြီး
ခေတ္တသီတင်းသုံးစဉ်

http://www.dhammadownload.com




ဆားတောင်ဆရာတော်ဘုရားကြီး စာရေးသူအိမ် (အလုံ)၌
သီတင်းသုံးစဉ်
ရဟန်းခံမည့်သားကြီး၏ သင်္ကန်းအားမေတ္တာပို့ပေးပုံ

http://www.dhammadownload.com



စာရေးသူ၏အိမ် (အလုံ)၌ ဆားတောင်ဆရာတော်ဘုရားကြီး
ဘုရားဝတ်ပြုရန်ထွက်လာစဉ်

http://www.dhammadownload.com



၂၀၀၄ ခုနှစ်၊ အထူးကြပ်မတ်ကုသဆောင် (ICU) ၌
ဆားတောင်ဆရာတော်ဘုရားကြီးဆေးကုသခံယူစဉ်



ဆားတောင်ဆရာတော်ဘုရားကြီးနှင့် ဒေါက်တာဖေသိန်း (ဝန်ကြီး)

http://www.dhammadownload.com



ဆားတောင်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံယူနေပုံ
(အောက်ဝဲမှယာ)
ဒေါ်သန်းနွဲ့ (စာရေးသူ၏ဇနီး)၊ ဒေါ်မြတ်ဆွေ၊ ဒေါ်ညိုညိုလွင်၊
ဒေါ်လှရီ

http://www.dhammadownload.com



မာလာဂနိုင်ငံဟေမာမြိုင်အိမ်ရှေ့တွင်
ဆားတောင်ဆရာတော်ဘုရားကြီး သီတင်းသုံးနေစဉ်ပုံ



မာလာဂနိုင်ငံဟေမာမြိုင်အိမ်ရှေ့တွင်
ဆားတောင်ဆရာတော်ဘုရားကြီး ကြွရောက်ပူဇော်ခံစဉ်
ဆီမီး (၈၀၀၀) ပူဇော်ပုံ

http://www.dhammadownload.com



ပဲခူးတိုင်း ဖလေးဘုရားထီးတော်တင်ပွဲတွင်
ပန်းရထားပေါ်ရှိ စိန်ဖူးတော်အတွင်း၌
ဆားတောင်ဆရာတော်ဘုရားကြီးအား
ဖူးမျှော်တွေ့ရစဉ်

http://www.dhammadownload.com



ဆားတောင်ဆရာတော်ဘုရားကြီး
မာလာဂနိုင်ပေဟမာမြိုင်အိမ်၌ ဆံချနေပုံ



ဆားတောင်ဆရာတော်ဘုရားကြီး စာရေးသူအိမ်မှပြန်ကြွစဉ်

http://www.dhammadownload.com





စိန်ဖူးတော်ထဲတွင် ဆားတောင်ဆရာတော်ဘုရားကြီး ကြွလာသည့်ပုံ
ထင်ရှားစွာပေါ်နေသည်ကို ကုံလုံဆရာတော်ဘုရားကြီးမှ ပြသနေပုံ

http://www.dhammadownload.com



ဗိုလ်မှူးကြီးသိန်းထွန်းနှင့် ဆေးဝန်ထမ်းများမှ ဆေးရုံတွင်
ဆားတောင်ဆရာတော်ဘုရားကြီးအား ဆွမ်းဆက်ကပ်နေပုံ

http://www.dhammadownload.com



ဆားတောင်ဆရာတော်ဘုရားကြီး၏ပုံတော်

http://www.dhammadownload.com




ဆရာတော်ဘုရားကြီးသည် သက်တော်(၈၂) သိက္ခာတော်(၆၂)ဝါရရှိရာ ၁၃၆၉ခုနှစ်၊
တန်ဆောင်မုန်းလဆန်း(၄)ရက်နေ့ (၁၃–၁၁–၂၀၀၇) နံနက် (၁၀နာရီ ၃၀မိနစ်)တွင် စဉ့်ကိုင်မြို့နယ်၊
ကသဲကုန်းကျေးရွာ၊ မင်းရွာကုန်းကျောင်းတွင် ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့သည်။

http://www.dhammadownload.com




ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို မပုပ်မသိုး ဖူးမျှော်ရပုံ

http://www.dhammadownload.com



# ဥ ယျော ဇဉ်

**မောင်အုံး (မဟာဝိဇ္ဇာ–ဘုံဘော)**

“စာရေးဆရာ မနောမယပတ္တမြား” က ကျွန်တော့အား ဆားတောင် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ နှင့် ကိုယ်တွေ့ဖြစ်ရပ်များ စာအုပ်(စာမူ) ကို ပေးအပ်၍ တည်းဖြတ်ပေးပါရန် နှင့် ဥယျောဇဉ်စာတမ်း ရေးသားပေးပါရန် ပြောကြားလာပါသည်။

အချိန်မှာ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ၊ အမျိုးသားညီလာခံ ကျင်းပနေချိန် ဖြစ်၍ ညီလာခံတွင် နှစ်ဦးသားဆုံမိရာမှ ကျွန်တော့မှာ လုပ်ငန်းတာဝန် တစ်ရပ် ရရှိလာခဲ့ပါသည်။

ကလောင်ရှင်သည် သဒ္ဓါတရားထက်သန်သူဖြစ်၍ စာဖတ်သူများအား မိမိနှင့်အလားတူ သဒ္ဓါတရားတိုးပွား စေချင်သည်။ ဝိပဿနာတရားကိုလည်း အားထုတ်စေချင်သည်။ ကလောင်ရှင်သည် ဆားတောင်ဆရာတော်ကြီးအား သူကိုယ်တိုင်အတိုင်းမသိကြည်ညိုသည်၊ သူတစ်ပါးအားလည်း မိမိကဲ့သို့အတိုင်းမသိကြည်ညိုသဒ္ဓါ ပွားများစေချင်သည်။

ကျွန်တော်သည် အသက်(၂၀)ကျော်အချိန်ကပင် ဆားတောင် ဆရာတော်ကြီး အကြောင်းကို တစွန်းတစ ကြားခဲ့ဘူးပါသည်။ ထိုခေတ် ထိုအချိန်ကပင် ဆားတောင်ဆရာတော်သည် **ရဟန္တာ** ဟု ကျော်ကြားလေ့ ရှိခဲ့ပေသည်။

ကျွန်တော်တစ်သက်တာ၌ ရဟန္တာဟု ကျော်ကြားခဲ့သော ဆရာတော် ဘုရားကြီးများ အများအပြားပေါ်ထွန်း ကြုံကြိုက်ခဲ့သော်လည်း ပရိယတ္တိ စာပေကို အားကြိုးမာန်တက် ကြိုးပမ်းနေချိန်ဖြစ်၍ သွားရောက်ဖူးမျှော်ခြင်း မပြုနိုင်ခဲ့ပါချေ။

မိုးကုတ်ဆရာတော်၊ စွန်းလွန်းဆရာတော်၊ ညောင်လွန့်ဆရာတော် တို့အား အသက်ထင်ရှား ရှိနေပါလျက် သွားရောက်ဖူးမျှော်ခြင်း မပြုနိုင်ခဲ့ချေ။ နောက်ပိုင်းတွင်မူ အဘိဓဇမဟာရဋ္ဌဂုရု၊ ခန္တီးဆရာတော်၊ ဘုံဘောဆရာတော်၊ သဲအင်းဂူဆရာတော်၊ ဥဒေါင်းတောင်ဆရာတော်၊ မောင်းထောင်ရွာမွန် ဆရာတော် စသည်တို့ကိုမူ သက်ရှိထင်ရှားရှိနေစဉ် ဖူးမျှော်ခြင်း၊ တရားနာခြင်းများ ပြုလုပ်ခဲ့ရပေသည်။

ထို့ပြင် ပရိယတ္တိစာပေနယ်၌ ထူးချွန်သော မန္တလေးမြို့ပေါ်ရှိ ဆရာတော် ကြီးများ၊ စစ်ကိုင်းတောင်ရိုးနှင့် အမရပူရမြို့ရှိ ဆရာတော်ကြီးများ၊ ပခုက္ကူမြို့၊ မြင်းခြံမြို့၊ ပဲခူးမြို့၊ ရန်ကုန်မြို့ စသောမြို့ကြီးများရှိ စာသင်တိုက်များမှ ဆရာတော်ကြီးများအား ဖူးတွေ့လိုက်ရပါသည်။

ပဋိပတ္တိ ကမ္မဋ္ဌာန်းအရာ၌ ကျော်ကြားသော မဟာစည်ဆရာတော်၊ တောင်ပုလုဆရာတော်၊ အလံတစ်ရာ ဆရာတော်၊ သာမညဆရာတော် စသော ဆရာတော်ကြီးများအား ဖူးတွေ့လိုက်ရပေသည်။

သို့ရာတွင် ဆားတောင်ဆရာတော်ဘုရားကြီးကိုမူ ယခုအချိန်အထိ ဒိဋ္ဌ မျက်မြင်ဖူးတွေ့ရခြင်း မရှိသေးချေ။ ထိုသို့မျက်စိဖြင့် မမြင်ဘူးသေးသော်လည်း ကလောင်ရှင် မနောမယပတ္တမြား၏ ရေးသားဖော်ပြချက်များအရ ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာ၊ အကျင့်သိက္ခာများကို ကြည်ညို သဒ္ဓါ ပွားများ လျက်ရှိပေသည်။

“ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ” အကြင်သူသည် တရားတော် ကို ထိုးထွင်းသိမြင်၏၊ ထိုသူသည် မြတ်စွာဘုရားကို တွေ့မြင်သူ မည်၏ ဟူသော ဒေသနာတော်အရ မနောမယပတ္တမြား ရေးချယ်ပြထားသော ဆရာတော် ဘုရားကြီး၏ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ တို့ကို ဖတ်ရှုရခြင်းဖြင့် ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ ဥပမိရုပ်ကို ကျွန်ုပ်၏ မနော ကြေးမုံပြင်၌ ကြည်လင်ပြတ်သားစွာ ပေါ်လွင်လျက်ရှိပေသည်။ ထေရုပ္ပတ္တိ စာအုပ်ကို အပြန်ပြန် အလှန်လှန် အဖန်ဖန် အထပ်ထပ် ဖတ်ရှုလေ့လာ၍ ကြည်ညိုသဒ္ဓါ ပွားများရပေသည်။

ရဟန္တာ ဆိုသည်မှာ လွန်စွာ အသိခက်လှပေသည်။ ဗဟုသုတ ပြည့်စုံသူ တစ်ဦး အနေဖြင့် အနီးကပ် ဆည်းကပ်လေ့လာ၍ နှစ်ရှည်လများ စောင့်ကြည့် လေ့လာမှသာလျှင် အမှန်အတိုင်း အကဲဖြတ်နိုင်ပေလိမ့်မည်။ အရပ်သူ/ အရပ်သားများ ပြောစကားအရ **ရဟန္တာပုဂ္ဂိုလ်** သည် ကိလေသာကင်းစင် သဖြင့် စကြံကြွသောအခါ မြေသို့မထိဘဲ ကြွနိုင်သည်ဟုဆိုကြသည်။ ထို့ကြောင့် တစ်ချိန်က ရဟန္တာဟု ကျော်ကြားသော ဆရာတော်ကြီးတစ်ပါး အပူဇော်ခံ ကြွရာ၌ “မုန့်လေပွေ” ခင်ထား၍ ကြိုဆိုကြသည်။

http://www.dhammadownload.com



မုန့်လေပွေများ အပေါ်၌ ဆရာတော်ကြီးကြွသောအခါ မုန့်လေပွေများ မကျိုးမပဲ့ဟု ပြောဆိုကြသည်။ အမှန်စင်စစ် ရဟန္တာဟုတ်၊ မဟုတ်ကို ဤကဲ့သို့ အကဲဖြတ်၍ မဖြစ်နိုင်ချေ။ လောဘ၊ ဒေါသ၊ မာန၊ တဏှာ၊ ရာဂ၊ အကြွင်းအကျန် ရှိ/မရှိ သိမ်မွေ့သော တဏှာ၊ မာန၊ ဒိဋ္ဌိများ ရှိ/မရှိ ကြာရှည်လေးမြင့် လေ့လာစုံစမ်းဘို့ လိုအပ်ပေသည်။

မြတ်စွာဘုရား လက်ထက်တော်အခါက လက်ျာတော်ရံ အရှင်သာရိပုတ္တရာထံ၌ ရှင်သာရိပုတ္တရာ၏ သပိတ်၊ သင်္ကန်းကို သယ်ဆောင်၍ နောက်တော်ပါးမှ လိုက်ပါနေသော တောထွက်ရဟန်းကြီးတစ်ပါးက ပြောဆိုသည်မှာ "ရဟန္တာ၊ ရဟန္တာ နဲ့ ပြောလိုက်ကြတာ တို့များတော့ တွေ့ဘူးပေါင်" ဟု ငြီးတွားရှာသတဲ့၊ ရဟန္တာကို ရဟန္တာဟု သိရှိနိုင်သော အသိဉာဏ်ပညာနှင့် ပြည့်စုံသူများသာလျှင် သိရှိနိုင်ကြပေလိမ့်မည်။

သာသနာနှစ် (၅၀၀)ခန့်က သီဟိုဠ်ကျွန်းတွင် ဆရာတော်ကြီးတစ်ပါး သည် စာပေပို့ချခြင်း၊ ဝိပဿနာပွားများခြင်း၊ ဈာန်သမာပတ် ဝင်စားခြင်း အမြဲမပြတ် ပြုလုပ်လေ့ရှိသဖြင့် ချစ်ခြင်း၊ ကြိုက်ခြင်း – ရာဂါနုသယ၊ ကြောက်ခြင်းလန့်ခြင်း – ပဋိဃာနုသယ၊ ဒေါသတရားတို့သည် ငုပ်လျှိုးနေ၍ အနှစ် (၆၀)အတွင်း တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်ခြင်း မရှိသောကြောင့် မိမိကိုယ်မိမိ ရဟန္တာဟုယူဆနေတော့သည်။ ဤအကြောင်းအရာကိုသိသော တပည့်ရဟန်းတစ်ပါးက ယင်းဆရာတော်ကြီး ထံ လာရောက်၍ ရဟန်းကိစ္စပြီးဆုံးပါပြီလောဟု မေးလျှောက်သည်။ ရဟန်းကိစ္စပြီးတာ ကြာပါပြီဟု ဖြေကြားသည်။ အရှင်ဘုရား ဈာန်အဘိဉာဉ်များကို လေ့လာမှုပြုပါသလောဟု မေးလျှောက်ရာ လေ့လာမှုပြုကြောင်း ပြန်လည်ပြောကြား သည်။ ထိုသို့ ဆိုပါက အင်မတန် သာယာလှပသော ရေကန်ကြီးတစ်ခုကို ဖန်ဆင်း၍ ယင်းရေကန်အတွင်း၌ ကြာပန်းများ၊ ပွင့်နေပြီး ကြာပန်းပေါ်၌ အလွန်လှပသော အမျိုးသမီးတစ်ဦး သီဆိုကနေဟန် ဖန်ဆင်းပြတော်မူပါ ဘုရားဟု လျှောက်ထားလိုက်ရာ ဆရာတော်ကြီးသည် တောင်းဆိုသည့်အတိုင်း ဖန်ဆင်းပြလိုက်လေသည်။

ဆက်လက်၍ ရဟန်းငယ်က လျှောက်ထားသည်မှာ ယင်းအမျိုးသမီး ကိုကြည့်ရှု၍ လွန်စွာလှပပေစွာတကားဟု (သုဘ သညာ) ပွားများရန်လျှောက်ထားသည်။ ဆရာတော်ကြီးသည် သုဘသညာဖြင့် ကြည့်ရှုသောအခါ ငုပ်လျှိုးနေသော တဏှာ၊ ရာဂစိတ်တို့ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရလေတော့သည်။ ထိုအခါ ဆရာတော်ကြီးသည် မိမိကိုယ်မိမိ အထင်ကြီးနေမှန်းသိရ၍ ဝန်ချတောင်းပန်ပြီးလျှင် တောရကျောင်းတစ်ခု၌ သွားရောက်၍ ကမ္မဋ္ဌာန်းတရား အားထုတ်လေတော့သည်။

အခြားဆရာတော်တစ်ပါးမှာလည်း မိမိကိုယ်မိမိ "ရဟန်းကိစ္စပြီးပြီ၊ ရဟန်ကိစ္စပြီးပြီ" ဟု အထင်ရောက် နေသည်။ ထိုဆရာတော်ကြီး မြစ်ဆိပ်၌ ရေချိုးသည့်အခါ ရဟန်းငယ်က ရေထဲ၌ငုပ်လျှိုးပြီး ဆရာတော်ကြီး၏ ခြေသလုံးကို မိချောင်းကိုက်သည့် ပုံသဏ္ဌာန်ဖြင့် လက်သဲဖြင့် ကုတ်ခြစ်လိုက်သည်။ ဆရာတော်ကြီးသည် ထိတ်လန့်တုန်လှုပ်၍ ကုန်းပေါ်သို့တက်ပြေးလေသည်။ ထိုအခါ မိမိမှာ ကြောက်လန့်ခြင်း – ပဋိဃာနုသယ၊ ဒေါသ မစင်ကြယ်သေးဟု သိရှိနားလည်သွားကာ ဆက်လက်၍ ဝိပဿနာ ကမ္မဋ္ဌာန်း တရား ကြိုးပမ်း အားထုတ်ရလေတော့သည်။

အချို့သော ရဟန္တာပုဂ္ဂိုလ်များမှာ ကိလေသာ (၁၀)ပါးလုံးကို ပယ်နိုင်သော်လည်း ယင်းကိလေသာတို့၏ အခိုးအကင်းဖြစ်သော ဝါသနာကိုမူ မပယ်နိုင်ကြချေ။ ဝါသနာကို မြတ်စွာဘုရားသာလျှင် အကြွင်းမဲ့ ပယ်နိုင်ပေသည်။ ရဟန္တာပုဂ္ဂိုလ်များမှာ ကိလေသာကို ပယ်နိုင်သော်လည်း ဝါသနာကို မပယ် နိုင်ချေ။

မြတ်စွာဘုရားရှင်၏ လက်ျာတော်ရံ အရှင်သာရိပုတ္တရာ မထေရ် မြတ်ကြီးကို ဒါယကာတစ်ဦးက သူ၏အိမ်သို့ ဆွမ်းစားပင့်ဖိတ်လေသည်။ ဒါယကာသည် ရှင်သာရိပုတ္တရာအား သင်္ကန်း (၃)စုံ ကပ်လှူမည်ဟု ရည်ရွယ် ထားလေသည်။ လမ်းခရီး၌ ရေအိုင်ကွက်တစ်ခု တွေ့ရှိသောအခါ ရှင်သာရိပုတ္တရာ  မထေရ်မြတ်ကြီးသည် နစဉ်အခါက မျောက်ဘဝ၌ များစွာကျင်လည်ခဲ့ရခြင်းကြောင့်၊ ခုန်ချင်၊ ပေါက်ချင်ဖြစ်တတ်သည်။ ထို့ကြောင့် ရှင်သာရိပုတ္တရာသည် ရေအိုင်ကွက်ကို ခုန်ကျော်လိုက်လေသည်။ ထိုသို့ ခုန်ကျော်သည်ကို မြင်ရသော ဒါယကာ၏စိတ်၌ ဘုန်းကြီးတန်မဲ့ ဣန္ဒြေမဲ့စွာ ခုန်ကျော်သည်။ သင်္ကန်း (၃)စုံမလှူတော့ဘဲ (၂)စုံတဲလှူတော့မည်ဟု စဉ်းစားလိုက်သည်။ တဖန် ဒုတိယရေအိုင်ကွက်ကို တွေ့သောအခါ၌လည်း

http://www.dhammadownload.com



ခုန်ကျော်လိုက်ပြန်သည်။ ဒါယကာ၏ စိတ်မှာလည်း သက်န်းတစ်ထည်လျှော့ကာ တစ်စုံတဲ လှူတော့မည်ဟု စဉ်းစား လိုက်သည်။ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် ဒါယကာ၏ စိတ်ဖြစ်စဉ်ကို စေတောပရိယ အဘိဉာဏ်ဖြင့် ကြည့်ရှုတော်မူသောအခါ ဒါယကာ အကြည်သိုပျက်နေသည်ကို သိရ၍ တတိယရေအိုင်ကွက်ကို တွေ့သောအခါ ခုန်ကျော်ခြင်းမပြုတော့ဘဲ ရေထဲဆင်း၍ ဖြတ်လျှောက်ကြွသွားလေသည်။

ဒါယကာက ဘာကြောင့် ရေအိုင်ကို ခုန်ကျော်မသွားပါသလဲဘုရား ဟု လျှောက်ထားရာ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက "ဒီတစ်ခါ ခုန်လိုက် ရင် သက်န်းတစ်စုံတောင် ကျန်တော့မည်မဟုတ်" ဟု မိန့်တော်မူလိုက်သည်။ ထိုအခါ ဒါယကာသည် ငါ၏ စိတ်အကြံအစည်ကို ထိုးထွင်းသိနေသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ဖြစ်သည်ဟု ကြည်ညိုသဒ္ဓါပေါက်ပွားလာ၍ ဆွမ်းကပ်ပြီး သက်န်း(၃)စုံ လှူလိုက်လေတော့သည်။ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် ဒါယကာ ကုသိုလ်တိုးပွားစေရန်၊ ဒါယကာ၏ သဒ္ဓါတရားကို စောင့်ရှောက်ရန် ခုန်ချင် ပေါက်ချင်သော မိမိ၏ ဝါသနာကို သတိသမ္ပဇဉ်ဖြင့် စောင့်ထိန်းလိုက်ခြင်း ဖြစ်ပေသည်။

တဖန် ပိလိန္ဒဝစ္ဆ ရဟန္တာမထေရ်မြတ်ကြီးသည် အတိတ်ကာလက ဘဝ (၅၀၀)တိုင်တိုင် ဘုရင်မင်းမြတ်ဖြစ်ခဲ့၍ တွေ့သမျှ မြင်သမျှ လူအပေါင်းကို ချိုးချိုးဖွဲ့ဖွဲ့ နှိပ်နှိပ်စက်စက် အပေါ်စီးကနေပြီး "ဝသလ၊ ဟေ့ လူယုတ်မာ" ဟု ခေါ်လေ့ရှိသည်။ ပိတ်ချင်းသီးများ လှည်းဖြင့်တိုက်လာသော လှည်းသမားအား "ဟေ့ လူယုတ်မာ (ဝသလ) ဘာတွေ သယ်လာတာလဲ" ဟု မေးလိုက်သည်။ လှည်းသမားက စိတ်ဆိုး၍ "ကြွက်ချေးတွေ" ဟု ပြောလိုက်သည်။ "ဩော် ကြွက်ချေးတွေလား" ဟု ရဟန္တာမထေရ်ကြီးက ဆိုလိုက်သည့်အခါ လှည်းပေါ်ရှိ ပိတ်ချင်းသီးအားလုံးသည် ကြွက်ချေးများ ဖြစ်သွားလေတော့သည်။ လှည်းသမားသည် မထေရ်မြတ်ကြီးအား ပြန်လည်တောင်းပန် ကန်တော့မှ သာလျှင် ပိတ်ချင်းသီးများ ပြန်လည်ဖြစ်လာတော့သည်။

ထို့ကြောင့် ရဟန္တာ ဟုတ်၊ မဟုတ် ကိုယ်အမူအရာ၊ နှုတ်အမူအရာ အပြင်ပန်းကြည့်၍ ဆုံးဖြတ်ရန် ခက်ခဲလှပေသည်။ နှစ်ရှည်လများ အချိန်ကြာမြင့်စွာ အနီးကပ်လေ့လာ ကြည့်ရှုနေမှသာလျှင် အမှန်အကန်ကို သိရှိနိုင်ပေလိမ့်မည်။ လေ့လာသူ ကိုယ်တိုင်ကလည်း အသိဉာဏ်ပညာ ပြည့်စုံ ကြွယ်ဝသူ ဖြစ်ဖို့လိုအပ်ပေသည်။

မည်သို့ပင် ဆိုစေကာမူ ကြည်ညိုတတ်သူ၊ သဒ္ဓါတရားထက်သန်သူ တို့မှာ ကုသိုလ်တရား ပွားများ၍ ပစ္စုပ္ပန် သံသရာ ကောင်းကျိုးချမ်းသာ တိုးပွားလိမ့်မည် ဖြစ်ပေသည်။ ယုံကြည်မှု သဒ္ဓါတရား နည်းပါးသူတို့မှာမူ သဒ္ဓါတရားခေါင်းပါး၍ ကုသိုလ်တရားဖြစ်ခွင့် နည်းပါးပေလိမ့်မည်။

ထို့ကြောင့် သဒ္ဓါတရားကို လက်နှင့်တူသည်ဟု ဥပမာပြု ဟောကြား တော်မူခဲ့သည်။ လက်ရှိသူမှာ ပစ္စည်းဝတ္ထု အရာဝတ္ထုများကို ဖမ်းကိုင်၊ လှမ်းကိုင် လက်ခံရယူနိုင်စွမ်းရှိပေသည်။ လက် မပါသူမှာ ဘာကိုမျှ ရယူနိုင်စွမ်းမရှိသဖြင့် မည်သည့်အဖိုးတန် ရတနာကိုမျှ ရနိုင်လိမ့်မည် မဟုတ်ပါချေ။

ကဿပဘုရားရှင်လက်ထက်တော်အခါက ဖေဒင်လေးပုံ ပါရဂူမြောက် တစ်ဘက်ကမ်းခတ်တတ်သော ဇောတိပါလ အမည်ရှိ ပုဏ္ဏားလုလင်သည် ပညာမာန်မာနတက်နေ၍ ကဿပဘုရားရှင်ထံ သွားရောက်ဖူးမြော်ခြင်း မပြုခဲ့ချေ။ "တောထွက်ပြီး(၆)ရက် တရားကျင့်ရုံနှင့် ဘုရားဖြစ်တယ်ဆိုရင် ငါက(၆)နှစ်ကျင့်မယ်ကွာ" ဟု မာနစကားဆိုခဲ့သည်။ အလွန်ရင်းနှီးသော သူငယ်ချင်းဖြစ်သူ ဃဋီကာရ – အိုးထိန်းသည်က ဇောတိပါလ လုလင်ကို (ဆံသျှောင်)ကို ဆွဲ၍ ကဿပ ဘုရားရှင်ထံ ခေါ်သွားမှသာလျှင် ဘုရားကိုဖူးမြော်ဖြစ်တော့သည်။

ထို့ကြောင့် ကုသိုလ်တရား ပွားများလိုသော အမျိုးကောင်းသား/သမီး တို့သည် သီလဖြူစင်သော ပုဂ္ဂိုလ်၊ သမာဓိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၊ ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရှိသော ပုဂ္ဂိုလ်များထံ မိမိတို့ကြားရာအရပ်မှ ဆိုင်းငံ့မနေဘဲ ချက်ချင်းသွားရောက် ဖူးမြော်ကြည်ညို သဒ္ဓါပွားကြရန် တိုက်တွန်း လိုက်ရပေသတည်း။

**မောင်အုံ့ (မဟာဝိဇ္ဇာ–ဘုံဘော)**

http://www.dhammadownload.com



# ဥ ယျော ဇဉ်

ဦးလှမြိုင် (ကိုဆောင်း)

ကိုယ့်ဉာဏ်အဆင့်၊
ကိုယ်တိုင်ချင့်၊
အသင့်ဆုံးဖြစ်ရာ။

## ဓမ္မဒါသသုတ်လာ သောတာပန်၏ ဂုဏ်အင်္ဂါ ၄–ပါး

၁။ ဗုဒ္ဓစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
၂။ ဓမ္မစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
၃။ သံဃာ့စွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။
၄။ အရိယကန္တ ငါးသီလ၊ လုံးဝပြည့်စုံရာ။
၅။ မြတ်သောတာပန်၊ တရားမှန်၊ လေးတန်စုံလင်ရာ။
၆။ ကိုယ့်ဉာဏ်အဆင့်၊ ကိုယ်တိုင်ချင့်၊ အသင့်ဆုံးဖြစ်ရာ။

## မျက်မှောက်သိအပ်သောနိဗ္ဗာန်၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်

ရုပ်နာမ်ဖြစ်ပျက် – ပြတ်လျက်ငြိမ်းသည်။ **(သန္တိလက္ခဏံ နိဗ္ဗာနံ)**
ရွေ့လျောသေခြင်း – ကင်းရှင်းပေသည်။ **(အစ္စုတိရသံ)**
သင်္ခါရနိမိတ် – ကင်းဆိတ်ထင်သည်။ **(အနိမိတ္တ အစ္စုပဋ္ဌာနံ)**
နိဗ္ဗာန်ရောက်က သိမြင်သည်။

## သစ္စာ (၄) ပါး သရုပ်

၁။ ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာတည်း။ **(ဒုက္ခ)**
၂။ သင်္ခါရတွင်၊ အကောင်းထင်၊ ခင်မင်သမုတည်း။ **(သမုဒယ)**
၃။ ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း ချုပ်ဆုံးနိဗ္ဗာန်တည်း။ **(နိရောဓ)**
၄။ ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ပေတည်း။ **(မဂ္ဂ)**

http://www.dhammadownload.com



# သစ္စာ (၄) ပါးကို တပြိုင်နက်သိပုံ

၁။ သစ္စာ (၄) ချက်၊ တပြိုင်နက်၊ သိချက်ဘယ်သို့နည်း။

၂။ နိဗ္ဗာန်မြင်ကာ၊ ကြွင်းသစ္စာ၊ မှန်စွာသိမှုပြီး။

(က) ဆောက်တည် စောင့်ထိန်းထားတဲ့ (လူရှင်ရဟန်းတို့၏) သီလ မပျက်မပြယ် စင်ကြယ်တာက သီလဝိသုဒ္ဓိ။

(ခ) အာရုံတခြားသို့ မလွင့်ပါးဘဲ ရှုမှတ်ရာ၌သာကပ်လျက် တည်ကာ မှတ်စိတ်ချည်း စင်ကြယ်တာက စိတ္တဝိသုဒ္ဓိ။

**( ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ''ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်တရားတော်'' စာအုပ်မှ ကောက်နုတ်ချက်ဖြစ်ပါသည်။)**

ကျွန်တော်သည် မဟာစည်ယောဂီဖြစ်ပါသည်။ ၁၉၆၅ ခုနှစ်က မဟာစည်သာသနာ့ရိပ်သာကြီးတွင် ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြုပြီး၊ ရဟန်းဝတ်ကာ သတိပဋ္ဌာန် ဝိပဿနာတရားတော်ကို အားသွန် ခွန်စိုက် ဖွဲ့နဘဲကြီးစွာဖြင့် အားထုတ်ခဲ့ပါသည်။ နေ့စဉ်မပြတ်လည်း အားထုတ်နေသူ ဖြစ်ပါသည်။

ကျွန်တော်သည် ဆရာ **မနောမယပတ္တမြား** (ဦးလှမြင့်) နှင့်နိုင်ငံတော် အမျိုးသားညီလာခံကြီး၏ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ် အစုအဖွဲ့တွင် ရင်းနှီးခင်မင်စွာလက်တွဲ ဆောင်ရွက်နေသူဖြစ်ပါသည်။ ဆရာ **မနောမယပတ္တမြား**သည် ကျွန်တော်တို့ အသိပညာရှင်၊ အတတ်ပညာရှင် အစုအဖွဲ့၏ သဘာပတိအဖွဲ့ကို ဦးဆောင်နေသူတစ်ဦးဖြစ်ပါသည်။ ယခု နိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ရုံးအဖွဲ့မှူး (အထွေထွေမန်နေဂျာ–မြန်မာ့မီးရထား) တာဝန်ယူနေသူဖြစ်ပါသည်။

ဆရာရေးသားပြုစုသည့်၊ ''ထိ–သိ–သတိ၊ ဆားတောင်ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့်ကိုယ်တွေ့ဖြစ်ရပ်များ'' စာအုပ်အတွက် ဆရာ ဦးအုံ့မောင်နှင့်အတူ၊ ဥယျောဇဉ်ရေးပေးရန် မေတ္တာရပ်ခံချက်အရ ကျွန်တော် သည် အလွန်အားနည်းလှသော ကျွန်တော်မျက်စိကို လက်ကိုင် မှန်ဘီလူး အကူအညီနှင့် ဆရာလိုအပ်ချက်ကို ကျိုးစားဖြည့်စွမ်းပေးလိုက်ရပါသည်။

ရှင်လူအပေါင်းတို့က ရဟန္တာအရှင်မြတ်ဟု ယုံကြည်ကိုးကွယ် ဆည်းကပ်ခြင်း ခံယူလျက်ရှိသည့် ကျေးဇူးတော်ရှင် ဆားတောင်ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့်ကိုယ်တွေ့ဖြစ်ရပ်များကို နိုက်နိုက် ချွတ်ချွတ် ရှာဖွေ လေ့လာစုဆောင်းတင်ပြခြင်းပြုနိုင်ခဲ့သည့် ဆရာ **မနောမယပတ္တမြား**အား ချီးကျူးမှတ်တမ်းတင် အပ်သည်ဟု ကျွန်တော်တင်ပြလိုပါသည်။

ဆရာစာအုပ်တွင် ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီး၏ တရားတော်များ၊ ကျေးဇူးတော်ရှင် တောင်ပုလုဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းများ၊ ကျေးဇူးတော်ရှင် စွန်းလွန်းဆရာတော်ဘုရားကြီး၏ ဆုံးမသြဝါဒများကို ဖြည့်စွက်ဖော်ပြနိုင်ခြင်းမှာလည်း ဝိပဿနာတရား လေ့လာ အားထုတ်သူများအတွက် အလွန် တန်ဖိုးကြီးမားလှပါသည်။

ဝိပဿနာတရားကို အားသွန်ခွန်စိုက် လေ့လာပွါးများ ကျင့်ကြံ အားထုတ်လိုသော သူတော်ကောင်း ပုဂ္ဂိုလ်များအတွက် ဆရာ **မနောမယ ပတ္တမြား**၏ ဤစာအုပ်သည်တရားထူးတရားမြတ်များကို ပေါက်မြောက် ရရှိနိုင်အောင် အကျိုးပြုနိုင်မည်မလွဲဟု ယုံကြည်ပါသည်။

http://www.dhammadownload.com



''အထူးသဖြင့် ယခုသက်တော်ထင်ရှားရှိသော ကျေးဇူးတော်ရှင် ဆားတောင်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် လိုက်နာရမည့် ဆုံးမသြဝါဒ ဆောင်ပုဒ်များ၊ တရားတော်များ၊ ကိုယ်တွေ့ဖြစ်ရပ်များ၊ မှတ်တမ်း ဓါတ်ပုံများကို ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများ ဖူးစေချင်၊ သိစေချင်၊ ဗုဒ္ဓတရားကို ယုံကြည် စေချင်သဖြင့် ယခုကဲ့သို့ဓမ္မဒါနအဖြစ် ရေးသားရခြင်း ဖြစ်ပါသည်''..... ဟု ဆရာ **မနောမယပတ္တမြား** ၏ နိဒါန်းစကားကို အလေး အနက်ခံယူ၍ မိမိတို့ ကိုယ်တိုင် ဝိရိယအထူးပြုလျှက် ယခုလုပ်လျှင် ယခုပင် ဧကန်မုချ တရားထူး တရားမြတ်များ ရရှိနိုင်ကြလိမ့်မည်ဟု ယုံကြည်လျှက် တိုက်တွန်း နှိုးဆော်မှု ပြုလိုက်ရပါ သတည်း။

မဟာစည်နာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သဒ္ဓမ္မရံသီ ဆရာတော် ဘုရားကြီး၏ ''**အမှန်တရားမြင်ရေး ထောက်ပံ့ပေး ဣန္ဒြေစွမ်းအင် ထက်မြက်ကြောင်း (၉)ပါး တရားတော်**'' စာအုပ်မှ ဆောင်ပုဒ် အချို့ကို ကောက်နှုတ်ဖော်ပြ၍ နိဂုံးချုပ်အပ်ပါသည်။

- မနားမရပ်၊ ကြားမပြတ်၊ ရှုမြဲမှတ်ရမည်။
- ကိုယ်နှင့်အသက်မငဲ့ကွက်၊ ရက်စက်နိုင်ရမည်။
- ရှုစဉ်ပေါ်ရိုး၊ ဆင်းရဲမျိုး၊ လွှမ်းမိုးနိုင်ရမည်။
- လမ်းဆုံးမရောက်၊ လက်မမြှောက်၊ တောက်လျှောက်သွားရမည်။

**ဦးလှမြိုင် (ကိုဆောင်း)**

ဥက္ကဋ္ဌ

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့

http://www.dhammadownload.com



# အရှင်ကုသလ၏ အမှာစာ

ဤစာအုပ်ကိုရေးသားသော ဒါယကာကြီး ဦးလှမြင့် **(မနောမယ ပတ္တမြား)**၏အိမ်သို့ (၂၂-၅-၂၀၀၆) တနင်္လာနေ့တွင် ဆွမ်းစားပင့်၍ ပင့်သံဃာ (၁၀)ပါးနှင့်အတူ ရောက်ရှိခဲ့သည်။ ဆွမ်းအလှူမှာ (၂၁-၅-၂၀၀၆) တနင်္ဂနွေနေ့တွင် ရဟန်းဝတ်သွားသော သားကြီးမောင်သက်ဆွေ ရဟန်းခံအလှူ ဖြစ်သည်။ အပြန်တွင် ဆားတောင်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်၊ စာရေးသူကိုယ်တိုင် ဖူးတွေ့ရသော ထူးခြား ကြည်ညိုဘွယ်ရာများနှင့် ဝိပဿနာ လမ်းပြဓမ္မစာပေများရေးသားပြုစုထားသော စာမူကို ဒါယကာကြီး ဦးလှမြင့် **(မနောမယပတ္တမြား)** မိသားစုမှ အရှင်ဘုရား ဒီစာအုပ်ကို ဖတ်ရှုပြင်ဆင်ရန် လျှောက်ထားလာသဖြင့်၊ စာအုပ်ကို စေ့စေ့စပ်စပ် ဖတ်ကြည့်လိုက်သောအခါ အနာဂတ်သာသနာအတွက် ရှေ့ပြေး အလင်းတန်းစာစောင်ဆိုက မှားနိုင် ဘွယ်ရာမရှိဟု ယုံကြည်မိပါသည်။ ပုထုဇဉ်ပုဂ္ဂိုလ်သတ္တဝါအားလုံး မရေတွက် နိုင်သော ဘဝများစွာက အမှောင်ဖုံး၍ အလင်းရောင်ပျောက်ဆုံးခဲ့ရသည်မှာ၊ အဘယ့်ကြောင့်ဆိုသော် **အမှန်(သစ္စာ)သိကို သိနိုင်လောက်သော နည်းလမ်း ကို မတွေ့လိုက်သောကြောင့်** အမှောင်ထဲမှာ ခန္ဓာသံသရာ ရှည်ကြာစွာ ဒုက္ခနှင့်ရင်ဆိုင်နေရသည်ကို သိမြင်တော်မူသော မြတ်ဗုဒ္ဓသည် ကြီးမားသော မဟာဂရုဏာထားရှိတော်မူသဖြင့် (အရိုကို အသိနှင့်ပွားများဖို့ ) ဟောတော်မူ ခဲ့သော ဒေသနာအစဉ်ကို အနည်းငယ် ဖတ်ရှုကာမျှဖြင့် ကြည်ညိုသဒ္ဓါပွားများ မိပါသည်။

ဆားတောင်ဆရာတော်ဘုရားကြီးသည် ဝေနေယျ သတ္တဝါအပေါင်း တို့အပေါ် သနားကြင်နာတော်မူပြီး သစ္စာလေးပါးတရားကို နည်းပေးလမ်းညွှန် ပြသခဲ့ပါသည်။ သို့ဖြစ်၍ သူတော်ကောင်းအပေါင်းတို့မှာ-

၁။ သစ္စာလေးပါးတရားကို ဟောနိုင်သော ဆရာကောင်းနှင့် လည်းကြုံပါပြီ၊

၂။ သစ္စာလေးပါးတရားကို နာကြားနိုင်သော ဉာဏ်နှင့်လည်း ပြည့်စုံပါပြီ၊

၃။ သစ္စာလေးပါးတရားကို သိနိုင် မြင်နိုင်ရန် ကျင့်တတ်တဲ့ ဉာဏ်လေးသာအသုံးချဖို့ လိုအပ်ပါ တော့သည်။

အချိန်ရှိခိုက် လုံ့လစိုက်ကြပါ၊ အားကိုးမလွဲကြပါစေနဲ့ ခန္ဓာ-လှေကို သတိ-ကြိုးတပ်ဆင်ပြီး ပညာတည်းဟူသော ပဲ့ကိုင်ထားကြမည်ဆိုလျှင်၊ ဇာတိ-ပဋိသန္ဓေနေရခြင်း ဒုက္ခ၊ ဇရာ-အိုရခြင်းဒုက္ခ၊ မရဏ-သေရခြင်း ဒုက္ခအပေါင်း တို့သည်၊ ထူရာမှပါး ပါးရာမှ ပျောက်ကွယ်သွားရန်အတွက်သာ ဦးတည်လျှက် ရှိပေသည်ဟု ယုံကြည်မှုအပြည့်အဝဖြင့် အားထုတ်ကြသူတိုင်း၊ ဖြစ်-ပျက်တို့ ကုန်ဆုံးရာ ဒုက္ခချုပ်ငြိမ်းရာ နိရောဓသစ္စာ နယ်ပယ်သို့ တိုင်အောင် ဆိုက်ရောက်နိုင်သည်ကို ဆားတောင်ဆရာတော် ဘုရားကြီး၏ နည်းပေးလမ်းပြထားသော ဓမ္မအမွေအနှစ်တို့ကို ရယူလိုသူတို့အတွက် အသင့်အနေ အထားရှိနေပြီဟူသော အသိတစ်ခု တိုးဝင်လာပါ တော့သည်။

**နိဗ္ဗာန် မင်္ဂဖိုလ်ဆုတောင်းခဲ့တာများပြီ၊ ဝိဇ္ဇာဉာဏ်မပါ ဓမ္မတာ တောင်းမို့ အာညောင်းနှင့် အမောသာ အဖတ်တင်ကြမည်** ဟု မကြာခဏ မိန့်လေ့ရှိပြီး၊ ''ဘယ်လိုပုဂ္ဂိုလ်မျိုးမဆို တရားအားထုတ်ရမှာပဲ တရားအားထုတ်မှ အမှောင်လွတ်မယ် အလင်းရမယ် ရှေးသူတော်ကောင်းတို့ ကိန်းအောင်းမြဲ ဖြစ်သော သန္တိသုခ မဟာအသခ်တဓာတ်တို့ ကိန်းအောင်းမည်ဟုယုံကြည်ပါ'' ဆိုသည့် ဆားတောင်ဆရာတော်ဘုရားကြီး မိန့်မှာထားသောစကားရပ်တို့ကို (နှုတ်တစ်ရာ) စာတစ်လုံး ကျန်စေရန် စာရေးသူမှ အများသူငါ မှတ်ယူပွားများ နိုင်စေရန်အတွက် မေတ္တာရှေးထား ရေးသားသည်ဟု တွေ့ရှိရပါသည်။

အရိယာသူတော်ကောင်းတို့ ကိန်းအောင်းမြဲဖြစ်သော မဟာအသခ်တ ဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကို ရလိုသူ၊ ရောက်လိုသူတိုင်း ဖြစ်-ပျက် ကို အဖန်ဖန် အထပ်ထပ် တပြောင်းပြန်ပြန် ပွားများ ရပေမည်ဟု မြတ်ဗုဒ္ဓ မိန့်တော်မူ၏။ထိုသို့ရှုမှတ်ပွားများမှု အရှိန်အဟုန်အားကောင်းလာပါမှ အဖြစ်ကိုလွှန်၍ အဖြစ် မရှိသော နယ်ထဲသို့ ရောက်မှသာ

http://www.dhammadownload.com



အပါယ်ဘေးမှ ဝေးမည်ကို မြင်တော် မူသော ကြောင့် ဆရာတော်ဘုရားကြီးသည် အကြိမ်ကြိမ် တိုက်တွန်းတော်မူခဲ့၏။

## အပါယ်လေးပါးမှ ဝေးပါစေဟု ဆုတောင်းရုံ့ သက်သက်နှင့် မရနိုင်ပါ

လောကဥပမာ ထင်ရှားအောင် ဆောင်ရမည်ဆိုပါက ကြက်ဥရှစ်လုံး ဥထားသော ကြက်မကြီးသည်–

၁။ ကြက်ဥတွေ မပုပ်ပါစေနဲ့၊

၂။ ကြက်ရေတွေခန်းပါစေ၊

၃။ ကြက်ကောင်လေးတွေ ပေါက်ပါစေ ဆုတောင်းရုံသက်သက် နှင့် မရနိုင်ပါ။

မိခင်ကြက်မကြီး၏တာဝန်–

၁။ မိခင်ကြက်မကြီးက မှန်မှန်ဝပ်ပေးရမည်၊

၂။ မိခင်ကြက်မကြီးက ကိုယ်ငွေ့တည်းဟူသော ကြက်ပူပေးရမည်၊

၃။ မိခင်ကြက်မကြီးက ကြက်နံ့ပေးခြင်းတည်းဟူသော အလုပ် (၃)ခုကို လုပ်မှသာလျှင် မပုပ်ခြင်း၊ အရေခမ်းခြင်း၊ သားကောင်ဖြစ်ခြင်း ရလာဒ် သုံးခုတွေ့ရပေမည်၊ မိခင်ကြက်မကြီးက အလုပ်(၃)ခုဟု ဆိုငြားသော်လည်း ဝပ်ပေးခြင်းတစ်ခုသာ အဓိကကျလှပေ၏။

ထိုနည်းတူစွာပင် ပုထုဇဉ်လူသားတိုင်း အလုပ်(၃)ခုကို လုပ်ကြရ ပေမည်–

၁။ အနိစ္စ ဖြစ် – ပျက်

၂။ ဒုက္ခ ဖြစ် – ပျက်

၃။ အနတ္တ ဖြစ် – ပျက် ဟု သုံးခုရှိငြားသော်လည်း

ဖြစ် + ပျက် တစ်ခုတည်းကိုသာ မှန်မှန်ရှုပေးပါက လက္ခဏာရေး သုံးပါး အလိုအလျောက် ပြီးမည်ဟု ဤစာအုပ်ကို ဖတ်ရှုကာမျှဖြင့် တရား အလုပ်ခွင် ဝင်မည့် ယောဂီများအတွက် အထောက် အကူများစွာ ပြုမည်ဟု အားရကျေနပ်မိပါသည်။

စာရေးသူ **မနောမယပတ္တမြား** မှ ဆရာတော်ကြီးများ၏ နည်းနာ နိသျများစွာကို ဖွေရှာကာ တင်ပြခြင်း ဖြစ်ပါသည်။

" အများသတ္တဝါ ဝေနေယျတို့ နည်းမရ ဉာဏ်မပိုင်ခဲ့လျှင်

တစ်နှစ်ကုန်လည်း ကုန်လေသည်သာ ကုန်ရာမရောက်

တစ်လကုန်လည်း ကုန်လေသည်သာ ကုန်ရာမထင်

တစ်ရက်ကုန်လည်း ကုန်လေသည်သာ ကုန်ရာမထင်

တောတွင်းဆင်ကန်း မျက်ဆရန်းသို့ လမ်းသွားသောပုံ တစ်နေကုန်၏" ဟု ရှေးဆရာများ ရေးသားထားသည့်အတိုင်း ဆင်ကန်းလမ်းသွား မဖြစ် ကြရလေအောင် ဓမ္မမိတ်ဆွေအပေါင်း သူတော်အပေါင်းတို့ အချိန်မီ လိုရာခရီးကို အရောက်သွားနိုင်ရေးအတွက် ဆားတောင်ဆရာတော်ဘုရားကြီး၏ ဒေသနာ နည်းနာနိသျအစဉ်ကို အပ္ပမာဒ တရားလက်ကိုင်ထားပြီး ပွားများကြပါဟု မေတ္တာရှေ့ထား ပြောကြား နေသည်ကိုလည်း တွေ့ရှိရပါသည်။

## မေ့ခြင်းသည် အကြီးဆုံးသော ဘေးဖြစ်ပါသည်

ပညာဦးစီးပြီး သတိနှင့်ယှဉ်သော ဉာဏ်မဝင်နိုင်လျှင် ဘေးဆိုက် တော့မည့် ဝေဒနာ၏ ဖြစ်ခြင်း ပျက်ခြင်း ကို သတိထားကြည့်က ဉာဏ်မျက်စိဖြင့် မြင်နိုင်၏။ မြင်လျှင် အပါယ်လေးပါးမှ ဝေးဖို့အတွက် အခြေခံအားကောင်းပေ၏။

ဥပမာဆောင် ထင်အောင်ပြပေအံ့။ လူတို့ခန္ဓာကိုယ်သည် လမ်းလေးခွ တွင် ဆောက်ထားသော ဇရပ်နှင့် တူလှပေ၏ဟု မိန့်တော်မူ၏။ လမ်းလေးခွ ဇရပ်သို့ရောက်လျှင် ဘုရင်၊ သူဌေး၊ သူဆင်းရဲသားတို့သည် တည်းခိုသကဲ့သို့

http://www.dhammadownload.com



ဇရပ်နှင့် တူသောခန္ဓာအိမ်အတွင်း ညှော်သည်နှင့်တူသော ဝေဒနာတို့ နားခိုလာ သော အခါမှာ ဒုက္ခဝေဒနာ ဝင်တော့ ဒေါသဖြစ်သည် ဒေါသ၏ ဖြစ်ခြင်း ပျက်ခြင်း သည် ဒုက္ခမှာဆုံး၏။ သုခဝေဒနာ၏ ဖြစ်ခြင်း ပျက်ခြင်းသည်လည်း ဒုက္ခမှာဆုံး၏။ ဥပေက္ခာဝေဒနာ၏ ဖြစ်ခြင်း ပျက်ခြင်းသည်လည်း ဒုက္ခမှာဆုံး၏ဟု မဂ်အသိ ဝင်လာက အပါယ်ဘေးနှင့် ဝေးဖို့သာဖြစ်ပေ၏။

အကြီးဆုံးသော အပါယ်ဘေးမှ လွတ်မြောက်နိုင်ရေးအတွက် မြတ်ဗုဒ္ဓ သည် (၄၅)ဝါပတ်လုံး နေ့စဉ်ဆွမ်းခံ ပြန်ကြွတော်မူလာပြီး ကျောင်းသို့ရောက်လျှင် ခြေဆေးအင်ပြင်၌ သန့်သက်ရေသုံးသပ်တော်မူပြီးတိုင်း **"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ သတိတရားလက်ကိုင်ထားကြပါ ကုန်လော့"**ဟု မိန့်တော်မူခြင်းသည် အကြီးမားဆုံးသော အပါယ်ဘေးမှ လွတ်မြောက်ရေးကို ဦးတည်၍ ဟောတော်မူသည်မှာ သတ္တဝါတို့ကို သနားကြင်နာတော်မူလှသဖြင့် အပင်ပန်းခံ၍ ဟောတော်မူခြင်းဖြစ်ပါသည်။

စာရေးသူသည် မြတ်ဗုဒ္ဓ၏ ကြီးမားသော မဟာကရုဏာတော်၊ ဆားတောင်ဆရာတော်ဘုရားကြီး၏ မေတ္တာ ကရုဏာတို့ကို ကြည်ညိုသဒ္ဓါ ပွားများကာဖြင့် အားလုံးသောအများသတ္တဝါဝေနေယျတို့အား ဖြစ်တိုင်းသိ၊ ပျက်တိုင်းသိ ဝေဒနာပေါ်တိုင်သိ ပျောက်တိုင်းသိအောင် သတိဆောင်ကာ ပွားနိုင်စေခြင်းအကျိုးငှာလည်းကောင်း အကြီးဆုံးသော အပါယ်ဘေးမှ ဝေးပါစေခြင်းအကျိုးငှာလည်းကောင်း ဆားတောင်ဆရာတော်ဘုရားကြီး၏ ဓမ္မစာစုကို ဖတ်ရှုပြီး ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူနိုင်ကြပါစေဟု ပတ္ထနာဆုတောင်းလိုက်ပါသည်။

အရှင်ကုသလ (ဘုရားစု)
နမူနာစံကျောင်း ကျောင်းတော်ရာရွှေကျင်တိုက်
ကိုယ့်မင်းကိုယ်ချင်းလမ်း၊ ဗဟန်းမြို့နယ်။

http://www.dhammadownload.com



# စာရေးသူ၏ဆန္ဒမွန်

ဗုဒ္ဓသာသနာ ထွန်းကားလျက်ရှိသည့် မြန်မာနိုင်ငံတွင် ပုဂ္ဂိုလ်ထူး ဆရာတော်ကြီးများ ပေါ်ထွန်းခဲ့ကြပါသည်။ ဆရာတော်ကြီးများ စန္ဒာဝန်ချပြီး သည့်အချိန်၊ ဆရာတော်ကြီးများအား ဖူးတွေ့ခွင့် မရတော့သည့်အချိန်မှသာ ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိနှင့် ထူးခြားဖြစ်စဉ်များ၊ ကိုယ်တွေ့ဖြစ်ရပ်များ၊ ဆုံးမသြဝါဒတရားများကို အများအားဖြင့် ဖတ်ခွင့်၊ မှတ်ခွင့်၊ လေ့လာခွင့် ကြုံကြ ရပါသည်။ အကြောင်းကြောင်းကြောင့် ဆရာတော်ကြီးများက ရေးသားခွင့် မပြုခြင်းလည်း ရှိနိုင်ပါမည်။ တပည့် ဒါယကာ၊ ဒါယိကာမများဘက်မှလည်း ဆရာတော်ကြီးများ သက်တော်ထင်ရှားရှိစဉ် မလျှောက်ထားမိခြင်းများလည်း ဖြစ်နိုင်ပါသည်။ အဖိုးမဖြတ်နိုင်လောက်အောင် တန်ဘိုးကြီးမားလှသည့် တရားရတနာများကို သိရှိကျင့်ကြံအားထုတ်ခွင့်၊ မသိသေးသည်များကို မေးလျှောက် ခွင့်၊ ကိုယ့်စရိုက်နှင့် သင့်တော်မည့် ဆုံးမသြဝါဒများ ကြားနာခွင့် ကိုယ်ပိုင်ရနိုင် ပါလျက် ခွင့်မသာ၍ ဆုံးရှုံးသွားကြလျှင် အထူးပင်နစ်နာလှမည်ဟု စာရေးသူ ထင်မြင်ယူဆမိပါသည်။

မြတ်စွာဘုရားရှင်သည် ''သဂ္ဂါတိုင်း'' ''နာဂရက''မည်သော နိဂုံး၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာက ''အရှင်ဘုရား အဆွေခင်ပွန်းကောင်း၊ အပေါင်းဖော်ကောင်းရှိသောသူသည် မြတ်သောမဂ်အကျင့်၏ ထက်ဝက်ကို ပြီးစေနိုင်၏'' ဟု လျှောက်ထား၏။

မြတ်စွာဘုရားရှင်က ''အာနန္ဒာ ဤသို့မဆိုလင့်၊ အာနန္ဒာ ကောင်းသော အဆွေခင်ပွန်းရှိသူ၊ ကောင်းသောအပေါင်းအဖော်ရှိသူသည် 'မြတ်သောမဂ် အကျင့် အားလုံးကိုပင်' ပြီးစေနိုင်၏'' ဟု မိန့်တော်မူ၏။

**(သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ ကောသလသံယုတ်၊**
**ဒုတိယဝဂ်၊ ကလျာဏမိတ္တသုတ်)**

ထို့ကြောင့် စာရေးသူအနေဖြင့် ယခုသက်တော်ထင်ရှားရှိသော ဆရာတော်ဘုရားကြီးများ၏ အဖိုးမဖြတ်နိုင်လောက်အောင်ပင် တန်ဖိုးကြီးမားမှု ကို မသိလိုက်ကြ၊ တရားထူး ရယူနိုင်ကြရန် အခွင့်အလမ်းရှိကြပါလျက် မယူလိုက်နိုင်ကြမည်ကို အသိပေးလိုသောဆန္ဒဖြင့် ဤသို့ရေးသားခွင့်ကို ကြိုးစားခြင်းဖြစ်သည်။ အထူးသဖြင့် ယခုသက်တော်ထင်ရှားရှိသော ကျေးဇူး တော်ရှင် ဆားတောင်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ နှင့် လိုက်နာရမည့် ဆုံးမသြဝါဒဆောင်ပုဒ်များ၊ တရားတော်များ၊ ကိုယ်တွေ့ထူးခြားဖြစ်စဉ်များ၊ မှတ်တမ်းဓါတ်ပုံများကို ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများ ဖူးစေချင်၊ သိစေချင်၊ ဗုဒ္ဓတရားကို ယုံကြည် စေချင်သဖြင့် ယခုကဲ့သို့ ဓမ္မဒါနအဖြစ် ရေးသားရခြင်း ဖြစ်ပေသည်။

ယုံကြည်မှုသဒ္ဓါတရားအခိုင်အမာရှိက အောင်မြင်မှုသရဖူကို ဆောင်းနိုင် ကြပေသည်။ အမရပူရမြို့ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသက '' မရှိတာထက်၊ မသိတာခက်၊ မသိတာထက် မကျင့်တာခက်၊ မကျင့်တာထက် မယုံကြည်တာ ပိုခက်သည်'' ဟု မိန့်ကြား ထားပါသည်။ မြန်မာဝေါဟာရတွင် ''ယုံ'' ကတစ်ခု၊ ''ကြည်'' ကတစ်ခု ဖြစ်သည်။ လူတို့သည် ''ယုံ'' ပြီဆိုမှ စိတ် ''ကြည်''လင်ကြသည်။ မ''ယုံ'' ပါက စိတ်ရှုတ်ထွေးနောက်ကျိကြသည်။ ဒါကြောင့် သက်ရှိလူသားတိုင်းသည် ''ယုံကြည်''မှုကို အဓိကထားကြသည်။ မှန်ကန်သော ယုံကြည်မှုသည် လက်တွေ့ဘဝတွင် လုပ်သမျှ ကြိုးစားသမျှ အကျိုးသက်ရောက် အသုံးကျ ပါသည်။ သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓ၏ နှုတ်တော်မှ ဖွင့်ဟခဲ့သည့် တရားသည် ဧကန်စင်စစ် အမှန်ချည်း သာဖြစ်သည်ဟု စိတ်ချ၊ လက်ချပင် ယုံကြည်ကြရမည် ဖြစ်သည်။ ''ဓမ္မော ဟဝေ ရက္ခတိ ဓမ္မ စာရီ'' တရားစောင့်သောသူကို တရားက စောင့်၏ ဘုရားထားတော်မူခဲ့တဲ့ ဗုဒ္ဓသာသနာတော်ကြီး တည်ရှိနေစဉ် ဖတ်လို့ ကောင်း၊ မှတ်ဖို့ကောင်း၊ သုတ၊ ရသ နှစ်ဌာနပုံပေါ်အောင် ဟောကြား ရေးသား ပြသထားကြသည့် မြတ်ဆရာ အများ၏ အဆိုအမိန့် သောက်ဆေးကို

http://www.dhammadownload.com



လိမ်းနေရုံဖြင့် ရောဂါ မပျောက်နိုင် ဆိုသကဲ့သို့ ယုံကြည် သဒ္ဓါဖြင့် ဖတ်မှတ် ကျင့်ကြံ အားထုတ်မှသာလျှင် ထိရောက်သည့်အကျိုး ရရှိကြပေမည်။ သို့မှသာ လမ်းမှန် ပေါ်ရောက်၍ လောကီချမ်းသာ သာမက နိဗ္ဗာန်ခရီး ဆိုက်ရောက်သည့်တိုင် စိတ်ချရမည် ဖြစ်သည်။

လူတို့သည် အားကိုးမဲ့ ဒုက္ခပင်လယ်ဝေသည့်အခါ ထိတ်လန့် တုန်လှုပ် ဖွယ်များနှင့် ကြုံတွေ့ကြသည်အခါ ဗုဒ္ဓ၏တရားကို အမှတ်ရကြသည်။ အကာလိကော အခါမလင့် အချိန်နှင့်အမျှ လောကီချမ်းသာ၊ လောကုတ္တရာ ချမ်းသာကို ပေးစွမ်းနိုင်သည့် နည်းကောင်းနှင့် အနှောက် အယှက်အတားအဆီး ဘေးအန္တရာယ်များကို သုတ်သင်ဖယ်ရှားနိုင်သည့် နည်းကောင်းလမ်းညွှန်တို့ကို မြင်အောင်ကြည့်၍ ရအောင်ယူ၊ ကိုယ်ပိုင် ဖြစ်အောင်လုပ်ကြရမည်။ ယခုလုပ်လျှင် ယခုပင် ကောန်မှုချရနိုင်မည်ကို ယုံကြည်ပြီး ပြုလုပ်လျှင် စာဖတ်သူတို့၏ အဇ္ဈတ္တ အတွင်းသန္တာန်တွင် အေးငြိမ်းချမ်းသာမှုကို ရရှိသွားကြလျှင်ပင် စာရေးသူ၏ ရည်မှန်းချက် ပြည့်ဝရပါပြီ။

မြတ်စွာဘုရားရှင်၏ အလိုတော်ကို သိကြသော အဋ္ဌကထာဆရာများ ကလည်း တရားထူး၊ တရားမြတ် ရနိုင်သော အခွင့်ကောင်း၊ အခွင့်အခါ လေးမျိုးကို ဖွင့်ဆိုကြသည်မှာ–

(၁) **ဗုဒ္ဓုပ္ပါဒခဏော**။ ဘုရားပွင့်တော်မူသောအခါဖြစ်၍ သာသနာ တော်ကြီးနှင့် တွေ့ကြုံရသည့် အခွင့်ကောင်း၊ အခွင့်အခါ

(၂) **မဇ္ဈိမဒေသဥပ္ပတ္တိခဏော**။ သာသနာထွန်းကားသော အရပ် (မဇ္ဈိမဒေသ)၌လူဖြစ်ရသည့် အခွင့်ကောင်း၊ အခွင့်အခါ

(၃) **သမ္မာဒိဋ္ဌိယာပဋိလဒ္ဓခဏော**။ အယူကောင်း၊ အယူမှန်ကို ရရှိခြင်းတည်းဟူသော အခွင့်ကောင်း၊ အခွင့်အခါ

(၄) **ဆန္နံ့ အာယတနာနံ အဝေကလ္လခဏော**။ မျက်စိ၊ နား၊ နှာစသော အကြည်ဓါတ်(၆)ဖြာ မချို့တဲ့ဘဲ ပြည့်စုံခြင်း အခွင့်ကောင်း၊ အခွင့်အခါ

ဟူ၍ တရားထူး၊ တရားမြတ်ရနိုင်သော အခွင့်ကောင်း အခွင့်အခါ လေးမျိုးကို ဖွင့်ဆိုထားသည်။

ယခုကဲ့သို့ အခွင့်အခါကောင်းနှင့် ကြုံခိုက် မြန်မာနိုင်ငံတွင်းဝယ် ဗုဒ္ဓ သာသနာ ထွန်းတောက်၍ တရားထူး၊ တရားမြတ်များ ရှိနေပါလျက်၊ တရားစစ်၊ တရားမှန်သိရှိထားကြသည့် ပုဂ္ဂိုလ်ထူးများ ရေးသား၊ ဟောကြားနေကြပါလျက် တခဏတာ အချိန်ယူ ဖတ်ရှု၍ ပွားများလိုက်လျှင် တစ်သက် တစ်ဘဝစာ မက ခရီးဆိုက်ရောက်သွားမည်ဟု ယုံကြည်ပါသည်။ လသာတုံးဗိုင်းငင် ဆိုသကဲ့သို့ပင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းလိုပါသည်။ အခွင့်အခါ ကောင်းနှင့် ကြုံကြိုက် ရရှိကြသော်လည်း အချို့မှာစားဝတ်နေရေး၊ ဝေယျာဝစ္စ၊ ဗာဟီရများနှင့် မဆုံးနိုင်သော ခန္ဓာဝန်အလုပ်တို့နှင့် နစ်မြုပ်နေကြရသည်။ ထို့ပြင် လောဘမီး၊ ဒေါသမီး၊ လူမှုသဘာဝ သောကမီးတို့ တညီးညီး လောင်မြိုက် မှန်းမသိ လောင်မြိုက်နေသည်ကို ခါးစည်းခံ နေရကြရှာသည်။ သောကရင်ဝယ် ပိုက်လျက် ပိုက်မှန်းမသိ သံသရာခရီးနှင် နေကြရသည်။

မြန်မာနိုင်ငံတွင်းဝယ် ဗုဒ္ဓသာသနာ ထွန်းတောက်၍ တရားထူး၊ တရားမြတ်များ ရှိနေပါလျက် တရားစစ်၊ တရားမှန် သိရှိထားကြသည့် ပုဂ္ဂိုလ်ထူးများရေးသား၊ ဟောကြား နေကြပါလျက် လေ့လာ ဖတ်ရှုချိန်၊ မှတ်သား နာယူချိန် အားထုတ် ချိန်တို့မှာ အလွန်နည်းပါးကြသည်။ ဤသို့ နည်းပါးကြသည့် အထဲကပင် ရသမျှအချိန် တခဏအတွင်း အားထုတ် နိုင်ကြ ပါစေရန် ရည်သန်၍ **ကျေးဇူးတော်ရှင် ဆားတောင်ဆရာတော်ဘုရားကြီး ဦးပညာဇောတက**၏ **ထေရုပ္ပတ္တိ၊ ဆုံးမတရား၊** အလုပ်ပေးတရားကျင့်စဉ် သိသင့် သိထိုက်ဖွယ် အဖြာဖြာနှင့် **ပုဂ္ဂိုလ်ထူး ဆရာတော်ကြီးများ**၏ မိန့်စကား အချို့ကို တစ်ခဏအတွင်း တစ်ထိုင်တည်း ခြုံငုံသိရှိ သဒ္ဓါပွားများနိုင်စေရန် အထောက်အထား အမြောက်အများနှင့် ကိုယ်တွေ့ဖြစ်ရပ်များမှ ကောက်နုတ် စုစည်း၍ ဖော်ပြလိုက်ပါသည်။

http://www.dhammadownload.com



**ကျေးဇူးတော်ရှင် ဆားတောင်ဆရာတော် ဘုရားကြီး**၏ ဟောသမျှ ပြောသမျှ မိန့်စကားများမှာ တိုသည်၊ ရှင်းသည် အဓိပ္ပါယ် ပြည့်ဝသည်၊ မှန်ကန်သည်။

ဤသို့ရေးဖြစ်ခြင်းမှာလည်း စာရေးသူ ယခင်နေထိုင်ရာ အမှတ်(၇၉) ဗဟိုလမ်း၊ အလုံမြို့နယ် နေအိမ်သို့ ဆရာတော်ဘုရားကြီး ကြွရောက် သီတင်း သုံးနေစဉ်ရက်၊ လများ၌ ချီးမြှင့်မိန့်ကြားသည့် အဆုံးအမတရားများ၊ ရွှေတိဂုံ ဘုရား တောင်ဘက်မုခ်ရှိ သစ်တောဓမ္မာရုံ၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာရှိ ပရိဘောဂစေတီနှင့် ထိုမှတဖန် စာရေးသူ ယခုနေထိုင်ရာ **"မာလာဂနိုင် ဟေမာမြိုင်"** သို့ ခေတ္တကြွရောက်သီတင်းသုံးစဉ် ရက်၊ လများအတွင်း မိန့်ကြား သည့် အဆုံးအမတရားများကို တိုင်းယက်သည့် ပက္ကလာ၊ မိုးရွာသည်နှင့် အခန့်သင့်၊ အခွင့်အခါ သင့်လှပေသည်ဟု ယုံကြည်ကာ ဆားတောင် ဆရာတော် ၏ အဆုံးအမတရားများကို ဓမ္မဒါနအဖြစ်ရေးသားခြင်း ဖြစ်ပါသည်။

လောဘကြောင့် အစာရေစာ ငတ်မွတ်ခေါင်းပါးတဲ့ ဘေးကြီး၊ ဒုဗ္ဘိက္ခန္တရ ကပ်၊ ဒေါသကြောင့် ဓါး၊ လှံ လက်နက်ဘေးကြီး သတ္တန္တရကပ်၊ မောဟကြောင့် အနာရောဂါဘေးကြီး ရောဂန္တရကပ် ဖြစ်ကြရသည်။ လောဘ၊ ဒေါသ၊ မောဟမီး ယခုငြိမ်း၊ ယခုပစ္စုပ္ပန် ချမ်းသာနိုင်သည်။ ချမ်းသာစေလိုသော ဆန္ဒမွန်ဖြင့် ယခုကာလ သာသနာတွင် အခါကောင်း၊ ရခဲလှသည့် လူ့ဘဝရခိုက်၊ ဘဝကောင်းတွင် ဝီရိယထူထောင်ပြီး မှန်ကန်သည့် အသိဖြင့် ဖြည့်ကျင့်ကြလျှင် ပြည့်စုံကြပြီး အခါမလင့် တောင့်တကြသည့်အတိုင်း ဆိုက်ရောက် ပြည့်စုံနိုင် ကြပေမည်။

ဤဘဒ္ဒကမ္ဘာတွင် ဝီရိယအကြီးမားဆုံးဖြင့် ကျင့်ကြံအားထုတ်၊ အလုပ် လုပ်ဆုံး ဗုဒ္ဓဂေါတမဘုရားရှင်၏ တရားဓမ္မများဖြင့် တရာထူးရရှိကြကုန်သော ဝေဘူဆရာတော်၊ တောင်ပုလုတောရကမ္ဘာအေးဆရာတော်တို့၏ အဆုံးအမ တရားထူးများကိုလည်း ဖတ်ရှုသူ ဓမ္မမိတ်ဆွေများနှင့် သင့်လျော်ကိုက်ညီရာကို ရယူနိုင်ကြစေရန်နှင့် မရှိတာကိုမြင်၊ ရှိတာကိုပြင်တတ်သည့် အသိဖြင့်ပွားများ အားထုတ်နိုင်ကြစေရန် ရည်သန်၍ မွန်မြတ်သည့် စေတနာဖြင့် ဖြည့်စွက် ထည့်သွင်းဖော်ပြဓမ္မဒါန ပြုထားပါသည်။ ဖတ်ကြည့်ပါ။ မှတ်ကြည့်ပါ။ "ကံကိုလည်း မပြိုင်နဲ့၊ ဈာန်ကိုလည်း မပြိုင်နဲ့၊ ဉာဏ်ကိုလည်း မပြိုင်နဲ့ ဆိုသည့် အတိုင်း မိမိသိမှုကိုသာ ဦးတည်ကြိုးစားကြပါလျှင် စာရှုသူတို့ အဓိပ္ပာယ် ပြည့်ဝသည့် ဘဝကို ရရှိကြပါမည်ဟု ဆိုလျှင်ပင် လွန်အံ့မထင်ပါ။ စာရေးသူ စိတ်ချယုံကြည်စွာဖြင့် တင်ပြခြင်းဖြစ်ပါသည်။ အချို့သော အချက်အလက်များ အခွင့်အခါမသင့်၍ ပြည့်ပြည့်စုံစုံ မတင်ပြနိုင်သည့်အတွက် စာဖတ်သူတို့နှင့် မသင့်မတင့်ဖြစ်ဖွယ် အမှားအယွင်း ချို့ယွင်းမှုများ ပါရှိသွားပါက စာရေးသူ၏ အားနည်းချက်သာ ဖြစ်ပါသည်။

ဆားတောင်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် ကိုယ်တွေ့ ဖြစ်ရပ်များ စာအုပ်ရေးသားပြုစုနိုင်ရေးကို တိုက်တွန်းခဲ့ကြကုန်သော စာရေးသူ၏ မိသားစုနှင့် အထူးအားဖြည့် အချက်အလက်ပြည့်စုံအောင်ပေး သည့် သမီး(၂) ယောက်နှင့် ဤစာအုပ်တစ်အုပ်လုံးကို အမှားကင်း၍ အကောင်းဆုံးဖြစ်အောင် အကြိမ်ကြိမ်အထပ်ထပ် ကုသိုလ်ယူပြင်ဆင် ရိုက်နှိပ်ပေးသော စာရေးသူ၏တပည့် ကိုခင်မောင်ဦး၊ ဓမ္မမိတ်ဆွေအပေါင်း၊ စာအားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့် လည်းကောင်း ရေးသားပြောကြား ခဲ့သူများ ဝိုင်းဝန်းကူညီခဲ့ကြသော ရဟန်း၊ ရှင်လူအပေါင်း၊ ကျေးဇူးတင်ထိုက်သူ အားလုံးတို့ကို အစဉ်လေးစားမှုဖြင့် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင် အပ်ပါသည်။ အထူးအားဖြင့် ဤစာအုပ်ကို ရေးသားခွင့်ပြုသော ဆရာတော် ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို လက်စုံမိုး ဦးခိုက် ရှိခိုးလျက် ပူဇော်အပ်ပါသည်။

http://www.dhammadownload.com



# ထေရုပ္ပတ္တိအကျဉ်း

ဆားတောင်ရွာသည် ရတနာပုံ မန္တလေးနှင့် ငါးမည်ရရွှေဘိုကားလမ်းရှိ စစ်ကိုင်းမြို့နယ်၊ ဆားတောင်ရွာအုပ်စု၊ သင်းတွဲရပ်၌ ဆားတောင်းမ ငါးရွာ၊ မုဒ္ဒောလေးဆူ၊ ဘူကန်လေးဆင့် ရွှေယင်ဆည်ဘုရားရှိရာ အလွန်တင့်တယ်သာယာသော အိမ်ခြေ ၁၈၀၀ ရှိသော ဆားတောင်ရွာဖြစ်သည်၊ ထိုရွာသည် ဆားတောင် ဆရာတော်လောင်းလျာ၏ မွေးဖွားရာဇာတိချက်ကြွေဒေသပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ ငယ်နာမည်ရင်းမှာ မောင်လတ် ဖြစ်သည်။ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ဆားတောင်ကျေးရွာအုပ်စု၊ သင်းတွဲရွာနေ **ခမည်းတော်ဦးငွေခင်၊ မယ်တော်ဒေါ်ပြောင်းမယ်**တို့မှ မွေးဖွားခဲ့သည့် သား (၄)ယောက်၊ သမီး(၃)ယောက်ရှိသည့်အနက် စတုတ္ထမြောက် သားလှရတနာ ဖြစ်သည်။ သားထူးသားမြတ် ဆရာတော်လောင်းလျာကို(၂၉-၁၀-၁၉၂၅) ၁၂၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ နေ့ ၂ နာရီ အချိန်တွင် ဖွားမြင်ခဲ့သည်။

ဆရာတော်လောင်းလျာကို ပဋိသန္ဓေရစဉ်က အိပ်မက်ထူးများ မိခင် ဒေါ်ပြောင်းမယ် မြင်မက်ခဲ့သည်။ မိခင်ကြီး ဒေါ်ပြောင်းမယ် အိပ်မက်မြင်မက် သည်မှာ နံနက်အရုဏ်တက်ချိန်တွင် ဆင်မကြီးနှင့် သားငယ် ဆင်ထီးလေး ရောက်လာပြီး ခေတ္တအကြာတွင် ဆင်မကြီးကဆင်ကလေးကို ပြန်ခေါ်ရာ ဆင်ကလေးက ပြန်မလိုက်ဘဲ ဒေါ်ပြောင်းမယ်၏ လက်ျာနံပါးကဖောက်ပြီး ဝမ်းကြာတိုက်ထဲဝင်သွားသည်ဟု အိပ်မက်မြင်မက်ခဲ့ပါသည်။ တဖန်ထူးဆန်းစွာ အိမ်မက်မြင်မက်ပြန်သည် နတ်သားတစ်ယောက်သည် မယ်တော်ထံလာပြီး တန်ခိုးဖြင့် ''ပတ္တမြားရောင်ပျံ၊ ကျိုးပေါင်းလှုံ၍၊ နဂ္ဂဘိုးထိုက်၊ ဝမ်းကြာတိုက်သို့၊ သွင်းလိုက်အနေ သိမ်းပိုက်ခြေ၍ သန္ဓေပတ္တမြား တည်စေသား'' ပတ္တမြားဝမ်းကြာတိုက်တွင်းသို့ သွတ်သွင်းလိုက်သည်ဟု မြင်မက်ကြောင်း သိရသည်။ မကြာမီ ဆရာတော်လောင်းလျာကို ပဋိသန္ဓေတည်ခဲ့သည်ဟု သိခဲ့ရသည်။ ထိုအိပ်မက်ထူးမှစ၍ ဆရာတော်၏ ဖြစ်စဉ်ဘဝတွင် ထူး၍ ထူး၍ ဖြစ်ခဲ့သည်။

## ကျောင်းသားအရွယ်လွန်ဆန်းကြယ်

မောင်လတ်ငယ်စဉ်က မိဘနှစ်ပါးကို ညီအစ်ကိုများနှင့်အတူ ဝိုင်းဝန်း ကူညီသည်။ သားအကြီးများက တောင်သူလုပ်ကိုင်ကြပြီး၊ (၇)နှစ်သားအရွယ် မောင်လတ်က အိမ်ရှိနွားများကို နေ့စဉ်နှင့်အမျှ တောထဲသို့ ပို့လွှတ်ထိန်းသိမ်း ကျောင်းရသည်။ နေ့စဉ်နှင့်အမျှ နွားကျောင်းလျက် နေဝင်ချိန်တွင် နွားများ ကို အိမ်ခြံတွင်းသို့ သွင်းသည့်အလုပ်မှာ မောင်လတ်၏ အလုပ်ပင်ဖြစ်သည်။ တစ်နေ့ နွားများ အိမ်သို့ ပြန်ချိန်တွင် နွားတစ်ကောင်ပျောက်၍ လိုက်လံရှာဖွေရာ တောထဲတွင်ပင် နေလုံးကွယ်ပျောက်သည်အထိ ရှာမတွေ့ဖြစ်ခဲ့သည်။ ဆက်လက်ရှာခဲ့ရာ တဖြည်းဖြည်းနှင့် အလင်းရောင် လုံးဝကင်းပြီး လူသူ မမြင်နိုင်သော အချိန်သို့ ရောက်ရှိသွားလေသည်။ အခြားနွားများကိုတော့ အလင်းရောင် ရှိချိန်တွင်ပင် အိမ်သို့ မောင်းလွှတ် လိုက်သည်။ ပျောက်သွားသော နွားတစ်ကောင်ကို ဇွဲနဘဲနှင့် အံခဲ၍ ရှာဖွေရာ နောက်ဆုံးတွင် နွားကို တွေ့ရှိပြီး အိမ်သို့ ပြန်လာသည်။ အိမ်သို့ အချိန်မှန်ပြန်မရောက်သဖြင့် မိဘများမှာ စိတ်ပူပင်သောကဖြင့် သားနွားကျောင်း ရာအရပ်သို့ လိုက်လာကြရာ လမ်းတွင် သားနှင့်နွားကိုတွေ့မှ စိတ်သက်သာရာ ရလေတော့သည်။ ''လူလေးရယ် ဒီနွား တစ်ကောင်အတွက် ဒါလောက် မိုးချုပ်အောင် ရှာနေစရာ မလိုပါဘူး၊ အချိန်ကုန် ပြန်လာရေပေါ့ ''ဟု မိဘမေတ္တာနှင့် စိုးရိမ်စွာပြောရာ သားဖြစ်သူမောင်လတ်က ''အမေ့နယ် ဒီနွားကို ရှာရ မိုးလင်းချင်လင်းသွားပါစေ၊ မတွေ့တွေ့အောင် ရှာမယ်'' ဟု ရဲရဲတောက်စကား ပြန်ပြောလိုက်သည်။

(၇)နှစ်သားအရွယ်တည်းကပင် တစ်ခုတည်းသော အာရုံသို့ စူးစူး စိုက်စိုက်ဖြင့် မရမနေ ''ငါရှာလျှင် ရမည်၊ မတွေ့လျှင် မနေ'' ဟူသော ယောက်ျားတို့၏ ဇွဲသတ္တိကြီးမားစွာဖြင့် ဤတောကြီးမျက်မဲထဲ ညအချိန်တွင် မကြောက်မရွံ့

http://www.dhammadownload.com



နောက် မတွန့်ဘဲ စွန့်စွန့်စားစား တစ်ယောက်တည်း ရှာဖွေဝံ့ သော စိတ်ဓါတ်သည်ကား ရှေ့အဖို့ ထူးချွန်မည့် ပုဂ္ဂိုလ်ထူးတို့၏ သဏ္ဌာန်ဝယ် ကိန်းဝပ်မြဲဖြစ်သော အံ့ဖွယ်ရာ လက္ခဏာ တစ်ရပ်ဖြစ်ပေသည်။

တစ်နေဝင် တစ်နေထွက် နေ့စဉ်နှင့်အမျှ နွားကျောင်းနေရရှာသော် လည်း မောင်လတ်သည်(၈)နှစ်သားအရွယ်ရောက်သော် မိဘများက သင်းတွဲရွာ ထိပ်ရှိ ကြာကန်ဆရာတော်ဘုရားထံ သွားရောက်အပ်နှံသည်။ ကြာကန် ကျောင်းကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ခန့်က ကြာမျိုးငါးပါးနှင့် ပြည့်စုံသဖြင့် ကြာကန်ကျောင်းဟု အမည်တွင်ခဲ့သည်။ စာပေများ သင်အံလေ့ကျက် ခဲ့ရာ၊ မင်္ဂလသုတ်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး အစရှိသော အခြေခံ စာပေများကို (၉)နှစ်၊ (၁၀)နှစ် အရွယ်တွင်ပင် သင်ကြားတတ်မြောက်လေသည်။

မောင်လတ်၏ထူးခြားချက်တစ်ခုမှာလည်း ရွယ်တူကျောင်းသားများနှင့် ဦးခေါင်းချင်း အပြိုင်အဆိုင်တိုက်သည်။ ကြာသော် မောင်လတ်အား ယှဉ်ပြိုင်၍ မတိုက်ဝံ့ကြဘဲ ကျောင်းသားတိုင်းပင် အရှုံးပေးရလေသည်။ ဤကဲ့သို့နိုင်သော အခါများဝယ် ''တန်းတူ ရွယ်တူကိုပင် မဆိုထားဘိ၊ လူမှန်လျှင် ဘယ်သူ့ကိုမှ ငါမကြောက်ယှဉ်ပြိုင်ဝံ့သည်'' ဟု ကြိမ်းဝါးရာ လူကြီးများက မောင်လတ်အား တောထဲသို့ ခေါ်သွား၍ ခေါင်းချင်း တိုက်ကြသည်။ ပထမ လူကြီးများက ခေါင်းနှင့်ပြေး၍ တိုက်လိုက်သည်နှင့် စိတ်သာထက်မြက်၍ အားအင်သေးလှသော မောင်လတ်ကလေးမှာ အားချင်းမမျှသဖြင့် (၄-၅)တောင်ခန့်မျှ လွင့်စင် လဲကျ သွားသည်။ ကြောက်လန့်သောစိတ် အလျဉ်းမရှိ၊ နာကျင်ဟန်မရှိသော မောင်လတ်သည် ဖုံခါ၍ ပြန်ထပြီး အလျှော့မပေးဘဲ အဖန်ဖန်ထပ်၍ တိုက်ရာ တွင် မောင်လတ်ကို ဒေါသတကြီးနှင့် အံခဲ၍ တိုက်မည်ဟု ကြိမ်းဝါး ထားသော လူကြီးများသည်ပင် အလျှော့ပေးရလေသည်။ ထူးခြားချက် တစ်ရပ်မှာလည်း မောင်လတ်၏ ဦးခေါင်းကို တိုင်သို့ကပ်ထား၍ တစ်ဦးတစ်ယောက်က နားရွက်ကို အားကုန်ဆွဲသော်လည်း နာကျင်ခြင်းမရှိ၊ အော်လည်းမအော်၊ တိုင်နှင့် ခေါင်းလည်း မခွာဘဲ နားရွက်ဆွဲသူများသာ လက်လွှတ် လိုက်ရသည်။

ထို့ပြင် မောင်လတ်သည် ခါတွန်သံ၊ ချိုးကူသံတို့ကိုလည်း ချိုး၊ ခါတို့ နှင့်မခြား တူအောင် တွန်တတ်၊ ကူတတ်သည်။ ဤကဲ့သို့ ဦးခေါင်းသည် သံခဲတမျှ မာကျောခြင်း၊ နားရွက်များသည် ဘယ်လိုဆွဲဆွဲ နာကျင်မှုမရှိခြင်း၊ ချိုးကူးသံ ခါတွန်သံကဲ့သို့ ပီသအောင် ပြုလုပ်တတ်ခြင်းတို့မှာ ကလေးဘဝကပင် အလွန် ထူးခြားသည်။

## ရှင်လူထွက်လျှင် လုပ်ငန်းဝင်

ငယ်စဉ်က သင်းတွဲရွာ၊ မြူနီစပါယ်မူလတန်းကျောင်း ဆရာကြီး ဦးစံတင်ထံတွင် (၃)တန်းအထိ ပညာသင်ကြားခဲ့ပြီးနောက် ကြာကန်ဆရာတော် ကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ကြားခဲ့သည်။ ၁၂ နှစ်သားအရွယ်တွင် ဦးငွေဒင်၊ ဒေါ်ပြောင်းမယ် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် သင်းတွဲရွာ၊ ကြာကန် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့မည်မှာ **ရှင်ပညာဏိက** ဖြစ်သည်။ သာမဏေတို့ ကျင့်ဝတ်ကို လေးစားလိုက်နာလျက်-

''ညီညာထကြွ၊ ဆုံးမနာယူ၊

လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊

သင်တွေးအံရွတ်၊ တပည့်ဝတ်၊

မချွတ်ငါးခုသာ'' ဆိုသည့်အတိုင်း တပည့်ဝတ်ကို ကျေပွန်အောင် ပြုတတ်၊ သဒ္ဒါတရားများလည်း ထက်သန်သဖြင့် ဆရာတော်၏ ချီးမြှင့် မြောက်စားခြင်းကို ခံခဲ့ရသည်။ ရှင်ပညာဏိကသည် ဆရာတော်နှင့် ရဟန်း ကြီးငယ်တို့၏ သင်ကြားပို့ချ ပေးသောစာတို့ကိုလည်း ကြိုးစား၍ သင်ယူသည်။ မနက်ပိုင်းနှင့် နေ့လည်ပိုင်း တို့တွင် စာသင်၊ စာတက်၊ စာကျက်၊ ညပိုင်းတွင် နှုတ်ငုံရသည်အထိ စာပြန်၊ ဆရာတော်ကြီးအား ဝတ်ပြည့်၊ ဆုံးမဩဝါဒခံယူနှင့် အချိန်ပြည့် မပျင်းမရိ ကြိုးစားခဲ့သည်။

ရှင်ပညာဏိက ကြိုးစားသင်အံ စာကျက်လို့ကောင်းဆဲ အရှိန်ရနေစဉ် (၂)ဝါအရတွင် အခွင့်မသာတော့၍

http://www.dhammadownload.com



ရှင်လူထွက်ပြီး မိဘများနှင့်အတူ မိရိုး ဖလာတောင်သူဘဝဖြင့် လုပ်ကိုင်နေထိုင်သည်။ ပေါင်းသင်၊ ဂျုံရိတ် အစရှိသည့် အရွယ်နှင့်မမျှသော အလုပ်များကို အချိန်မလပ် လုပ်ကိုင်သည်။ မိဘများ စိတ်ချမ်းသာမှု ဖြစ်စေရန် မငြီးမငြူ ဝိုင်းကူလုပ်ကိုင် ပေးလေသည်။

ဤတွင် ထူးခြားမှုတစ်ရပ်မှာလည်း အသက် ၁၃ နှစ်၊ ၁၄ နှစ် အရွယ်ကပင် လူကြီးများနှင့် ရင်ဘောင်တန်းပြီး သူလည်းခြေနှစ်ချောင်း၊ ငါလည်းခြေနှစ်ချောင်း၊ သူလည်းလက်နှစ်ဘက်၊ ငါလည်းလက်နှစ်ဘက် အလျော့မပေးသော ဇွဲဖြင့် လူကြီးများနှင့် တန်းတူလုပ်နိုင်သည်။ ၎င်းပြင် မောင်လတ်မှာ မိဘများ၏ ခိုင်းစေရာ အရာခပ်သိမ်းလုပ်ငန်းဟူသမျှ ပြန်လှန် ပြောဆိုခြင်းမရှိ၊ မိဘ စိတ်ဆင်းရဲမှု မရှိစေရဟူသော အသိဖြင့် ခိုင်းစေသမျှ မငြီးငြူဘဲ အလုပ်ကိုသာ ကြိုးစား၍ လုပ်ကိုင်တတ်သော လက္ခဏာ တစ်ရပ်မှာ လည်း သာမန်လူတို့ နာခံနိုင်ခဲသော ဂုဏ်ထူးတစ်ရပ်ပင်ဖြစ်သည်။

မောင်လတ်သည် တည်ကြည်သောစိတ်၊ မရမနေ မဖြစ်မနေ တစ်ခုတည်း သောအလုပ်ကိစ္စကို အောင်မြင်မှ နောက်အလုပ်ကို ဆက်လက်လုပ်ကိုင်ခြင်း၊ အလုပ်လုပ်ရာတွင် အရာမရောက်သောစကားကို မပြောခြင်း၊ သူ၏အလုပ်ကိုသာ ကြိုးစားလုပ်ကိုင်တတ်သောစိတ်အစွမ်းတို့သည် တိဟိတ် ပုဂ္ဂိုလ်တို့၏စိတ်ဓါတ် မျိုးဖြစ်နေသည်။ နောင် တရားအားထုတ်ရာတွင် အထောက်အပံ့ပြုမည့် စိတ်ဓါတ်မျိုး၊ လက္ခဏာ တစ်ရပ်ပင်ဖြစ်တော့သည်မှာ ချီးကျူး မှတ်သားဘွယ် ဖြစ်သည်။

၁၅ နှစ်သားအရွယ်တွင် ဆားတောင်ရွာ၊ မစိုးရိမ်တောကျောင်း ဆရာတော် ဦးဇဋိလထံတွင် ရှင်သာမဏေ ပြန်ဝတ်ခဲ့သည်။ ဆားတောင်ရွာ မစိုးရိမ်တောကျောင်းနှင့် မန္တလေးတောင်ပြင် ပခန်းကျောင်း၌ စာဝါ သင်ကြားပြီး ၁၇ နှစ်အရွယ်တွင် ပထမငယ်တန်း အောင်မြင်ခဲ့သည်။

## မြင့်မြတ်သည့်ရဟန်းဘဝ

အသက်(၂၀)ပြည့်သောအခါ မြင့်မြတ်သောရဟန်းဘဝသို့ ကူးပြောင်း ရန် ဆုံးဖြတ်ပြီး ဖခင်ကြီးထံရဟန်းခံပေးရန် ခွင့်ပန်ပြောကြားခဲ့သည်။ ဖခင်ကြီး ဦးငွေဒင်မှာ ဥစ္စာပစ္စည်းမပြည့်စုံသော်လည်း သားဖြစ်သူ၏ဆန္ဒကို ဝမ်းမြောက် ဝမ်းသာ ဖြည့်ဆည်းပေးလို၍ ဓါတ်ိုင်းထက်အလုပ်များကို ကြိုးစားလုပ်ကိုင်ပြီး ငွေစုကာ ရဟန်းခံပေးရန် စီမံလေတော့သည်။

သားကို မြင့်မြတ်သည့် ရဟန်းဘဝသို့ ချီးမြှင့်ပေးရန် ဆားတောင် ရွာဦးကျောင်းဆရာတော်ကို လျှောက်ထားတောင်းခံခဲ့သည်။ ဆားတောင် ရွာဦးကျောင်းဆရာတော် ဦးတေဇက ဥပဇ္ဈာယ်ပြု၍ ချီးမြှင့်ခဲ့သည်။

**ပထမကမ္မဝါဆရာတော်**

မဇ္ဈိမာရုံကျောင်းမှ ဆရာတော်ဦးနန္ဒဝံ

ရေကြည်မြောက်ကျောင်း ဆရာတော် ဦးကုသလ

သာဇင်တောကျောင်း ဆရာတော် ဦးအာလောက

**ဒုတိယကမ္မဝါဆရာတော်**

ရွာဝေးကျောင်းသစ် ဆရာတော် ဦးလက္ခဏ

မတောင့်တ ဆရာတော် ဦးဓမ္မသာမိ

သာလွန်ကျောင်း ဆရာတော် ဦးနရိန္ဒ

**တတိယကမ္မဝါဆရာတော်**

မတောင့်တ ဆရာတော် ဦးဓမ္မသာမိ

မစိုးရိမ်တောရကျောင်း ဆရာတော် ဦးဇဋိလ

ရေကြည်မြောက်ကျောင်း ဆရာတော် ဦးကုသလ

http://www.dhammadownload.com



မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟအလှူကိုခံယူကာ (၂၂-၆-၁၉၄၅) ၁၃၀၇ ခုနှစ်၊ ဝါဆိုလဆန်း (၁၃)ရက်၊ နံနက် (၈)နာရီအချိန်တွင် ဆားတောင်ရွာ၊ ရွာဦးကျောင်း ဆရာတော် ဦးတေဇ ဥပဇ္ဈာယ်ပြု ချီးမြှင့်မှုဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့တော်အမည် **ဦးပညာဏိက** ဟုပင် ဆရာတော်က မှည့်ခဲ့သည်။ မိဘတို့မှာ သားအပေါ် ထားရှိသည့် စေတနာဖြင့် "ငါတို့သည် သာသနာ့ အမွေခံဖြစ်ခဲ့လေပြီ၊ သားမောင် ရဟန်းဘဝသို့ ချောမောအောင်မြင်စွာ ရောက်ခဲ့ရပေပြီ" ဟု ပီတိဖြာလွှမ်း ဆီထိဝါဂွမ်း ပမာကဲ့သို့ မျက်နှာရွှင်လန်း သားရဟန်းကို ဝမ်းပန်းတသာ ကြည်ညိုစွာဖြင့် အခါခါ ကန်တော့ကြလေသည်။

ထိုကဲ့သို့ ရဟန်းခံပြီးနောက် မစိုးရိမ်ကျောင်းဆရာတော် ဦးဇင်္ဂိလ ထံတွင် သီတင်းသုံးနေထိုင်၍ ရဟန်းတို့၏ သိက္ခာပုဒ်ဖြစ်သည့် ဝိနည်း ဒေသနာ တော်များကို သင်ကြားနေထိုင်ရင်းပင် မကျန်းမမာ ဝေဒနာစွဲကပ် နေသဖြင့် အထက်တန်းစာများကို သင်နိုင်ခွင့် မရခဲ့ပေ။

နေမကောင်းစဉ်တွင် ရောဂါ အလွန်ပြင်းထန်သဖြင့် ဆေးအမျိုးမျိုး ကုသော်လည်း ပျောက်ကင်းမှုမရှိ နှစ်ရှည်လများ ခံစားနေရသည်။ မိဘများမှာ ပူပင်သောကရောက်ကြ၍ အမျိုးမျိုးကုသခဲ့ကြသည်။ နောက်ကံအားလျော်စွာ ဆားတောင်ရွာ ဆရာဦးဘသင်၏ ဆေးကို မှီဝဲတော့မှ တဖြည်းဖြည်း သက်သာ ရာမှ ရောဂါပျောက်ကင်း ချမ်းသာသွားကြောင်း သိရသည်။

သို့နှင့် စာများကို မလိုက်နိုင်သေးမီ၊ ရဟန်းများ၏ ဝိနည်း သိက္ခာပုဒ် တော်ကိုသာ ရိုသေလေးစားစွာ ကျင့်ဝတ်နှင့် လျော်ညီစွာ သီတင်းသုံး နေထိုင် တော်မူလေသည်။ (၁၃-၂-၁၉၅၃)၁၃၁၄ ခုနှစ်၊ တပေါင်းလဆန်း (၁)ရက်နေ့တွင် မယ်တော် ဒေါ်ပြောင်းမယ် ကွယ်လွန်ခဲ့သည်။

ဝါတော် (၈)ဝါအရ ပထမရွာဦးကျောင်း ဆရာတော်ဘုရားသည် ဘဝနတ်ထံပျံလွန်တော်မူရာ ထိုကျောင်းမှာ စောင့်ရှောက်မှု ကင်းမဲ့ကာ နေမည် စိုး၍၊ (၁၅-၇-၁၉၅၄) ၁၃၁၆ ခုနှစ်၊ ဝါဆိုလပြည့်နေ့မှာ မစိုးရိမ်တောရ ကျောင်းဆရာတော် ဦးဇင်္ဂိလ မိန့်ကြားချက်ဖြင့် ရွာဦးကျောင်းကို စောင့်ရှောက် ကာ နေတော်မူရသည်။

## မဂ်, ဖိုလ် ရည်မှန်းအားထုတ်စန်း

**ဆရာတော်ဘုရားကြီး**သည် ဆားတောင်သင်းတွဲရွာ၊ ရွာဦးကျောင်း မှာ သီတင်းသုံးအားထုတ်တော်မူစဉ် ၁၃၁၆ ခုနှစ် မှစ၍ စာဝါများ သင်ကြားနေ စဉ် ရဟန်း ၉ ဝါအရတွင် ပရိယတ္တိအရှိန်ရပ်တန့်ရန် ဘဝအကြောင်းကဖန်လာခဲ့ ပြီး ခြေတရွတ်ဆွဲရောဂါ ဖြစ်ပေါ်ခဲ့သည်။ စာဝါများ ဆက်မလိုက်နိုင်တော့ဘဲ ဝေဒနာနှိပ်စက်မှုကြောင့် စာဆက်သင်ရန် မဖြစ်နိုင်တော့သဖြင့် ပရိယတ္တိမှ ပဋိပတ္တိသို့ ပြောင်း၍ ကြိုးစားရန် ဆရာတော် စဉ်းစားရတော့သည်။ ဦးပြုံးချို၏ တိုက်တွန်းချက်အရ (၁၆-၇-၁၉၅၄) ၁၃၁၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက် နေ့မှစ၍ စွန်းလွန်ဂူကျောင်း ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့်ကျင့်စဉ်များ ကို ကြည့်ရှု၍လည်းကောင်း၊ မဟာဗောဓိရိပ်သာ ကျင့်စဉ်နည်းကို ကြည့်ရှု လေ့လာ၍လည်းကောင်း ဆက်လက်ကြိုးစား ကျင့်ကြံ အားထုတ်တော်မူသည်။

**ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး**သည် အမြဲကြိုးစားနေသူ ဝီရိယကြီးမားသူဖြစ်သည့်အလျောက် တစ်ခုမဖြစ် တစ်ခုကြိုးစားခြင်းပင်ဖြစ်ပေ မည်။ စွန်းလွန်း ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်စာအုပ်ကို ဖတ်ရှုပြီး ထိုသို့ကြိုးစား လျှင်ဖြစ်နိုင်သည်ကို ဖတ်ရင်း ဖတ်ရင်း သိရှိအားတက်လာခဲ့သည်။ မဖြစ်မနေ ကြိုးစား မည်ဟု သန္နိဋ္ဌာန်ချကာ ကြိုးစားအားထုတ်တော့သည်။ ထိုအချိန်မှစ၍ စိတ်ဓါတ်မကျဘဲ ခန္ဓာကပြသောဝေဒနာကို တရားသဘော ဖြင့်ဆင်ခြင်ကာ သတိပဋ္ဌာန်ကျင့်မှ သမ္မပ္ပဓာန်ကျင့်စဉ်အတိုင်း မလျော့သော ဇွဲလုံ့လတို့ဖြင့် နေ့၊ ညမလပ် တစ်စပ်တည်း အားထုတ်ခဲ့ရာ ညနေ(၆)နာရီမှစ၍ ဣရိယာပုထ် လုံးဝမပြောင်းလဲ တစပ်တည်း သတိကပ်အောင် ကြိုးစား၍

http://www.dhammadownload.com



နောက်တစ်နေ့ နံနက် (၆)နာရီအထိ အားထုတ်တော်မူသည်။ တရားဖြုတ်သည့် အချိန်တွင်လည်း ရှာထဲဆွမ်းခံကြွသည်မှအစ အထွေထွေအမှတ် သတိကပ်၍ တစပ်တည်း အားထုတ်ခဲ့သည်။

ပထမ သမာဓိဖြစ်သော အာနာပါန နည်းဖြင့် (၁၀)ရက်တိုင်တိုင် အားထုတ်တော်မူပြီး ဝိပဿနာတရားကို ကူးပြောင်း၍ အားထုတ် တော်မူသည်။ ထိုသို့ သမာဓိအားထုတ်ရာဝယ် "ပဋိဘာဂ၊ ဥဂ္ဂဟနှင့် ပေါ်ထခြင်းရာ အဖြာဖြာမှာ ရောင်ဝါပျိုးပြက်၊ တလက်လက်ဖြင့် လေထွက် လေဝင် အမျှင်စီတန်း လေမီးပန်းသို့၊ လဝန်းသဏ္ဍာန် လေထွက်ဟန်နှင့် တဖန် ရှုဆဲ ဖြူပုလဲက ဝဲ၍ ပေါ်က၊ နှာသီးဝ၌ သမထအာရုံ အဖုံဖုံကို လုံးစုံမြင်ရ နိမိတ်ပြ၏။" အစရှိသော သမာဓိအာရုံ နိမိတ်တို့ကို အာရုံထင်မြင်လျက် သမာဓိတရား ပြည့်စုံသည်နှင့် နှာသီးဖျားမှာ ထိသိ နေရာမှ၊ မှတ်စိတ်ကလေးကို ဦးခေါင်း အလယ် ဗဟိုဖြစ်သော ငယ်ထိပ်ပေါ်သို့ ပြောင်းကာ ရှုမှတ်လျက် ဖြစ်ပျက် သဘောကို ဆင်ခြင်သည်၊ ငယ်ထိပ်မှနေ ရှုမှတ်ရင်း၊ ခန္ဓာကိုယ်တစ်ခုလုံး ခြေဖျား သို့ကျအောင်၊ ခြေဖျားမှ ဆံဖျားသို့ အပြန်ပြန် အလှန်လှန် အထက်၊ အောက် ဖြစ်ပျက်သဘောနှင့် ဝိပဿနာတရားကို ကူးပြောင်းလျက် နေ့ညမပြတ် တရစပ် အားထုတ်လေသည်။ အသက်ကို ဘုရားထံမှာ စွန့်လွှတ် လှူဒါန်းလျက်၊ အရိုး ကျေကျေ၊ အရေခန်းခန်း၊ မလျော့တမ်းဟူသော ဇွဲ၊ တရားမရလျှင် မနေဟူသော သတ္တိထူးဖြင့် အသက်ကို ပဏာဏမထားဘဲ ကမ္မဋ္ဌာန်းတရားကို တစ်ရက်မှ မလစ်လပ်စေရဘဲ အားထုတ်တော်မူသည်။

## ပထမတရားထူးကို ရရှိခြင်း

ပထမတရားထူးကို မရခင် တောင်ထိပ်သို့ တဟုန်ထိုးခုန်တက်ရ သည်ဟု အိပ်မက်မြင် မက်တော်မူသည်။

(၁၀-၁၁-၁၉၅၄) ၁၃၁၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ည (၂) နာရီအချိန်မှာ ပထမတရားထူးကို ရရှိပြီးနောက် ဆရာတော်ဘုရားကြီးသည် ဆက်အားမထုတ်ဘဲ နားနေတော်မူသည်။ နောက် မဟာဗောဓိရိပ်သာမှ ဆရာကြွားက အားပေးသည်မှာ " ရွှေသမင်တစ်ကောင်နှင့် အားရမှု မရှိပါနှင့်၊ ရှေ့မှာ ရွှေသမင် သုံးကောင်ရှိကြောင်း" လျှောက်ထားတိုက်တွန်းသည်။

ဤတွင် ဆရာကြီး တိုက်တွန်းမှုကြောင့် ရှေ့သို့ဆက်လက်၍ မနားမနေ အရိုးကျေကျေ၊ အရေခမ်းခမ်း၊ မလျော့တမ်း ဇွဲလုံ့လဝီရိယဖြင့် အားထုတ် တော်မူပြန်သည်။

## ဒုတိယတရားထူးကို ရရှိခြင်း

ဒုတိယအဆင့် မရောက်ခင် အိပ်မက်မြင်မက်တော်မူသည်မှာ မည်သည့် အစာအဟာရနှင့်မျှမတူ၊ ဘယ်အရသာနှင့်မျှမတူသော နတ်သြဇာ များကို ဘုဉ်းပေးရသည်ဟု မြင်မက်တော်မူသည်။ သို့နှင့် နေ့ညမပြတ် သေချင်သေပေစေ ဟူသော သတ္တိထူးဖြင့် ဆက်လက်အားထုတ်ရာ (၁၄-၅-၁၉၅၅) ၁၃၁၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈)ရက်နေ့ ည (၂) နာရီအချိန်ဝယ် ဒုတိယတရားထူးကို ရရှိတော်မူလေသည်။

## တတိယတရားထူးကို ရရှိခြင်း

**ဆရာတော်ဘုရားကြီး**သည် ဒုတိယတရားထူးကို ရရှိတော် မူသော် လည်း အားရတင်းတိမ်မှု မရှိဘဲ ဒီသာသနာတွင်း မှာပင် ဒီဘဝ ရပ်သိမ်းပါတော့ မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဗိုလ်ငါးပါးကို လက်ကိုင် ထားလျက် ရှေ့သို့ ဆက်လက် အားထုတ်တော်မူပြန်ရာ တတိယအိပ်မက်ကို မြင်မက်တော်မူသည်။ယင်းအိပ်မက်မှာ ရေပေါ်သို့ ခြေမလှမ်းဘဲ ကြွသွားတော်မူရသည်ဟု ပုဗ္ဗနိမိတ် ဖြစ်သော အိပ်မက်ကို မြင်မက်တော်မူသည်။

ဆရာတော်ဘုရားကြီးသည် တတိယတရားထူးကို ရရှိဖို့အားထုတ် နေစဉ် ည(၁၂)နာရီအချိန်မှာ အရောင်အဝါ

http://www.dhammadownload.com



တောက်ပစွာသော နတ်မင်းကြီး လေးပါးသည် ဆရာတော်ဘုရား သိစိမ့်သောငှာ နတ်တို့တန်ခိုးဖြင့် ဆရာတော်ဘုရားကြီး၏ ကျောင်းတော်ကို သိမ့်သိမ့်တုန်လှုပ်စေသည်။ ပြီးနောက် ဆရာတော်ဘုရားကြီး၏ ထံပါးသို့ ဝပ်တွားကြည်ညို ရိုသေစွာ ထိုင်လျက် ရှိခိုးဖူးမြော် နေကြလေသည်။ ဆရာတော်ဘုရားကြီးသည် မျက်လုံးတော်သို့ အလင်းရောင်များ ထိုးသဖြင့် မျက်စိကျိန်း၍ ပိတ်ထားရာမှ ဖွင့်၍ ကြည့်ရှု တော်မူရာ နတ်မင်းကြီး (၄)ပါး ရှိခိုးနေသည်ကို စိတ်ကူးမျှပင် မဟုတ်ဘဲ ထင်ထင်ရှားရှား ပကတိမျက်စိဖြင့် မြင်ရတော့မှသာ သာသနာတော်ကို စောင့်ရှောက်နေသော နတ်မင်းကြီး (၄)ပါးဟု သိရှိရလေသည်။

စတုမဟာရာဇ် နတ်မင်းများက အရှင်ဘုရားထံ ဖူးမြော်ရန် လာရပါသည်။ အရှင်ဘုရား စိတ်အား မလျော့ပါနှင့်၊ ရှေ့ကိုသာဆက်လက် မပျက်မကွက်အားထုတ်တော် မူပါဘုရား” ဟု တိုက်တွန်းလျက် အကြိမ်ကြိမ် သာဓုခေါ်ကာ ပြန်ကြ လေတော့သည်။

ဤသို့ဖြင့် နေ့စဉ်ရက်ဆက် ဆက်လက်အားထုတ်ရာ ကျောင်းတိုက်မှာ ထပ်မံ သိမ့်ခါပြန်ပြီး၊ နတ်မင်းကြီးလေးပါးတို့ထက် သာလွန်သော အရောင် အဝါက မျက်လုံးတော်ကို မခံနိုင်သဖြင့် ပိတ်ထားရာမှ ဖွင့်လှန်ကာကြည့်ရှုရာ၊ ဆရာတော်အား ရှိခိုးလျက်ရှိသည့် နတ်တို့သေဋ္ဌနင်း သိကြားမင်းအား တွေ့မြင် ရလေသည်။

“အသင် အဘယ်ကိစ္စကြောင့် ဤထံမှောက်သို့ ရောက်ရကြောင်း လျှောက်ထားပါလော့” ဟု ဆရာတော်က မိန့်လိုက်ရာ “မှန်လှပါဘုရား တပည့်တော် တောင်းပန်လိုပါသည်ဘုရား၊ ယခုတရားကို မည်သူ့ဖျက်ဖျက်၊ စိတ်မပျက်ဘဲ၊ ရှေ့သို့ ဆက်လက်အားထုတ်တော်မူပါက တရားအထက်သို့ တက်ဖို့ရှိပြီး၊ တရားလျော့ရန် ကြံစီမံလျှင် အထက်တက်ရန် စခန်း ကွာလှမ်း ပါလိမ့်မည်ဘုရား” ဟု လျှောက်ထားလေသည်။

သို့ဖြင့် ဆက်လက်အားထုတ်ပြန်ရာ “ရုပ်ဝေဒနာ၊ ဖောက်ပြန်စွာကို၊ ဒဏ်ရာဒဏ်ချက်၊ တဖျက်ဖျက်နှင့်၊ ဖြစ်ပျက် ရုပ်နာမ်၊ ကေန်ဒုက္ခ၊ ခံစားရပေ၍၊ အားလျော့နွမ်းခွေ၊ အရိုးတွေက၊ ကွဲစေမတတ်၊ တဖျပ်ဖျပ်နှင့်၊ အပ်နှင့်ထိုးမွှေ၊ သကဲ့သို့ ကြွေလုအသား၊ မီးကင်ထားသို့၊ ခန္ဓာအားမနိုင်၊ ဤဒုက္ခ အဆုံး တိုင်သို့ ရှုန်းနိုင်လျှင် သံသရာဝဋ်၊ ဒီတစ်ခါ ကျွတ်တော့မည်၊ စိတ်တော်က ကြံစည်လျက်၊ အသက်ကိုစွန့် မကြောက်ရွံ့ဘဲ၊ ဝံ့ဝံ့စားစား ဒီတရားကို၊ ရှုအား ကိုယ့်ကိုး၊ စိတ်တော်ကို နှိုးလျက်၊ အဆိုးဝဋ်နှောင်၊ သခ်ီရလှူဘောင်မှ လွတ်အောင် အားထုတ်၊ တမဟုတ်ချင်း၊ အားတော်ကို တင်းလျက်၊ မပျင်း လို့လ၊ ဉဿာဟနှင့်၊ ထိုးဆွနာကျင်သေချင်သေပေစေ့ဟု၊ ခံစားရင်း ဒီအခြေမှ၊ မဂ်အခြေ ဖိုလ်စခန်း၊ တတိယပန်းကို ဆွတ်လှမ်းကြည်ဖြူ ရယူခံစား၊ အေးမြသော နိဗ္ဗာန်တံခါးသို့” မျှော်ရည်ကာ ကြိုးစားခဲ့သည်။

(၁၃–၆–၁၉၅၅) ၁၃၁၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၈)ရက်နေ့ ည (၂)နာရီ အချိန် ဝယ် “တတိယတရားထူး” အဆင့်သို့ ရောက်ရှိပါတော့သည်။

(နောင်တွင် ဆရာတော်က “တတိယအဆင့်ရောက်ခါနီး ဝေဒနာ ခံစားရပုံမှာ “ရေလျှော်သည့် အဝတ်ကို လိမ်ညှစ် သလို” ခံစားရပုံကို မိန့်တော်မူ ဖူးပါသည်။)

တတိယတရားထူးကို ရရှိတော်မူပြီးနောက် တစ်ညသောအချိန်ဝယ် တရားတော်ကို အာရုံပြုနေစဉ် နတ်မင်းတစ်ပါး လာရောက်မည့်ဟန်၊ ကျောင်းတော်ကို သိမ့်သိမ့်ခါတုန်စေသည် နတ်မင်းရောက်လာသောအခါ ရှေးနည်းတူ “ဘာကိစ္စ ရောက်လာသနည်း” ဟု ဆရာတော်ဘုရားက မေးတော်မူသည်။

“မှန်လှပါ လူ့ဘဝကတော်စပ်ခဲ့သည့် ဆရာတော်၏ မယ်တော် ဖြစ်ကြောင်း” ရိုသေစွာ ရှိခိုးလျှောက်ထားသည်။

“ဘယ်ကုသိုလ်ကံ အဟုန်ကြောင့် နတ်ဘုံသို့ ရောက်ရပါသနည်း” ဟု ဆရာတော်ကမေးမြန်းရာ

“မှန်လှပါ၊ လူ့ဘဝမှ စုတေရာ၊ ပြိတ္တာဘုံသို့ရောက်ကြောင်း၊ သားတော် မောင်ရဲ့တန်ခိုးနဲ့ အစဉ်မပြတ် မေတ္တာရေစင် တသွင်သွင် ပို့သသည့်အပြင်၊ တရားအားထုတ်ပြီးတိုင်း၊ အမျှဝေသဖြင့် နတ်အများက သာဓုခေါ်ကြသည်။ မွေးမေထံပို့ သဖြင့်၊ ဝဋ်ကြွေးကုန်ပြီး သားတော်တန်ခိုး ကြောင့် သုံးဆင့်သော နတ်ဘုံဖြစ်သည့် ယာမာဘုံသို့ ရောက်ရှိပြီး

http://www.dhammadownload.com



နတ်သားဖြစ်နေကြောင်း” လျှောက်ထားလေသည်။

ဆရာတော်ဘုရားသည် ယခုဘဝ မယ်တော်က လျှောက်ထားလို့ သူ၏တရား မေတ္တာအားကြောင့် မိခင်ဖြစ်သူ နတ်သားဖြစ်ကြောင်းသိရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူလေသည်။

တဖန်ဆရာတော်က “ဒါယကာကြီး တရားအားထုတ်ပါလား၊ တရား အားထုတ်လျှင် သံသရာမှ လွတ်ထွက်နိုင်တယ်”ဟု မိန့်ပြန်ရာ မှန်လှပါ အရှင် ဘုရား တရားကို ကြိုးစားအားထုတ်၍ တရားရ မှန်းသိသော်လည်း အရှင်ဘုရား ထံ ရောက်ရှိနေစဉ် အတွင်း တရားကိုသတိရ၍ နတ်ဘုံသို့ ပြန်ရောက်လျှင် ကိလေသာ ကာမဂုဏ်အာရုံအလွန်များသဖြင့် တရားကို သတိမရ၊ အားမထုတ် နိုင်ကြောင်း လျှောက်ထားရာ ဆရာတော်လည်း ခပ်မဆိတ်နေတော်မူသဖြင့် မယ်တော်ဖြစ်ခဲ့ဘူးသူ နတ်သားသည် ဆရာတော် ထံမှောက်မှ ဖယ်ခွာသွား လေတော့သည်။

တတိယတရားထူးကို အောင်မြင်စွာ ရရှိသောအခါဝယ် ဆရာတော် ဘုရားထံမှောက်သို့ မိုးကြိုးသွား ကျရောက်လာသည်။ အံ့သြဘနန်း ထူးဆန်း ဘွယ်ရာ မိုးလည်းမရွာ၊ တိမ်သလ္လာကင်းစင် ကြည်လင်တောက်ပနေချိန် ကျရောက်လာခြင်း ဖြစ်သည်။

ဆရာတော်ဘုရားမှာ လန့်သည်မရှိ ကြောက်ဘိကင်းကွာ ဓမ္မာ နုပဿနာ ရှုကာမပျက် ဖြစ်ပျက်ရှုလျက် နေဟန် ရှိသည်။ ရွာသူ ရွာသားတို့မှာ အူတုန် သည်းတုန် မကြုံစဘူး အဖြစ်ထူးကြောင့် ဆရာတော်အား လျှောက်ထား ကြသည်။

ဆရာတော်က မိုးကြိုးသံဟာ ပန်းကန်ကျကွဲသလောက်သာ ကြား ရပြီး၊ တရားတတိယဆင့်တက်သဖြင့် နတ်သိကြား၊ ဗြဟ္မာဘုံ သိမ့်သိမ့်ခါ တုန်လှုပ် လျက် ထက်မြက်သောစေတနာနှင့် သာဓု အနုမောဒနာ အကြိမ်ကြိမ် ပြုကြခြင်းသာ ဖြစ်ပါသည်ဟု မိန့်တော်မူပါသည်။

## စတုတ္ထတရားထူးကို ရရှိခြင်း

ဆရာတော်ဘုရားသည် တတိယတရားထူးကို ရရှိပြီးနောက် “အရိုး ကြွင်းစေ၊ အသားကြွေ၊ ကုန်ပေ့စေ၊ အသား အသွေး အသက်ကိုမျှ မညှာရ၊ သမ္မပ္ပဓာန်လေး” ဆိုသည့်အတိုင်း နေ့စဉ်ရက်ဆက် နေ့ညမပြတ် အားထုတ် တော်မူရာ (၁၂–၇–၁၉၅၅) ၁၃၁၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၈)ရက်နေ့ည (၂)နာရီအချိန်တွင် စတုတ္ထတရားထူးကို ရလေတော့သည်။

လူ၊ နတ်အများ  သာဓုခေါ် ကြလေသည်။

ဆရာတော်ဘုရားသည် ချမ်းသာတရားထူးကို ခံစားရရှိတော်မူပြီး သောအခါ အထက်သို့ လှမ်းမျှော် ကြည့်ရှုရာ ဘုံအဆင့်ဆင့် တို့ကို ရှုမြင်ရလျှက် တဖန်အောက်သို့ ရှုကြည့်ပြန်ရာ အပယ်ဘုံတို့ကို အကုန်အစင် မြင်တော်မူပြန် လေသည်။ ဆရာတော်ဘုရား မိခင်၏ အမျိုးတော်စပ်သူ ဆားတောင်ရွာ ပင်းသင်းရပ် ရွှေပန်းတိမ်ဆရာကြီး ဦးရင်မောင် စုဆောင်းပြုစုထားသည်များကို စုစည်းတင်ပြပါသည်။

## ဂေါတမ ဗုဒ္ဓအား ဖူးတွေ့ရခြင်း

နောက်ပိုင်းတွင် ဆားတောင်ရွာမှ  ဦးရင်မောင်၊ ဦးသော်က သာဝကတို့ က ဆရာတော်ဘုရားအား စွန်းလွန်း ဆရာတော်ဘုရားကြီးမှာ ကျေးငှက်ဘဝ ဖြစ်စဉ် ကဿပဗုဒ္ဓမြတ်စွာအား သစ်သီးလှူဘူးကြောင်း သိရှိကြရပါသည်။

ရန်ကုန်မြို့တွင် နေထိုင်သော ဦးမောင်မောင်ဌေး၊ ဦးနီတွတ်၊ ဦးကုလား (ဆရာတော်ဘုရားကြီးအနားတွင် နေသူ) တို့ကလည်း ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်ကို လျှောက်ကြရာတွင် ဤသို့ မိန့်ကြားခဲ့ပါသည်။

ဂေါတမဘုရားရှင်လက်ထက် အိန္ဒိယနိုင်ငံမှာ ကုလားဖြစ်စဉ်အခါက ဘုရားနဲ့တွေ့တယ်။

http://www.dhammadownload.com



ဘုရားနဲ့တွေ့တဲ့အခါကျတော့ ရုတ်တရက်လမ်းမှာတွေ့တော့ လှူစရာကလည်း လက်ထဲဘာမှမရှိတော့ သူများငှက်ပျောခိုင်ခုတ်ပြီး လှူလိုက် တယ်။ အဲ့ဒါကြောင့် အကျိုးပေးက ကျောင်းဆောက်မယ်လို့ ဒီပြင်လူက တာဝန်ခံလာရင် ဆောက်တော့ဆောက်ပါတယ်၊ ဆောက်ပေသော်လည်း ခရီးမပေါက် ဘူး၊ တစ်ဝက်တစ်ပျက်နဲ့ပဲ ပျက်ကြတယ်။ နောက် ဟိုကဝင်ပြီးဆောက်လိုက် ဒီက ဝင်ဆောက်လိုက်နဲ့ ဖြည်းဖြည်းနဲ့ပဲ ပြီးသွားတယ်။

(အဲ့ဒီတုန်းက ဆရာတော်ဘုရားက အဲ့ဒီလူ ပစ္စည်းခိုးတာမဟုတ်ဘူး၊ အခကြေးငွေပြန်ပေးတယ်လို့ တပည့်တို့ သိရပါတယ်။ ပြန်ပေးတာကို အဲ့ဒီလူ က မကျေနပ်တာလားဘုရား။)

ပေးပေမယ့် မကျေနပ်ဘူး။

(ငှက်ပျောခိုင်က ဝါဝင်းနေတယ်ဆိုဘုရား။)

ပင်မှည့် ဖြစ်နေတော့ ဝင်းနေတာပေါ့။

(အရှင်ဘုရား၊ မြတ်စွာဘုရားရှင်နဲ့တွေ့တော့ ဘယ်လိုခံစားပြီးမြင်ရ ပါသလဲဘုရား။)

ဘာနဲ့မှ ယှဉ်လို့မရအောင် အလွန်ကြည်ညိုဖွယ်ကောင်းတဲ့ သဘာဝ ရှိတယ်။

(အဲ့ဒီတုန်းက အရှင်ဘုရားနဲ့ ဘာသာမတူသေးဘူးနော် ဘုရာ၊ အရှင်ဘုရားက ဟိန္ဒူနော်။)

ဟိန္ဒူဆိုတော့ ဘာသာကမတူဘူး၊ ဒါပေသော်လည်း ဗုဒ္ဓရဲ့ အနေအအား ဖြင့် ကိုးကွယ်နေပြီ။

(ဆရာတော်ဘုရား အဲ့ဒီအချိန်မှာပဲ ဆုရခဲ့တာလား၊ အဲ့ဒီအချိန်မှာပဲ ဆုပေးခဲ့တာလား ဘုရား။)

(အဲ့ဒါကို ဆုလို့ ခေါ်သလား၊ ဗျာဒိတ်လို့ ခေါ်သလားဘုရား။)

အင်း ဒီကတောင်းတော့ ဆုပေါ့ ဟိုကပေးတော့ ဗျာဒိတ်ပေါ့ ဒီသာသနာ နောက်ပိုင်းကိစ္စပြီးတဲ့ ရဟန္တာဖြစ်မယ်လို့ ဗျာဒိတ်ပေးခဲ့တယ်။

(နှစ်ပေါင်း ၂၅၀၀ ကျော်မှာ ဆရာတော်ဘုရားကိစ္စပြီးလိမ့်မယ်လို့ မြတ်စွာဘုရားက ဗျာဒိတ်ပေးခဲ့တော့ အဲ့ဒီနှစ်တွေမှာ ဆရာတော် ဘုရား အများကြီး ပါရမီဖြည့်ခဲ့ရမှာပေါ့၊ အများကြီးအားထုတ်ခဲ့ရမှာပေါ့နော်ဘုရား။)

ဟာ အားထုတ်ခဲ့ရတာပေါ့။

(တင်ပါ့ ဘုရား၊ သူများနဲ့မတူအောင်ပေါ့နော် ဘုရား၊ ဆရာတော်ဘုရား ကျင့်ကြံအားထုတ်တဲ့အချိန်ပေါ့ တပည့်တော်တို့ ဆားတောင်ကသူများတွေ ပြောသလို ဆရာတော်ဘုရား ကျိန်းကော ကျိန်းရဲ့လားဘုရား၊ မရခင် အချိန်ထိ တပည့်တော် လူကြီးတွေပြောတာ ကြားရတာ၊ ဆရာတော်ဘုရားက မဟာ ပလ္လင်နဲ့ ထိုင်ရင်းနဲ့ အားထုတ်တာ လဲကျသွားတာတောင်မဖြုတ်ဘူးတဲ့၊ ဆားတောင်ရွာက အရီးမြပြောတာ အဲ့ဒီလို သိရတယ်ဘုရား၊ အင်မတန်မှ သတ္တိအားကောင်းတဲ့ဘုရားတဲ့ ဟုတ်ပါသလားဘုရား။)

အင်း အားထုတ်တာကတော့ နေ့မှာတော့ အမှတ်နဲ့ပဲ နေတာများပါ တယ်။ ကလေးတွေကို စာပြခိုင်းတာပြီးတဲ့အချိန်မှာ ညမှာတော့ (၆)နာရီခွဲ (၇)နာရီလောက်ကနေပြီး၊ တင်ပလ္လင်ခွေထိုင်ပြီး အားထုတ်တာ ကျိန်းတယ်လို့ မရှိပါဘူး၊ နံနက်လင်းသည်နှင့် တပြိုင်နက်တည်း ကိုယ်လက်ဆေးကြော သုတ်သင်ချင်လို့သာပဲ မျက်နှာသစ်တာ၊ မျက်နှာသစ်စရာ တယ်မလိုဘူး၊ အဲ့ဒီက နေပြီး ဆေးကြောသုတ်သင်ပြီး မကြာခင်ပဲ၊ သပိတ်သက်န်းရုံပြီး ဆွမ်းခံထွက် တယ်၊ အမှတ်နဲ့ပဲသွား ပြန်လာသည့်တိုင်အောင် အမှတ်နဲ့ပဲ၊ ဘုရားပါ ဆွမ်း တော်ကပ်ပြီး ကလေးတွေ စာပြ၊ တစ်နေ့လုံး လိုလိုပဲဆိုပါတော့၊ ဒီလိုပဲ အမှတ်နဲ့ပဲနေတယ်။ (မှန်ပါ့ ဘုရား)

ညနေရောက်တော့ အဲ့ဒီလိုပဲ ပြန်ထိုင် နံနက် (၆)နာရီအထိပဲ။

(အရှင်ဘုရား ဘယ်နှစ်နှစ်လောက်အားထုတ်ခဲ့ရပါသလဲ ဘုရား။)

အားထုတ်တာကတော့ (၁)နှစ် ကျော်ကျော်ပါပဲ။

(တင်ပါ့ ဘုရား) (ဆရာတော်ဘုရား အဲ့ဒီအချိန်တုန်းက အကြောင်းကို ဆားတောင်ရွာက အရီးမြက

တပည့်တော်တို့ကို ပြောပြတယ်ဘုရား၊ ဆရာတော်ဘုရားကို လာဖူးကြတာ ပွဲဈေးတန်း၊ ညဈေးတန်းကြီးလို ဖြစ်တယ်တဲ့။ ဆရာတော်ဘုရား အလုံးစုံ စိတ်အေးချမ်းမှု ရသွားတဲ့အချိန်က ပွဲဈေးတန်း ကြီးလို လာကြတယ်တဲ့။ ညဆိုလို့ရှိရင် အဝါရောင်အလင်းတန်းကြီးတွေ၊ အဖြူရောင်အလင်းတန်းကြီးတွေ ဆရာတော်ဘုရား ကျောင်းကို လာကြတာ ဟုတ်ပါသလား ဘုရား။ အားလုံးမြင်ရတယ်တဲ့ မမြင်ရတဲ့လူကို မရှိဘူးတဲ့။)

ဒါကတော့ အမှန်ပေါ့။

(အဖြူရောင်တန်းကြီးတွေက ဘာတွေပါလဲ ဘုရား။)

သိကြားပြည်က လာတာ။

(အဝါရောင်တန်းကြီးတွေကကော ဘုရား။)

အဝါရောင်တန်းကြီးတွေက ဗြဟ္မာပြည်က လာရောက်ဖူးမြော်ကြတာ ဟု ဆရာတော်ဘုရားကြီးက ဘဝဖြစ်စဉ်များကို တပည့်သာဝက သိလို၍ လျှောက်ထားသူများကိုသာ မိန့်ကြားခဲ့ပါသည်။

## ဝေဘူဆရာတော်မိန့်ကြားခြင်း

**ဝေဘူဆရာတော်ဘုရားကြီး** ကျောက်ဆည်ဝေဘူတောင်တွင် သီတင်းသုံးတော်မူစဉ်က ဆားတောင်ဆရာတော်ဘုရားကြီး၏တပည့်များ သွားရောက် ဖူးမြော်ကြပါသည်။ ဆရာတော်ဘုရားကြီး အနားယူချိန်ဖြစ်သဖြင့် ဆရာတော်ကြီး သီတင်းသုံးရာကျောင်းတိုက်၏ အပြင်ဘက် တံခါးအနီးတွင် စောင့်ဆိုင်းနေကြပါသည်။ ထိုအခိုက် တံခါးဖွင့်သံကြားရပြီး ဝေဘူဆရာတော် ဘုရားကြီးအား ဖူးတွေ့ကြရပါသည်။

**ဝေဘူဆရာတော်ဘုရားကြီး**က **'ဒါယကာကြီးတို့က ဘယ်က တုန်းဗျ'** ဟုမိန့်ရာ **'တပည့်တော်တို့က ဆားတောင် ဆရာတော် ဘုရားကြီးရဲ့ တပည့်တွေပါဘုရား'**ဟု လျှောက်ကြရာ–

**ဝေဘူဆရာတော်ဘုရားကြီး**က **'ဩော်– ဒါယကာကြီးတို့က ဝီရိယအရှင်သခင်ရဲ့ သာဝကတွေကိုးဗျ'** ဟု မိန့်ကြားတော်မူပါသည်။

ထို့နောက် **'တပည့်တော်တို့ ဆရာတော်ဘုရားကြီး လုပ်ငန်းကိစ္စ ပြီးပါပြီလားဘုရား'** ဟုလျှောက်ကြရာ **'ဒါယကာကြီးတို့ရဲ့ ဆရာတော် ရဟန်းကိစ္စ ပြီးပါပြီဗျာ၊ ဒါယကာကြီးတို့ အရတော်ပါပေ့ဗျာ၊ ကံထူးကြပါပေ့ဗျာ'** ဟု ဝေဘူဆရာတော်ဘုရားကြီးက မိန့်တော်မူပါသည်။

ဆက်လက်၍ **'အရှင်ဘုရားရော ရဟန်းကိစ္စပြီးပါပြီလားဘုရား'** ဟု လျှောက်ကြရာ **'ကျုပ်ကတော့လျှောက်ဆဲပါဗျာ'** ဟု မိန့်တော်မူပါသည်။

ဤဖြစ်စဉ်ကို ဆားတောင်ဆရာတော်ဘုရားကြီးအား ပြန်လည် လျှောက်ထားကြပြီး **'ဝေဘူဆရာတော်ဘုရားကြီး ရဟန်းကိစ္စ ပြီးပါပြီ လား ဘုရား'** ဟု လျှောက်ကြရာ ဆားတောင်ဆရာတော်ဘုရားကြီးက **'အင်း၊ ဆရာတော်ကြီး ရဟန်းကိစ္စ ပြီးပါပြီ'** ဟု မိန့်ကြားတော်မူပါသည်။

**'အရှင်ဘုရားရော ရဟန်းကိစ္စ ပြီးပါပြီလား ဘုရား'**ဟု လျှောက်ထားကြရာ ဆားတောင်ဆရာတော်ဘုရားကြီးက **'ကျုပ်ကတော့ လျှောက်ဆဲပါ'** ဟု မိန့်ကြားတော်မူပါသည်။

အရှင်မြတ်ကြီးတို့၏ ပြောဆိုမိန့်ကြားပုံမှာ ကြည်ညိုအတုယူဖွယ် ကောင်းလှပါသည်။

http://www.dhammadownload.com



## ဝေဘူဆရာတော်နှင့် မဟာစည်ဆရာတော်တို့ ကြွရောက်ခြင်း (၂၀–၇–၁၉၅၆) ၁၃၁၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၃)ရက်

ဝေဘူဆရာတော်ဘုရားကြီး၏ ဒါယကာများက ဝေဘူဆရာတော် ဘုရားကြီး ကြွလာမည့်အကြောင်း စာရေးအကြောင်းကြားရာ ယင်းစာကို ဆားတောင်ဆရာတော်ဘုရား၏ ဒါယကာများက ဆားတောင်ဆရာတော် ဘုရားကြီးအား ပြသကြပါသည်။ စာကိုဖတ်ပြီး ဆားတောင်ဆရာတော် ဘုရားကြီးက **'ဝေဘူဆရာတော်ဘုရားသာမက မဟာစည်ဆရာတော် ဘုရားလည်း ကြွလာလိမ့်မယ်၊ ဒါယကာတို့ ပြင်ဆင်ထားကြ'** လို့ မိန့်ကြားတော်မူပါသည်။

ဒါယကာများက **'နှစ်ပါးအတူတူ ကြွလာတော်မူကြမှာလားဘုရား'** လို့ ပြန်လျှောက်ကြရာ ဆရာတော်ဘုရားကြီးက **'မဟုတ်ဘူး၊ တစ်ပါးစီ လာကြလိမ့်မယ်'** ဟု မိန့်တော်မူပါသည်။

ဝေဘူဆရာတော်ဘုရားကြီး၏တပည့်ထံမှသာ စာရပြီ မဟာစည် ဆရာတော်ဘုရားကြီး၏ တပည့်ထံမှ စာမရပါ။ သို့သော် ဆရာတော်ကြီး မိန့်သဖြင့် ပြင်ဆင်ထားကြပါသည်။ ထိုနေ့ **၁၃၁၈ ခုနှစ်၊ ဝါဆိုလဆန်း (၁၃)ရက်နေ့**တွင် **ဝေဘူဆရာတော် ဘုရားကြီးနှင့် မဟာစည်ဆရာတော် ဘုရားကြီး**တို့ **ဆားတောင်ဆရာတော်ဘုရားကြီး**ထံ ကြွလာကြရာ တစ်ချိန်တည်း မဟုတ်ပေမယ့် တစ်နေ့တည်း တစ်ပါးနှင့်တစ်ပါး အဝင်အထွက် လွဲရုံလောက်သာ ကြွလာပါသည်။

ဒီနေရာမှာ စာရေးဆရာမောင်ချမ်းမြေ့၏ ဆားတောင်ဆရာတော် ဘုရားကြီး၏ အကြောင်းရေးသားသည့်စာအုပ် အမှတ် (၂) **'လောကကို လွှမ်းမိုးမြောက်ခြင်း'** စာအုပ်မှ ကောက်နုတ်၍ ကြည်ညိုသဒ္ဓါပွားနိုင်ရန် ဖော်ပြ လိုက်ပါသည်။

ထိုခေတ် ထိုအခါကသက်တော်ထင်ရှားဆရာတော်ကြီးများဖြစ်ကြသော မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဝေဘူဆရာတော်ဘုရားကြီးတို့ ဆားတောင် ဆရာတော်ဦးပညာဇာကထံ တစ်နေ့တည်းကြွရောက်မေးမြန်း သွားကြသည် များမှာ သာသနာ့တစ်ခေတ်တွင် အံ့ချီးဖွယ်ရာများ ဖြစ်ပေသည်။

ဆားတောင်ဆရာတော်သည် သက်တော်ယယ် ၃၀ အရွယ်တွင် ပေါ်ထွန်းခဲ့ပြီဖြစ်၍ အဝေးမှလာရောက် ဖူးမြော် ကန်တော့သူများ များပြားလွန်း သဖြင့် မဏ္ဍပ်ကြီးများထိုးကာ အဖူးမြော်ခံနေရလေသည်။ ဖူးမြော်သူများ တစ်နေ့တခြား များပြား လှပေသည်။ ထိုအချိန်က ဆားတောင်ရွာကြီးတွင် လနှင့်ချီ၍ ပွဲလမ်းသဘင်ရှိသကဲ့သို့ ပွဲဈေးတန်းများ စည်ကားနေတော့၏။

<u>၁၃၁၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ရက်၊ နံနက် ၈နာရီအချိန်</u>တွင် မဟာစည် ဆရာတော်ဘုရားကြီးသည် ဆိပ်ခွန် ကျေးရွာမှ ရန်ကုန်မဟာစည် ရိပ်သာသို့ ဝါဆိုရန် အကြွတွင် ဆားတောင်ဆရာတော်ဦးပညာဇာကထံ တပည့်နောက်ပါ သံဃာတော်များနှင့် ကြွရောက်လာပြီး ဆားတောင်ဆရာတော်ကြီး၏ အဖူးမြော် ခံရင်း အောက်ပါစကားရပ်များကို မေးမြန်းလျှောက်ထားမှုများ ပြုလုပ်ပါသည်။

**<u>မဟာစည်ဆရာတော်</u>။ ဘယ်နည်းနှင့် တရားအားထုတ်ပါသလဲဘုရား။**

**<u>ဆားတောင်ဆရာတော်</u>။ တပည့်တော် စွန်းလွန်းဆရာတော်ဘုရား၏ ထေရုပ္ပတ္တိနှင့်ကျင့်စဉ်စာအုပ်ကို ဖတ်ရှုလေ့လာပြီး သမ္မပ္ပဓာန်ကျင့်စဉ် အတိုင်း အားထုတ်ပါတယ်ဘုရား။**

**<u>မဟာစည်ဆရာတော်</u>။ စွန်းလွန်းဦးကဝိ၏ နည်းကလည်း အလွန် ကောင်းတဲ့ နည်းပါပဲ၊ ဦးကဝိလိုကော ပြင်းပြင်းထန်ထန် အားထုတ် နိုင်ပါရဲ့လားဘုရား။**

**<u>ဆားတောင်ဆရာတော်</u>။ မှန်လှပါ၊ တပည့်တော် စွန်းလွန်းဆရာတော် ဘုရားကြီးလိုပဲ အားထုတ်နိုင်ပါတယ်ဘုရား။ အမှန်က စွန်းလွန်း ဆရာတော် နည်းအတိုင်းပဲ *လောဘ၊ ဒေါသ၊ မောဟ* စွန့်လွှတ်နည်း ဆိုဆို၊ စွန်းလွန်း နည်းဆိုဆို အားထုတ်ရတာ ကတော့ စွန့်လွှတ်နည်း ပါပဲ ဘုရား။**

http://www.dhammadownload.com



**မဟာစည်ဆရာတော်။ တရားအားထုတ်ရတာ အားရပါးရရှိပါရဲ့လား ဘုရား။**

**ဆားတောင်ဆရာတော်။ အားထုတ်ရတာ အားရပါးရရှိပါတယ်ဘုရား။**

**မဟာစည်ဆရာတော်။ တရားအရသာ အားရပါးရခံစားရပါသလား ဘုရား။**

**ဆားတောင်ဆရာတော်။ မှန်လှပါ၊ အားရပါးရခံစားရပါတယ်ဘုရား။**

**မဟာစည်ဆရာတော်။ ဒီအတိုင်းဆို မလွဲပါဘူး၊ အသက်ကလဲငယ် ပါသေး တယ်၊ ရှေ့ဆက်ပြီး ကိုယ်ခံစားရသလို ဝေနေယျတွေကိုလည်း တရားစခန်းဖွင့်ပြီး တရားပြပေဦး** ဟုဆိုကာ ဘုရားကိုကန်တော့ပြီး မဟာစည်ဆရာတော်ဘုရားကြီး နှင့်တကွ နောက်ပါသံဃာတော်များသည် မိမိတို့စီးလာသော ကားများဖြင့် ရန်ကုန်သို့ ကြွတော်မူကြသည်။

ထိုအချိန်တွင် ရွာသူရွာသားများနှင့်တကွ ဧည့်သည်အများအပြား တို့သည် ကြက်ပျံမကျတိုးဝှေ၍ တအုန်းအုန်းနှင့် စုရုံးသွားလာနေကြသည်။ ဖူးမြော်ရခဲလှသော ရဟန်းတော်အကျော် မဟာစည်ဆရာတော်ဘုရားကြီးကို ဖူးတွေ့ရ၍ ကံထူးကြရသည်ကတစ်ကြောင်း၊ မိမိတို့ လက်ရှိဖူးတွေ့နေရသော ပေါ်ထွန်းစ ဆားတောင်ဆရာတော်ကို အားရကျေနပ်ကြည်ညို သဒ္ဓါပွားမိ နေကြသောအချိန် ဖူး, မဝ တ, မကုန် ဂုဏ်ယူလို့ မဆုံးနိုင်ချိန်တွင်–

နောက်ထပ်အံ့ဩဖွယ်ရာက ပရိတ်သတ်များထဲတွင်–

''ဝေဘူဆရာတော်ဘုရားကြီး ကြွလာပြီတဲ့'' ဟူ၍ ပြောဆိုနေကြသည်။

ပရိတ်သတ်တို့သည်သူ့ထက်ငါရှေ့ကရောက်အောင် အတင်းတိုးဝှေ့ ဖူးမြော်ကြရင်းဖြင့် မဏ္ဍပ်အတွင်းသို့ ဝေဘူဆရာတော်ကြီးကြွချီလာရာ နောက်မှ ကပ်လိုက်လာကြသည်။ ပါးစပ်ကလည်း တတွတ်တွတ်နှင့် ဆုတောင်း၍ ပီတိ အဟုန်သဒ္ဓါစုံဖြင့် လက်စုံမိုး၍ ရှိခိုးကန်တော့နေကြသည်။

ဆားတောင်ဆရာတော်ဘုရားကြီးက **ဝေဘူဆရာတော်ဘုရားကြီး အား တရားပလ္လင်ရှေ့မှောက်တည့်တည့်တွင် အရိုအသေပြုလျက် ဖူးမျှော်ပြီး သီတင်းသုံးနေသည်။**

**ထူးခြားသော အကြောင်းအရာတစ်ခုမှာ ဝေဘူဆရာတော် ဘုရားကြီးမှာ တရားပလ္လင်ပေါ်တွင် စက္ခုတ္တန္တြေချ၍ သီတင်းသုံးနေစဉ် (သမာပတ် ဝင်စားနေစဉ်)မှာပင် ဆားတောင်ဆရာတော်ဘုရားကြီးမှာလည်း ဝေဘူဆရာတော်ဘုရားကြီးကဲ့သို့ တရားပလ္လင်ရှေ့တည့်တည့် အောက်မှ ဝေဘူဆရာတော်ဘုရားကြီးအတိုင်း သီတင်းသုံးနေသည်။**

**(ထိုအချိန်တွင် အလွန်များပြားလှသော ပရိတ်သတ်အားလုံးသည် တိတ်ဆိတ် ငြိမ်သက်နေကြသည်။ ) နာရီဝက်ခန့်အကြာတွင် ဆရာတော် နှစ်ပါးသည် တစ်ပြိုင်တည်း မျက်လုံးများဖွင့်တော်မူကြသည်။**

**ဝေဘူဆရာတော်။ အရသာမရှိဘူးလားဗျ၊ မချမ်းသာဘူးလားဗျာ၊ ကျွန်ုပ် တို့ တစ်သံသရာလုံးရှာခဲ့ကြတာ အခုမှပဲ အားရပါးရကြီး ခံစားကြရတာ မဟုတ် လားဗျာ။ဆရာတော်လေးက တယ်ပါရမီထူးတာကိုး၊ အသက်ငယ် ပါသေးတယ်၊ သာသနာအတွက် ကျွန်ုပ်တို့တော့ အားထားပါတယ်။ ဝေနေယျတွေကိုကယ်ပါ၊ ချွတ်ပါ၊ တရားပြပါ၊ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိပါသေးတယ်ဗျာ၊ ဆရာတော် ကလေးက အမှိုက်ရှင်းရမှာ ဆိုတော့ သာသနာခရီးမှာ သာသနာ အကျိုး စီးပွားအတွက် သာသနာပြု ပေးပါဦး။**

**ဆားတောင်ဆရာတော်။ မှန်လှပါဘုရား။**

**ဝေဘူဆရာတော်။ ကြွလာကြတဲ့ပရိတ်သတ်တွေကလည်း တယ်များ သကိုးဗျ၊ ပါရမီထူးပါပေ့ဗျာ၊ ကံထူးပါပေ့ဗျာ၊ မသေမီတရားဦးအောင် လုပ်ကြဗျ။**

**ဖုဋ္ဌဿ လောကဓမ္မေဟိ**

**စိတ္တံ ယဿ နကမ္ပတိ**

http://www.dhammadownload.com



**အသောကံ ဝိရဇံ ခေမံ**

**ဧတံ မင်္ဂလ မုတ္တမံ။**

(လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံရသော ရဟန္တာ၏စိတ်သည် မတုန်မလှုပ်၊ စိုးရိမ်ကြောင့်ကြခြင်းလည်းမရှိ၊ ကိလေသာရမ္မက် ဟူသော မြူလည်းမရှိ၊ ကြောက်ရွံ့ထိတ်လန့်ဖွယ် ဘေးလည်းမရှိ။)

**ဝေဘူဆရာတော်။ ဘုရားဟောတဲ့ မင်္ဂလာတရားတော်နှင့်ညီပါပေတယ်ဗျာ၊ သူတော်ကောင်းအပေါင်းတို့ သာဓုခေါ်ကြဗျ၊ သာဓုခေါ်ကြဟု** မိန့်လိုက်သည် တွင် ကြွရောက်လာကြသည့် အားလုံးသော ပရိတ်သတ်တို့၏ သာဓုသံ အရပ်မျက်နှာအနှံ့လွှမ်းသွားပေသည်။

**"မြတ်စွာဘုရားရဲ့ စကားကိုလိုက်နာပြီး တရားအားထုတ်ကြ စမ်းပါဗျာ၊ အကျိုးရှိမှန်း သိကြရပါလိမ့်မယ်ဗျာ၊ အားထုတ်ဖူးတဲ့သူတွေက လည်း အကျိုးရှိမှန်းသိနေကြပြီပဲ၊ ဆက်လက်ပြီး ကြိုးစားပမ်းစား အား ထုတ်ကြစမ်းပါဗျာ"** မကြာခဏ အားမလိုအားမရ မိန့်ကြားလေ့ရှိပါသည်။

***(ဝေဘူတောင်ဆရာတော်ဘုရားကြီး)***

**(အနိစ္စ+ဒုက္ခ+အနတ္တ)ဆိုတဲ့ ပညာပါတဲ့ အာနာပါန ပြင်းပြင်း ထန်ထန်အားထုတ်မှုဟာ မိမိကိုယ်ကိုညှင်းဆဲတဲ့ (အတ္တကိလမထ နုယောဂ) အကျင့်မဟုတ်ပါဘူး။**

***(မဟာစည်ဆရာတော်ဘုရားကြီး)***

## ထူးခြားသတင်းဖြစ်ပေါ်ခြင်းနှင့် ဆရာတော်ကြီး၏ သာသနာစရီး

၁၃၁၇ ခုနှစ်၊ နှစ်ကုန်ခါနီးအချိန်မှစ၍ ဆားတောင်ဆရာတော် ဘုရားကြီး၏ ဂုဏ်သတင်းမှာ တစ်ဆင့်စကား တစ်ဆင့် ကြားဖြင့် ကျော်ကြား လာခဲ့ရာ ဆားတောင်နယ် တခွင်စည်ပင်၍ ရပ်ဝေးရပ်နီးမှ လှည်းများ၊ ကားများ နှင့် လာရောက်ဖူးမျှော်သူများဖြင့် စည်ကားနေခဲ့ပါသည်။

(၁၁–၆–၁၉၅၇) ၁၃၁၉ ခု၊ နယုန်လဆန်း (၁၄) ရက်နေ့တွင် ဘုန်းကြီး ဦးမာဃသည် စွန်းလွန်းရိပ်သာသို့ တရားစခန်း သွားရောက် ဝင်စဉ်က ရွှေဘိုဆားတောင်တွင် အသက် (၃၀)အရွယ် ရဟန္တာဟု သမုတ်သည့် ရဟန်း တစ်ပါးရှိကြောင်း သတင်းစာထဲတွင် ပါသည်ကို ဖတ်ရှုခဲ့ရကြောင်း ကသဲကုန်း ရွာတွင် ပြန်ပြောပြသဖြင့် ရွာမှ သွားရောက်ဖူးလိုသူများ တစ်ယောက် နှစ်ကျပ် ဖြင့် ငွေစုပြီး ကား(၅)စီး ငှားကာ သွားရောက်ခဲ့ကြပါသည်။ ထိုစဉ်က ဆရာတော် ဘုရားအားလာရောက် ဖူးသူများပြားလှ၍ ဆားတောင်ရွာတွင် မဏ္ဍပ်များ၊ ပွဲဈေးတန်းများဖြင့် စည်ကားနေသည်၊ ဆရာတော်အားဖူးတွေ့ရသည်မှာလည်း လွန်စွာကြည်ညိုဖွယ်ဖြစ်ကြရသည်။

ဆရာတော်အား သွားရောက်ဖူးကြသည့် အဖွဲ့တွင် နောင်တွင် ရဟန်း အမ ကျောင်းအမဖြစ်လာမည့် ဒေါ်အေးမယ်လည်း ပါဝင်ခဲ့သည်။ ထိုစဉ်က ဒေါ်အေးမယ်မှာ ၁၆ နှစ်သမီးအရွယ်သာရှိသေးသည်။

အဘိုးဖြစ်သူ ဦးတင်မှာထိုစဉ်က ကျောက်သဘော်ဆရာတော်၏တပည့် အမာခံဖြစ်သည်။ ဒေါ်အေးမယ်သည် ပါရမီထူး ရှိသူဖြစ်၍ သီလရှင်ဝတ်ရန် အမြဲစိတ်ထက်သန်လျက်ရှိနေသည်။ အဘိုးဖြစ်သူ ရွာသူကြီး ဦးတင်ထံ သီလရှင်ဝတ်ခွင့် အကြိမ်ကြိမ်တောင်းခဲ့သော်လည်း မြေးဦးလည်းဖြစ်၊ အလွန် လည်းချစ်သဖြင့် ခွင့်မပြုခဲ့ပေ၊ အခွင့်မသာသဖြင့် သီလရှင်ဝတ်ခွင့် မရခဲ့ပေ။ ဒေါ်အေးမယ်သည် ဆားတောင်ဆရာတော်အားသွားရောက် ဖူးတွေ့ပြီး ကတည်းက ဆရာတော်အား ဆားတောင်မှ ကသဲကုန်းသို့ပင့်၍ ရွာတွင် ကျောင်းဆောက်လုပ်လှူဒါန်းပြီး အမြဲပူဇော်ခွင့်

http://www.dhammadownload.com



ရလိုသော ဆန္ဒများပေါ်ပေါက် ခဲ့သည်။ ဆရာတော်အား ပင့်ဆောင်ခွင့်ပြုပါရန် အဘိုးဖြစ်သူ သူကြီးဦးတင်အား အကြိမ်ကြိမ် ခွင့်ပန်ခဲ့သည်။

အဘိုးဖြစ်သူ ဦးတင်မှာ မြေးကိုချစ်သောစိတ်ဇောအဟုန်ကြောင့်၊ မြေး သီလရှင် မဝတ်လျှင်ပြီးရောဆိုပြီး၊ ကျောင်းဆောက်ရန် မြေနှင့်ကျောင်းပါ ဆောက်လုပ်လှူမည်ဟု ပြောခဲ့သည်။

၁၃၂၃ ခုနှစ်၊ ပုပ္ပါးမှ ဦးပဏ္ဍဝက ပင့်လျှောက်သဖြင့် ပုပ္ပါးသို့ ဆရာ တော် ကြွရောက်ခဲ့သည်။ ဆားတောင်ကျောင်းနေ သီလရှင် ဒေါ်နန္ဒ (ပခုက္ကူ) လာရောက်၍ (၁) ပတ်ခန့် ခွင့်ပန် ပင့်ဆောင်ခဲ့၍ ကြွရောက်ခြင်းဖြစ်သည်။ ဆရာတော်သည် ပုပ္ပါးတွင် (တပေါင်း၊ တန်ခူး၊ ကဆုန်) (၃) လခန့် သီတင်းသုံး တော်မူစဉ် ပုပ္ပါးမယ်တော်သည် လူအသွင်ဖန်ဆင်းပြီး ဆရာတော်အား သစ်သီးဆွမ်း နေ့စဉ်ရက်ဆက် ဆက်ကပ်ခွင့်လျှောက်ထားပြီး ဆက်ကပ်လှူဒါန်း ကြောင်း (၃) လခန့် သီးတင်းသုံး ချီးမြှင့်ခဲ့ကြောင်း ဆရာတော် ပြန်ကြွလာသည့် အခါ မိန့်ကြားမှ ရဟန်းအမကြီးနှင့် ဒါယကာများသိရှိကြရသည်။

၁၃၂၄ ခုနှစ် ဝါဆိုကျင်ခန့်က ဆရာတော်ဘုရားကြီး ဆားတောင်ရွာ တွင် သီတင်းသုံးနေထိုင်ပြီး ညပိုင်း ရွာသူရွာသား ဒါယကာ ဒါယိကာမ များအား သီလပေးတရားပြစဉ် ဆရာတော်၏ခံတွင်းနှင့်သွားများမှ အရောင်များ ဝင်းဝင်း လက်လက် ထွက်ပေါ်နေသည်ကို သီလယူ တရားနာနေသူအားလုံးပင် ဖူးတွေ့ကြရကြောင်း သိရှိရပါသည်။

၁၃၂၄ ခုနှစ်၊ နွေဦးကာလတွင် ကျောင်းဆောက်ရန် ကျောင်းမြေအဖြစ် မြေ (၅½) ဧကခွဲလှူပြီး ထိုမြေပေါ်တွင် လတ်တလော သက်ကယ်ကျောင်း တစ်ဆောင် အမြန်ဆောက်လုပ်ခဲ့သည်။ ထိုအချိန်က ၈၃၀/–သာ ကုန်ကျခဲ့ သည်။ နွေရာသီ အလွန်ပူပြင်းချိန်တွင် ဆရာတော်အား ဆားတောင်မှ ကသဲကုန်းရွာသို့ ပင့်ဆောင်ခဲ့သည်။ ကျောင်းမှာ အပြီးသတ်ရန် လိုနေ သေး၍ အဘိုးဖြစ်သူ ဦးတင်၏နေအိမ်တွင် (၇)ရက်ခန့် ယာယီ သီတင်းသုံးခဲ့ရသည်။

ဦးတင်သည် ဆရာတော်အား ကျောင်းဆောက်လုပ်လှူဒါန်းပြီးနောက် ဆရာတော်၏ တရားကို နာယူကျင့်ကြံ အားထုတ်တော့သည်။ တရား အားထုတ်ဆဲ အရှိန်ရခိုက်(၂)နှစ်ခန့်အကြာတွင် ကွယ်လွန်ခဲ့သည်။ ဒေါ်အေးမယ်သည် အဘိုး ကွယ်လွန်ပြီး(၉)လခန့် အကြာတွင် သီလရှင်ဝတ်လိုသည့် ပြင်းပြသည့်ဆန္ဒကို ဆရာတော်ဘုရားကြီးထံလျှောက်ထား ပန်ကြားခဲ့သည်။ ဆရာတော်၏ ခွင့်ပြု ချက်ဖြင့် သီလရှင်ဝတ်ခဲ့သည်။ ဆရာတော်က ဒေါ်အေးစန္ဒာဟု အမည်ချီးမြှင့်ခဲ့သည်။ သီလရှင် (၁၀)ဝါအထိ ဝတ်ခဲ့သည်။ သီလရှင်ဘဝဖြင့် ဆရာတော်ကြီး၏ သာသနာပြု ဝေယျာဝစ္စကိစ္စများကို စီမံဆောင်ရွက်ကုသိုလ် ယူခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်သည်ဟု ကျောင်းအမကြီးမှ ပြောကြားခဲ့ပါသည်။ ဆရာတော်ထံတွင် ဒေါ်အေးမယ် သီလရှင်ဝတ်နေစဉ် ဝန်ကြီးချုပ်ဦးနု နှင့် ဒေါ်ခင်ကြည် (ဗိုလ်ချုပ် အောင်ဆန်း၏ဇနီး)ဆားတောင်သို့ လာရောက် ဖူးမျှော်ပြီး ရန်ကုန်သို့ ပင့်ကြောင်း ဝန်ကြီးချုပ်က ထိုစဉ်က တစ်လ ၅၀၀/–လှူဒါန်းခဲ့သည်။

ဆရာတော်သည် ၁၃၂၅ ခုနှစ်မှ ၁၃၅၇ ခုနှစ်အထိ ဆားတောင်၊ ရန်ကုန်၊ မော်လမြိုင်၊ ခရမ်း၊ ဘိုကလေး၊ တောင်ကြီး၊ မန္တလေး၊ ရန်ကင်းတောင်ရိပ်သာ၊ စဉ့်ကိုင်မြို့နယ်၊ ကသဲကုန်း ကျေးရွာ၊ မင်းရွာကုန်းကျောင်း စသည့် မြန်မာပြည် အနှံ့ တစ်လှည့်စီ ဝါဆိုသီတင်းသုံးလျက်ရှိပြီး ပဋိပတ္တိသာသနာကို ဖြန့်ဝေ ခဲ့ပါသည်။

**ကျေးဇူးတော်ရှင် ဆားတောင် ဆရာတော်ဘုရားကြီး ဦးပညာဇောတိက** သည် မူလက စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ဆားတောင်မှာ သီတင်းသုံးပြီးနောက် မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့နယ်၊ ကသဲကုန်း မင်းရွာကုန်း ကျောင်းရိပ်သာ၊ မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေ ဆားတောင်ပဋိပတ္တိ သာသနာ့ရိပ်သာ စသည်တို့မှာ သီတင်းသုံးတော်မူပြီး၊ ရန်ကုန်မြို့ သို့လည်း ရံဖန်ရံခါ ကြွတော်မူသည်။ ၁၃၃၃ ခုနှစ် ဝန်းကျင်တွင် ဆရာတော်သည် ဦးစိန်မင်း ဦးဆောင်ပင့်၍ ရန်ကုန်မြို့ ရုပ်ရှင်ကောင်စီဝင် ဒေါ်ခင်မျိုးချစ်၏ အေဝမ်းခြံ၊ ကမ္ဘာအေး စွန်းလွန်းကျောင်း၊ ဂေါ်ဒဝင်လမ်း ဦးစိန်မင်း၏တိုက်၊ သစ်တောဓမ္မာရုံ၊ မီးရထားဓမ္မာရုံ၊ ဦးစန်းယုဓမ္မာရုံ၊ အင်းလေး ဓမ္မာရုံ စသည်တို့ အပြင် မော်လမြိုင်၊ ဘိုကလေး၊ လားရှိုး၊ ကသာ၊ ထီးချိုင့်၊ ကောလင်းတို့သို့လည်းကြွရောက် တရားချီးမြှင့်ပါသည်။

http://www.dhammadownload.com



ဆရာတော် ဟောကြား သည့် တရားများနှင့်အဆုံးအမ စကားများကို မဖော်ပြမီ ဆရာတော်အကြောင်း အနည်းငယ် သိရှိနိုင်ကြစေရန် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ အကျဉ်းနှင့် ၁၃၁၈ ခုနှစ် တွင် **ဝေဘူ ဆရာတော်၊ မဟာစည်ဆရာတော်**တို့နှင့် တွေ့ဆုံစဉ် ဖြစ်ရပ်များကို ဖော်ပြထားပါသည်။ အတိုချုံးတင်ပြလိုက်ရသည့် အတွက် ပြည့်ပြည့်စုံစုံ မတင်ပြနိုင်သည်ကိုလည်း သည်းခံခွင့်လွှတ်စေချင်ပါသည်။

၁၉၆၈ ခုနှစ်နှင့် ၁၉၇၄ ခုနှစ်တွင် ရန်ကုန်မြို့ (၇)မိုင်စွန်းလွန်းရိပ်သာမှ ဆရာတော်ဦးဝိနယ၏ ပင့်လျှောက်ချက်အရ မော်လမြိုင်မြို့ ဈေးချိုတောင်ဝိုင်း ရပ် စွန်းလွန်းဂူကျောင်းသို့လည်း ကြွရောက်ချီးမြှင့်ပေးခဲ့သည်။

မော်လမြိုင်သို့ကြွစဉ် ညနေခင်းတရက်၌ ဆရာတော်ကြီး၏တပည့်ဖြစ် သူ ဒေါ်မြတ်ဆွေနေအိမ်သို့ ကြွရောက်ချီးမြှင့်စဉ် ဆရာတော်ဘုရားကြီး၏ မေတ္တာ ရေလိုချင်သောကြောင့် ဆရာတော်ဘုရားရှေ့ ရေအပြည့်ထည့်ထားသော အိုးထားရှိရာ ထိုအိုးမှ ရေများပွက်ပြီး အိုးနှုတ်ခမ်းမှ ရေများလျှံကျလာသည်။ ဆရာတော်ဘုရားကြီးက လက်နှင့်သပ်လိုက်သည်ကို ထူးဆန်းစွာမြင်ရပါသည်။

၁၉၈၈ခုနှစ်၊ မတ်လတွင် ဒေါ်သန်းသန်းတင်နှင့် ဒေါ်မြတ်ဆွေတို့၏ ပင့်လျှောက်ချက်အရ ရွှေတိဂုံဘုရားခြေရင်းရှိ ပင်လယ်ဘူးဓမ္မာရုံသို့ တစ်ပတ်ခန့် ကြွရောက်ချီးမြှင့်ပေးခဲ့ပါသည်။

၁၉၉၃ခုနှစ်၊ မတ်လ၌ နောက်တဖန် ဒေါ်မြတ်ဆွေမှ ပင့်လျှောက်ချက် အရ ရန်ကုန်မြို့ရှိ သစ်တောဓမ္မာရုံနှင့် မော်လမြိုင်မြို့တို့တွင် (၁)လသီတင်းသုံး ခဲ့ပါသည်။

၁၉၉၄နှင့် ၁၉၉၆ခုနှစ်အတွင်း ဦးတင်နွယ်နှင့် ဒေါ်ချိုတို့၏အိမ်၊ ဒေါ်အေး အေးဝင်း၏ ပင့်လျှောက်ချက်အရ ဦးစံငြိမ်း၏နေအိမ်များသို့ UHC နှင့် စစ်ဆေးရုံ တို့တွင် ဆေးကုသစစ်ဆေးမှုခံယူရန်အတွက် ကြွရောက်သီတင်းသုံးခဲ့ပါသည်။

၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၂)ရက်နေ့၊ ၁၉၉၆ ခုနှစ် အောက်တို ဘာလ(၁၄)ရက်နေ့ တနင်္လာနေ့က စင်္ကာပူ နိုင်ငံမှဒေါက်တာ မစ္စတာ ဂျိုးဇက် ရှီးရား ဦးဆောင်ပြီး(၁၇)ဦးအဖွဲ့နှင့် ရန်ကုန်မြို့ မင်္ဂလာဒုံစစ်ဆေးရုံမှ နှလုံးအထူးကု ဆရာဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ဒေါက်တာအောင်ကျော်ဇော (ယခု ဗိုလ်မှူးကြီး)၊ နှလုံးခွဲစိတ်ကု ဆရာဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ဒေါက်တာ တင်မောင်အေး (ယခုဗိုလ်မှူးကြီး) ဒေါက်တာဒေါ်မူရာ၊ မေ့ဆေး ဆရာဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ဦးမောင်မောင်မြင့်၊ စင်္ကာပူမှမေ့ဆေးဆရာဝန်ကြီး ဒေါက်တာ ဂျော့လင်းတို့အဖွဲ့က ဆရာတော် ဘုရားကြီး၏ နှလုံးသွေးကြောကျဉ်းနေသော သွေးကြော သုံးချောင်းကို ခွဲစိတ်ကုသပေးခဲ့ကြပါသည်။ ဆရာတော်ဘုရာကြီး ဆေးရုံတက်နေစဉ် ဆံတော်များချသည့်အခါ ဆရာတော်ဘုရားကြီး၏ ဆံပင်များ ကို မျှဝေယူကြရာ မကြာမီတွင် ဆံပင်များလုံးပြီး ဓါတ်တော်အသွင် ဖြစ်ပေါ်လာ သည်ကို မြင်တွေ့ကြရ၍ မင်္ဂလာဒုံစစ်ဆေးရုံမှ ဆရာဝန်နှင့် ဝန်ထမ်းများ တအံ့တဩ ဖြစ်ခဲ့ကြရသည်။ ယနေ့တိုင် ဗိုလ်မှူးကြီး ဒေါက်တာ တင်မောင်အေး၊ မေ့ဆေး ဆရာဝန်ကြီး ဒေါက်တာဒေါ်မူရာတို့ ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးအတွက် စောင့်ရှောက်ကုသပေးဆဲ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် နှလုံးသွေးကြောကျဉ်းရောဂါကို မကုသဘဲ ခန္ဓာဝန်ချလျှင် ဖြစ်ပေမယ့် (၃၁)ဘုံအတွင်းရှိ သုခိတ၊ ဒုက္ခိတ ဝေနေယျ သတ္တဝါတွေ မင်ဗိုလ်ရပါစေတော့၊ ယုတ်စွအဆုံး အထုံပါရမီ ပါသွားပါစေ တော့ဆိုတဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာဖြင့် သတ္တဝါတွေရဲ့ အကျိုးငှာ၊ သာသနာ့အကျိုးငှာ မိမိခန္ဓာကိုယ်ကို မငဲ့ညှာဘဲ သာသနာပြုဖို့ နှလုံးသွေးကြော ကျဉ်းရောဂါကို ကုသခဲ့ခြင်း ဖြစ်ပါသည်။

၂-၁၂-၁၉၉၈ ရက်နေ့တွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေယာဉ်ကွင်းအနီးရှိ ဗိုလ်မှူးကြီးကိုကိုမောင်(လေ)၏ နေအိမ်အသစ်သို့ ဆရာတော်ဘုရားကြီး ကြွရောက်ချီးမြှင့်သီတင်းသုံးခဲ့ပါသည်။

ကြွရောက်သည့်နေ့တွင်ပင် စာရေးသူတို့မိသားစုမှာ ဆရာတော် ဘုရားကြီးအား စတင်ကိုးကွယ်ခွင့် ရခဲ့ပါသည်။ ဗိုလ်မှူးကြီး ကိုကိုမောင်၏ နေအိမ်၌ သီတင်းသုံးစဉ်ရက်အတွင်း နေ့စဉ် နေ့လည် (၁)နာရီ တစ်ကြိမ် တရား ပြပေးပါသည်။

http://www.dhammadownload.com



ထိုတရားပြသည့်နေ့မှစ၍ အိမ်ရှင်မိသားစု၊ ဆရာတော်ဘုရားကြီး ၏ တပည့်ရင်း ဒကာရင်းများနှင့်အတူ စာရေးသူ၏မိသားစုမှာလည်း (၁)ရက် မပျက်၊ ဆရာတော်ဘုရားကြီး ထိုင်ခိုင်းသည့် အချိန်အထိ ဝိပဿနာ ရှုမှတ်ခဲ့ကြပါသည်။

ဆရာတော်ဘုရားကြီး သီတင်းသုံးစဉ်ရက်အတွင်း ဆရာတော်ဘုရား ကြီး၏တပည့်ဖြစ်သော ဦးမောင်ဌေးမှ သူ၏ အိမ်တွင်ကိုးကွယ်ထားသော ဆရာ တော်ဘုရားကြီးချီးမြှင့်ထားသည့် ဆံတော်ပုလင်းအား စာရေးသူ၏အိမ်သို့ ခေတ္တ ပူဇော်ခွင့်ပြုသဖြင့် ပင့်ဆောင်ခဲ့ရာ ထိုနေ့ည စာရေးသူ၏ သမီးကြီး၊ သားကြီး၊ သမီးငယ် (၃)ဦးတို့က ဆံတော်ကို ဝိပဿနာတရားဖြင့် ပူဇော်ပြီး ဆရာတော် ဘုရားကြီးကြွရောက်ချီးမြှင့်ရန် အဓိဋ္ဌာန်ကြရာ၊ ထိုင်နေစဉ်အတွင်း သားကြီး မောင်သက်ဆွေ၏နံဘေးမှ ဖြတ်လျှောက်သွားသကဲ့သို့ သက်နံ့ရိုက်ခတ်သံ၊ လေဟပ်သကဲ့သို့ ခံစားရပြီးနောက် တရားဖြုတ်ပြီးချိန်တွင် သမီးငယ်မှ ဆံတော် ထည့်ထားသော ပုလင်းအား ထောင့်ပေါင်းစုံမှ ဓါတ်ပုံရိုက်ခဲ့ပါသည်။ နောက် တစ်နေ့ ဓါတ်ပုံရရှိသည့်အခါတွင် ဓါတ်ပုံထဲတွင် တွေ့ရသော အနီရောင်ပုံရိပ်အား ဆရာတော်ဘုရားကြီးအား ပြသ၍ ''ဘုန်းဘုန်း တပည့်တော်တို့ အိမ်သို့ မနေ့ညက ကြွရောက်ချီးမြှင့်ပေးပါသလား ဘုရား'' ဟုလျှောက်ကြည့်ရာ ''ဟုတ်ပါတယ်'' ဟု ပြန်လည်မိန့်ကြားခဲ့ပါသည်။

ဆရာတော်ဘုရားကြီးရန်ကုန်မှ မန္တလေးသို့ ပြန်ကြွမည့် နံနက် အရုဏ် အချိန်တွင် လေယာဉ်မှာ (၆)နာရီ ဝန်းကျင်ဖြစ်သဖြင့် အရုဏ်ဆွမ်း စောစော ကပ်ကြရမည်ကို သိသော တပည့် ဒါယိကာမတို့သည် အရုဏ်ဆွမ်းပြင်ဆင်ပြီး ဆရာတော်ဘုရားကြီး အခန်းတံခါးအဖွင့်ကို စောင့်နေကြပါသည်။ သို့သော် ဆရာတော်ဘုရားကြီးမှာ ခါတိုင်းဖွင့်နေကျအချိန်အထိ တံခါးဖွင့်မလာသေး၍ တပည့် ဒါယိကာမတို့မှာ လေယာဉ်မမီမှာနှင့် ဆွမ်းမကပ်၊ မဘုန်းပေးသွားရမှာ ကို စိတ်ပူပန်နေကြပြီး စောင့်စားနေကြသော်လည်း အချိန်အတော်လင့်မှ တံခါးပွင့်လာပြီး ဆွမ်းအကပ်ခံစဉ် လေဆိပ်မှသတင်းရသည်မှာ ယနေ့လေယာဉ် မထွက်ဖြစ်ကြောင်း ကြားသိရပါသည်။ ထိုအခါ ဆွမ်းဘုန်းပေးအပြီးတွင် လျှောက်ကြည့်ကြရာ ''ဘုန်းဘုန်း ဒီနေ့ လေယာဉ်မထွက်တာ ကြိုသိလို့လား ဘုရား'' ဟု လျှောက်ကြည့်ရာ ပြုံးလျက်သာ နေတော်မူသည်။ ပြန်မည့်နေ့ နံနက် အရုဏ်တွင် နောက်မကျတော့ဘဲ အရုဏ်ဆွမ်းဘုန်းပေးပြီး မန္တလေးသို့ ပြန်လည်ကြွသွားပါသည်။

၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ ဆရာတော် ဘုရားကြီး သီတင်းသုံးရာ ကသဲကုန်းရွာသို့ ရန်ကုန်မြို့ရှိ ဆရာတော်ဘုရား၏ တပည့်သာဝကများဖြစ်သော ဦးမောင်မောင်ဌေး၊ ဦးနီတွတ်၊ ဦးကုလား (ကသဲကုန်း၊ ကွယ်လွန်)တို့က ဆရာတော်ဘုရားကြီးနားတွင် တရားအားထုတ် ကြပါသည်။

ဆရာတော်ဘုရားကြီးနားတွင်ရှိစဉ် မိမိတို့ သိရှိစေရန် တရားတော်များ၊ ဉာဏ်စဉ်များ၊ တရားအားထုတ်စဉ် မလွဲမသွေ တွေ့ကြုံရမည့် တရား၏ သဘာဝ များ၊ တရားအားမထုတ်လျှင် အပါယ်ကျနိုင်ကြောင်းကိုလည်း သာဓက အမျိုးမျိုး ဖြင့် သာမန်လူများ နားလည်လွယ်အောင် ရှင်းလင်းစွာ မိန့်ကြားထားသည် များကို ဖော်ပြလိုက်ရပါသည်။

http://www.dhammadownload.com



# မဟာသီဝမထေရ် တရားတော်

မဟာသီဝဆိုတဲ့ ရဟန်းကြီးတစ်ပါးရှိတယ်တဲ့၊ သူက စာပေအမြဲတမ်း ချရတယ်၊ ဘယ်အချိန်မှ အားတဲ့အချိန်မရှိဘူး၊ ညအခါ အိပ်ယာဝင်တဲ့ အိပ်ပျော် သွားတဲ့ အချိန်ပဲအားတာ အိပ်ယာကထတော့လည်း ဘာလုပ်ရလဲ၊ အိပ်ရာကထ တံပူသုံးစဉ်နှင့် မျက်နှာသစ်စဉ်နဲ့ အဲဒီကနေပြီးတဲ့အချိန် သက်န်း၊ သပိတ်ယူပြီး ဆွမ်းခံထွက်တဲ့အချိန်၊ ဆွမ်းခံထွက်တဲ့အချိန် လမ်းကျတော့ ဒီလိုပဲ သံဃာတော် တွေနဲ့ ဂါထာတွေမေး၊ စာတွေမေး မေးတာတွေလမ်းမှာဖြေနေရတာ၊ အဲ ဆွမ်းခံ ထွက်ရင်းလည်း တွေ့တဲ့အချိန် ဒီလိုပဲ၊ မေးကြ၊ ဖြေရတာပဲ အားတဲ့အချိန်ကို မရှိဘူး၊ ပြန်လာ၊ ခြေဆေး၊ အင်ပျဉ်ရောက်ခြေဆေး ခြေပါဆေးပြီးသကာလ စာချ ရတာပဲ၊ အဲ ဆွမ်းစားချိန်လေး ဆွမ်းပြင်ပြီးသကာလ ဘုရားဆွမ်းတော် တင်၊ ဆွမ်းကပ်ပြီး၊ ဆွမ်းစားပြီးတော့ မကြာခင်ပဲ ဆက်ပြီးစာချရတာပဲ၊ အိပ်ယာ ဝင်သည်အထိ၊ ညပိုင်းမှာ မဝင်ခင်အတွင်း ညဝါ အဋ္ဌကထာ၊ ဋီကာ စာချရ တယ်တဲ့၊ ဒီတော့ အားတယ်ရယ်လို့မရှိဘူး၊ အားလပ်တယ်လို့ မရှိဘူး၊ ဒီလိုပဲ၊ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်တဲ့ စာချပုဂ္ဂိုလ်ကြီးဖြစ်တယ်ဆိုပြီးတော့ မာန်တက် နေတယ်၊ စာမာန်တက်နေရာကနေပြီးနောက်တော့ သူ၏တပည့်ထဲက ရဟန်း တစ်ပါးက ဟာဒီလိုပဲစာလိုက်နေတော့ စာတော့ရပါတယ်၊ စာတတ်တန် သလောက်တော့တတ်ပါတယ်။ စာတတ်ရုံနဲ့ ပြီးမှာမဟုတ်ဘူး ရဟန်း တရားရှာ ပြီး အားထုတ်ဦးမှာပဲဆိုပြီး မကြာခင်ပဲ တောထွက်ပြီးတော့ အားထုတ်တယ်၊ အားထုတ်တော့ ပါရမီကလည်းကောင်း၊ မကြာခင်ပဲ သူ ကိစ္စပြီးတဲ့ ရဟန္တာ ဖြစ်သွားတယ်၊ ရဟန္တာဖြစ်ပြီးသည်နှင့်တပြိုင်နက် ငါ့ဆရာက နွားကျောင်းသား လား၊ နွားပိုင်ရှင်လား၊ အဲဒီတော့ နွားကျောင်းသားနှင့်နွားရှင် ဘယ်သူက အကောင်းစားရလဲ၊ (နွားရှင်ကပါဘုရား) အေး နွားရှင်က အကောင်းစားရတယ်၊ ဘာလို့ အကောင်းစားရတုန်း ဒီနွားကနေပြီး ရောင်းချပြီးတော့ ကောင်းကောင်းစား နိုင်တယ်၊ ဒီမှတဖန် ဆီဦးထောပတ်၊ ဒီနွားထဲက ညှစ်ပြုပြီး ချက်ပြုတ်ပြီး စားမယ်ဆိုရင်လည်း ဆီဦးထောပတ် စားနိုင်တယ်၊ နွား ကျောင်း သားဆိုတာကတော့ ရှေးတုန်းက တစ်နေ့ ၁ ကျပ်၊ နွားတွေ ကျောင်း လာပြီး တော့ ညနေကျတော့ ခြံထဲသွင်းပြီး ငွေ ၁ ကျပ်ရ အိမ်ပြန်၊ ဒီလိုပဲ လုပ်ရတယ်၊ ခေတ်အနေနဲ့ တိုးတက် လာတော့ ၅ ကျပ် ၁၀ ကျပ် စသည်ဖြင့် ဒီလိုရတယ် ဝမ်းသာအားရနဲ့ နွားကျောင်းသားဆိုတာ ကိုယ်စားချင်တာမစားနိုင်ဘူး၊ ဆီဦး ထောပတ်ဆိုတာဝေးရော (တင်ပါ့ဘုရား) အဲဒီတော့ နွားရှင်က ဆီဦးထောပတ် စားရတယ်၊ ဒီပြင် နွားတွေဘာတွေရောင်းပြီး ပိုက်ဆံများများ သုံးစွဲနိုင်တယ်၊ စားနိုင်သောက် နိုင်တယ်၊ နောက် တောထဲထွက်ပြီး အားထုတ်တဲ့ ရဟန်းက ပြန်ပြီးအာရုံပြု လိုက်တယ်တဲ့ ကိစ္စပြီးသွားတယ်၊ ရဟန္တာ ဖြစ်သွားတယ်။

ရဟန္တာဖြစ်တဲ့အချိန် ငါ၏ဆရာဟာ နွားကျောင်းသားလား၊ နွားရှင်လား၊ နွားကျောင်းသားဖြစ်တယ်၊ စာပဲချနေတယ်၊ နွားရှင်မဟုတ်ဘူး၊ နွားကျောင်းသား ဖြစ်နေသည့်အတွက်ကြောင့် သွားပြီးတော့ သတိပေးဦးမှပဲ ဆိုပြီးတော့ မကြာခင်ပဲ ကြွလာခဲ့တယ်တဲ့ တောထဲကနေပြီး ကြွလာတဲ့အခါ ကျတော့ ကောင်းကင်ကနေပြီး ကြွလာခဲ့တယ်၊ အဲဒီတော့ ဘာဈာန်တုန်းတဲ့ လောကုတ္တရာဈာန်တဲ့ တရားနဲ့ရတဲ့ဈာန်ပေါ့ (တင်ပါ့ဘုရား) ခုလိုပဲ ဝိတက်၊ ဝိစာရ၊ ပီတိ၊ တေကဂ္ဂရာ ဆိုတာ တွေကတော့ လောကီဈာန်ပဲ၊ ယခု လောကီဈာန် မဟုတ်ဘူး၊ လောကုတ္တရာ ဈာန်၊ တရားကနေပြီးတော့ ဖြစ်တဲ့ဈာန်၊ အဲဒီဈာန်နဲ့ ကောင်းကင်ကနေပြီး ကြွလာ၊ ကြွလာပြီးသကာလ သူ့ဆရာမဟာသီဝမထေရ် ကြီး၏ ခြေတော်ရင်း ရောက်တဲ့အခါကျတော့ မရောက်ခင် ကျောင်းပေါက်ဝမှာ ဈာန်ကို လျှောချပြီး အောက်ဆင်းပြီးတော့ ခြေကျင်လာခဲ့တယ်။

မဟာသီဝမထေရ်ကြီး၏ ခြေတော်ရင်းရောက်တဲ့အခါကြတော့ ခြေတော် ဦးခိုက်ကန်တော့ပြီးသကာလ လျှောက်ထားတယ်၊ အရှင်ဘုရား တပည့်တော် စာဝါတစ်ဝါလောက်တက်ချင်လို့ စာချပေးပါ၊ အဲဒီမှာ မဟာသီဝမထေရ်ကြီးက စဉ်းစားတယ်တဲ့ ဟော့မင်းလျှောက်တာတော့ ဟုတ်ပါပြီ၊ ငါဟာအချိန်မရဘူး၊ ''ဘယ်အချိန်မှ မအားဘူးလားဘုရား'' အေးဘယ်အချိန်မှမရဘူး၊ ''နံနက်ပိုင်း မရဘူးလားဘုရား'' အေး နံနက်ပိုင်းလည်းမရဘူး၊

http://www.dhammadownload.com



တံပူသွားစဉ်နဲ့ မျက်နှာသစ် စဉ်နဲ့ အဲလိုပဲ ယာဂုသောက်စဉ်နဲ့ လျှောက်ပြီးတော့ပြော၊ အဲဒီက နေပြီးတော့ ''အရှင်ဘုရား လမ်းမှာ ဆွမ်းခံသွားစဉ်မှာ လမ်းမှာမအားဘူးလား ဘုရား'' ဟာဒီလိုပဲ တွေ့ ကြုံပြီး၊ ပြောဟောပြီး စာအကြောင်း ပြောဟောပြီး သွားတာပဲ မအားဘူး၊ ''ဒါဖြင့် အရှင်ဘုရား အိပ်ယာဝင်ခါနီးလေးမှ မအားဘူးလား ဘုရား'' အေး အိပ်ယာဝင်ခါနီးလေးတောင်မှ မအားဘူးဆိုပါတော့ အိပ်ယာမဝင်ခင် ညဝါ အဋ္ဌကထာ၊ ဋီကာတွေချပေးရတယ်၊ အဲဒီကပြီးသွားတဲ့ အခါကျတော့ ကျိန်း တော့မယ်ဆိုပြီး အိပ်ယာတွေ ဘာတွေပြင်ပြီး ကျိန်းတယ်တဲ့၊ ကျိန်းတဲ့အခါ ကျတော့ ''အဲဒီအချိန်လေး ကျိန်းတော့မယ့် အချိန်လေး ကျိန်းခါနီးလေး အိပ်ယာဝင်ခါနီးလေး အဲဒီအချိန်တောင်မှ မအားဘူးလား ဘုရား'' မအားဘူး။

အရှင်ဘုရားစဉ်းစားပါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာကြီးသုံးပါးမှ ဆင်ခြင်ရမည့် အချိန်လေးမှ မရဘူးလား ဘုရား အဲဒီတော့ နဖူးပေါ်လက်တင်ပြီး စဉ်းစားပြီး ဒီလက္ခဏာကြီးသုံးပါး ဆင်ခြင်ပါ ဘုရား'' အဲဒီမှာ အင်းဒီပုဂ္ဂိုလ်သည် သာမည ပုဂ္ဂိုလ်တော့မဟုတ်ဘူး ငါ၏တပည့်ထဲမှ ကိစ္စပြီးတဲ့ ရဟန္တာပုဂ္ဂိုလ် ဖြစ်တယ်ဆိုတာ သိတယ် သိတဲ့အချိန် ''အရှင်ဘုရား ဒီလိုဆိုရင် သေမင်းကြီး လာခေါ်ပါလိမ့်မယ်။ သေမင်းကြီးလာခေါ်တယ် ဆိုပေမယ့်လို့ သေမင်းက လာခေါ် တာမဟုတ်ပါဘူး အချိန်ကျလို့ သွားရတာပါ။ အဲဒီတော့ သေမင်းလာခေါ်တဲ့ အချိန်ကျတော့ ငါမအားဘူးဟေ့ စာချရအုံးမှာလို့ အရှင်ဘုရားအမိန့်ရှိလိုက် ပါတော့ တပည့်တော် ပြန်ပါရစေတော့ ခွင့်ပြုပါဘုရား'' လို့ ခွင့်တောင်းပြီး ကန်တော့ပြီးသကာလ လက်ယှက်ပြီး နောက်ဆုတ်ကာ နောက်ဆုတ်ပြီး ပြန်ကြွ တယ်၊ ပြန်ကြွတဲ့အခါ ကျောင်းပေါက်ဝနားကျတော့ လောကုတ္တရာရျာန် အဟုန်နဲ့ ကောင်းကင်ကနေကြွတယ်၊ ကောင်းကင်ကနေ ကြွသွားတဲ့ အခါကျတော့ အင်း သာမညပုဂ္ဂိုလ်မဟုတ်ပါလား၊ ငါ၏တပည့်ထဲက ကိစ္စပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်ပါလား အဲဒီကျမှ သိတယ်တဲ့။

သိတာနဲ့ တပြိုင်နက်တည်း ငါဒီလိုနေလို့တော့ မဖြစ်ဘူး ငါ့တပည့်က လာပြီး ချွန်းဖြင့် ချိတ်ဆွဲပြီ ချွန်းဖြင့် ချိတ်ဆွဲတဲ့အခါကျတော့ ဒီလိုနေလို့မဖြစ်ဘူး တောထွက်မှပဲ ဆိုပြီး သပိတ်(၁)လုံး၊ သင်္ကန်း (၃)ထည်နဲ့ တခါတည်း တောထွက် တယ်၊ တောထွက်တဲ့အခါကျတော့ ဘယ်သူ့ကိုမှ မပြောဘူး၊ တပည့်တွေလည်း မပြောဘူး၊ မပြောဘဲနဲ့ ထွက်သွားတယ်၊ ထွက်သွားတော့ ဘယ်ရောက်တုန်း တောထဲရောက်တော့ ဂူကြီးတစ်ခုတွေ့တယ်၊ ဂူကြီးတစ်ခုတွေ့တော့ ဂူထဲဝင်ပြီး အင်း ဒီနေရာမှာ အားထုတ်ရင်တော့ကောင်းမှာပဲ ဆိုပြီးတော့ ထိုင်ပြီးအားထုတ် တယ်၊ အားထုတ်တော့ နေ့လည်းမအိပ်၊ ညလည်းမအိပ်၊ ဘယ်လို အားထုတ် တုန်းတဲ့ ထိုင်အားထုတ်တယ်၊ မတ်တပ်ရပ်အားထုတ်တယ်၊ စင်္ကြံသွား အားထုတ်တယ်။

ဘဝပေါင်းများစွာ အိပ်ခဲ့ရပေါင်းများပြီ ငါမအိပ်တော့ဘူး မအိပ်လို့ သေသွားရင်လည်း ဒီတရားနဲ့သေသွားရင်လည်း အရင်းမရှုံးပါဘူး အမြတ်ထွက် မှာပါပဲ အရင်းရှုံးမခံဘူး ထိုင်အားထုတ်မယ်၊ မတ်တပ်ရပ်အားထုတ်မယ်၊ စင်္ကြံ သွား အားထုတ်တယ်။ ထိုင်အားထုတ်တော့ တင်ပါးက ဖုတွေပေါက်လာပြီး တော့ ပြည်တွေပေါက်ပြီး သွေးပြည်တွေယိုကျတယ်၊ ဒါလည်း မလျှော့ဘူးတဲ့၊ အဲဒီတော့ သတိပဋ္ဌာန်နဲ့ အားထုတ်ရာကနေပြီ သမ္ပပ္ပဓာန်ဖြစ်အောင် အရိုး ကြွင်းစေ အသားကြွေ ကုန်ပစေ အသားအသွေး အသက်ကိုမှ မညှာရ သမ္ပပ္ပဓာန်လေးဆိုတဲ့ အသက်ကိုမညှာဘူးတဲ့ သေပစေဆိုပြီးတော့ ဆက်လက် ပြီး ထိုင်ရာကနေပြီး စင်္ကြံသွား အားထုတ်တယ်၊ စင်္ကြံသွား အားထုတ်တော့ ခြေဖဝါးမှာ ဖုတွေ ပေါက်လာတယ်၊ ခြေဖဝါး ဖုတွေပေါက် လာပေမဲ့လည်း မလျှော့ဘူး သေချင် သေပါစေဆိုပြီး သက်စွန့်ကြိုးပမ်း မတ်တပ်ရပ် အားထုတ် တယ်တဲ့ မတ်တပ်ရပ် အားထုတ်တော့လည်း ခြေဖဝါးတွေကပူပြီး ဖုတွေပေါက် လာတယ် ဒီလိုပဲ ဖုတွေ ပေါက်လာတယ်တဲ့ သွေးပြည်တွေ ယိုလာတယ်တဲ့ ပေါက် ပြဲ ကွဲပြီး သွေးပြည် တွေယိုလာ၊ အဲလို ဖြစ်လာတာတောင်မှ မလျှော့ဘူး သေချင်သေပစေဆိုပြီး ဒီဂူထဲကမထွက်ပဲနဲ့ ဆွမ်းခံချိန်လေး ခဏတဖြုတ်ထွက် ဆွမ်းခံပြီးသကာလ ရသရွေ့နဲ့ ရောင့်ရဲတင်းတိမ်ပြီးတော့ ဘုန်းပေးပြီးတော့ အားထုတ်တာပဲတဲ့ သက်စွန့်ကြိုးပမ်းအားထုတ်တယ်တဲ့၊ အဲဒီလိုအားထုတ်လို့ ခြေထောက်ပေါက်ပြဲ ကွဲပြီး သွေးပြည်ယိုနေတာတောင်မှ

http://www.dhammadownload.com



ဆက်အားထုတ်တယ်။

ဟာ ငါဒီဂူထဲမှာပဲ အောင်းပြီး အားထုတ်နေလို့ မရတာလားဆိုပြီး အဲဒီတော့ တစ်နေရာထွက်ပြီး အားထုတ်ဦးမှပဲဆိုပြီးတော့ ရုက္ခမူစုတင်တဲ့ သစ်ပင်အောက်မှာ သွားပြီးသကာလ သစ်ပင်ကြီးကလည်း အကြီးကြီး အဲဒီ သစ်ပင်အောက်မှာ သွားပြီးအားထုတ်တယ် ထိုင်တယ်၊ ထိုင်တဲ့အခါကျတော့ တစ်ဝါကျွတ်ရင် တရားက မရဘူး မရတော့ နောက်တစ်ဝါကျွတ်သွား ပြန်တော့လည်း တရားက မရဘူး မရတော့ ငိုရပြန်တယ်တဲ့၊ ဘာကြောင့် တရားမရတာတုန်းတဲ့ ပိဋကတ် သုံးပုံနှုတ်ဝယ်ငုံ ဆောင်ပြီးတော့ စာချပုဂ္ဂိုလ်ကြီး ဖြစ်နေလို့ မာန်တက်နေလို့ မာန်ခံနေလို့ ဘယ်မာန်ခံနေလဲ စာမာန်ခံနေတယ် စာမာန်ခံနေသည့်အတွက် ကြောင့် တရားက မရနိုင်ဘူး နှစ်ပေါင်း (၃၀)တိတိ အားထုတ်တယ်တဲ့ (၃၀)နှစ် ပြည့်ဖို့ နာရီပိုင်လေးပဲကျန်တော့တယ်တဲ့။

နာရီပိုင်းအတွင်းလေး အဲ့ဒီမှာ သစ်ပင်အောက်ထွက်ပြီးတော့ အားထုတ် တယ်တဲ့ အားထုတ်တဲ့အချိန် နတ်သမီးကလာပြီး ငိုတယ်တဲ့ ဟဲ့အသင် ဘယ်သူတုန်း၊ ဘာလို့ငိုတာတုန်း ''တခြားမဟုတ်ပါဘူး၊ နတ်ပြည်က နတ်သမီးပါ၊'' နတ်သမီးဖြစ်ပါလျက် နတ်ပြည်က အလွန်ချမ်းသာပါလျက် ဘာကြောင့် ငိုနေတာတုန်း၊ ''အရှင်ဘုရားလို တရားများ ရမလားလို့ ငိုလို့ရှိရင် တရားများ ရမလားလို့ တပည့်တော် ငိုပါတယ်ဘုရား'' နတ်သမီးကတောင် ငါ့ကို ကဲ့ရဲ့ ပြုနေပြီ နတ်သမီးကတောင် ငါ့ ကဲ့ရဲ့ ပြုနေတော့ မဖြစ်ဘူး ဘာကြောင့် မရတုန်း စာမာန်ခံနေလို့ အဲဒီတော့ နည်းနည်းလျှော့ပေးမှပဲဆိုပြီးသကာလ မဂ္ဂင်ရှစ်ပါး နှင့်အညီ ပဋိပဒါကျအောင် အားထုတ်တယ်တဲ့ အဲဒီသစ်ပင် အောက်မှာ အားထုတ်တယ်တဲ့ အားထုတ်တော့ မကြာခင်ပဲ ကိစ္စပြီးတဲ့ ရဟန္တာ ဖြစ်သွားတယ် တဲ့နော် (မှန်ပါ့ဘုရား) မာန်ချလိုက်တော့ ကိစ္စပြီးသွားတာပေါ့ မာန်လျှော့လိုက်တော့ ကိစ္စပြီးသွားတာပေါ့ ကိစ္စလည်းပြီးရော ငါဟာ နှစ် (၃၀)တိတိ ခြေတောက် မဆေးရသေးဘူး အဲတော့ ခြေဆေးဦးမှပဲဆိုပြီး ခြေဆေးအင်ပြင်ကြွပြီး ခြေဆေး ဖို့ရာကြွတယ်။

ကြွတဲ့အခါကျတော့ ခြေဆေးအင်ပြင်နားရောက်တဲ့ တပြိုင်နက်တည်း သိကြားမင်းနဲ့ သုဇိတာတို့က အမယ်ကြီးယောင် အဖိုးကြီးယောင် ဆောင်ပြီး ဆင်းလာတယ်တဲ့ ဆင်းလာပြီးသကာလ မကြာခင်ဘဲ အရှင်ဘုရား သံဃာတော် တွေက ငါးသောင်းလောက်ရှိတဲ့ သံဃာတော်တွေက ကြွလာပြီး ခြေဆေးပေး ဖို့ရာဝိုင်းနေတယ်အချိန်အခါကျတော့ အရှင်ဘုရားတို့ တပည့်တော်တို့ မဟာသိဂ မထေရ်ကြီးကို ကန်တော့ချင်လို့ပါ ဘုရား၊ နည်းနည်းတိမ်းပေးပါဘုရား အဲ သံဃာ တော်တွေက ဖယ်ရှားမပေးဘူးတဲ့၊ ဖယ်ရှားမပေးတော့ အရှင်ဘုရား တကာမ ပါပါတယ်၊ တကာမပါတော့ အရှင်ဘုရားတို့ ဖယ်ရှားပေးပါ တပည့် တော်တို့ ကန်တော့ရုံပါ ကန်တော့ပြီး ပြန်မှာပါပဲ၊ အဲဒီလိုပဲ လျှောက်ထား လိုက်တော့ ပြောလိုက်တော့ အဲဒီမှာ ဖယ်ရှားပေးလိုက်တယ်တဲ့၊ ဒီနေရာမှာ တကာမက တန်ခိုးကြီးသားပဲ တကာမပါလို့ သံဃာတော်တွေက တိမ်းရှောင် ပေးရတယ်တဲ့ တိမ်းရှောင်ပေးလို့ ရှေ့မှာရောက်သွားတယ် ရောက်တဲ့တပြိုင်နက် တည်း အဲဒီမှာ သိကြားမင်းနှင့် သုဇိတာက ခြေထောက်ကလေး ဆုပ်ပေးလိုက် တယ်တဲ့ ဆုပ်နယ်ပေးလိုက်တာနဲ့ တပြိုင်နက်တည်း ကလေးခြေထောက် ကလေးကဲ့သို့ အလွန်နုနယ်ပြီးတော့ ကောင်းသွားတယ်တဲ့ ဒီထိအောင် ကြိုးကြိုးစားစား အားထုတ်တယ်၊ ထိုကဲ့သို့ ကြိုးစားအားထုတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါစေ ကုန်သတည်း။

သာဓု သာဓု သာဓုပါဘုရား။

# ဉာဏ်စဉ်

ပထမဆိုတာက ရှုလိုက်တယ် ရှုလိုက်တော့ ရုပ် နာမ် နှစ်ပါး မမြင်ဘူး ဘူးလား (မှန်ပါ့) ရုပ် နာမ် နှစ်ပါးမြင်လိုက်တော့ နာမရူပပရိစ္ဆေဒဉာဏ် တဖန် နာမရူပပရိစ္ဆေဒဉာဏ်ကို ဆင်ခြင်သုံးသပ်ပြီး ခန္ဓာကိုယ်ကို သုံးသပ်တဲ့အခါ ကျတော့ သမ္မသနဉာဏ်၊ ဖြစ်မှု ပျက်မှု မြင်လာတော့ ဥဒယဗ္ဗယဉာဏ် အဖြစ်ကို မမြင် အပျက်ကိုဘဲ

http://www.dhammadownload.com



တောက်လျှောက်တန်းပြီးမြင်တယ်ဆိုတော့ ဘင်္ဂဉာဏ် အဲဒီတော့ ဘင်္ဂဉာဏ်ကနေ ပျက်သွားပြန်တော့ ဘေးဆိုးကြီးပဲ ဒီရုပ် နာမ် နှစ်ပါး ဟာဆိုတော့ ဘယဉာဏ် အလွန်ခက်ပါလား၊ ဒီဉာဏ်က ရုပ်နာမ် (၂)ပါးပါလား သွားမြင်တယ်။

အဲ့ ဒီတော့ အာဒီနဝဉာဏ်၊ အာဒီနဝဉာဏ်ဆိုတာက သူဖြစ်ချင်သလို ဖြစ်တယ်၊ ကိုယ်ဖြစ်ချင်သလို မဖြစ်ဘူးဆိုတော့ အာဒီနဝဉာဏ် အဲဒီတော့ လူ့လောကကိုပဲ မနေချင်ဘူး၊ နတ်လောကလည်း မသွားချင်ဘူး၊ ပြီးတော့ ဘယ်သွားချင်တုန်း ဗြဟ္မပြည်ကို သွားချင်လား၊ ဗြဟ္မပြည်ကိုလည်း မသွားချင် ဘူး၊ ဘယ်ကိုရောက်ချင်လည်း နိဗ္ဗာန်ကို ရောက်ချင်တယ် (တင်ပါ့ဘုရား) ဒီ အတွင်းမှာနေရတာ ပျင်းတယ်၊ ငြီးငွေ့တယ်၊ တရားအားထုတ်လို့ ပျင်းတာ မဟုတ်ဘူး သူ့သဘာဝအတိုင်း မနေချင်တဲ့စိတ် နိဗ္ဗာန်ရောက်ချင်တဲ့စိတ် ငြီးငွေ့ တဲ့သဘော နိဗ္ဗိဒါဉာဏ် ဒီမှာ ရုပ် နာမ် နှစ်ပါး လွတ်ချင်တယ်ဆိုတော့ ရုပ် နာမ် နှစ်ပါးလွတ်သွားရင် အေးတာပဲ၊ နိဗ္ဗာန်ရတာပဲဆိုတော့ မုဉ္စိတုကမျတာဉာဏ် ထိုရုပ်နာမ် နှစ်ပါးမှ လွတ်မြောက်လာပါ၍ မနားမနေ အားထုတ်တော့ ပဋိသင်္ခါရ ဉာဏ် ဒီမှတဖန် သင်္ခါရလေးတွေ ပြုပြင်ပြောင်းလဲ ပျက်စီးနေတာမြင်တော့ သင်္ခါရုပေက္ခာဉာဏ်၊ အဲဒီတော့ အနုလုံ၊ ပဋိလုံ အစကနေအဆုံး၊ အဆုံးကနေ အစ ပြန်ပြီးရှုမှတ်နေတာက အနုလောမဉာဏ်၊ အနုလောမဉာဏ်မှနေတစ်ခါ ဂေါတြဘူဉာဏ်ဆိုတဲ့ နိဗ္ဗာန်ကို လက်ညှိုးထိုးပြတဲ့လောကီမဂ်၊ မဂ်က ဘာတုန်းတဲ့၊ မဂ်ဆိုတာက ပျက်သွားတဲ့နေရာက မဂ်၊ မပျက်သေးလို့ ဒီသာကာ က ဆိုတဲ့အခန်း ရောက်နေတယ်ဆိုတဲ့၊ သင်္ဘောသားများက သင်္ဘော ပေါ် ကျီးငှက်ကလေးကို တင်သွားတဲ့အခါကျတော့ ကမ်းနီးပြီလားဆိုပြီး တိုင်ပေါ်က နေပြီး ကျီးငှက်ကလေးကို မြှောက်လွှတ်လိုက်တော့ ပျံသွား၊ ပျံသွားပြီး ကမ်းရှာ ကမ်းကဝေးသေးတယ်ဆိုရင် ပြန်လှည့်လာ ဒီတိုင်ပေါ်ပြန်နား အဲဒီမှတဖန် မနီးသေးဘူး၊ မရောက်သေးဘူး၊ ကမ်းနဲ့ဝေးသေးတယ် စက်တင်ပြီးမောင်းပါ ဆိုပြီး တွန်းမောင်းတော့ တဖန်တော်တော်လေး ခရီးရောက်လာတဲ့အခါ တဖန် ကမ်းနဲ့ နီးပြီလား၊ ရောက်လုပြီလား စုံစမ်းခိုင်းဦးမှဆိုပြီး ဒီသာကာက ကျီးငှက် ကလေးကိုမြှောက်လွှတ်လိုက်တယ်၊ အဲဒီမှာကမ်းရှာတယ်တဲ့၊ ကျီးငှက် ကလေးက ပျံပြီးကမ်းရှာတယ်၊ ကမ်းကိုတွေ့တဲ့အခါ ကမ်းနားကသစ်ပင်ပေါ် နားပြီး နေတော့တာပဲ၊ ပြန်မလာတော့ဘူး၊ ဟော့ ကမ်းနီးပြီဟော့ ကမ်းဆိုက်တော့ မှာပဲဆိုပြီး တစ်ခါတည်း စက်ကုန်လွှတ်ပြီး မောင်းလိုက်တော့ မကြာခင်ပင် ကမ်းဆိုက်သွားတယ်၊ အဲဒီမှာ နိဗ္ဗာန်မျက်မှောက်ပြုသွားတယ်၊ အဲဒီတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဆိုပြီး ဉာဏ်သုံး ဉာဏ်ဟာ တစ်ခါတည်း ပြတ်သွားတယ်။

ဖိုလ်ဆိုတော့ ဖိုလ်ဉာဏ်ဆိုတော့ အေးရာ၊ ငြိမ်းရာ၊ ချုပ်ရာ အာရုံပြုပြီး တော့ ငြိမ်းပြီးနေတာ နိဗ္ဗာန်ဆိုတော့ ဘာမှမရှိတော့ဘူး၊ ဘာမှမဖြစ်တော့ဘူး၊ ဘာမှမဖြစ်ရာ၊ ဘာမှမရှိရာ အာရုံထဲရောက်သွားရာ နိဗ္ဗာန်ပဲ၊ ဒါက မျက်မှောက် ပြုနိုင်တယ်။

ယခုတွင်မှာတော့ အားထုတ်ရတာက အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာကြီးသုံးပါး မြင်အောင်ရှုရတာ အနိစ္စဆိုတာ မမြဲတဲ့သဘောတရား၊ ဘယ်လို မမြဲသလဲ၊ ရုပ် နာမ် နှစ်ပါး မမြဲဘူး၊ အနိစ္စရှုရင်း ရှုရင်းက ပျက်စီး သွားတယ်၊ ဖြစ်ပေါ်ခြင်းမရှိဘူး၊ ပျက်စီးသွားတယ်၊ အနိစ္စလို့ အဲ့ဒီလို တွေ့နေတဲ့ အချိန်အခါမှာ အနိစ္စက ရှုနေရာကနေပြီး အလွန်ဆင်းရဲတဲ့ သဘာဝ ပေါ်လာတယ်၊ ဆင်းရဲတဲ့သဘာဝက ဒုက္ခ၊ အဲဒီဒုက္ခဟာ အစိုးရလို့ ဖြစ်သလား၊ အစိုးမရလို့ ဖြစ်သလား၊ (အစိုးမရလို့ ဖြစ်ပါတယ် ဘုရား)။

အစိုးမရလို့ဖြစ်တော့ အနတ္တ ဒီလက္ခဏာကြီးသုံးပါး ပေါ်လာပြီး သကာလ၊ ဒုက္ခမြင်လာတော့ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာမြင်လာတော့ ဒီဒုက္ခ ဘာကြောင့်ဖြစ်တုန်း၊ သမုဒယကြောင့် ဘယ်သမုဒယလည်း အားထုတ်နေတဲ့ ပုဂ္ဂိုလ်ကတော့ ရုပ်ရဲ့ ခန္ဓာရဲ့ သမုဒယ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ ဒီခန္ဓာရဲ့ သမုဒယ၊ ဒါကို ချစ်နေလို့ မဖြစ်နိုင်တော့ဘူး၊ အဲဒီတော့ သမုဒယကြောင့် ဒုက္ခဖြစ်နေတယ်။ သမုဒယကြောင့် ဒုက္ခဖြစ်မှန်းသိလာတော့ ပယ်လိုက်ပါတော့လား၊ ပယ်လို့ မရသေးဘူး၊ အဲဒီတော့ ဘယ်သူကပယ်ပေးမတုန်း၊ တရားအားထုတ်လို့ရှိရင် တရားကပယ်နိုင်ပါတယ်၊ ပယ်သွားလိမ့်မယ်၊ မပယ်ခင်က သမုဒယသစ္စာ၊ ပယ်လိုက်တော့ အေးတယ်၊ ငြိမ်းတယ်၊ ချုပ်တယ်၊ ပျက်တယ်၊ နိရောဓဆိုက် တယ်၊ နိရောဓသစ္စာ၊

http://www.dhammadownload.com



ပွားများအားထုတ်မှုက ဘာတုန်း၊ (မဂ္ဂသစ္စာပါ ဘုရား)

အင်း မဂ္ဂသစ္စာ၊ သစ္စာလေးပါးမြင်အောင်လို့ အားထုတ်ရမှာ၊ သစ္စာ လေးပါးမြင်လို့ရှိရင် သောတာပန်လည်း ဖြစ်နိုင်တယ်၊ သကဒါဂါမ်လည်း တည်နိုင်တယ်၊ အနာဂါမ်လည်းတည်နိုင်တယ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ကိုလည်း ရောက်နိုင်တယ်နော်၊ ရောက်အောင်လည်း ကြိုးစားကြပါလို့ တိုက်တွန်းနိုးဆော်ပါတယ်၊ (တင်ပါ့ ဘုရား) အဲဒီတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာကြီးသုံးပါး၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာလေးပါး ပိုင်းခြားထင်ထင် သိမြင်အောင်ရှုကြည့်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါစေ ကုန်သတည်း။

(သာဓု သာဓု သာဓု)

## တရားသဘာဝ

တရားသဘာဝအနေဖြင့်လည်း တရားအားထုတ်သူများ အာရုံမှု တွေ့ရှိ ခဲ့သော် အာရုံနောက်လိုက်နေရင် လမ်းလွဲ၊ လမ်းမှားနေပြီ၊ ဒီပြင် အာရုံအမျိုး မျိုးပေါ်နိုင်တာပဲ ထိုင်တာကတော့ ကျောင်းအောက်ပဲထိုင်နေတာ စိတ်က ရန်ကုန် ရောက်ချင်ရောက်၊ မန္တလေးရောက်ချင်ရောက်နေ၊ မန္တလေးရောက် နေတော့ အရောင်းအဝယ်နဲ့ လုပ်ချင်လုပ်နေ၊ ဝေဒနာပဲရှု၊ ခန္ဓာပဲစိုက်၊ စိုက်သွား မှာပဲ၊ သိရင်ပြန်ခေါ်ပေါ့၊ ရုပ်ခန္ဓာပေါ်တွင် ဆက်ရှု ဝေဒနာလုံးလုံး မတွေ့ဘူး၊ ပျောက်သွားပြီဆိုရင် နှာသီးဝပြန်ထား၊ နှာသီးဝပြန်ထားပြီးတော့ ဘေးက လူအများမရှိဘူးဆိုရင်၊ ပိတ်သာရှု၊ တွန်းရှုနိုင်ရင်ကောင်းတယ်၊ အဲဒီက မောပြီး တော့ တည်ငြိမ်သွားပြီဆိုရင် ခန္ဓာပြန်စိုက်၊ ဝေဒနာရှု၊ အဲဒါလမ်းမလွဲနိုင်ဘူး။

(အာရုံနိမိတ်ကတော့ ပေါ်မှာပဲနော် ဘုရား)

အာရုံနိမိတ်ကတော့ ပေါ်မှာပဲ မလိုက်နဲ့ အမျိုးမျိုးပေါ့ တောတောင် အရိပ်တွေ လျှောက်ပြီး၊ အမျိုးမျိုးမြင်ချင်မြင်နေတာ၊ ခန္ဓာမှ လွတ်တယ်ဆိုတဲ့ သဘောမျိုးပေါ့ သွားပြီးကြည့်မနေရဘူး၊ ကြည့်နေရင် သာယာနေရင် ဒါလမ်းလွဲ နေပြီ။

(ဝေဒနာက မခံသာအောင် အရမ်းပြင်းထန်နေရင် ဆက်ရှုနေရမှာလား ဘုရား)

ရှုနိုင်တယ်ဆိုရင်တော့ ဟာ သေချင်သေပစေ၊ ရှိတာကတော့ သတိ ပဋ္ဌာန်လေးပါး၊ ကာယနုပဿနာသတိပဋ္ဌာန် ရှုတုန်းမှာလည်း၊ နှာသီးဝတည်း ဟူသော ကာယကို ရှုသောကြောင့် ကာယနုပဿနာသတိပဋ္ဌာန်၊ ဝင်လေ ထွက်လေလေး ခံစားနေရသောကြောင့် ဝေဒနာကိုရှုသောကြောင့် ဝေဒနာ နုပဿနာသတိပဋ္ဌာန်၊ စိတ်ကလေးသည် ဘယ်မှမပြေးရအောင် နှာသီးဝမှာ တည်နေအောင် ပြုလုပ်နေရသောကြောင့် စိတ္တာနုပဿနာသတိပဋ္ဌာန် အဲဒီတော့ ဝင်လေ ထွက်လေလေးသည် မဝင်ပါနဲ့ဆိုလို့လည်း မရဘူး၊ မထွက်ပါနဲ့ ဆိုလို့လည်း မရဘူး၊ သူ့သဘောအတိုင်း သူဖြစ်နေသောကြောင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဟော သူက သတိပဋ္ဌာန်တရားလေးပါးနဲ့ ပြည့်စုံပါတယ်။

(တင်ပါ့ ဘုရား)

အရှုကိုရုပ်၊ ခန္ဓာကိုစိုက် ဝေဒနာကိုစိုက်ရှု ဆရာကခိုင်းလိုက်တယ်။ အရှုရုပ်ဆိုတော့ အရှုကို လုံးလုံးရုပ်ရမှာလားဆိုတော့ လုံးလုံးမရုပ်ရပါဘူး သဘာဝအရှုကတော့ ရှုရမှာပဲ။

(မှန်ပါ့ ဘုရား)

မရှုလို့ မဖြစ်ဘူး၊ ခန္ဓာကိုယ်စိုက်ဆိုတော့ ကာယကို ရှုတော့လို့ ခိုင်းလိုက် တာ မိမိကိုယ်မိမိရှု ကာယကိုရှုသောကြောင့် ကာယာနုပဿနာ သတိပဋ္ဌာန် နာကျင်ကိုက်ခဲတဲ့ ဝေဒနာတွေ့လာလိမ့်မယ်။ ဝေဒနာတွေ့လာလိမ့်မယ်၊ ဝေဒနာ ကိုတွေ့သောကြောင့် ဝေဒနာကို ကြည့်ရှုသောကြောင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ်ကလေးသည် ဘယ်မှ မပြေးရအောင် ဒီရုပ်ခန္ဓာပေါ်တည်နေ ရအောင် ပြုလုပ်နေရသောကြောင့် စိတ္တာနုပဿနာ

http://www.dhammadownload.com



သတိပဋ္ဌာန်၊ ဝေဒနာသည် နာလှည့်ပါ၊ နာလှည့်ပါ ကိုယ်ကခိုင်းတာမဟုတ်ဘူး၊ မနာပါနဲ့ဆိုလို့လည်း မရဘူး၊ နာပါ နာပါ ဆိုတော့လည်း သူနာချင်မှနာမယ်၊ သူ့သဘောအတိုင်း သူဖြစ်နေ သောကြောင့် ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ဟော သတိပဋ္ဌာန်တရားလေးပါးနဲ့ သူကလည်း ပြည့်စုံပါတယ်။

ဒီမှတဖန် ဆက်လက်ပြီးသကာလ အားထုတ်နေရာကနေပြီးတော့ ဝေဒနာပြင်းထန်စွာ တွေ့နေတယ်တဲ့ အပြီးသတ်ကျတော့ ဒါကို အာရုံပြု ဘာကို အာရုံပြုရမတုံး၊ ဒီလက္ခဏာကြီးသုံးပါးပဲ ပြန်ဆင်ခြင်နိုင်တယ်၊ ခုတွေ့နေတာ ဘာတုန်း ဒုက္ခ၊ သစ္စာအားဖြင့် မမှန်ဘဲနှင့်ဖြစ်သလား၊ အမှန်အတိုင်း ဖြစ်သလား ဒီတော့ အမှန်အတိုင်းဖြစ်တယ်၊ အမှန်အတိုင်းဖြစ်သောကြောင့် ဒုက္ခသစ္စာ၊ ဒီဒုက္ခဘာကြောင့်ဖြစ်တုံး ရှုနေတော့ ပုဂ္ဂိုလ်တော့ ခန္ဓာသမုဒယကြောင့် ချစ်နေလို့ သမုဒယကြောင့် ဒုက္ခဖြစ်နေတယ်၊ ခန္ဓာသမုဒယကြောင့် ဒုက္ခဖြစ်မှန်း သိလာပြီ ပယ်လိုက်ပါတော့လားတဲ့၊ ပယ်လို့မရသေးဘူး၊ ဘယ်သူကပယ်ပေး မတုန်းတဲ့၊ ရှုသာရှု ၊ ရှုပါများလာတော့ တချိန်ကျတော့ တရားကပယ်ပေးလိမ့် မယ်၊ မပယ်သေးတော့ သမုဒယသစ္စာ၊ ပယ်လိုက်တော့ အေးတယ်၊ ငြိမ်းတယ်၊ ချုပ်တယ်၊ ပြတ်တယ်၊ နိရောဓဆိုက်တယ်၊ နိရောဓသစ္စာ ပွားများအားထုတ် နေရာက ဘာတုံး၊ မဂ္ဂသစ္စာ၊ အဲဒီသစ္စာလေးပါး မြင်အောင်လို့ အားထုတ်ရတာ။

အဲဒီတော့ ရှုလိုက်တဲ့အခါကျတော့ နာကျင်ကိုက်ခဲတဲ့ ဝေဒနာတွေ့လာ တယ်၊ ဒီဝေဒနာတွေဟာ ဒီအတိုင်းပဲ အမြဲတမ်းနာနေသလားတဲ့ ( ပေါ်လိုက်၊ ပျောက်လိုက်၊ ပေါ်လိုက်၊ ပျောက်လိုက် )ဖြစ်ပျက်နေတယ်တဲ့၊ အနိစ္စ ခံစားနေရတဲ့ ဝေဒနာတွေသည် ဆင်းရဲတယ်တဲ့။ သုခလား၊ ဒုက္ခလား။

(ဒုက္ခပါ)

အဲ့ဒီဒုက္ခဟာ အစိုးရလို့ဖြစ်သလား၊ အစိုးမရလို့ဖြစ်သလား။

(အစိုးမရလို့ဖြစ်တာပါ။)

အစိုးရမရတော့ အနတ္တ၊ အဲဒါတွေလှည့်ပြီး ပြန်ဆင်ခြင်လိုက်ရင်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာကြီးသုံးပါး ပါပဲ။ ဒီလက္ခဏာကြီးသုံးပါး ပိုင်ပိုင်ကြီးမြင်နေလို့ရှိရင်တော့ ဝိပဿနာဉာဏ်တဲ့၊ ဝိပဿနာဉာဏ်တွေ့ရလို့ ရှိရင်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါး ပိုင်ခြားထင်ထင် သိမြင်အောင် ရှုကြည့်နိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြပါစေ ကုန်သတည်း။

( သာဓု ---- သာဓု--- သာဓု )

# အပါယ်ငရဲ

(ဆရာတော်ဘုရား ဒီအတိုင်းနေလို့ အားကစားသမားတောင် ချွေး ဒီလောက်မကျဘူး တရားအားထုတ်လို့ ဒီအတိုင်းငြိမ်ထိုင်နေရင်းနဲ့ ဝေဒနာကို စိုက်ရှုနေရင်း ရှုနေတာကို ချွေးသီးချွေးပေါက်တွေကစီး စီးကျတော့၊ အဲဒါဘယ်လိုသဘော ပါလဲဘုရား၊ ဝေဒနာရဲ့ချွေးလား ကိလေသာဝဋ်ကြွေးတွေ ပယ်တတ်တဲ့ သဘောလားဘုရား။) အတွင်းကိလေသာရဲ့ အညစ်အကြေးတွေ ဆင်းတဲ့ သဘောမျိုးလည်း ဖြစ်တယ်၊ တရားအားမထုတ်ဘဲ ဒီအတိုင်း ထိုင်နေ လို့တော့ ဒီချွေးတွေလည်း မထွက်ဘူး၊ အဲဒီတော့ ကိလေသာ အညစ်အကြေး လည်း မထွက်ဘူး၊ အဲဒီတော့ တရားသဘောလည်းမဖြစ်ဘူး၊ (တင်ပါ့ ဘုရား) (တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ ဝဋ်ကြွေးကို အမြန်ဆုံးဆပ်နိုင် တယ်ဆိုတာ ဟုတ်ပါသလားဘုရား။) ကံကြီးတွေ မကျူးလွန်ဘို့တော့ အရေးကြီးတာပေါ့။(ကျန်တဲ့တော်တော်များများ ဝဋ်ကြွေး အပြစ်တွေကို ဆပ်တယ်ဆိုတာ ဟုတ်ပါသလားဘုရား) တရားက ဝဋ်ကြွေး ဆပ်တဲ့တရားတဲ့ ဘဝဝဋ်ကြွေးတွေ ဆပ်တဲ့ အပါယ်လေးပါး ဝဋ်ကြွေးတွေ ပယ်တယ်တဲ့(တင်ပါ့ ဘုရား) ဒီပြင် ဝဋ်ကြွေးဆိုတာကတော့ ထားတော့ (တင်ပါ့ဘုရား)

http://www.dhammadownload.com



သူများကို ရိုက်ခဲ့တယ်၊ နှက်ခဲ့တယ်၊ ကျိုးပဲ့လာတယ်ဆိုတာ ကတော့ ထားတော့ (တင်ပါ့ဘုရား) အပါယ်လေးပါး ဝဋ်ကြွေးကလွတ်နိုင်တယ်။(တင်ပါ့ဘုရား) (အဲဒါကြောင့် ဒါန၊ သီလနဲ့တင်မဟုတ်ဘူး ဒီတရားအားထုတ်မှ ဝဋ်ကြွေးက ကျေနိုင်တာပေါ့ နော်ဘုရား။) အခြေခံကတော့ အဲဒီ ဒါန၊ သီလ ပါမှပဲ အဲဒါမှပဲ လုပ်နိုင်တဲ့ သတ္တိရှိတာပေါ့ (တင်ပါ့ဘုရား) (သတ္တဝါတစ်ခုဖြစ်လာရင် သူဟာ တရားသာ အားမထုတ်ရင် အပါယ်ကျဖို့ သူက သတ္တဝါဖြစ်လာသလို ဖြစ်နေတာ အမှန်ပါလား ဘုရား) ခင်ဗျား မြေကြီးလက်ဝါးနဲ့ပုတ်လိုက်တာကမှ လွဲပါ လိမ့်မယ်၊ အပါယ်ကျဖို့ကတော့ မလွဲဘူး၊ (တင်ပါ့ဘုရား) ကျမှာပဲ သေချာပေါက် ကျမှာပဲ၊ အဲတော့ တရားအားမထုတ်ခင်က အတွင်းက ငါရဲ့ဟာနက ဘယ်လိုရှိ တုန်း မာန်ရှိတယ်၊ မာန်ကြီးတယ်၊ လောဘ၊ ဒေါသများတယ်၊ အဲတော့ တရား အားထုတ်လိုက်တော့ မာန်ကျသွားတယ် အဲတော့ မာန်ကျအောင် အားထုတ် နိုင်ရင်တော့ ပိုကောင်းတာပေါ့ (တင်ပါ့ဘုရား ဒီမာန်တွေဟာ အများဆုံး ဒုက္ခ ပေးပြီး၊ အပါယ်ကို ပို့တာကြီးပဲနော် ဘုရား) အင်း အပါယ်ကို ပို့တာပေါ့ (ငါရှိတယ်၊ ငါလုပ်ရင်ဖြစ်တယ်) ဒါပေါ့ (ဒါဆို အပါယ်မှာ တော်တော်များ နေပြီပေါ့နော် ဘုရား) ဟာ သိပ်တော့ မများပါဘူး၊ ပုရွက်ဆိတ် လေးတွေ သွားလာ နေတယ်၊ ခြကောင်လေးတွေသွားလာနေတယ် လူတွေနဲ့ ယှဉ်မယ်ဆို သူရဲ့ တစ်ဝက်တောင် မရှိဘူး လူက (ဒါဆို အဖန်တလည်လည် ပြန်သေနေ တာပေါ့ နော် ဘုရား) အင်း ဒီလိုပဲ အဖန်တလည်လည် ပြန်ဖြစ် ပြန်သေ ပြန်ဖြစ် ပြန်သေ ဒီလိုပဲ ဖြစ်နေတာပဲ၊ (တပည့်တော် ကြားသိရဘူးတယ်ဘုရား အပါယ်ကျသွား တဲ့လူက ဆန်အိုးထဲက ကြွက်များလိုပဲ ဆန်အိုးထဲက ကြွက်များဟာ အပေါ် ရောက်ခါနီး ရခါနီးမှာ ဖုတ်ဆိုပြန်ကျ၊ စဥ့်အိုးထဲပြုတ်ကျ အပါယ်ကျသွားတဲ့ လူဟာ အဲဒီလိုမျိုး ဟုတ်ပါသလားဘုရား တရားလည်း အားမထုတ်ဘဲ ကျတော့ ပြန်တက်နိုင်ဖို့မရှိ) အဲဒါမှ အခန့်သင့်ရင် လက်နဲ့ ကုတ်မိလို့ရှိရင် အပေါ်ရောက် နိုင်သေးတယ် ဟာ ငရဲကျသွားတဲ့ လူကတော့ ပြန်တက်နိုင်ဖို့ မလွယ်တော့ဘူး ဘာကြောင့်မလွယ်တုန်းတဲ့ ဘုရားရယ် တရားရယ် သံဃာရယ်ဆိုတဲ့ ရတနာ သုံးပါးက မရှိတော့ဘူး ဘာနဲ့နေတုန်းတဲ့ လောဘ ဒေါသ မောဟနဲ့ နေတယ် (တင်ပါ့ဘုရား သူတို့မှာလည်း အဲလိုရှိ တာပဲလားဘုရား) ဟာ အဲဒီလိုရှိပဲရှိတာပေါ့ လောဘ၊ ဒေါသ၊ မောဟနဲ့ နေတယ်တဲ့၊ လောဘ၊ ဒေါသ၊ မောဟနဲ့ ဘာကြောင့်နေတာ တုန်းတဲ့ စားရမဲ့ ဝတ်ရမဲ့ နေရမဲ့ ထိုင်ရမဲ့ လောဘရှိနေတယ်၊ ဒေါသက ဘာကြောင့် ဖြစ်နေတာတုန်းတဲ့ ငရဲခံရနေလို့ ဒေါသဖြစ်နေတာ၊ (တင်ပါ့ ဘုရား) မောဟ မောဟက ဘာမှမသိတော့ဘူး ဘုရားရယ်၊ တရားရယ်၊ သံဃာရယ် ဘာမှ မသိတော့ဘူး မောဟဖုံးနေပြီး အဲဒီအတွက်ကြောင့် သူဟာ လူပြန်ဖြစ်ဖို့ မလွယ်တော့ဘူး၊ (တင်ပါ့ ဘုရား) သေရင် ဘယ်သွားဦးမတုန်း ဒီပဲပြန်လည်နေ တာပဲ၊ ငရဲ ငရဲဆိုတော့ အထက်က သံမိုးကြီးတွေ မီးတွေတဟုန်းဟုန်း တောက်နေ၊ အောက်က သံပြားကြီးတွေ မီးတွေ တဟုန်းဟုန်းတောက်နေ၊ ဘေးက သံတောင်ကြီးတွေ မီးတွေ တဟုန်းဟုန်း တောက်နေ၊ အဲဒီထဲမှ ဉပပ ပဋိသန္ဓေအားဖြင့် လူကောင်ကြီးလို၊ ခွေးကောင်ကြီးလို၊ နွားကောင်ကြီးလို အကောင် ကြီးတွေဖြစ်ပြီးတော့ ပြေးရတယ်၊ ဟုန်းဆိုပြီး မီးထစ်ခဲ့ ပြာကျ၊ ပြန်ဖြစ်၊ ပြန်ပြီး ဒီလိုပဲခံနေရတာပဲ၊ (တင်ပါ့ ဘုရား) ဒီလိုပဲခံနေရတော့၊ လူ့ပြည်မှာ (၁)ရက် ငရဲပြည်မှာ (၁)စက္ကန့် ဒါကြောင့် သတ္တိကောင်းကြရဲ့လားမေးတော့ ကောင်းပါ တယ် ဘုရားလို့ လျှောက်ကြတယ်။ (တင်ပါ့ဘုရား) ဘာလို့ သတ္တိကောင်းတုန်း တဲ့ သိပ်ကြာရှည် မခံရလို့တဲ့၊ သူတို့စိတ်ထဲမှာ ထင်နေတာက လူ့ပြည်မှာ (၁)ရက် ဆိုရင် ဟိုမှာ (၁)စက္ကန့်ပဲ ရှိသေးတယ်တဲ့ (တင်ပါ့ ဘုရား) အဲဒီလောက်တောင် တာရှည်တဲ့နေရာ၊ သူတို့ကတော့ (၁)စက္ကန့်လောက် မကြာဘူးဆိုတဲ့ သဘော မျိုးနဲ့ သတ္တိကောင်းပါတယ် ဘုရားလို့ လျှောက်တာပေါ့ သတ္တိကောင်းဖို့မရှိဘူး၊ လူ့ပြည်မှာ (၁)ရက်ဆိုရင် ငရဲပြည်မှာ (၁)စက္ကန့်ပဲရှိသေးတာ အကြာကြီးပဲ၊ အဲဒီတော့ လူဖြစ်ဖို့လည်း ခဲယဉ်းတယ်တဲ့၊ နတ်ဖြစ်ဖို့လည်း ခဲယဉ်းတယ်တဲ့ ဘာကြောင့် ခဲယဉ်းတာတုန်းတဲ့ ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်ဆိုတဲ့ ရတနာ (၃)ပါး မရှိတော့ဘူးတဲ့ (တင်ပါ့ ဘုရား) သေရင် ဒီလိုပဲ ခံနေရမှာပဲတဲ့ အခန့်သင့်လို့ ကိုယ်က ကုသိုလ်ကောင်းမှုနဲ့ ကြုံတွေ့လာပြန်ပြီ လည်လာဖို့ရာ အချိန်ရောက်လာရင်တော့ လွတ်ချင်လည်း လွတ်လာမယ်တဲ့၊ အဲဒီလိုမှ မရှိရင် တော့ လွတ်ဖို့ရာ မလွယ်တော့ဘူး

http://www.dhammadownload.com



(တင်ပါ့ ဘုရား)၊ ငရဲ၊ တိရစ္ဆာန်ဆိုတော့ နွားတွေ ဘာလုပ်နေတုန်း လှည်းပေါ်တင်ပြီးတော့ တုံးတွေ၊ တိုင်တွေ ပစ္စည်းတွေတင်ပြီးသကာလ လူကတခါတည်း အပေါ်ကနေပြီး ရိုက်နှက်ပြီးတော့ သွားနေတာပဲ၊ သူတို့ ရုန်းချင်လို့ ရုန်းနေရတာလားတဲ့ (မဟုတ်ပါဘူး ဘုရား) မရုန်းချင်ဘဲ ရုန်းနေရတာတဲ့၊ တိရစ္ဆာန်တဲ့ အဲဒီတော့သူဟာ ဘုရားရယ်၊ တရား ရယ်၊ သံဃာရယ်ဆိုတဲ့ ရတနာသုံးပါး သိသေးရဲ့လား၊ မသိတော့ဘာနဲ့နေတုန်း တဲ့ တိရိစ္ဆာန်ဘဝမှာ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်နဲ့ပဲနေတယ်၊ ဒါနဲ့သေ သွားပြန်ပြီတဲ့ ဘယ်သွားတုန်းဒီအပါယ်လေးဘုံပဲပြန်လှည့်မှာပဲ ပြန်တက်နိုင်ဖို့ မလွယ်တော့ဘူးတဲ့၊ ငရဲ၊ တိရိစ္ဆာန်ပြီးတော့ ပြိတ္တာတဲ့၊ ပြိတ္တာဆိုတော့ အခုလိုပဲ တီကောင်တွေ၊ ဒီမှတဖန်ဒီပြင့်အကောင်တွေလည်း ပြိတ္တာတွေပဲ၊ တစ္ဆေ၊ မှင်စာ၊ အရိုးစုပြိတ္တာ၊ အသားစုပြိတ္တာ၊ သံလျှက်မြေအောက်ကပြိတ္တာတွေပဲ၊ အဲ့ဒီပြိတ္တာ တွေ သူတို့ဘာလုပ်နေတုန်းတဲ့၊ လောဘ၊ ဒေါသ၊ မောဟနဲ့ပဲနေတယ်တဲ့၊ လောဘ၊ ဒေါသ၊ မောဟနဲ့နေတော့ သေသွားတော့ဘယ်သွားဦးမလဲတဲ့(ဒီပဲပြန် လာမှာပါဘုရား) ဒီငရဲပဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကယ်အပါယ်လေးဘုံပဲ ပြန်လည်လာမှာပဲ၊ ပြန်တက်ဖို့ မလွယ်လှဘူး၊ ဘာကြောင့်တုန်းတဲ့ ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်မှ မသိတာ၊ အသူရကယ်ဆိုတဲ့ အပါယ်လေးဘုံမှာ နေ့စံ၊ ညခံ၊ နေ့တော့ နတ်သမီးနတ်သားလို ခံစားရတယ်။ ဒီလိုဆိုတော့ နဲနဲတော်သေး တယ်ဆိုတဲ့သဘောမျိုး ယူဆချင်ယူဆမှာပေါ့၊ ဒါပေသော်လည်း ညပိုင်းကျတော့ ခွေးနက်ကြီးအစားခံရတယ်၊ ခွေးနက်ကြီးအစားခံရတာနဲ့တင် ကသလားတဲ့၊ သံပူရေထဲတခါတည်း ဆင်းသွားရတယ်တဲ့၊ အကုန်လုံး လောင်ကျွမ်းသွားတယ် ပြီးရင် ပြန်ဖြစ်တယ် ဒီလိုပဲခံစားနေရတယ်။ (တင်ပါ့ဘုရား) အဲဒီတော့ ဘုရား၊ တရား၊ သံဃာရယ်ဆိုတဲ့ ရတနာ (၃)ပါးလည်း မသိတော့ဘူး၊ မသိတော့ ဘယ်သွားဦးမတုန်းတဲ့ ဒီအပါယ်လေးဘုံပဲပြန်လှည့် မှာပဲ၊ တတ်နိုင်ဖို့က မလွယ်တော့ဘူးတဲ့၊ အဲတော့ ရောက်ချင်သလား၊ ရချင် သလားမေးတော့ မရောက်ချင်ပါဘူး၊ မရချင်ပါဘူးဘုရား၊ မရောက်ချင်တော့ မရချင်တော့ လွတ်စေတတ်တဲ့ အလုပ်ကိုလုပ်ပါဆိုတော့ မအားဘူးဘုရား၊ ဘာကြောင့် မအားတာတုန်း၊ မလုပ်ချင်လို့မအားတာ လုပ်ချင်ရင်အားရမယ်၊ ဟုတ်ဘူးလား၊ ဟိုနားမှာ ပွဲလေးရှိတယ် ဇာတ်ပွဲဖြစ်ဖြစ် အငြိမ့်ပွဲပဲဖြစ်ဖြစ် အဲဒီကို မသွားဘဲ နဲ့နေပါလားတဲ့၊ မအားဘူးဆိုပြီးတော့ မနေဘူးသွားတာပဲတဲ့ အဲဒါကျတော့ အားနေတယ် လုပ်ချင်တဲ့ဟာ လိုချင်တဲ့ဟာကျတော့ အားတာပဲတဲ့၊ မလုပ်ချင်တာကျတော့ မအားဘူး ဒီလိုဝန်ခံပြီးတော့နေတာ၊ ဒါနဲ့ပဲ အပါယ်လေးပါး ကျကြ တာပေါ့၊ လွတ်ဖို့ဆိုတာမလွယ်တော့ဘူး၊ အဲလွတ်ချင်တယ်၊ ကြောက်တယ် ဆိုလို့ ရှိရင်တော့ အားသာထုတ်ပါ (မှန်ပါဘုရား) မှန်မှန်အားထုတ်ပေး၊ ဟောယခု အချိန်မှာ ငယ်သေးတယ်၊ အားမထုတ်နိုင်ပါဘူးဆိုလို့ရှိရင်၊ ကိုယ်သီလရှိရင်တော့ နေရဦးမယ်၊ သီလမရှိရင် ဒီကြားထဲသေသွားရင်သွားပြီ၊ ဂွကျပြီ၊ ဒါကြောင့် ငယ်တယ် ကြီးတယ်လို့ အချိန်ကျလာရင်မရွေးဘူး၊ အဲဒီတော့ လွတ်ချင်လို့ ရှိရင်တော့ များများအားမထုတ်နိုင်ရင် မှန်မှန်ပဲ အားထုတ်ပေးနော်၊ အားမထုတ် တဲ့ လူတွေ ပြောတာပါနော် ဒီလူတွေကို ပြောတာမဟုတ်ဘူး (မှန်ပါဘုရား) မကောင်းတာ လုပ်ရင် နင်လား ငါလား၊ ဆဲလား ဆိုလား ရန်ဖြစ်တဲ့အခါကျတော့ နင်းအော်တာပဲ၊ ပြောတာပဲ ကောင်းတာလုပ်တာကျတော့ တိုးတိုးလေးလုပ် တာပဲ၊ အသံကိုမထွက်ဘူး၊ ရေစက်ချလို့ပြီးတဲ့အချိန် သာဓုခေါ်တဲ့အခါ အင်း အထက်မှာ ဘဝဂ်၊ အောက်မှာ အဝီစိထိအောင် ကြားအောင်အော်မှ ကိုယ့်စိတ်ကထား ပြီးတော့ သာဓုခေါ်ပေ့ါ၊ တချို့သာဓု သာဓု တိုးတိုးလေးရယ် ဘာသံမှ မကြားရဘူး၊ ဟိုနားမှာကပ်နေတဲ့ သတ္တဝါလေးရှိမယ်၊ ကိုယ်က အမျှတော့ ဝေပါရဲ့ တိုးတိုး လေးဝေတော့ ဟိုကမကြားရဘူး၊ သာဓုမခေါ်နိုင်ဘူး။ ဒါကြောင့် ကောင်းတာ လုပ်တဲ့အခါ အများသာဓုခေါ်နိုင်အောင် ကျယ်ကျယ်လေး ခေါ်ဖို့ တိုက်တွန်းနှိုးဆော်ပါတယ်။

(သာဓု သာဓု သာဓုပါဘုရား)

ဆရာတော်ဘုရားကြီးသည် ထိုကဲ့သို့ တပည့်များ အပေါ် ဆုံးမထား သည်များ ဦးမောင်မောင်ဌေးပေးသော အသံသွင်း ကြိုးခွေများမှ တစ်ဆင့် ကြားနာခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။

ထိုမှတဖန် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ရန်ကုန်ရှိတပည့်သာဝက တို့၏ပင့်လျှောက်ချက်အရ ရွှေတိဂုံဘုရားလမ်း၊

http://www.dhammadownload.com



သစ်တောဓမ္မာရုံသို့ ဆရာတော်ကြီးနှင့် ရဟန်းအမ မိသားစုတို့အား ထိုစဉ်က ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဝန်ကြီး ဦးပန်းအောင်၏ အထူးရထားတွဲဖြင့် ပင့်ဆောင်ခဲ့ပါသည်။ သစ်တောဓမ္မာရုံတွင် (၁)လတိတိ သီတင်းသုံးစဉ်ရက်များအတွင်း ဆရာတော် ဘုရားကြီးက နေ့လည် (၁)နာရီတစ်ကြိမ်၊ ညနေ တစ်ကြိမ် နေ့စဉ် (၂)ကြိမ် ဝေနေယျ သတ္တဝါများအား တရားချီးမြှင့်ခဲ့ပါသည်။

ရန်ကုန်မြို့ သစ်တောဓမ္မာရုံသို့ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့ ဆရာတော်ဘုရားကြီးကြွရောက် သီတင်းသုံးစဉ်၊ စာရေးသူတို့မိသားစုမှ ဆရာတော်ဘုရားအား သင်္ကန်းနှင့်လှူဘွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး တစ်သက်လုံး မှတ်သားလိုက်နာနိုင်ရန် တရားချီးမြှင့် မိန့်ကြားစေလိုကြောင်း လျှောက်ထားရာ အစဉ်အမြဲသတိပြုရန် အောက်ပါ ဆောင်ပုဒ်ကို ချီးမြှင့်ခဲ့ ပါသည်–

အသိစိပ်လျှင် ကိလေစင်

ထင်မြင် နာမ်ရုပ်မှတ်၊

အသိကျဲလျှင် ကိလေဝင်

မမြင် နာမ်ရုပ်မှတ်၊

အသိတစ်လုံး အရှိသုံး

အဆုံးနိဗ္ဗာန်သာ။

သစ်တောဓမ္မာရုံတွင် သီတင်းသုံးစဉ်ရက်များအတွင်း ဆရာတော် ဘုရားကြီးအား တပည့် ဒါယကာ၊ ဒါယိကာမတို့၏ ပင့်ဆောင်ချက်အရ ကျိုက်ထီးရိုးဘုရား၊ ဇလွန်ပြည်တော်ပြန်ဘုရား၊ ချောင်းသာသို့သွားရောက်ခဲ့စဉ် ထူးဆန်းသည့်ဖြစ်ရပ်အချို့မှာ ဆရာတော်ဘုရားကြီးနှင့်အတူ ကျိုက်ထီးရိုး ဘုရားဖူးသွားကြစဉ် ဆရာတော်ဘုရားကြီးက ရွှေသင်္ကန်းကပ်ခြင်း၊ ခေါင်းလောင်းတော်များအား ဗန်းနှင့်ထည့်၍ လှူဒါန်းစဉ် ဗန်းပေါ်ရှိ ခေါင်းလောင်း များမှာ အချင်းချင်းရိုက်ခတ်ပြီး သံစုံမြည်သံများထွက်ပေါ်လာသည်ကို ထူးခြားအံ့သြစွာ မြင်ကြားခဲ့ရပါသည်။

ထို့အပြင် ချောင်းသာကမ်းခြေ၌လည်း အချိန်ကြာမြင့်စွာ စကြံ လျှောက်ခြင်း၊ ကန်ရေပြင်ကို မျက်နှာမူ၍ ငြိမ်သက်လျှက်၊ အချိန်ကြာမြင့်စွာ မေတ္တာပို့နေသည် ကို ထူးဆန်းစွာ မြင်တွေ့ခဲ့ရပါသည်။

ဆရာတော်ဘုရားကြီး (၁) လတာ သစ်တောဓမ္မရုံတွင် သီတင်းသုံးစဉ် ရက်များအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဗိုလ်မှူးမောင်ဖေ၏ စီမံမှုဖြင့် ဆရာတော်ဘုရားကြီး၏ တစ်နေ့တာမှတ်တမ်း ဗွီစီဒီ ကို ၂၄–၁–၂၀၀၀ ရက်နေ့တွင် ရိုက်ကူးခဲ့ပါသည်။ ၂၅–၁–၂၀၀၀ ရက်နေ့ ညနေတွင် ရထား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးပန်းအောင်၏ အထူးရထားတွဲဖြင့် ဆရာတော်ဘုရားကြီးသည် မန္တလေးသို့ ပြန်ကြွသွားခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် သစ်တောဓမ္မာရုံ၌ သီတင်းသုံးစဉ်ရက်များ အတွင်း တရားဟောသည့်အခါတိုင်း လူ့ဘဝ လူ့ခန္ဓာရရှိခြင်း၊ အကြောင်းကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ဖြစ်လိုက်၊ ပျက်လိုက်နှင့် အကျိုးထင်ပုံကို လည်းကောင်း၊ လက္ခဏာကြီးသုံးပါး အမြဲ ဆင်ခြင် တတ်စေရန်၊ သစ္စာ(၄)ပါး နားလည်ရန်၊ ဓါတ်ကြီး(၄)ပါး အမြဲမပြတ် ဖောက်ပြန်သည့်သဘော၊ ဓါတ် (၁၈)ပါးအကြောင်း၊ အာယတန(၁၂)ပါးအကြောင်း၊ ဉာဏ်အမြင်ဖြင့် ခန္ဓာအစဉ်ကို မြင်အောင် ကြည့်တတ်စေရန်လည်း ထည့်သွင်း ဟောကြားပေးပါသည်။ လူ့ဘဝ ရသည် ဆိုကတည်းက ထောင်ကျပြီးသားဖြစ် ကြောင်း၊ ဇာတိထောင်၊ ဇရာ ထောင်၊ ဗျာဓိထောင်၊ မရဏထောင်၊ ဇာတိချောက်၊ ဇရာချောက်၊ ဗျာဓိချောက်၊ မရဏချောက်၊ ထောင်လေးထောင်၊ ချောက်လေး ချောက်မှာ မလွဲမသွေ တွေ့ကြုံ ကျရောက်ရမှာဖြစ်ကြောင်း၊ ဘာဝနာဖြစ်ရန် သတိပဋ္ဌာန်ကို ရှုမှတ်ပွားများ အားထုတ်ရန် ခန္ဓာဓါတ်ကြီးလေးပါး ရုပ်၏ ဖောက်ပြန်မှုကိုရှုသည့် ကာယ နုပဿနာ၊ ခံစားမှုကိုရှုသည့် ဝေဒနာနုပဿနာ၊ ပေါ်သမျှစိတ်ကို ရှုသည့် စိတ္တာနုပဿနာ၊ ပရမတ် သဘောတရားကိုရှုသည့် ဓမ္မာနုပဿနာ (၄)ပါးကို ဆင်ခြင်ရှုမြင်ကြရန်၊ သတိဖြင့်နေက ဖောက်ပြန်မှု ဟူသည် ဖြစ်၊ ပျက်လျက်သာ ရှိသည်ကို

http://www.dhammadownload.com



ပညာဉာဏ်၊ သစ္စာဉာဏ်ဖြင့်သိမြင် နေရမည်ဖြစ်ကြောင်းတို့ကို တရားဟောရာ၌ အကြိမ်ကြိမ်ရှင်းလင်း ထည့်သွင်းဟော ပေးပါသည်။

ဆရာတော်ဘုရားကြီးသည် ဝိပဿနာတရားစထိုင်ပြီး အားထုတ်တော့ မည်ဆိုပါက အားမထုတ်မီ ပရိကံပြုပုံနှင့် ထိုင်နေစဉ်အတွင်း နည်းမှန်လမ်းမှန် ရှုတတ်စေရန်ကိုလည်း မိန့်ကြားထားပါသည်။ ပထမဦးဆုံး ငါးပါးသီလကို ခံယူဆောက်တည်ပါ။ ဒုတိယ ဂုဏ်တော် (၉)ပါး ရွတ်ပါ။ (၂၄) ပစ္စည်းကိုရွတ်ပါ။ တတိယ ''ကမ္မဋ္ဌာနံ ယာစာမိ ကမ္မဋ္ဌာန်း တရားပေးသနား တော်မူပါဘုရား ဟု ကမ္မဋ္ဌာန်းတောင်းဆိုပြီးနောက် ကမ္မဋ္ဌာန်းဆရာတော်အား ဘဝအဆက်ဆက် က ကာယကံမှု အပြစ်ကြီးအပြစ်ငယ်၊ ဘဝအဆက်ဆက်က ဝစီကံမှု အပြစ်ကြီး အပြစ်ငယ်၊ ဘဝအဆက်ဆက်က မနောကံမှု အပြစ်ကြီးအပြစ်ငယ် ကျူးလွန်ခဲ့ သည် များရှိပါကခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်ပါ၏ဘုရား။ မကောင်းသော ဘေး၊ မကောင်းသောရန် ကင်းစင်လွတ်မြောက် မရောက်သည်သာဖြစ်၍ ပထမ မဂ်၊ ဒုတိယမဂ်၊ တတိယမဂ် အနာဂါမ်တည်၍ ရဟန္တာဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုရပါလို၏ အရှင်ဘုရား။ ဆုတောင်းမေတ္တာ ပို့ပြီးနောက် မိမိ ကြိုက်နှစ်သက်သော ဣရိယာပုတ်နှင့်ထိုင်ပါ။ ပုဆစ်တုပ်၊ တင်ပလ္လင်ခွေ၊ မဟာ ပလ္လင် စသည့်ထိုင်နည်း အမျိုးမျိုးမှ ကြာကြာ ထိုင်နိုင်သော ဣရိယာပုတ် ဖြင့်ထိုင်ပါ။ ခါးကို မတ်မတ်ထားရပေမည်၊ ခါးကို မတ်မတ်ထားနိုင် ရန်အတွက် လက်မောင်းများကို အထောက်အပံ့အဖြစ်ကိုယ်နှင့်ကပ်၍ ကျစ်ကျစ် လျစ်လျစ် ထိုင်ပါ။ ဘယ်ဘက်လက်ဝါးထဲ၌ ညာဘက်လက်ဝါးကို ထည့်၍ လက်မချင်း ထိထားပါ။ စက္ကူကြွန်ဖွေချထားသလို ဦးခေါင်းတည့်တည့် မတ်မတ်ထားပါ။ ညောင်းရင်လည်း မလှုပ်နဲ့၊ ယားရင်လည်း မကုပ်နဲ့၊ တစ်ခု တည်းသော ဣရိယာပုတ်ဖြင့် လုပ်ငန်း အချိန်ပြီးသည်အထိ တစ်ဆက်တည်း အားထုတ်ရမည်။

ထိုင်ပြီးနောက် မျက်စိမှိတ်၊ ပါးစပ်ပိတ်ပြီး ဝင်သက်ကစပြီး ရှုပါ။ ရှုသည့် ရှိုက်သည့်အခါ နှာသီးဖျား၊ နှုတ်ခမ်းဖျားကို ဝင်လေ ထွက်လေ တိုးထိ သွား သည်ကို သိလိမ့်မည်။ ထိသည့်အပေါ် သတိထားလျက် ခပ်ပြင်းပြင်းရှုပါ။ ခပ်ပြင်းပြင်းရှုခြင်းဖြင့် ပြင်ပသံများ ပျောက်စေခြင်း၊ အိပ်ငိုက်ခြင်း၊ တွေးတော ခြင်းများ လွယ်ကူစွာ ငြိမ်းစေခြင်း၊ စိတ်ကိုထိန်းသိမ်းစေနိုင်ခြင်း၊ သမာဓိ လျင်မြန်စွာ ရင့်သန်စေခြင်း၊ ဝေဒနာကို နိုင်နင်းစွာ ခံနိုင်စေခြင်းတို့ ဖြစ်ပါသည်။

တရားရှုမှတ်နေစဉ်အတွင်း ဆရာတော်ဘုရားကြီးက ရှေ့တရားဟော ပလ္လင်ပေါ်မှနေ၍သော်လည်းကောင်း၊ စင်္ကြံလျှောက်၍သော်လည်းကောင်း သီတင်းသုံး၍ **ဆရာတော်ဘုရားကြီးမှ အောက်ပါသတိပေးစကားများ ကိုလည်း မိန့်ပါသည်–**

ရှုပေး–ရှုပေး–မှန်နေပေ့စေ၊ မေ့မသွားပေ့စေနဲ့။
ထိတာနဲ့သိတာ ကပ်ပါသွားပေ့စေ၊ ကိလေသာ ကြားမခိုပေ့စေနဲ့။
ထိမှုနှင့် သိမှုကို သတိကြပ်ကြပ်ပြုပေးပါ။
ထိတိုင်း၊ ထိတိုင်း သိနေပေ့စေ။
ထိတဲ့အပေါ် သတိထားရင် တရားမြင်မယ်၊ သတိမထားရင် အမှားဝင် တတ်တယ်။
အားကိုးမမှားစေနဲ့၊ မိမိကိုယ်မိမိ အားကိုးရမယ်။

**အရှုရပ်ခါနီး**

နီးလာပြီ၊ လေတိုးထိတိုင်း သိနေပေ့စေ။
ကိုယ်ပိုင်အလုပ် နောက်မဆုတ်နဲ့။
ဘုံဆိုင်အလုပ်တွေတော့ အားကြီးလုပ်ကြတယ်။
သာသနာဒုလ္လဘ ကြုံရတဲ့အခါ ကိုယ်ရည်သွေးပြဖို့ အချိန်ရောက်ပြီ၊
ကိုယ်ရည်ကိုယ်သွေးပြလိုက်ကြစမ်းပါ။

http://www.dhammadownload.com



ရှုပေး၊ ရှုပေး
တွန်းရှုလိုက်၊ တွန်းတင်လိုက်
ဟုတ်ပြီ၊ ချထည့်လိုက်၊
လောဘသေသေ၊ လူသေသေ၊ ရှုပစ်လိုက်။
လောဘသေရင်၊ အမြတ်ထွက်လာမယ်၊
လူသေရင်၊ အရင်းမရှုံးပါဘူး။

**အရှုရပ်ခါစ မိန့်မှာချက်**

အရှုရပ်–အရှုရပ်
ခန္ဓာကိုယ်စိုက်၊ ဝေဒနာစိုက်ရှု
စိတ်နဲ့ကိုယ်နဲ့ တည့်ပေ့စေ၊
အာရုံတခြား ပျံ့မသွားစေနဲ့၊
ပစ္စုပ္ပန်ကာလ မိမိခန္ဓာကိုယ်ပေါ်မှ
ဝေဒနာလေးကို စိုက်ရှုပါ။
ယားရင်လည်း မကုတ်နဲ့၊ ညောင်းရင်လည်းမလှုပ်နဲ့၊
တွေ့တာကို စိုက်ရှု။
မခံသာ မှန်ပါဘိ ဒီတရား။
ခံသာရင် သံသရာကြော မျောလိမ့်မယ်ဗျား။
မလှုပ်သာ ဟုတ်ပါဘိ ဒီတရား၊
လှုပ်သာလျှင် မြုပ်ရှာတော့မယ်၊
အပါယ်လေးပါး သွားလိမ့်အမှား
အရိုးကြွင်းလို့ အသားကြွေ
ကုန်ပေ့စေ၊ အသားအသွေး
အသက်ကိုမှ မညှာရ
သမ္မပ္ပဓာန်လေး။

**တရားချခါနီး(၅)မိနစ်အလိုတွင်**

ကြိတ်ရှု မှိတ်ရှု သည်းခံရှု မခံသာတာ ဒီတရားချည်းပဲ။
(၅)မိနစ်သာလိုတော့တယ်။

**ဝေဒနာပြင်းလို့ မျက်နှာရှုံ့မဲ့နေသူများကို မိန့်မှာချက်**

သေခါနီးဝေဒနာ၊ ဒီထက်ပိုဆိုးမယ်
ရှုံ့မဲ့မနေနဲ့၊ ပြုံးပြုံးလေးနေလိုက်ကြစမ်းပါ။
အသက်သေမသွားနိုင်ပါဘူး။
သေသွားရင်လည်း ပြန်ကောက်ထည့်ပေးလိုက်ပါ့မယ်။

**နာရီပြည့်သွားသောအခါ**

ကဲ– အချိန်စေ့သွားပြီ၊

http://www.dhammadownload.com



တရားအာရုံဖြေ၊

ဘုရားအာရုံပြုဟု မိန့်တော်မူပါသည်။

ဆရာတော်ဘုရားကြီးသည် တရားချီးမြှင့်သည့်အခါ (၁)နာရီခွဲဆိုပါက (၄၅)မိနစ် အာနပါနဖြစ်ပြီး နောက်(၄၅)မိနစ် အရှုရုပ်၍ ခန္ဓာကိုယ်ပေါ်မှာ ပေါ်လာ သည့် ဝေဒနာကိုစိုက်ရှုရသည်။ ဆရာတော်ဘုရားကြီးသည် တစ်ရက်ကို (၅)မိနစ်စီ နည်းနည်းချင်းတိုးသွားသဖြင့် ရက်ကြာလာသည့်နှင့်အမျှ တရား အားထုတ်ချိန် ပိုတိုးလာကာ(၆)နာရီထိုင်ရမည်ဆိုလျှင် (၃)နာရီ ဝင်လေထွက်လေ ခပ်ပြင်းပြင်း ရှုရပြီး ကျန် (၃)နာရီတွင် အရှုရုပ်၍ ခန္ဓာစိုက် ဝေဒနာ စိုက်ရှုရသည်။

ဆရာတော်ဘုရားကြီးသည် နေ့(၁)နာရီတစ်ချိန်၊ ည(၇)နာရီ တစ်ချိန် တစ်နေ့တရားနှစ်ချိန် ချီးမြှင့်လေ့ရှိပါသည်။ ဆရာဝန်ကြီးတွေက အရှင်ဘုရား ရောဂါဝေဒနာကြောင့် တရားချီးမြှင့်ခြင်း ရပ်နားတော်မူပါဟု လျှောက်ထားမှ (၁)လတန်သည်၊ (၂)လတန်သည် ဝေဒနာပေါ်မူတည်၍ ရပ်နားတော်မူပါသည်။ ထိုကဲ့သို့မလျှောက်ပါက တစ်ပါးဖြစ်စေ တစ်ယောက်ဖြစ်စေ တရားထိုင်မည့်သူ ရှိပါက တရားချီးမြှင့်လေ့ရှိသည်။

## ဆရာတော်ဘုရားကြီး မကြာခဏ မိန့်ကြားသည့် အဆုံးအမမိန့်စကားများ

၁။ ဘယ်လိုပုဂ္ဂိုလ်ပဲဖြစ်ဖြစ် တရားကတော့ အားထုတ်ရမှာပဲ။
အားထုတ်ခွင့်ကြုံတုန်း အားထုတ်ကြ။ သာသနာပပြီဆိုတော့
ဝိပဿနာနဲ့တွေ့ရတာ မဟုတ်ဘူး၊ ဒီတော့ ပိုနစ်နာတယ်။

၂။ တရားအားထုတ်ဖို့တော့မအားဘူး။မအားဘူးလို့ပြောကြတယ်။ သေချိန်ကျလာလို့ မသေချင်ဘူးလို့ပြောလို့ရတာမဟုတ်ဘူး။
မအားဘူးလို့ပြောလို့ရတာမဟုတ်ဘူး။

၃။ တရားအားထုတ်တယ်ဆိုတာ အားနဲ့မာန်နဲ့ ထုတ်ရတယ်။
မသေချာ မရေရာတဲ့အလုပ်တွေတောင်မှ ဟုတ်နိုးနိုး၊ တော်နိုးနိုးနဲ့
သက်စွန့်ဆံဖျား လုပ်နေရတာပဲ။ သေချာရေရာတဲ့အလုပ်
ဘာမလုပ်ရဲစရာရှိလဲ ဆင်းရဲတစ်ဘဝပေါ့။
တစ်ဘဝတောင်မှ ခဏလေးပါ။

၄။ ထိတိုင်း ထိတိုင်း သိနေပါစေ။
ကိလေသာ ကြားမခိုစေနဲ့။

၅။ တရားအားထုတ်တယ်ဆိုတာ ထမင်းစားသလိုပဲ။
မဆာလဲစား၊ ဆာလဲစား။
စားကောင်းလိမ့်မယ် ထင်ပေမယ့်
တကယ်စားတော့ မြိန်ချင်မှမြိန်တာ။
မကောင်းဘူးထင်လို့လဲ
တကယ်စားတော့ မြိန်ချင်မြိန်တာ။
ဒီတော့ မထုတ်ချင်လည်းထုတ်၊
ထုတ်ချင်လည်းထုတ်ပေါ့။

http://www.dhammadownload.com



၆။ ဝိပဿနာတရား အားထုတ်ရတာ အလွန်ကောင်းပါတယ်။
အဝတ်လဲပြောင်းစရာ မလိုဘူး။ ဂူလဲအောင်းစရာမလိုဘူး။
ပုထုဇဥ်စရိုက် မူပြောင်းဖို့လိုတယ်။

၇။ ကိုယ့်ခန္ဓာကိုယ်ရှု၊ သူများအပြစ်သွားရှုမနေနဲ့။
သူများအပြစ်သွားရှုနေတော့ အမှုပွေတာပေါ့။

၈။ မိမိခန္ဓာက ဖြစ်ပေါ်နေတဲ့ဝေဒနာကို သည်းခံရှုမှတ်နိုင်မှ
ပတ်ဝန်းကျင်ရဲ့ လောကဓံကိုလဲ ခံနိုင်ရည်ရှိမှာပဲ။

၉။ တရားအားထုတ်တဲ့အခါ ကိလေသာကြားမခိုအောင်
နှာသီးဝလေကို ထိတိုင်းသိနေပါစေ၊
ထိတဲ့ပေါ် သတိထား၊
သတိထားရင် တရားမြင်မယ်၊
သတိမထားရင် အမှားဝင်မယ်။

၁၀။ အရိယာသူတော်ကောင်းတို့ဆိုတာ ရုပ်ရယ်၊ နာမ်ရယ်၊ တရားရယ်
ဒီသုံးဦးနဲ့ပဲ အဖော်ပြုနေတာပါ၊ သူတို့မှာ ပျင်းတယ်မရှိပါဘူး။

၁၁။ လူသာစုခေါ်၊ နတ်သာစုခေါ်လောက်နဲ့ ကျေနပ်တင်းတိမ်
မနေကြနဲ့၊ ဘုရား ရဟန္တာ အရိယာသူတော်ကောင်းတွေ
ချီးမွမ်းတဲ့ထိ ဖြစ်ပါစေ။

၁၂။ ပထမတော့ တရားကို လူကဦးဆောင်တယ်။
နောက်တော့ တရားကလူကိုဦးဆောင်တယ်။
အဲဒီအချိန် လူက တရားနောက်လိုက်ဖို့လိုတယ်။

၁၃။ ခန္ဓာကတော့ သူ့တရားသူပြနေတာပဲ။ လောဘ၊ ဒေါသ၊ မောဟ
ဖုံးနေတော့ ဘာမှမသိလိုက်ရဘူး။

၁၄။ အားကိုးမမှားစေနဲ့၊ မိမိကိုယ်ကို အားကိုးရမယ်။

၁၅။ ဘာမဆို အတွင်းကအေးနေအောင်လုပ်ရတယ်။
အပြင်က ဘယ်လောက်ပူပူ အတွင်းကအေးနေတော့အေးတာပဲ။
အပြင်က ဘယ်လောက်အေးအေး အတွင်းကပူတော့ ပူတာပဲ။

၁၆။ တရားနှင့်အိပ်စက်ခြင်း၊ တရားနှင့်နိုးထခြင်း၊
တရားနှင့်မွေ့လျော်ခြင်း၊ ဒါ အပ္ပမာဒတရားပဲ။

၁၇။ လောကီချမ်းသာက တစ်ဘဝ တစ်နပ်စာ။
လောကုတ္တရာချမ်းသာမှ တစ်သံသရာလုံး အေးတာ။
တစ်ဘဝ တစ်နပ်စာ မလုပ်နဲ့၊ တစ်သံသရာစာလုပ်ကြ။

၁၈။ မကောင်းတာလုပ်တာသာ ကြောက်ရမှာ။
ကောင်းတာလုပ်တာ ကြောက်စရာမလိုဘူး။
မကောင်းတာတောင် ရဲရဲလုပ်ရဲရင်
ကောင်းတာလုပ်တာ ဘာမရဲစရာရှိသလဲ။

http://www.dhammadownload.com



၁၉။ မဟုတ်လည်းသည်းခံ၊ ဟုတ်လည်းသည်းခံရမှာပဲ။
ခံရမည့်အတူတူတော့ အခုတည်းက ခံလိုက်တော့
သံသရာ ပြတ်တာပေါ့။

၂၀။ လောဘ၊ ဒေါသ၊ မောဟကင်းအောင် ပြတ်အောင်လုပ်ကြ။
ဖြစ်အောင်လဲ မလုပ်နဲ့။ ပျက်အောင်လဲမလုပ်နဲ့။
ဖြစ်တာပျက်တာ အမြဲသိနေပါစေ။
ဖြစ်အောင်လုပ်တာက လောဘ၊
ပျက်အောင် လုပ်တာက ဒေါသ၊
ဖြစ်တာပျက်တာမသိတာက မောဟ။

၂၁။ စိတ်ကဖြတ်လို့ပြတ်တာမဟုတ်ဘူး၊
တရားကဖြတ်မှပြတ်တာ။ တရားရှိအောင် အားထုတ်ကြ၊
တရားရှိတော့ တရားကပဲဖြတ်ပေးတယ်။
ပြတ်ပေးတယ်၊ ပယ်ပေးတယ်။

၂၂။ အမြတ်က မရှုံးစေနဲ့။ အရှုံးကသာ မြတ်ပါစေ။
အကုသိုလ်က ကုသိုလ်ဖြစ်ပါစေ။
ကုသိုလ်က အကုသိုလ်မဖြစ်ပါစေနဲ့။

၂၃။ ပုထုဇဉ်တွေ မကောင်းတာလုပ်တာများ အဆန်းလုပ်မနေနဲ့။
အခုလဲ မကောင်းတာလုပ်နေသလို နောင်လည်း မကောင်းတာ
လုပ်နေဦးမှာပဲ။ သူတို့မကောင်းတာနဲ့ ကိုယ်နဲ့ဘာဆိုင်သလဲ။
ကိုယ့်တရားကိုယ် ရှုဖို့ပဲလိုတယ်။

၂၄။ ဘုရားစကားနားလည်အောင်လုပ်၊ ဘုရားစကားနားလည်ရင်
လောကစကားတွေအားလုံး နည်းလည်တယ်။

၂၅။ နိဗ္ဗာန် မဂ်ဖိုလ် ရလိုကြောင်းနဲ့ ဆုတောင်းခဲ့တာ များပြီး။
ဝိဇ္ဇာဉာဏ် မပါ၊ ဓမ္မတာတောင်းမို့
အာသြောင်းရုံပဲ မောဖတ်တင်မည်။
ဒါနပြုကာ အခါခါ တောင်းလဲ
ငါကောင်းချင်မှု ခုခံနေသည်။
ငါတစ်လုံးပယ်ကာ ကွယ်ကာပေးမှ
လွန်စွာမနှေး နိဗ္ဗာန်မြင်မည်။

http://www.dhammadownload.com



## အမြဲဆင်ခြင်နေရမယ့်တရားက အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ တရားသုံးပါးဖြစ်တယ်။

- ပျက်စီးတိုင်းလျှင် မပူပင်နှင့်
  မပျက်စီးကာ ခိုင်မြဲပါက ဘယ်မှာ အနိစ္စရှိမည်နည်း။
- ဆင်းရဲကြုံမှု မညည်းညူနှင့်
  ချမ်းသာချည်းသာ ကြုံနေပါက ဘယ်မှာ ဒုက္ခရှိမည်နည်း။
- လုပ်တိုင်းမဖြစ် စိတ်မညစ်နှင့်
  ကိုယ်လုပ်တိုင်းသာ ဖြစ်နေပါက ဘယ်မှာ အနတ္တရှိမည်နည်း။
- ပြောတိုင်းမရ ဒေါမထနှင့်
  ကိုယ်ပြောတိုင်းသာရနေပါက ဘယ်မှာ အနတ္တရှိမည်နည်း။
- ကြံတိုင်းမမြောက် စိတ်မဖောက်နှင့်
  ကိုယ်ကြံတိုင်းသာပြီးမြောက်ပါက ဘယ်မှာ အနတ္တရှိမည်နည်း။
- အာရုံဟူသမျှ မတောင့်တနှင့်
  အာရုံတိုင်းသာ တောင့်တပါက ဘယ်မှာလောဘဆုံးမည်နည်း။
- အရာရာမျိုး စိတ်မဆိုးနှင့်
  နေရာတိုင်းသာ စိတ်ဆိုးပါက ဘယ်မှာ ဒေါသဆုံးမည်နည်း။
- သိဉာဏ်မလိုက် သင်မမိုက်နှင့်
  သိဉာဏ်မရ မိုက်နေပါက ဘယ်မှာမောဟ ဆုံးမည်နည်း။
- ဗုဒ္ဓတရား မေ့မထားနှင့်
  ဆုံးမတိုင်းသာ ကျင့်ကြံပါက ဘယ်မှာ နိဗ္ဗာန်ဝေးမည်နည်း။

ဆရာတော်ဘုရားကြီး၏ ၂၀၀၀ ပြည့်နှစ် သာသနာခရီးတစ်ခုမှာ စာရေးသူ၏ နေအိမ်တွင်ဖြစ်ပါသည်။ (၁၁–၈–၂၀၀၀)တွင် ရန်ကုန်မြို့ အလုံမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် (၇၉)ရှိ စာရေးသူ၏ နေအိမ်သို့ ကြွရောက် သီတင်းသုံးစဉ်၊ နံနက်၊ နေ့လည်ပိုင်းတို့တွင် ဆုံးမသြဝါဒပေးတရား ချီးမြှင့်ပြီး ညပိုင်း ဆရာတော်တစ်ပါးတည်း ဘုရားခန်းတွင် အချိန်ကြာမြင့်စွာ သီတင်းသုံးနေလေ့ရှိသည်။ စာရေးသူ၏ သားငယ် မောင်ယဉ်ထွေးဆွေ က ဆရာတော်တစ်ပါးတည်း သီတင်းသုံးနေတဲ့အခါ နတ်တွေလာပူဇော်ကြတယ်လို့ ကြားဘူးပါတယ်ဘုရား၊ ဆရာတော် ညက ဘယ်သူတွေလာပါသလဲဘုရား၊ နတ်တွေလာပူဇော်လားဘုရားဟု လျှောက် ထားရာ ''အင်း အင်း'' ပူဇော်ချင်တဲ့ ပုဂ္ဂိုလ်တွေ ညအချိန် လူခြေတိတ်တော့ လာပူဇော်ကြတာပေါ့ဟု မိန့်ပါသည်။ ဆရာတော်ဘုရားကြီးသည် ဝိနည်း အလွန်လေးစားသော ပုဂ္ဂိုလ်ဖြစ်သော ကြောင့် မေးလျှောက်သော ကလေးကို ဗဟုသုတရစေရန် ဝိနည်းလဲလွတ် ဖြေကြားပါသည်။

ဆားတောင်ဆရာတော်ဘုရားကြီး စာရေးသူ၏နေအိမ်သို့ ထပ်မံ ကြွရောက် ချီးမြှင့်နေစဉ်ရက်များအတွင်း ၂၀၀၁ ခုနှစ်၊ ဧပြီလ (၂၈)ရက်နေ့တွင် ဆရာတော်မှာ မလှုပ်မယှက် ငြိမ်သက်ပြီး အချိန်အတော်ကြာ သွားသဖြင့် ဆရာတော် ဘယ်ကြွနေသလဲ ဘုရားဟု လျှောက်ထားရာ ဆရာတော်မှ မြောက်ကျွန်းသို့ ကြွနေကြောင်း၊ မြောက်ကျွန်းကဘယ်မှာ ရှိပါသလဲဘုရား။ ဘုရားတပည့်တော်များနေသည့်အရပ်နှင့်တူပါသလား ဟုလျှောက်ထားကြည့်ရာ မြောက်ကျွန်းက မြင့်မိုရ်တောင်ရဲ့မြောက်ဘက်မှာ ရှိကြောင်း၊ ဒီအရပ်ဒေသမှ လူများ၊ ပုဂ္ဂိုလ်များနှင့် ကွာခြားကြောင်း

http://www.dhammadownload.com



မိန့်ကြားပါသည်။ မြောက်ကျွန်းရှိ လူတို့သည် ဆန်တစ်အိုး ရှိပါက တစ်သက်လုံးစား၍မကုန်နိုင်ကြောင်း ထိုနေရာရှိ လူတို့သည် အားလုံး ချောကြောင်း၊ ဇောတိကသူဌေးကြီး၏ ဇနီးသည်လည်း မြောက်ကျွန်းသူဖြစ်ကြောင်း၊ ထိုနေရာသို့ ပင့်ဖိတ်မှသာ သွားရောက်ချီးမြှင့် ကြောင်း တို့ကိုလည်း မေးလျှောက်သဖြင့် မိန့်ကြားခဲ့ပါသည်။ ထိုစဉ်က ဆရာတော်ထံ လူသားမဟုတ်သည့် ပုဂ္ဂိုလ်များ မကြာခဏလာရောက် ဖူးမျှော်ကြကြောင်း၊ ဆရာတော်အား အကြိမ်ကြိမ် တောင်းပန် လျှောက်ထားခဲ့၍ သိခွင့်ရခဲ့ပါသည်။ ဆရာတော်မှ ဒီအကြောင်းများ မေး၍ မိန့်ခြင်းဖြစ်ကြောင်း မပြောကြားရန်မှာခဲ့၍ တစ်ဆင့် မပြောကြားနိုင်ခဲ့ပါ။ ယခု ၂၀၀၅ ခုနှစ်၊ ဇွန်လ စာရေးသူ၏ (မာလာဂနိုင် ဟေမာမြိုင်) အိမ်သို့ ဆေးဝါး ကုသရန် ဆရာတော် ရောက်ရှိသီတင်းသုံးစဉ်တွင်မှ ရေးသားခွင့်ပြုရန် လျှောက်ထားခဲ့ရာ ယခုတစ်ကြိမ် တွင်မှ ခွင့်ပြုခဲ့၍ ရေးသား ဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။

## ပရိဘောဂစေတီ တည်ထားကိုးကွယ်ခြင်း

ဆရာတော်ဘုရားကြီးသည် စာရေးသူ၏သားလတ် မောင်ကျော်ဆွေ လျှောက်ထားသဖြင့် ပရိဘောဂစေတီတည်ခွင့်နှင့်ကျောင်းဆောက်လုပ်လှူခွင့် မိန့်ခဲ့ ပါသည်။

စေတီ (၄)မျိုးရှိပါသည်။ စေတီဆိုသည်မှာ စေတိယ မှဆင်းသက်လာ ပြီး လူ နတ် ဗြဟ္မာ သတ္တဝါတို့ လေးမြတ်ပူဇော်အပ်သောအရာ၊ အုတ်၊ ကျောက် စသည်တို့ဖြင့် မြင့်မြင့်မောက်မောက် တည်ဆောက်ပြုလုပ်ထားသောအရာကို စေတီ ဟူ၍ ခေါ်ဆိုပါသည်။

စေတီ (၄)မျိုးမှာ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿ စေတီ ဟူ၍ ရှိရာ ပရိဘောဂစေတီဟူသည် မြတ်စွာဘုရားရှင်၊ ရဟန္တာများ၏ အသုံးအဆောင်ဖြစ်သော ရေစစ်၊ ခါးပန်းကြိုး၊ သင်္ကန်း၊ သပိတ် စသည်လည်း ကောင်း ထိုပစ္စည်းများကို ထည့်သွင်းဌာပနာ၍ တည်ထားအပ်သော စေတီ သည်လည်းကောင်း၊ ဘုရာရှင်၏ သဗ္ဗညုတဉာဏ်ရရှိရာ ဗောဓိပင်သည် လည်းကောင်း၊ ပရိဘောဂစေတီမည်။ စေတီထိုက်သော အသုံးအဆောင်များ ဟု ဆိုလိုပေသည်။ (A Dictionary of Buddhist Terms မှ)

ဆရာတော်ဘုရားကြီး ပရိဘောဂစေတီအတွက် ဆရာတော်ဘုရား ၏ သုံးဆောင်တော်မူသော ပရိက္ခရာ ရှစ်ပါး၊ ဓါတ်တော်ကျနေသော ဆံတော် များ၊ တောင်ဝှေးတော်ကို ဒါယကာ ကိုကျော်ဆွေအား ချီးမြှင့်ပြီး (၄-၆-၂၀၀၀) ရက်နေ့တွင် စေတီတော်ထီးတော်တင်ပွဲနှင့် ထိ-သိ-သတိ ကျောင်းဆောက်လုပ် လှူဒါန်း ရေစက်ချပွဲတို့နှင့် ဆရာတော်ဘုရားကြီးအား သိက္ခာထပ်ပွဲ (ရန်ကုန်ရှိ ဆရာတော် ဝေနေယျများ)ကို ပဲခူးတိုင်း၊ ညောင်အင်းကျေးရွာတွင် ကျင်းပ ခဲ့ပါသည်။

ဆရာတော်ဘုရားကြီး ထိ-သိ-သတိ ညောင်အင်းကျောင်းတွင် သီတင်း သုံးတော်မူစဉ် စာရေးသူ၏ သားလတ် ကိုကျော်ဆွေ၊ သားငယ် ကိုယဉ်ထွေးဆွေ ပဉ္စင်းခံ၍ သမီးငယ် မနုနုဆွေ နှင့် ဆရာတော်ဘုရားကြီး၏တပည့်သာဝက ဒေါ်သိုညိုလွင်တို့က သီလရှင်ဝတ်ကာ ပဋိပတ်ကျင့်ကြံအားထုတ်ခြင်းနှင့် ဆရာတော်ဘုရား၏ ဝေယျာဝစ္စဒါနကုသိုလ်ကို ဆောင်ရွက်ခဲ့ကြပါသည်။

ဆရာတော်ဘုရားကြီးသည် ထိ-သိ-သတိ ကျောင်းတွင် သီတင်းသုံး နေစဉ် ရွာသူရွာသားများ၊ ဦးပဉ္စင်းများ၊ ဆရာလေးများနှင့် ဆရာတော် ဝေနေယျများအား တရားချီးမြှင့်ပါသည်။ ထိုတရားများ ချီးမြှင့်ပေးခဲ့သည့် အထဲမှ တရားတစ်ပုဒ်ကို တင်ပြလိုက်ပါသည်။

ခုနက သင်္ကန်းလှူလိုက်တာ ဘာလိုချင်လို့ လှူတာတုံး။ (နိဗ္ဗာန်ကိုပါဘုရား)

နိဗ္ဗာန်က ဘယ်ဟာတုံး၊ အဖြူ အနီ၊ အကြောင်အကြား၊ အချွန်အတက် ကြီးနဲ့လား၊ ဘုံနန်းပြဿဒ်ကြီးနဲ့လား။

http://www.dhammadownload.com



(မဟုတ်ပါဘုရား)

ဘယ်ဟာခေါ်တုံး၊ နိဗ္ဗာန်၊ နိဗ္ဗာန်ကိုလိုချင်လို့လျှုတာ အဖြူ အနီ၊ အကြောင် အကြား၊ အချွန်အတက်ကြီးနဲ့ လားဆိုတော့ ဒီလိုလည်းမဟုတ်ဘူး၊ ဘာမှမရှိရာ၊ ဘာမှမဖြစ်ရာ နိဗ္ဗာန်ကိုလိုချင်လို့လျှုတာ၊ နိဗ္ဗာန်၊ နိဗ္ဗာန်နဲ့ ဘာမှ မရှိဘူးဆိုတော့ မလိုချင်ကြဘူး၊ အဲဒီတော့ တရုတ်ကြီးပြောသလိုဘဲ ခေါက်ဆွဲ တောင်မှ မစားရတဲ့ဥစ္စာ ဘာလုပ်မှာလဲတဲ့ ဒီသဘောမျိုး အာရုံပြုကြတယ်။

အဲဒီတော့ နိဗ္ဗာန်ကို လိုချင်လို့ရှိရင် ဒါနပြုတတ်အောင် ပြုရမယ်။

**''ဒါန လျှုမှုမပြုလည်းခက်ပြန်၊ သူများအတု ပြုရင်လည်းခက်ပြန်၊**
**ပြုခဲ့၊ မပြုခဲ့ နှစ်ဘက်နှစ်တန်၊ ပဒိုင်းသီးစား သေ၊ မစားသေဟန်၊**
**ဝိဇ္ဇာဉာဏ်ရေစိမ်ပြုမှ၊ ပဒိုင်းယဉ်လို ဒါနပို့သနိဗ္ဗာန်**
**ပဒိုင်းရိုင်းလို ဒါနလေးနဲ့ ဗိသသလေး အမွှေးပေါက်တောင်**
**မရောက်ဘူး စောက်ရှူး မင်းနိဗ္ဗာန်'' ... တဲ့ နော်။**

ဝိဇ္ဇာဉာဏ်လေးနဲ့ လျှုရတယ်တဲ့၊ ဝိဇ္ဇာဉာဏ် ဘယ်ကရတုံး။ (ခန္ဓာကပါ ဘုရား) ဝိဇ္ဇာဉာဏ် ခန္ဓာကနေပြီး တော့ ရုပ်၊ နာမ် (၂)ပါး မြင်အောင်ကြည့်ရမယ်။ဝိဇ္ဇာဉာဏ်ဆိုတာ ဘယ်ဟာခေါ်တုံး။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာကြီး (၃)ပါး၊ ဝိဇ္ဇာဉာဏ် နော်

ဒါန လျှုမှု မပြုရင်လည်းခက်ပြန်၊ သူများအတု ပြုရင်လည်း ခက်ပြန်၊ သူများ အတုပြုရင်တော့ခက်တယ်၊ ပြုခဲ့ မပြုခဲ့ နှစ်ဘက်နှစ်တန် ပြုရင်လည်း ခက်တယ်၊ မပြုဘဲနေပြန်တော့လည်း ခက်တယ်တဲ့၊ အဲဒီနှစ်ဘက်နှစ်တန် ပဒိုင်းသီး စားသေ မစားသေဟန်၊ ပဒိုင်းသီး စားရင်လည်းရူးသေမယ်၊ မစားဘဲ နေပြန်တော့လည်း ငတ်သေမယ်၊ စားပြန်တော့လည်း ရူးသေမယ်၊ မူးသေမယ် နော် အဲဒီတော့ ဘယ်လို လုပ်စားမတုန်း။ ပဒိုင်းယဉ်လိုဖြစ်အောင် ပြုတ်ရမယ်၊ ရေစိမ်ရမယ်၊ အဲဒီတော့ ပဒိုင်းယဉ်လိုဖြစ်တဲ့အခါကျတော့ ရူးလည်း မရူး တော့ဘူး၊ မူးလည်း မမူးတော့ဘူး၊ စားလို့လည်းကောင်းတယ်နော် ပဒိုင်းယဉ် ဖြစ်အောင် ပြုလုပ်ပြီးတော့ ဝိဇ္ဇာဉာဏ်လေးနဲ့ ယခုလိုပဲ ဒါနပြုတဲ့အခါလည်း ဝိဇ္ဇာဉာဏ်လေးနဲ့ လျှုရမယ်၊ ဝိဇ္ဇာဉာဏ်ဆိုတာ ဘယ်ဟာတုံး၊ အနိစ္စ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာကြီး(၃)ပါး မြင်ပြီးတော့ လျှုရမယ်။

အလှူခံပုဂ္ဂိုလ်လည်းမမြဲဘူးနော်၊ မြဲမလား၊ ဘယ်လိုမမြဲသလဲ၊ လောကမျက်မြင်အားဖြင့် ကြည့်လိုက်စမ်းပါ၊ ဟိုခုံပေါ်မှာ ထိုင်ပြီးတော့ အလှူခံ နေတယ်၊ တရားဟောပြသဆိုဆုံးမနေတယ်။ အဲဒီတော့ ခုံပေါ်ကအရှင်ဘုရား ဘယ်မှ မကြွဘဲနဲ့သီတင်း သုံးပြီးတော့ အမြဲနေပါဆိုတော့ နေနိုင်ပါမလား၊ မနေနိုင်တာ ဘာကြောင့်တုန်း၊ (အနိစ္စပါဘုရား)။ မမြဲလို့-မမြဲလို့ အနိစ္စ။

အလှူခံပုဂ္ဂိုလ်မမြဲဘူးနော်၊ အလှူပေးပုဂ္ဂိုလ်ရောမြဲသလား၊ ဘယ်လို မမြဲသလဲ။ လောကအနေအားဖြင့် မျက်မြင် အားဖြင့်စဉ်းစား ဝေဖန်ကြည့်ရင် သိလောက်ပါတယ်။

အမိန့်ရှိနေစရာတော့ တယ်မလိုပါဘူး၊ ဘယ်လိုမမြဲသလဲ၊ အခုထိုင်ပြီး တော့ တရားနားထောင်နေတယ်၊ တရားနာတာ မဟုတ်သေးဘူးနော်၊ တရား နာတာက ဘယ်ဟာတုံး၊ ယခုပြောဟောနေတာကို နားထောင်တာက တရားနား ထောင်တာနော် တရားနာတာကခန္ဓာတွင်စိုက်ပြီးတော့ ရှုနေတာ၊ ဝေဒနာတွေ သည်းခံပြီး ရှုနေတာဟာ တရားနာတာ၊ တရားသဖြင့်နာ နေတာ၊ အဲဒါမှ တရားနာတာ အဲဒီတော့ အလှူခံပုဂ္ဂိုလ်မမြဲဘူး၊ အလှူပေး ပုဂ္ဂိုလ်မမြဲဘူး၊ ဘယ်လိုမမြဲသလဲ၊ ယခုအခါမှာ တရားနားထောင်နေတယ်၊ ထိုင်ပြီးတော့ အဲဒီလိုဘဲ နားထောင်နေပါ၊ အမြဲတမ်းထိုင်ပြီး တော့ဘယ်မှ မသွားဘဲနဲ့ နေပါဆိုတော့နေနိုင်ပါ့မလား၊ (မနေနိုင်ပါဘုရား) မနေနိုင်တာ ဘာကြောင့်တုန်း (မမြဲလို့) မြဲရင်ဒီလို နေမှာပေါ့နော်၊ မကောင်းတာလုပ်တာလား၊ ကောင်းတာလုပ် တာလား။ ကောင်းတာလုပ်တာ၊

http://www.dhammadownload.com



အမြဲတမ်းဒီလိုနေဖို့ပေါ့နော်၊ မနေနိုင်တာက ဘာကြောင့်တုန်း မမြဲလို့။ အလျှပေး ပုဂ္ဂိုလ်မမြဲဘူး–အနိစ္စ။ အလျှခံပုဂ္ဂိုလ်၊ အလျှခံရတာ ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်)၊ ဘာကြောင့် ဆင်းရဲတာတုံး၊ ပစ္စည်းတွေရနေသားနဲ့ (မမြဲလို့ပါ ဘုရား)။

မမြဲတာက (အနိစ္စ)၊ ဆင်းရဲတာက (ဒုက္ခ)။

အလျှခံပုဂ္ဂိုလ် အစိုးမရဘူး၊ ဘာကြောင့်အစိုးမရတာတုန်း၊ ကိုယ်ဖြစ် ချင်သလို မဖြစ်လို့နော်။

ဖြစ်စေချင်တာက ဘယ်လိုဖြစ်စေချင်တုန်း။ ညောင်အင်းက ရွာသူ၊ ရွာသားတွေ အကုန်လုံး တရားအားထုတ်ပြီးတော့ အနည်းဆုံး၊ အောက်ထစ် တစ်မဂ်၊ တစ်ဖိုလ် ရစေချင်တယ်၊ ဖြစ်စေချင်တယ်၊ ဖြစ်နိုင်ပါ့မလား။ ကြိုးစား အားထုတ်ဖို့ သာရှိတယ်၊ မဖြစ်နိုင်ဘူးနော်၊ မဖြစ်နိုင်တာ ဘာကြောင့် မဖြစ်နိုင်တာတုန်း–

လောကပစ္စည်းရှာရတာကတစ်ကြောင်း အလုပ်လုပ်ဖို့၊ တရားအား ထုတ်ဖို့ဆိုတာ ပျင်းတာက တစ်ကြောင်း၊ အဲဒီအတွက်ကြောင့် မဖြစ်နိုင်ဘူး တဲ့နော်၊ အဲဒါကြိုးစားအားထုတ်ရမယ်၊ ဖြစ်နိုင် အောင်လုပ်ရမယ်နော်၊ ကြိုးစားအားထုတ်မှ အပါယ်လေးပါး လွတ်မယ်။ အဲဒီတော့ မဖြစ်နိုင်တော့ အလျှခံပုဂ္ဂိုလ်ရဲ့ အလိုပြည့်သလား၊ (မပြည့်ပါဘုရား) ၊ မပြည့်တော့ အစိုး မရဘူး (အနတ္တ)။ အလျှပေးပုဂ္ဂိုလ်ရော အစိုးရရဲ့လား၊ ဘာကြောင့် အစိုးမရ တာတုန်း၊ ကိုယ်ဖြစ်ချင်သလို မဖြစ်လို့နော်၊ ဖြစ်ချင်တာက ဘယ်လို ဖြစ်ချင်တာတုန်း၊ လောက အနေနဲ့ ပစ္စည်းဥစ္စာပေါချင်တယ်၊ ချမ်းသာချင်တယ်၊ သံသရာအနေနဲ့၊ ခန္ဓာနဲ့ ပတ်သက်ပြီး သကာလ နိဗ္ဗာန်ကိုရောက်ချင်တယ်။ ရောက်ပါ့မလား၊ ရပါ့မလား။ မရောက်သေးဘူး၊ မရသေးဘူးနော်။ ရောက်စေတတ်တဲ့ အလုပ်ကို လုပ်မှသာလျှင် ရနိုင်တယ်၊ ရောက်နိုင်တယ်နော် အဲလိုရောက် အောင်လည်း ကြိုးစားရမယ်။

ဒါနံ သဂ္ဂသောပါနံ၊ ဒါနံ ပါထေယျ မုတ္တမံ၊
ဒါနံ ဥဇုကတံ မဂ္ဂံ၊ ဒါနံမောက္ခပဒံ၊ ဝရံ။

ဒါနသတ္တိကတော့ အခက်အလက်ဝေဖြာ၊
သီလ၊ သတ္တိကတော့ အသက်ရှည်ရှိုသာ၊
သမထ သတ္တိကတော့ အထက်နတ်ပြည်ဗြဟ္မာ
မဂ်အခြေမပါလျှင် ဟန်ပါဝါ၊ မကြီးကြပါနဲ့
ရှာန်သမာဓိနဲ့ မပြတ်မနေသာ
ဘယ်ကိုများစံမြန်း တန်းလန်းကြိုးသွယ်ကာဆိုတဲ့
ငြီးငယ်စရာ အပါယ်စွဲဟာမို့
တကယ်လည်း မမြတ်လှသည့် သာလျှင်တည်း။
(သာဓု၊ သာဓု၊ သာဓု ပါဘုရား။)

ပစ္စည်းပေါချင်လျှင် ဒါနပြုကြနော် အဲဘယ်လိုပြုရမလဲ၊ ကျုပ်ကို လှူပါလို့ ပြောတာမဟုတ်ဘူး၊ ကိုယ်စေတနာရှိရာလှူပါ၊ အဲဒါနပြုလို့ ရှိရင်တော့ ပစ္စည်းပေါဖို့ပဲ။

ဒါနသတ္တိကတော့ အခက်အလက်ဝေဖြာ ပစ္စည်းပေါဖို့ပဲ၊
သီလသတ္တိကတော့ အသက်ရှည်ရှိုသာ၊
အသက်ရှည်ချင်ရင်သီလဆောက်တည်ပါ၊ လုံအောင်ထိန်းသိမ်းပါ၊
သီလသတ္တိကတော့ အသက်ရှည်ရှိုသာ၊
သမထ သတ္တိကတော့ အထက်နတ်ပြည်ဗြဟ္မာ၊
ဗြဟ္မာပြည်ရောက်ချင်ရင် သမထကိုလုပ်ပါ။ ဒါပေသော်လည်း စိတ်မချရ သေးဘူး၊ အဲဒီတော့ ဗြဟ္မာဖြစ်

http://www.dhammadownload.com



အောင်ဆိုတော့ ဗြဟ္မာဖြစ်ရင် မာနကြီးပြီး သကာလ ဗြဟ္မာပြည် တဝင်းဝင်း ဝက်စားကျင်းတရှုပ်ရှုပ်တဲ့ ဝက်ကြီး ဖြစ်တတ် တယ်နော်၊ စိတ်မချရဘူး။

ဒါနသတ္တိကတော့ အခက်အလက်ဝေဖြာ၊ သီလသတ္တိကတော့ အသက် ရှည်ရုံသာ၊ သမထသတ္တိကတော့ အထက်ပြည် ဗြဟ္မာ၊ မင်္ဂအခြေမပါရင် ဟန် ပါဝါမကြီးကြပါနဲ့ ရှာန်သမာဓိနဲ့ မပြတ်မနေသာ ဘယ်ကိုများစံမြန်း တန်းလန်း ကြိုးသွယ်ကာဆိုတဲ့ ငြိုးငယ်စရာအပါယ်စွဲဟာမို့ တကယ်လည်း မမြတ်လှ သည်သာလျှင်တည်း (သာဓု၊ သာဓု၊ သာဓု)ပါဘုရား။ ဝိပဿနာဉာဏ်မှ အပါယ်လေးပါးလွတ်ပြီးတော့ နိဗ္ဗာန်ကို ရနိုင်တယ်တဲ့နော်၊ အဲဒီတော့ အပါယ် လေးပါး လွတ်အောင်ကြိုးစားအားထုတ်ရမယ် ဝိပဿနာဉာဏ်ရအောင် လုပ်ကြရမယ်တဲ့နော်၊ အဲဒီတော့ ရုပ်၊ နာမ်နှစ်ပါး သိပလား။ ရုပ်၊ နာမ်နှစ်ပါး ဆိုတာဟာ နှာသီးဖျား စိတ်ကလေးထားပြီးတော့ ဝင်လာတဲ့လေ ထိတာသိ၊ ထွက်သွားတဲ့လေ ထိတာသိ၊ ထိ သိ သတိနဲ့ ရှုနေတယ်နော်။

နှာသီးဝတည်းဟူသော ကာယတံခါးကိုရှုသောကြောင့် ကာယ နုပဿနာ သတိပဋ္ဌာန်တဲ့၊ ဝင်လေလေးသည် ဘာတုံး (ရုပ်တရား) ထွက်လေ လေးသည် (ရုပ်တရား) နှာသီးဝသည် (ရုပ်တရားတဲ့) ရုပ်ကို အသံက တိုက်ထိ တော့ ဘယ်သူကသိတုန်း (နာမ်ကသိတယ်) ဟော ရုပ်၊ နာမ် နှစ်ပါး ပါပဲ၊ ရုပ်၊ နာမ် (၂)ပါး သိအောင် လုပ်ပါ။ ခန္ဓာ (၅)ပါးရောသိပလား။

ရူပက္ခန္ဓာ ဇာတိက ရူပက္ခန္ဓာ

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ

**ရူပက္ခန္ဓာ** ရုပ်တရားက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဒါရုပ် တရားနော် သူက ဖောက်ပြန်ပျက်စီးနေတယ်၊ ရုပ်တရား။

**ဝေဒနာက္ခန္ဓာ** (ခံစားမှု)၊ မကောင်းတာလဲ ခံစားလိုက်တာပဲ၊ ကောင်းတာလဲ ခံစားလိုက်တာပဲနော် အဲဒါကို ဝေဒနာက္ခန္ဓာ။

**သညာက္ခန္ဓာ** မှတ်သားမှု ဘာတွေမှတ်သားနေတုန်း၊ ဘာဖြစ်ဖြစ်တော့ လိုက်ပြီး မှတ်သားနေတာပဲ၊ နော် အဲဒါ မှတ်သားမှုဟာ သညာက္ခန္ဓာ။

**သင်္ခါရက္ခန္ဓာ** သင်္ခါရလေးတွေ ပြုပြင်ပြောင်းလွဲပျက်စီးနေတာ သင်္ခါရက္ခန္ဓာ။

**ဝိညာဏက္ခန္ဓာ** သိမှုတရား နော် ဘာဖြစ်ဖြစ်လိုက်သိနေတယ်၊ မကောင်းတာ သိလို့ ရှိရင်တော့ နောက်ဆုတ်ရမယ်၊ ပယ်ရမယ်။ ကောင်းတာ သိလို့ရှိရင်တော့ တိုးလုပ် ရမယ်၊ အဲဒီ ခန္ဓာ(၅)ပါး ရုပ်နာမ် (၂)ပါးလည်းသိပြီး၊ ခန္ဓာ(၅)ပါး လည်းသိပြီနော်၊ အဲဒါ အာယတန(၁၂)ပါး၊ ဓါတ် (၁၈)ပါး နော် တဲ့၊ အဲဒီ ဓါတ် (၁၈)ပါး၊ ရုပ်နာမ် (၂)ပါးက စပြီးတော့ ခန္ဓာ (၅)ပါး၊ ခန္ဓာ (၅)ပါး ကနေပြီးတော့ အာယတန(၁၂)ပါး နော်၊ အာယတန (၁၂)ပါး ဆိုတာ သိပလား၊

စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာယာယတန၊ မနာယတန အာယတန(၆)ပါး။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဆိုတဲ့ အာရုံက (၆)ပါး ပေါင်းလိုက်တော့ အာယတန(၁၂)ပါး နော်၊ စက္ခုဆိုတာ ရုပ်တရား၊ ရူပါရုံဆိုတာ ရုပ်တရား၊ ရုပ်ကို အသံက တိုက်ထိတော့ ဘယ်သူက သိတုန်း နာမ်ကသိတယ်၊ ရုပ်၊ နာမ် (၂)ပါးပေါ်လာပြီ နော် အဲဒီတော့ စက္ခုကရော မြဲသလား၊ ဘယ်လို မမြဲသလဲ၊ မြင်လိုက်ရင် ပျောက်သွားတယ်နော်၊ အမြဲတမ်း မြင်မနေနိုင်ဘူး၊ ပျောက်သွားတယ်ဆိုတာက အနိစ္စ၊ ပျက်စီးနေတယ်နော်၊ ရူပါရုံဆိုတာဘာလဲ ရုပ်၊ သူလဲမမြဲဘူး၊ အဲဒီတော့ စက္ခုကလဲ မမြဲဘူး၊ ရူပါရုံ ကလည်း မမြဲဘူး၊ အနိစ္စ။

အဲဒီတော့ မြင်တယ်၊ သိတယ်နော် ရုပ်၊ နာမ် (၂)ပါး၊ နာမ်လည်း မြဲသလား၊ မမြဲဘူး၊ ရုပ်၊ နာမ် (၂)ပါး မမြဲတဲ့ သဘောတရား အနိစ္စ၊ ဒါထင်မြင် အောင်ရှုရမယ်။ သဒ္ဒ အသံကလည်း ရုပ်၊ နားကလည်း ရုပ်၊ ရုပ်ကို အသံက

http://www.dhammadownload.com



တိုက်ထိတော့ ဘယ်သူက သိတုံး (နာမ်ကသိတယ်) ဤ ရုပ်၊ နာမ် (၂)ပါး မြဲမလား၊ (မမြဲဘူး)၊ အနိစ္စသဘောကို မြင်အောင်ကြည့်ပါနော်၊ သာယာနေရင် တဏှာ၊ မသာယာတော့ ဒေါသ၊ အရေးမလုပ်တော့ မောဟ ဖုံးသွားပြီ လောဘ၊ ဒေါသ၊ မောဟ ကတော့ မကင်းနိုင်ကြဘူး၊ ကင်းရာရောက်အောင် လက္ခဏာ တင်ပြီးရှုပါ။

အနိစ္စလို့ မြင်လိုက်ရင် လိုချင်တဲ့လောဘ ရှိသေးလား၊ (မရှိပါဘုရား) ဒေါသဖြစ်သေးလား (မဖြစ်ပါဘုရား) မောဟဖုံးသေးလား (မဖုံးပါဘုရား) လောဘ၊ ဒေါသ၊ မောဟ ကင်းငြိမ်းရာနိဗ္ဗာန်နော်၊ ဒုက္ခသဘာဝ သဘော တရားကို မြင်လိုက်တဲ့အခါ၊ ရှုလိုက်တဲ့အခါ လိုချင်တဲ့ လောဘရှိသေးလား၊ (မရှိပါဘုရား) ဒေါသ ဖြစ်သေးလား၊ (မဖြစ်ပါဘုရား) မောဟ ဖုံးသေးလား၊ (မဖုံးပါဘုရား) လောဘ၊ ဒေါသ၊ မောဟ ကင်းငြိမ်းရာ နိဗ္ဗာန်နော်၊ အနတ္တကို မြင်လိုက်တဲ့အခါ လိုချင်တဲ့ လောဘရှိသေးလား၊ (မရှိပါဘုရား)၊ ဒေါသ ဖြစ်သေးလား (မဖြစ်ပါဘုရား)၊ မောဟ ဖုံးသေးလား (မဖုံးပါဘုရား) လောဘ၊ ဒေါသ၊ မောဟ ကင်းငြိမ်းရာ နိဗ္ဗာန်နော်။။

အဲဒီ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကြိုးစားရမယ်၊ စက္ခု၊ သောတ၊ ဃာန၊ နှာခေါင်း ဆိုတာ ရုပ်တရား၊ အနံ့ဆိုတာလဲ ရုပ်တရား၊ ရုပ်ကို အနံ့က တိုက်ထိတော့ ဘယ်သူက သိတုံး၊ နာမ်ကသိတယ်၊ ရုပ် နာမ် (၂)ပါးက မြဲမလား၊ မမြဲတော့ အနိစ္စ။ ရုပ် နာမ် (၂)ပါး ရသည့်နေ့ကစပြီး ဆင်းရဲသလား၊ ချမ်းသာသလား၊ (ဆင်းရဲပါ တယ်ဘုရား) ဆင်းရဲတော့ ဒုက္ခ၊ ရုပ် နာမ် (၂)ပါး ရသည့်နေ့ကစပြီး အစိုးရရဲ့လား၊ (အစိုးမရပါဘုရား) အစိုးမရတော့ အနတ္တ၊ ဤ လက္ခဏာ ပိုင်ပိုင်ကြီး မြင်အောင် ကြည့်ပါ။ နိဗ္ဗာန် မျက်မှောက်ပြုရာ ရောက်ပါတယ်နော်၊

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ လျှာ အရသာ နောက် လျှာနဲ့ ရသာရုံ တိုက်ထိတဲ့ အခါကျတော့ ဘယ်သူက သွား သိတုန်း၊ စိတ်ကလေးက သိတယ်၊ နာမ်တရား ကသိတယ်၊  ရုပ် နာမ် (၂)ပါး၊ ဒီ ရုပ် နာမ် (၂)ပါး မြဲမလား (မမြဲပါ ဘုရား)၊ ကောင်းတာလေး စားလိုက်ရတော့ ကောင်းလိုက်တာ၊ ကောင်းလိုက် တာ၊ သာယာတယ်နော်၊ လောဘတဏှာ၊ မကောင်းတာ စားရတော့ ဒေါသဖြစ် တယ်၊ ဒေါသ တဏှာ၊ အရေးမလုပ်ပြန်တော့လည်း မောဟ ဖုံးသွားပြန်ပြီ မောဟတဏှာနော်၊ အဲဒီတဏှာက ဘယ်မှ မလွတ်နိုင်ဘူး၊ လွတ်အောင် ဘယ်လို လုပ်ရမလဲ၊ လက္ခဏာတင်ပေါ့၊ လက္ခဏာတင် ပေးပါ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ မြင်ပေးလိုက်ရင် မောဟငြိမ်းနိုင်ပါတယ်တဲ့နော်၊ စိတ်ကကြံစည်တာက ကောင်းတာကြံစည်တော့ ကောင်းတဲ့သဘောလေး ပေါ်တယ်၊ မကောင်းတာ ကြံစည်တော့ မကောင်းတဲ့ သဘောဖြစ်ပေါ် လာတယ်နော်၊ ဒါလည်း ရုပ်ကို အခံတိုက်ထိတဲ့ သဘောမျိုး၊ သိတဲ့ စိတ်ကလေးလည်း ပေါ်တယ်၊ ရုပ် နာမ် (၂)ပါးပဲ၊ ဒီရုပ် နာမ် (၂)ပါး မြဲသလား၊ မမြဲဘူး၊ မမြဲတော့ အနိစ္စနော်၊ ရုပ် နာမ် (၂)ပါးရသည့်နေ့ကစပြီး ဆင်းရဲသလား၊ ချမ်းသာသလား၊ (ဆင်းရဲ ပါတယ်) ဆင်းရဲတော့ ဒုက္ခ၊ ရုပ် နာမ် (၂)ပါး ရသည့် နေ့က စပြီးတော့ အစိုးရ ရဲ့လား (အစိုးမရပါဘုရား) အစိုးမရတော့ အနတ္တ၊ ဒီလက္ခဏာ ပိုင်ပိုင်ကြီး မြင်အောင် ကြည့်ပါနော်။

အဲဒီတော့ ရှုမှတ်တဲ့ အတွက်ကတော့ ကာယနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ စိတ္တာ နုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဆိုတဲ့ သတိပဋ္ဌာန်တရား (၄)ပါး ပြည့်စုံပါတယ်တဲ့နော်၊ ဒါကို ရှုရမယ်။ ဘယ်ကစရှုရ မတုံး၊ အာနာပါနသတိပဋ္ဌာန်က စပြီးတော့ဝင်လာတဲ့ လေလေး သည် ရုပ်တရား၊ ထွက်သွားတဲ့ လေလေးသည် ရုပ်တရား၊ ရုပ် အသံက တိုက်မိတော့  ဘယ်သူကသိတုံး(နာမ်ကသိတယ်) ဒါ ရုပ်၊ နာမ် (၂)ပါးပဲနော် အဲဒီတော့ နှာသီးဝတည်းဟူသော ကာယတံခါးကို ထိအောင်ကြည့်၊ ကာယ နုပဿနာ သတိပဋ္ဌာန် တဲ့၊ ဝင်လေ ထွက်လေလေးသည် (ဝင်လိုက်၊ ထွက်လိုက်) (ဝင်လိုက်၊ ထွက်လိုက်)နဲ့ ခံစားနေရသောကြောင့် ဝေဒနာ၊ ဝေဒနာရှုသော ကြောင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ်ကလေးသည် ဘယ်မှ မပြေးရ အောင် ဒီ ရုပ်ခန္ဓာပေါ် တည်နေအောင် ပြုလုပ်နေရသောကြောင့် စိတ္တာ နုပဿနာ သတိပဋ္ဌာန်၊ အဲဒီတော့ ဝင်လေ၊ ထွက်လေ ကလေးသည် မဝင်ပါနဲ့ ဆိုတော့ ရရဲ့လား၊ မထွက်ပါနဲ့ ဆိုတော့ရော သူ့သဘောအတိုင်း ဖြစ်နေသော ကြောင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊ သူကလည်း သတိပဋ္ဌာန်တရား (၄)ပါးနဲ့ ပြည့်စုံ ပါတယ်တဲ့၊ ဒီလိုရှုနေတော့လည်း ရှုပါများတော့ ဝိပဿနာဉာဏ် ပေါ်လာနိုင်တယ်၊

http://www.dhammadownload.com



အားထုတ်ကြပါလို့ တိုက်တွန်း နှိုးဆော်ပါတယ်။

ဒီမှတဖန် ဆရာနဲ့အားထုတ်တော့ ဆရာကနေပြီးတော့ အရှုကိုရပ်၊ ခန္ဓာကိုစိုက်၊ အဲဒီတော့ ကာယကို ရှုတော့လို့ ခိုင်းလိုက်တာပဲ၊ ကာယကိုရှုတော့ ကာယနုပဿနာ သတိပဋ္ဌာန်၊ နာကျင်ကိုက်ခဲတဲ့ ဝေဒနာတွေလာတော့ ဝေဒနာကို ရှုသောကြောင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန် စိတ်ကလေးသည် ရုပ်ခန္ဓာပေါ် တည်ငြိမ်အောင် ပြုလုပ်နေရသောကြောင့် စိတ္တာနုပဿနာ သတိပဋ္ဌာန်။ ဝေဒနာသည် (နာလှည့်ပါ) (နာလှည့်ပါ) ကိုယ်ကခိုင်းသလား၊ (မခိုင်းပါဘုရား)၊ မနာပါနဲ့ဆိုရော ရမလား၊ (မရပါဘုရား) အဲ သူ့သဘောအတိုင်း သူဖြစ်နေသောကြောင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တဲ့၊ နော် သတိပဋ္ဌာန်တရား (၄)ပါးနဲ့ ပြည့်စုံ ပါတယ်တဲ့ နော်၊ ကြိုးစားပြီးတော့ အားထုတ်ကြပါ။

ဒီလမ်းစဉ်အတိုင်း မပြတ်မလပ် အားထုတ်လို့ရှိရင် အပါယ်လေးပါး လွတ်နိုင်ပါတယ်တဲ့၊ အပါယ်လေးပါး မကြောက်ကြဘူးလား မေးတော့ (ကြောက်ကြပါတယ်) အပါယ်လေးပါး ကြောက်တော့ လွတ်စေတတ်တဲ့ အလုပ် ကို လုပ်ကြပါလို့ တိုက်တွန်း နှိုးဆော်တော့ (မအားပါဘုရား) ဘာတွေလုပ်နေလို့ မအားတာတုံး၊ ပိုးကောင်များဖမ်းတော့ ဘာနဲ့ဖမ်းတုံး၊ ပွဲလမ်းသဘင်နဲ့ ဖမ်းတယ်၊ အဲဒီတော့ မကောင်းတဲ့လမ်းတော့ အမြဲတမ်း လိုက်ကြတယ်နော်၊ အဲဒါကိုရှောင်ကြဉ်ရမယ်၊ ကိုယ်က အသိတရား ထားပြီးတော့ ဒီနေရာဟာ မကောင်းဘူးဆိုတဲ့နေရာကို မသွားနဲ့လို့ ဆုံးမပြီးတော့ နေကြရမယ်၊ အဲဒီ သွားမယ့်အတူတူ ဒီဝိပဿနာ တရားရအောင် အားထုတ်မယ်ဆိုတဲ့ သဘောထား ပြီးတော့ အားထုတ်ပါလို့ တိုက်တွန်းနှိုးဆော်ပါတယ်။

ကောင်းပြီ ရာဇဂြိုလ်ပြည်မှာ သူဌေးသမီးလေး တစ်ယောက်ရှိတယ်၊ အလွန် လှပတင့်တယ်တဲ့ သူဌေးသမီးလေး၊ သူဌေးသမီးလေးက နာမည်က လည်း ကြီးတယ်၊ ခေမာတဲ့၊ ခေမာဆိုတဲ့ အမျိုးသမီးလေး သူဌေးသမီးလေး၊ လှပတင့်တယ်တဲ့ ရုပ်ဆင်းသဏ္ဌာန်ကလည်း ပြည့်စုံခြင်းကြောင့် ဗိမ္ဗိသာရ မင်းကြီးက တော်ကောက်ပြီး တောင်ညာစံဒေဝီ၊ မဟေသီမိဖုရား မြှောက်လိုက် တယ်၊ ဘုရင်မိဖုရားလေးက လှပတင့်တယ်တဲ့ ရုပ်ဆင်း သဏ္ဌာန်နဲ့ ပြည့်စုံတော့ မာနကအလွန် ကြီးတယ်၊ ငါဘုရင်မိဖုရားဖြစ်တယ်၊ ရုပ်ဆင်းသဏ္ဌာန်ကလည်း လှတယ်၊ ငါ့အမိန့် ပေးတဲ့အတိုင်း အကုန်လုံး ဖြစ်နိုင် တယ်ဆိုတဲ့ သဘောကို အာရုံကယူပြီးတော့ သူထင်ရာ သူလုပ်နေတာပေါ့၊ ဗိမ္ဗိသာရမင်းကြီးက ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကွာနေသည့် သောတာပန် ဖြစ်တယ်။

ဒိဋ္ဌိဆိုတာ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်း၊ ငါ့သားမယား၊ ငါ့လင်သား ဆိုတာ အမြဲတမ်းစွဲပြီးတော့ နေတဲ့ ဥပါဒါန်တဲ့ အဲဒါ ဒိဋ္ဌိနော်၊ ဝိစိကိစ္ဆာဆိုတာက သို့လော သို့လော အောက်မေ့တာကို ဝိစိကိစ္ဆာ၊ ဘုရားသည် ဘုရားမှ ဟုတ်မှ ဟုတ်ပါ့မလား (သို့လော သို့လော) သံဃာသည် သံဃာမှ ဟုတ်ပါ့မလား၊ တရားသည် တရားမှဟုတ်ပါ့မလား သူ့စိတ်ထဲ ဒီလို အောက်မေ့တာက ဝိစိကိစ္ဆာ အဲ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကွာသွားမှသာလျှင် သောတာပန်ဖြစ် နိုင်တယ်နော်၊ အဲ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကွာအောင် ကြိုးစားအားထုတ်ရမယ်၊ ပြောရုံနဲ့လည်း မပြီးဘူး၊ အလုပ်ကို လုပ်မှ အားထုတ်မှသာလျှင် ဒါကကွာနိုင်တယ်၊ သောတာပန် ဖြစ်နိုင် တယ်နော်၊ ခေမာမိဖုရား အချွေအရံ အသင်းအပင်းတွေပေါ်မှာ မာနကြီးပြီးတော့ နေတယ်။ သောတာပန်ဖြစ်သော ဗိမ္ဗိသာရမင်းကြီးက ငါတစ်ယောက်လုံး သောတာပန်ဖြစ်ပါလျက်နဲ့ မိဖုရားကြီးကမာနကြီးနေတယ်၊ သေတဲ့အခါ အပါယ်လေးပါး ကျလိမ့်မယ်၊ အဲဒီတော့ လွတ်ရာ လွတ်ကြောင်း ဖြစ်တဲ့ တရားကို ရအောင် တနည်းအားဖြင့် တိုက်တွန်းနှိုးဆော်မှုပဲ ဆိုပြီးတော့ ဝေဠုဝန်ဥယျာဉ် ဟာ အလွန်လှပတင့်တယ်ပြီး ပန်းမာလ်တွေရှိတယ်၊ အဲဒီသွားပြီး ရှုကြည့်လို့ ရှိရင်တော့ အကုန်လုံးထင်ရှားစွာ သိလာနိုင်တယ်။ သူမာန်ကျ သွားမယ်။ မာန်ကျသွားအောင် အဲဒီကို လွှတ်မှုပဲလို့ စိတ်ကူးလျက် သီချင်းများ သီကုံးပြီး သကာလ သီဆိုစေတယ်။

နန်းတွင်းသူ နန်းတွင်းသားတွေက သီချင်းဆို ကြတယ်။ ဒီသီချင်းဆို သံကြားတဲ့ အခါကျတော့ ဝေဠုဝန်ဥယျာဉ် တော်မှာ အလွန်လှပ တင့်တယ်တဲ့ ပန်းမာလ်တွေပေါတယ်။ ကြည့်ရှုဖို့ ကောင်းတယ်လို့ ဆိုတဲ့ အကြောင်း သီချင်းသီကုံးထားတာကို ဆိုကြတယ်၊ ခေမာမိဘုရားကြီး ကြားတဲ့အခါကျ တော့ အလွန်လှပတင့်တယ်တဲ့ ပန်းမာလ်

http://www.dhammadownload.com



တွေ ရှိတဲ့ ဥယျဉ်တော်ကို သွားပြီး ရှုကြည့်ချင်တယ်၊ ရှုကြည့်ချင်တော့ ဗိမ္ဗိသာရမင်းကြီးကို သွားရောက်ခွင့် လျှောက်တင်တယ်။ ဘုရင်ကြီးက သဘောကျပြီး သွားခွင့်အမိန့်ပေးလိုက်တယ်။ အဲဒီတော့ မြင်းယာဉ်၊ ရထားယာဉ်၊ ဆင်နှင့်တကွ တစ်ခါတည်း သွားကြဖို့ အစီအစဉ်ပြုတယ်။ ဗိမ္ဗိသာရ မင်းကြီးက အမတ်ကြီး လေးဦးကို ခေါ်ပြီး သကာလ၊ အဲဒီ ဥယျာဉ်တော် ရောက်တဲ့အခါ ဘုရားကျောင်း တော်နဲ့ နီးနေပြီ သင်တို့ ခေမာမိဘုရားကြီးကို ဘုရားကျောင်း တော် အတွင်းသို့ ဝင်ပို့ပါ မဝင်ခဲ့လို့ ရှိရင် သင်တို့ကို ရာဇဒါဏ် ပေးမယ်လို့ မိန့်မှာလိုက်တယ်။

ဘုရင်ကြီးအမိန့်တော် နာခံပြီးတော့ အစီအစဉ်အတိုင်း ဥယျာဉ်တော်သို့ သွားကြတယ်။ ဥယျာဉ်တော် ရောက်တဲ့အခါ လှည့်ပတ်ပြီး ဥယျာဉ်တော်ထဲ ကြည့်ရှုတာပေါ့၊ အကုန်လှည့်ပတ် ကြည့်ရှုပြီးတော့ အချိန် ကလည်း နည်းနည်း စောင်းလာတယ်။ ကိုင်း ပြန်ကြစို့ရဲ့ အချိန်ကလည်း နည်းနည်းစောင်းသွားပြီ လို့ မိဖုရားကြီးက ပြောလိုက်တဲ့ အခါ အမတ်ကြီးများ က မြတ်စွာဘုရားရဲ့ ကျောင်းတော် အတွင်းသို့ဝင်ပြီး ဘုရားကို ဖူးပါအုံးလို့ လျှောက်တင်ကြတယ်။ အမတ်ကြီးများက လျှောက်တင်တော့ မိဖုရားကြီးက ဘုရားဖူးလာတာ မဟုတ်ဘူး၊ ဥယျာဉ်တော်ကို ကြည့်ရှုဖို့ လာတာ၊ ဘုရားဖူးပြန်တော့လည်း ငါ့အလှပျက်အောင် တရားဟောလိမ့်မယ်။ အဲဒီတော့ ဘုရား မဖူးတော့ဘူးလို့ ပြန်ပြောတယ်၊ ဘုရားမဖူးရင် ကျွန်ုပ်တို့ကို ရာဇဒဏ် သင့်ပါလိမ့်မယ်။ ဘုရင်ကြီးကသတ်ပါလိမ့်မယ်။

ဒီလိုနဲ့ ကျောင်းတော်အတွင်း ဝင်ဖြစ်သွားတယ်။ ဘုရားရှေ့ရောက် သွားတဲ့ အခါကျတော့ ဘုရားက လှပတင့်တယ်တဲ့ ရုပ်ဆင်း သဏ္ဍာန်နဲ့ ပြည့်စုံတဲ့ လူလောက်မက နတ်လောက် မမျှဆိုတဲ့ သဘောမျိုး ကလေးမလေး ရွှေယပ်တောင် ကိုင်ပြီးတော့ ဘုရားကို ပူဇော်နေတဲ့အသွင် ဖန်ဆင်းထား လိုက်တယ်၊ ဖန်ဆင်းထားတာကို ခေမာ မိဘုရားကြီး မြင်တယ်။ အဲဒီ မြင်လိုက်တဲ့ တပြိုင်တည်း လှပတင့်တယ်တဲ့ ရုပ်ဆင်း သဏ္ဍာန်နဲ့ ပြည့်စုံတဲ့ ကလေးမလေး ပါလား၊ ငါ့လောက်တောင် မကဘူး။ ငါ့ကိုယ်ငါ လှတယ် လှတယ်လို့ အောက်မေ့နေတာ သူ့မြင်လိုက် ရတာဟာ ငါ့ထက် လှပါလား။ လူလောက်မက နတ်လောက်မမျှ ဆိုတဲ့ သဘောမျိုးရောက်နေပါလား၊ တယ်လှ ပါလား၊ တယ်ချောပါလားနဲ့ သူ့စိတ်ထဲအောက်မေ့ပြီးတော့ ကြည့်နေ လိုက်တယ် တဲ့၊ ကြည့်နေတဲ့အခါမှာ အဲဒီကလေးမလေးက အမာဘုတွေ ပေါက်လာပြီး သကာလ ပေါက်ပြဲကွဲပြီး၊ သွေးပြည်တွေ ယိုကျပြီးတော့ မကြာခင် အမယ်ကြီးအို လို ဖြစ်သွားတယ်။ ယပ်တောင်လေးကိုင်ရာကနေ ယိုင်လဲပြီး အနိစ္စရောက် သွားတယ်။

အဲဒီလို မြင်လိုက်တဲ့ အခါကျမှ ဘုရားကကောက်ပြီးတော့ တရား ဟောတယ်တဲ့နော်၊ လှတာလည်း မမြဲဘူး၊ ရုပ်ဆင်းသဏ္ဍာန်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်လည်း မမြဲဘူး၊ ပစ္စည်းဥစ္စာ ပေါများတဲ့ ပုဂ္ဂိုလ်လည်း မမြဲဘူး။ မာနကြီး နေစရာ ဘာမှမရှိဘူး အဲဒီသဘောကို ဟောပြောပြီးသကာလ လှတာလည်း ရုပ်တရားပဲ၊ အဲဒီတော့ သေကျေပျက်စီးနိုင်တဲ့ သဘောတရားလည်း ရှိတယ်နော် အဲ ရူပက္ခန္ဓာ ရုပ်တရားဟာ ပျက်စီးတဲ့ သဘောမျိုး မြင်အောင် ကြည့်ပါ။ လှတယ်၊ လှတယ်၊ လို့ အောက်မေ့ပြီးတော့လည်း တစ်ချိန်ကျတော့ သေကျေ ပျက်စီးနိုင်တဲ့ သဘောတရားကို မြင်အောင်ကြည့်ပါ။ အသုဘကြီးပါနော်–

အဲ ရူပက္ခန္ဓာ အသုဘနော်

နာမ်ဆိုတဲ့ ဝေဒနာက္ခန္ဓာလည်း အသုဘ၊

သညာက္ခန္ဓာလည်း အသုဘ၊

သင်္ခါရက္ခန္ဓာလည်း အသုဘ၊

ဝိညာဏက္ခန္ဓာလည်း အသုဘ၊ အသုဘကြီးပါပဲတဲ့။

ဘယ်ဟာမှ နှစ်သက်စရာ၊ မြတ်နိုးစရာ၊ ခင်မင်စရာ၊ တွယ်တာစရာ မရှိ ပါဘူး၊ တွယ်တာနေလို့ ရှိရင်တော့ အပါယ် လေးပါးကျနိုင်တယ်။ အပါယ် လေးပါးမှ လွတ်အောင် ကြိုးစားပြီးတော့ အားထုတ်ကြပါလို့ တိုက်တွန်း နှိုးဆော်တယ်။

http://www.dhammadownload.com



အဲဒီမှာ မိဖုရားကြီးက သံဝေဂတွေ ရလာပြီးတော့ အော် ခုနတုံးက လှပတင့်တယ် ရုပ်ဆင်းသဏ္ဌာန်နဲ့ ပြည့်စုံတဲ့ ကလေးမလေး ရွှေယပ်တောင် ကိုင်ပြီး ဘုရားကို ယပ်လေခတ်လှူနေရာကနေပြီး အမယ်ကြီးအိုဖြစ်ပြီးတော့ အနာဘုတွေပေါက်ပြီး မကြာခင်ဘဲ သေကျေပျက်စီးသွားတယ်။ ငါလည်းဒီလိုပဲ တစ်ချိန်ကျတော့ သေကျေပျက်စီး လိမ့်မယ် ဆိုတဲ့ သဘောတရားကို မြင်ပြီး သံဝေဂတွေ ရပြီးတော့ တရားနှလုံးသွင်း ဆင်ခြင်လိုက်တယ်။

အဲဒီတော့ တရားနားထောင်ရာကနေပြီးတော့ တရားနာလိုက်တယ်ပေါ့ အင်း ခန္ဓာတွင်း စိုက်ရှုလိုက်တယ်၊ ဝေဒနာတွေလည်း တွေ့လာတယ်၊ ဝေဒနာတွေ တွေ့လာတော့ ဝေဒနာကို ရှုတယ်။ ဝေဒနာရှုတာကနေပြီးတော့ ဝေဒနာဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်။ မျက်မှောက်ပြုသွားတော့ သောတာပန် အဖြစ်သို့ ရောက်သွားတယ်။ ဒီဌါနဲ့ ဝိစိကိစ္ဆာကွာပြီးတော့ သောတာပန် ဖြစ်သည်နှင့် တပြိုင်နက်တည်း၊ ကိုင်း ဘုရားကို ကန်တော့ပြီး တော့ ပြန်ကြစို့ရဲ့ ဆိုပြီး မကြာခင်ဘဲ မြင်းရထား စီးပြီးတော့ ပြန်ကြတယ်။

နန်းတွင်း ပြန်ရောက်တော့ သံဝေဂရပြီးတော့ သောတာပန်အဖြစ် ကနေပြီး သူဟာ နန်းတွင်းမှာ နေချင်တဲ့ စိတ်မရှိ တော့ဘူး၊ ထွက်ချင်တဲ့ စိတ်ဖြစ်လာပြီး သကာလ နောက်မကြာခင်ဘဲ ဗိမ္ဗိသာရမင်းကြီးကို လျှောက် တင်တယ်။ ဘုရင်ကြီးက ခွင့်ပြုလို့ရှိရင် နန်းတော်မှ ထွက်ပါရစေတော့လို့ ခွင့်တောင်းတယ် မင်းကြီးက ခွင့်ပြုတယ်။ နန်းတော်မှ ထွက်ပြီး သကာလ ဘုရားကျောင်းတော်သို့ သွားပြီးတော့ ရဟန်းပြုနိုင်တယ်။ ခွင့်ပြုလိုက်တာနဲ့ ဘုရားကျောင်းတော်သွားပြီးတော့ သက်န်းဝတ်တယ်။

သက်န်းဝတ်၍ အဲဒီမှာ ရဟန်း ဖြစ်သွားတယ်။ ရဟန်းဖြစ်တဲ့နောက် ဆက်လက်ပြီးတော့ ကြိုးစားအားထုတ် လိုက်တာ နိဗ္ဗာန်မျက်မှောက် ပြုသွားတယ်တဲ့၊ ရဟန္တာမကြီး ဖြစ်သွားတယ် တဲ့နော်။

ဒို့ ဒါယကာ ၊ ဒါယိကာမတွေလည်း ရဟန္တာမိန်းမ၊ ရဟန္တာယောကျ်ား ဖြစ်ကြရလေအောင် –

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာကြီး (၃)ပါး၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာ(၄)ပါး ပိုင်းခြား ထင်ထင် သိမြင်အောင် ရှုကြည့် နိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါစေကုန်သတည်း။

(သာဓု – သာဓု – သာဓု ပါ ဘုရား)

ဤကဲ့သို့ ဆရာတော်ဘုရားကြီးသည် တရားတော်များ အလျဉ်းသင့် သလို ဟောကြားခဲ့ပြီး (၂၀–၆–၂၀၀၀)ခုနှစ် ညနေတွင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဝန်ကြီး ဦးပန်းအောင်၏ အထူးရထားတွဲနှင့် မန္တလေးသို့ ပြန် ကြွသွားခဲ့ပါသည်။

၁၁–၈–၂၀၀၀ ရက်နေ့တွင် ဆရာတော်ဘုရားကြီး၏ ကျန်းမာရေး အခြေအနေကြောင့် စာရေးသူ၏ ပင့်လျှောက်ချက်အရ ညနေ (၅း၃၀)နာရီတွင် (၇၉) ဗဟိုလမ်း အလုံမြို့နယ်ရှိ စာရေးသူ၏ အိမ်သို့ ကြွရောက်၍ ဆေးကုသမှု များခံယူပါသည်။ ရောက်ရှိသည့်နေ့တွင်ပင် ဆရာတော်ဘုရားကြီးအား သင်္ကန်း နှင့် လှူဘွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ၊ ဆရာတော်၏ ဆုပေး၊ သင်္ကန်းကပ်ကို ထပ်တူကြည်သို သဒ္ဓါပွားကြပါစေခြင်းငှာ ဖော်ပြလိုက်ပါသည်။

ရှေးဦးစွာ ဩကာသ ကန်တော့ကြိုးဖြင့် ညီညာဖြဖြရွတ်ဆိုကန်တော့ပြီး သီလခံယူကြပါသည်။

ဆရာတော်ဘုရားကြီးက ပြန်လည်ဆုပေးပုံမှာ–

ကာယဝစီ မနောကြည်၍ သုံးလီဒွါရ ပဏာမဖြင့် ရှိခိုးပူဇော်အပ်သော ဘုရားအစ၊ တရားအလယ်၊ သံဃာအဆုံး ရတနာမြတ်သုံးပါးအပေါင်းကို ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော်ဖူးမျှော်မာန်လျှော့ ကန်တော့ကြရသော ပဏာမ သက္ကစ္စ သဒ္ဓါကုသိုလ်ကံစေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါး၊ မီး(၁၁)ပါး၊ ရန်(၆)ပါး၊ (၂၅)ပါးသောဘေး၊ (၃၂)ပါးသောကံကြမ္မာ၊ (၉၆)ပါး သော အနာမျိုးခပ်သိမ်း၊ ဘေးရန်ခပ်သိမ်းတို့မှ ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မဂ်ရောက် ဖိုလ်ဝင် လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်စုံနိုင်ကြတဲ့သူများ ဖြစ်ကြပါစေ ဟု ချီးမြှင့်ပါသည်။

http://www.dhammadownload.com



ဆက်လက်၍ သက်နိုးနှင့်လျှုဘွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် ကြရပါသည်။ ဆရာတော်ဘုရားကြီးက လှူဘွယ်ဝတ္ထု ဆက်ကပ်သူများအား လိုက်ဆိုစေသည်မှာ–

**နိဗ္ဗာနဿ ပစ္စယော ဟောတု**

**ဘန္တေ**–အရှင်ဘုရား၊ **မယံ**–အကျွန်ုပ်တို့သည်၊ **ကမ္မဥ္စ**–ကံကို လည်း ကောင်း၊ **ကမ္မဖလဥ္စ**– ကံ၏အကျိုးကိုလည်းကောင်း **သဒ္ဒဟိတွာ**– သဒ္ဓါကို ယုံကြည်ပါကုန်သည်ဖြစ်၍ **ဣမံစီဝရံ**–ဤ(ဝါဆို)သင်္ကန်းကို **အာယသ္မတော**– အရှင် ဘုရားအား၊ **ဒေမ**– ဆက်ကပ်လှူဒါန်းကြပါကုန်၏ အရှင်ဘုရား။

**ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံဟောတု၊ ဣဒံ မေ ပုညံ နိဗ္ဗာ နဿ ပစ္စယော ဟောတု မေ** – အကျွန်ုပ်တို့၏ **ဣဒံ ပုညံ**– ဤကောင်းမှု သည်၊ **အာသဝက္ခယံ** – ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတည်း ဟူသော အာသဝေါတရား (၄)ပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို **ဝဟံ ဝဟံတော**–ရွက်ဆောင်နိုင်သည်၊ **ဟောတု**–ကေန်မသွေ ဖြစ်ပါစေ သတည်း။ **မေ**–အကျွန်ုပ်တို့၏၊ **ဣဒံ ပုညံ**– ဤကောင်းမှုသည်၊ **နိဗ္ဗာ နဿ**– နိဗ္ဗာန်၏၊ **ပစ္စယော**–အထောက်အပံ့သည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကျက်စား သွားလာနေထိုင်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့သည် အကျွန်ုပ်တို့ ယခုပြုတဲ့ ကုသိုလ်ကို မိဘများနှင့်တကွ ပရိသတ်အပေါင်းကို ရည်မှန်း၍ အမျှပေးဝေပါကုန်၏။ အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြသည် ဖြစ်ကြပါစေ ကုန်သောဝ်။

**အားလုံးကြားကြားသမျှ အမျှ – အမျှ – အမျှ ယူတော်မူကြပါ ကုန်သောဝ် – သာဓု၊ သာဓု၊ သာဓု။ (သုံးကြိမ်)**

စာရေးသူ၏ အိမ်တွင် ဆရာတော်သီတင်းသုံးနေထိုင်စဉ်အတွင်း ထူးခြားဖြစ်စဉ်များနှင့် ကြည်နူးသဒ္ဓါပွားဖွယ်၊ ကြည်ညိုဖွယ်ရာများ ဖူးမြင် ကြုံတွေ့ခဲ့ရပါသည်။ **(ထူးခြားဖြစ်စဉ် အခန်းတွင် ဖော်ပြထားပါသည်။)**

၁၂–၈–၂၀၀၀ ရက်နေ့တွင် သုဘထေရီဝတ္ထုအကြောင်း၊ ၁၃–၈–၂၀၀၀ ရက်နေ့တွင် သာသနာဘောင်ပေးမဝင်၍ (၇)ရက်အစာငတ်ခံဆန္ဒပြသော ဝတ္ထု အကြောင်း ၁၄–၈–၂၀၀၀ ရက် ဝါခေါင်လပြည့်နေ့တွင် အောက်ပါဆုံးမတရားကို ချီးမြှင့်ပါသည်။

သတိတမံ ဉာဏ်မြေကတုတ်
ပညာစွန်း ချွန်းအုပ်
မြင်တာရှင်းလိမ့်မယ်
သိလွယ် မြင်လွယ် ထင်မြင်ဘွယ်
အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ သုံးပါးလုံးဘဲ
အနတ္တနဲ့ ချေမှုန်း အကုန်လုံး ပုံမရ
သုညတဓါတ်ရင်း သတိမကင်းရအောင်
ကြည့်ရင်း မြင်ရင်း ထင်လင်းရုပ်နာမ်
ဟုတ်မှန်လိမ့်မှာ ပရိညာဖြင့်
အကြိမ်ကြိမ်အခါ ပွားရှုလို့မို့
တအားပြုလိုက်ရလေတော့သတည်း။ ။

၁၅–၈–၂၀၀၀ ရက်နေ့တွင် ထပ်မံချီးမြှင့်သည့်တရားမှာ–
သုံးပျောက်လို့ ငါးကွာ

http://www.dhammadownload.com



ခြောက်ရွာနဲ့ ကွဲ
ဆံပင်စုတ်ဖွားလေးနဲ့
ရွှေရောင်လွဲရင် လေးရွာကစွဲ
အားကိုးမမှားစေနဲ့
မှားမျိုးတွေတက်တက်စင်အောင်
ရက်စက်ပင် ဖြဟ္မစိုရ်စုကြပေတော့
ကိုယ်ပြုမှ ကိုယ်နရပေတော့သတည်း။ ။

| | |
|---|---|
| သုံး | = အနိစ္စ၊ ဒုက္ခ၊ အနတ္တ |
| ငါးကွာ | = ငါးပါးသီလ |
| ခြောက်ရွာ | = နတ်ပြည်ခြောက်ထပ် |
| ဆံပင်စုတ်ဖွား | = ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် |
| လေးရွာ | = အပါယ်လေးဘုံ |
| ရက်စက်ပင် | = ပြင်းထန်စွာအားထုတ်ရမယ် |

ဆရာတော်ကြီးသည် (၁၆–၈–၂၀၀၀)ရက်နေ့ ညနေတွင် မန္တလေးသို့ ပြန်လည်ကြွသွားပါသည်။ စာရေးသူ၏နေအိမ်တွင် (၇)ရက် သီတင်းသုံးပြီး ပြန်ကြွမည့်နေ့တွင် ဆရာတော်ဘုရားကြီးက ထူးထူးခြားခြား ချီးမြှင့်ခဲ့သည့် စာချိုးလေးမှာ–

**ပြန်ရဦးမယ် ပြန်ဦးမယ်**
**နတ်ရေကန် အမြန်ဆင်းတယ်**
**(၇)ရက်အတွင်း ပြန်ကြွမယ်။**

၁၆–၃–၂၀၀၁ ရက် သောကြာနေ့ ညနေ (၄း၃၀)အချိန်တွင် စာရေးသူ ၏ ပင့်လျှောက်ချက်အရ အမှတ်(၇၉)၊ ဗဟိုလမ်း၊အလုံမြို့နယ် နေအိမ်သို့ ဆရာတော်ဘုရားကြီး ထပ်မံ ကြွရောက်ချီးမြှင့်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ကြွရောက်သီတင်းသုံးစဉ် ဆရာတော်ကြီးအား ဦးထိပ်ထား၍ သံဃာတော်(၆၁) ပါးအား (၁၇–၄–၂၀၀၁) အင်္ဂါနေ့တွင် ပင့်ဖိတ်၍ သာသနာ့အမွေခံ အလှူတော် ပြုလုပ်ခဲ့ပါသည်။ ထိုနေ့ညနေတွင် စာရေးသူ၏သား မောင်ကျော်ဆွေ က ပဋ္ဌင်းခံ ၍ ကိုရင်များအဖြစ် ဦးဝင်း(ဆရာတော်ဘုရားကြီး၏ဒကာရင်း)၊ ဦးခင်ကျော် (ကထိက(ယခု)ရူပဗေဒဌာနဆေးတက္ကသိုလ်(၂))၊ မောင်ယဉ်ထွေးဆွေ (စာရေးသူ၏ သားငယ်)၊ ကိုရင်(၂)ပါး(ဗိုလ်မှူးကြီးကိုကိုမောင်(လေ))၏သားလတ် မောင်လင်းထက်အောင်နှင့် သားငယ်မောင်ရန်ဖြိုးအောင်ဟိန်း၊ မောင်ဝင်းနိုင်၊ ဖိုးသူတော်မောင်ဟိန်းသူရအောင်ဆွေ(စာရေးသူ၏မြေး) တို့က ဆရာတော် ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ သာသနာ့အမွေခံယူ ခဲ့ကြပါသည်။

အိမ်၌ သီတင်းသုံးစဉ်ရက်များအတွင်း ညနေပိုင်းများ၌ ဆရာတော် ဘုရားကြီးအား ဝတ်ပြည့်သည့်အချိန်များတွင် စာရေးသူ၏ မိသားစုတို့က သိလိုသည်များကို လျှောက်ထားသဖြင့် ဆရာတော် ဘုရားကြီး၏ ငယ်စဉ်ဘဝနှင့် ကျင့်ကြံအားထုတ်ခဲ့ပုံများ၊ လိုက်နာကျင့်ကြံ ရမည့်ဆုံးမသြဝါဒများ၊ သာမန် လူပုဂ္ဂိုလ်တို့မသိနိုင်၊ မမြင်နိုင်၊ မကြားနိုင်သည့် နတ်ဗြဟ္မာ၊ ခြောက်ကျွန်း၊ ရက္ခစိုးများအကြောင်း၊ အပါယ်လေးဘုံရှိ မကျွတ် မလွတ်ပဲအမျှဝေ၍ရနိုင်သူ အမျှပေး၍မရနိုင် သေးသူများအကြောင်းနှင့် မြတ်စွာဘုရားရှင်လက်ထက်မှ အားကျအတုယူရမည့် ပုဂ္ဂိုလ်ထူးတပည့် သာဝကများအကြောင်းတို့မှာ နေ့စဉ်နှင့်အမျှ နာကြား၍မဝ အံ့သြထူးဆန်းဘွယ် လက်တွေ့သာဓကများ မရိုးနိုင် အားမရ မတင်းတိမ် နိုင်ခဲ့ပါ။

http://www.dhammadownload.com



တစ်နေ့ညနေအချိန်၌ စာရေးသူမှယခုအချိန်တွင် ရဟန္တာများရှိပါ သေးသလား ဘုရားဟု လျှောက်ကြည့်ရာ “ ငါးပါးရှိသည်” ဟု မိန့်ခဲ့ ပါသည်။ ဘယ်နေရာ တို့တွင်သီတင်းသုံးပါသလဲဘုရားဟုမေးလျှောက်ကြည့်ရာ “(၁) ဦးသုမန (ရန်ကုန်တောင်ပိုင်းအောက်ပိုင်း)၊ (၂) ဦးသုန္ဒ(ဇလွန်–ပြည်)၊ (၃)ဦးရေဝတ (ရန်ကုန်တောင်ပိုင်း)၊(၄)ဦးကေသရ(ရန်ကုန်တောင်ပိုင်း) ဟု မိန့်ကြားခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် လှူဒါန်းသည့်အခါများတွင် စိတ်ထားတတ် ပြီးလှူတတ်စေရန်၊ ဆုတောင်းမမှားစေရန်နှင့် လာရောက်ကန်တော့သူတိုင်း ကိုလည်း“ ချမ်းသာပါစေ ” ဟု ဆုပေးလေ့ရှိပါသည်။ ဆရာတော်ဘုရားကြီး ရန်ကုန်သီတင်းသုံးစဉ်ရက်၊ လ များ၌နေ့စဉ် ရက်မပျက်ဆွမ်းလာကပ်ကြ သောတပည့်ရင်း ဒါယိကာမများ၏ ဖြစ်ရပ်များနှင့် ဆုတောင်းကြပုံမှာ တစ်ယောက်သော ဒါယိကာမကြီးမှာ အရဏ်ဆွမ်းလာကပ်ရင်း လမ်း၌သူမ၏ ကားဘီးပေါက်သွားသဖြင့် ကားဘီးလဲနေရင်းနှင့် ဆရာတော်ဘုရားကြီး သီတင်းသုံးရာဘက်လှည့်၍လက်အုပ်ချီရင်းဆွမ်းမကပ်လိုက်ရ၊ မမှီမည် စိုးသောကြောင့် “ဆရာတော်ဘုရား ဆွမ်းအကပ်မခံပါနှင့်ဦးဘုရား၊ တပည့် တော်ကို စောင့်ပါဦးဘုရား” ဟု လှမ်း၍ဆုတောင်းပြီး၊ ကားကိစ္စပြီး၍ရောက်လာ ချိန်မှ ဆွမ်းစ၍အကပ်ခံသည်နှင့်ကြုံရပါသည်။ ထိုနေ့က ကျန်ဒါယကာ၊ ဒါယိကာမများက ဆွမ်းကပ်ချိန်ရောက်သဖြင့်ဆရာတော်ဘုရားကြီးအား “ဆွမ်းဘုန်းပေးရန် ကြွတော်မူပါဘုရား” ဟု လျှောက်နေကြအချိန် လျှောက်ထားသော်လည်း ဆွမ်းအကပ်မခံသေးပဲ “နေပါအုန်း” ဟုသာ မိန့်ကြားပြီး အကပ်မခံပါ။ ကားဘီးပေါက်နေသောဒါယိကာမ ကြီးရောက် လာသောအချိန်မှ ဆွမ်းအကပ်ခံပြီး။ ဆွမ်းအကပ်မခံသေးသည့်အကြောင်းကို ထိုဒါယိကာမကြီး ပြောမှသာ အလုံးစုံ သဘောပေါက်ကြရတော့သည်။ ဆွမ်းဘုန်းပေးချိန်တွင် လည်း ဆွမ်းဟင်း ခွက်ပေါင်းတစ်ခါတစ်ရံ ၆၀–၇၀ခန့် ရှိပါသည်။ ဆရာတော် ဘုရားကြီးသည် ကပ်ခံထားသောဆွမ်းဟင်းခွက်တိုင်းကို တစ်ဇွန်းစီသာ ခပ်၍ အားလုံးကိုရောနှောကာ ဘုန်းပေးတော်မူပါသည်။ သို့ပေမယ့်လည်း ဆွမ်းဘုန်း ပေးစဉ် အချို့သော ဒါယိကာမများက အဓိဋ္ဌာန်နှင့်၎င်း တို့၏ ဆွမ်းဟင်းခွက်ကို များများဘုန်းပေးစေချင်သဖြင့် ဘယ်နှစ်ဇွန်းခပ်ပါဟု စိတ်ထဲမှထိုင်၍ ဆုတောင်းပြီး ကြည့်နေစဉ် ထိုထိုဒါယိကာမတို့၏ဆုတောင်းအတိုင်း ထိုဆွမ်းခွက် ကိုခပ်ပါသည်။ ထပ်ခပ်နေသောဆွမ်းဟင်းခွက်မှာထူးခြားမှုရှိသဖြင့် သိလို၍ ထိုဆွမ်းဟင်းခွက် ဘယ်သူ့ဟင်းလဲ? ဆုတောင်းပြီး ဘုန်းဘုန်းအားထပ် ကပ်နေတယ်မဟုတ်လား ? ဟုဒါယိကာမအချင်းချင်းပြောကြားရာ ထိုဆွမ်းဟင်း ခွက်ပိုင်ရှင်ဒါယိကာမကလည်း သူမစိတ်ထဲမှ ဆုတောင်းလိုက်ကြောင်း ပြောပါသည်။

ဆွမ်းဘုန်းပေးစဉ် တချို့ဟင်းခွက်ကို လုံးဝမခပ်သဖြင့်ထူးဆန်းသည် ထင်၍ဆွမ်းကပ်ပြီးချိန် ထိုဆွမ်းဟင်းခွက်အားကြည့်ကြရာ ဘုန်းဘုန်းမဘုန်း ပေးသော ဝက်သားနှင့်ရောနှောချက်ထားသော ဟင်းဖြစ်နေသည်ကိုတွေ့ရသည်။ ဝက်သားသည် ပုပ္ပါးမယ်တော်မှ ဆရာတော်ကြီးထံအလှူခံထားသောကြောင့် ဖြစ်သည်။

ဆရာတော်ဘုရားကြီးမဘုန်းသော နောက်တစ်မျိုးငါးရံ့ဖြစ်သည်။ ငါးရံ့မှာ ငယ်ရွယ်စဉ်ဆွမ်းခံကြွချိန်၌ သပိတ်တွင်းသို့ ငါးရံ့ အရှင်တစ်ကောင်ခုန် ဝင်လာ သဖြင့် ထိုအချိန်မှစ၍ ဆရာတော်ဘုရားမှာ ငါးရံ့ဟင်းအကပ်မခံတော့ပါ။

ဆွမ်းဘုန်းပေးပြီးချိန်တွင် စားပွဲပေါ်ရှိဆွမ်းဟင်းခွက်အားလုံးအား တစ်ခွက်စီ ကြည့်ရှု၍ မိနစ်အနည်းငယ်ကြာမေတ္တာပို့ပါသည်။ ဆရာတော် ဘုရားကြီး၏မေတ္တာရေကို လိုချင်ကြသောအချို့ ဒါယကာ၊ ဒါယိကာမများသည် မေတ္တာမပို့မှီအချိန်တွင် ဆရာတော်ဘုရားကြီးအား ခွင့်တောင်းပြီး ရေပုလင်း များအား ဆွမ်းဟင်းခွက်များနှင့်အတူ စားပွဲပေါ်သို့တင်ပြီးမေတ္တာပို့ချိန်တွင် လိုရာဆုများတောင်းပြီး သာဓု၊ သာဓု၊ သာဓု (၃)ကြိမ်ခေါ်ကြပါသည်။

ဆုတောင်းပြည့်သည့်သူတို့၏ မေတ္တာရေတို့သည် ရေပူပေါင်းများဖြစ် ခြင်း၊ ရေလျှံခြင်း၊ ရေပွက်ခြင်း၊

http://www.dhammadownload.com



ရေထဲအရောင်စုံများမြင်ရခြင်း ထူးခြားအံ့ဖွယ် ရာမြင်တွေ့ကြားသိရပါသည်။

ထိုမေတ္တာရေများအား မည်ကဲ့သို့အသုံးပြုရမည်ကို လျှောက်ထားသော အခါ ''လိုသလိုသုံးပေါ့''ဟုမိန့်ကြားခဲ့ပါသည်။ ထိုမေတ္တာရေ၏အစွမ်းသည် ဝဋ်နာ၊ ကံနာမှလွဲ၍ ရောဂါအများအားသက်သာခြင်း၊ ပျောက်ကင်းခြင်း၊ အပ မိခြင်းတို့ကိုလည်း ကင်းလွတ်စေခြင်း၊ တချို့လူများသည် မိမိတို့ယုံကြည်မှုဖြင့် စကားပြောဆိုရာတွင်အောင်မြင်စေရန်ဆုတောင်း၍ မေတ္တာရေသောက်ခြင်း၊ တချို့လူများ မိမိတို့အိမ်၌အန္တရာယ်များမကျရောက်စေရန် ဖျန်းပက်ခြင်းတို့ ဆရာတော်ဘုရားကြီးမိန့်ကြားချက်အတိုင်း လိုသလိုသောက်သုံးကြပါသည် ဆရာတော်ဘုရားကြီးဘုန်းပေးပြီး၊ ကျန်ရှိသည့်ဆွမ်းများအား ဒကာ၊ ဒကာမ များက ဆုတောင်းကာဝေငှသုံးဆောင်ကြပါသည်။

ဆရာတော်ဘုရားကြီးသည် ကျန်းမာရေးကောင်းသည်နှင့် ဆုံးမသြဝါဒ များတရားများ ချီးမြှင့်နေကျအတိုင်း (၈–၅–၂၀၀၁)ရက်နေ့ ညနေတွင် ဤကဲ့သို့ ဆုံးမသြဝါဒနှင့် တရားတစ်ပုဒ်ချီးမြှင့်ခဲ့ပါသေးသည် –

စိတ်ကကြံစည်၊ ကောင်းတာကြံစည်ရင် ကြံစည်တဲ့အတိုင်း ဖြစ်လာ တယ်ဆိုရင် လောဘ၊ လောဘက ပြိတ္တာဘုံအကျိုးပေးတယ်၊ မကောင်းဘူး အောက်မေ့ရင် တနည်းနည်း၊ ကြံစည်မှုပျက်သွားရင် ဒေါသ၊ ဒေါသက ငရဲပြည် အကျိုးပေးတယ်၊ ထိတာ သိတာ ကောင်းတာ မကောင်းတာကို အရေးမလုပ်ဘူး ဆိုရင် အရေးမလုပ်တဲ့သဘော၊ မသိတဲ့သဘောမျိုးဆိုရင် မောဟဖုံးသွားပြန် ပြီ ဒါဆို တိရိစ္ဆာန်ဘုံ အသူရကာယ် အကျိုးပေးပြန်တယ်။ လောဘ၊ ဒေါသ၊ မောဟနဲ့ပဲနေတော့ အပါယ်လေးပါးပဲ အကျိုးပေးတယ်၊ အပါယ်လေးပါးပဲလှည့် တယ်။ အပါယ်လေးပါးမှ လွတ်မြောက်အောင်ဆိုရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာကြီး (၃)ပါးပဲ အမြဲဆင်ခြင်ပါ။ သုံးသပ်ပါ၊ သို့မှသာအပါယ်လေးပါးမှ လွတ်နိုင်တယ်။ လွတ်အောင်လဲကြိုးစားအားထုတ်ပေးပါ။ လက္ခဏာကြီး(၃)ပါး ဆင်ခြင်နေလို့ရှိရင် နိဗ္ဗာန်ကို မျက်မှောက်ပြုရာလည်းရောက်ပါတယ်။

ဤကဲ့သို့ လှူဒါန်းနေသော အချိန်တွင် လက္ခဏာကြီး (၃)ပါး တစ်ပါး ပါးကို အာရုံပြုရမယ်။ အနိစ္စလက္ခဏာနှင့် အနတ္တလက္ခဏာတို့ကို ရှုရာမှာ နူးညံ့၍ မသိသာလျှင် ဒုက္ခဉာဏ် (လှူနေစဉ် ညောင်း၊ နာ၊ ကျင်၊ ပူ စသော ခံရခက်သော ဝေဒနာ) ဆင်ခြင်အာရုံပြုရမယ်။ အာရုံပြုပြီး လှူသွားတဲ့ပုဂ္ဂိုလ်၊ ဒါနပြုသွားခဲ့မယ်၊ သီလတွေဆောက်တည်ခဲ့တယ်၊ ဘာဝနာတွေပွားများခဲ့တယ်။

သို့ပေမယ်လည်း တစ်နေရာ တစ်ဌာန၊ ကောင်းတယ်ထင်တဲ့နေရာ ရောက်သွားလို့ရှင်လည်း မေ့သွားတတ်တယ်။ သုဗြဟ္မနတ်သားတဲ့ သုဗြဟ္မ နတ်သားလောင်းလေးဟာ ကဿပ ဘုရားရှင်လက်ထက်က ဘာလုပ်ခဲ့တုန်းဆို တော့ ဒါနတွေပြုခဲ့တယ်၊ သီလတွေဆောက်တည်ခဲ့တယ်၊ ဘာဝနာဉာဏ်တွေ ပွားခဲ့တယ်။ ဒီလိုပဲ ပွားများပြီးလာစေကာမူ လွတ်နေတဲ့သဘာဝရှိတယ်။ ဒါန သီလ ဘာဝနာ ဉာဏ်ရအောင် ပြုလုပ်လာသည့်အတွက် သေသည့်တိုင်အောင် လူ့ပြည်နတ်ပြည်၊ လူ့ပြည်နတ်ပြည် စုန်ဆန်ပြီးလာခဲ့တယ်၊ ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံကို တစ်ခါတစ်ခေါက်မျှ မရောက်ဘူးတဲ့ ဘာကြောင့် မရောက်ပါလိမ့်မတုံး ဆိုတော့ ဝိပဿနာဆိုတဲ့ 'ဝိ'ဆိုတာ အထူးထူး အပြားပြား 'ပဿတိ'ရှု၏။ ဝိပဿနာ–အထူးထူး အပြားပြားတွေ့တဲ့ဟာကို ရှုတာသည် ဝိပဿနာလို့ခေါ်တယ်။ ဝိပဿနာဉာဏ် ရတဲ့အတွက်ကြောင့်လည်း သူဟာ အပါယ်လေးပါးမကျဘူးတဲ့။

ဒါနလောက်နဲ့ အားမကိုးရဘူး၊ အားကိုးရအောင်လည်း လုပ်ပါ။ ဒါနလုပ်တယ်ဆိုရင် လက္ခဏာတင်ပြီး နိဗ္ဗာန်မျက်မှောက် ပြုပြီး လှူရမယ်။ ဒီလိုမလှူဘဲနဲ့ ဒီအတိုင်းပဲ ရော့လှူတယ်ပြီးရောဆိုရင် သူ့ဟာက ဘာအကျိုး ကျေးဇူးမှ မရှိဘူး။ သုဗြဟ္မ နတ်သားလောင်းလေးကတော့ ဒီလိုပဲ နိဗ္ဗာန် မျက်မှောက်ပြုပြီးတော့ လှူခဲ့တယ်။ ဒါနပြုပေးသော်လည်း အားမကိုးရသေးဘူး တဲ့ အလှူလှူတဲ့အပေါ်မှာ သန့်သန့်ရှင်းရှင်း လုပ်ပြီးလှူရတယ်၊ ဒါဆို လှပ တင့်တယ်တဲ့ ရုပ်ဆင်းသဏ္ဌာန် နှင့်ပြည့်စုံတယ်၊ အဲဒီလိုမဟုတ်ဘဲ ညစ်တီး ညစ်ပတ် မသန့်မရှင်းပြုခဲ့လှူခဲ့မိရင်

http://www.dhammadownload.com



အသားအရေညစ်ပတ်ပြီး မလှဘူးတဲ့။ အဲဒီလိုပဲ သူဟာ သန့်သန့်ရှင်းရှင်းလှူခဲ့လို့ လှပတင့်တယ်တဲ့ရုပ်၊ သီလဆောက် တည်ခဲ့လို့ အသက်ရှည်တယ်၊ လှူဒါန်းမှုများ ပြုခဲ့လို့ ပစ္စည်းပေါတယ်၊ ဝိပဿနာ ဉာဏ်ရအောင် ပွားများခဲ့တယ်။ ဒါကြောင့် ကဿပ ဘုရားရှင်လက်ထက်မှာ နတ်ပြည် လူ့ပြည်၊ နတ်ပြည် လူ့ပြည် စုန်ဆန်ပြီး အပါယ်လေးပါးသို့ တစ်ခါ တစ်ခေါက်မျှ မကျဘဲနဲ့ မြေကြီး တစ်ယူ ဇနာသုံးဂါဝုတ်ပြည့်လာတဲ့အချိန်၊ ဂေါတမမြတ်စွာဘုရားပွင့်တဲ့အချိန်နှင့် တိုက်ဆိုင်ပြီးတော့ ရာဇဂြိုလ်ပြည်မှာ လူလာ ဖြစ်တယ်။

ပစ္စည်းပေါ၊ ရုပ်ချော၊ အသက်ရှည်တဲ့သူဌေးသားလေး ဒီလိုပဲ နေလာတဲ့ အချိန်နောက်မကြာခင်ပဲ သူ့ရဲ့မိဘများက တိုက်တွန်းနှိုးဆော်လို့ အိမ်ထောင် ပြုခဲ့တယ်။ ဒီလိုပဲ အိမ်ထောင်ပြုပြီးတော့နေပြီးသကာလ ဝိပဿနာဉာဏ်နဲ့ တရားအားထုတ် ပြီးနေလာခဲ့ရာ သေတဲ့အချိန်မှာ နတ်ပြည်သို့ရောက် ရတယ်။ နတ်ပြည် ရောက်တဲ့အခါကျတော့ နတ်သမီးတွေ တစ်ဖက် ၅၀၀၊ နတ်သမီး ၁၀၀၀ နဲ့ပျော်ပါးစံစားပြီးတော့နေတယ်။ တစ်လ(၈)ကြိမ် ဓမ္မကထိက နတ်သား က တရားဟောတယ်တဲ့ ဟောပေသော်လည်း သွားပြီးတော့ နားမထောင် နိုင်ဘူးတဲ့ တရားမနာနိုင်ဘူးတဲ့၊ ဘာကြောင့်မနာတုန်းဆိုတော့ နတ်သမီးတွေနဲ့ ပျော်ပါးပြီးမေ့နေတယ်တဲ့၊ တစ်နေ့ပျော်ပါးရန်အတွက် ပင်လယ် ကသစ်ပင်သို့ နတ်သမီးတစ်ဖက် ၅၀၀ နဲ့ သွားကြတယ်တဲ့၊ ပင်လယ်ကသစ်ပင် ရောက်တဲ့အခါ ကျတော့ သူ(သုဗြဟ္မနတ်သား)က ကျောက်ဖျာပေါ်ကျကျနန ထိုင်ပြီးတော့ နေတဲ့အချိန် ၅၀၀ သောနတ်သမီးများက ပင်လယ်ကသစ်ပင် ပေါ်သို့တက်ပြီး တော့ ပန်းပွင့်တွေချွေချတယ်။ ၅၀၀ သောနတ်သမီးတို့က ပန်းပွင့် ကိုကောက်ပြီး သကာလ ပန်းကုံး သီကုံးပြီး နတ်သားကို ဆင်မြန်းပေးကြတယ်တဲ့။

ဒီလိုပဲ နေရာက ပင်လယ်ကသစ်ပင်ပေါ်က ၅၀၀ သောနတ်သမီးများက ပန်းချွေချရင်း အကုသိုလ်ကံအားလျော်စွာ ဝိညာဏ်သိမ်းသွားကြတယ်တဲ့၊ ဝိညာဏ် သိမ်းသွားသည်နှင့် တပြိုင်နက်တည်း ဘယ်ကိုရောက်တုံးဆိုတော့ ငရဲသို့ကျတယ်တဲ့။ ငရဲကျတဲ့အချိန် ငရဲခံနေရချိန်၊ သုဗြဟ္မနတ်သားက ငြိမ်ပြီး ဒီလိုလဲ အာရုံပြုပြီး ကြည့်လိုက်တယ်တဲ့ ငါ၏ နတ်သမီးတွေအသံ မကြားရတော့ ဘူး၊ ဘယ်များသွားပါလိမ့်မတုံးလို့ ကြည့်လိုက်တဲ့အခါကျတော့ ငရဲခံနေရတာ ကို မြင်ရတယ်တဲ့၊ အဲ့ ဒီလိုမြင်လိုက်သည်နှင့် တပြိုင်နက်တည်း ငါလည်း ဒီလို ပဲ ကျဦးမလား မကျဘူးလားလို့ ပြန်ပြီး ဆင်ခြင်သုံးသပ်ကြည့်တဲ့ အချိန်ကျတော့ (၇)ရက်စေ့ရင်တော့ ငါလည်း ငရဲကျလိမ့်ဦးမယ်ဆိုတာ သွားမြင်တယ်တဲ့။

တရားမရှိဘဲနဲ့ နက်ဖြန်သေမယ်ဆိုရင် မကြောက်ပေဘူးလား။ ကြောက်မယ်၊ ကြောက်တော့ သေချင်သေပေစေဆိုပြီး ကြိုးစားပြီး အားထုတ် မှာပေါ့ မသိတော့ အားမထုတ်ဘူး ပေတေနေတယ်။ သုဗြဟ္မ နတ်သားကတော့ ငရဲကျတော့မှာကို မြင်တဲ့အတွက်ကြောင့် ကြောက်ပြီး စတုမဟာရာဇ်ဘုံ သို့သွားပြီး နတ်မင်းကြီး (၄)ပါးထံ သွားလျှောက်တင်တယ်။ ကျွန်ုပ်သည်ကား (၇)ရက်စေ့ရင် သေကြေ ပျက်စီးပြီး ငရဲသို့ ကျရပါတော့မယ်။ အဲဒါလွတ်အောင် ကယ်တော်မူပါ။ အဲ့ဒါ လွတ်အောင် ကယ်တော်မူပါ။ 'မ'တော်မူပါလို့ သွားပြီး လျှောက်တင်တယ်တဲ့။ အေး တို့တော့ မကယ်နိုင်ဘူးဟေ့၊ မ 'မ'နိုင်ဘူးဟေ့လို့ ပြောလိုက်တယ်တဲ့ အဲဒီတော့ တဖန်တာဝတိံသာ ပြန်လာခဲ့တယ်။ ပြီးတော့ နတ်တွေကိုလိုက်ပြီး မေးလျှောက်တင်တယ်တဲ့။ ကျွန်ုပ် (၇)ရက်စေ့ရင် ငရဲသို့ကျရပါလိမ့်မယ်။ အလွန် အလွန်ကြောက်လွန်းလို့ အဲဒါလွတ်အောင် ကယ်တော်မူပါ။ 'မ'တော်မူပါလို့ သိကြားမင်းနှင့်တကွ လိုက်ပြီးလျှောက်တင် တယ်တဲ့၊ တို့တော့မကယ်နိုင်ဘူးဟေ့ မ''မ''နိုင်ဘူးဟေ့လို့ ပြောတယ်တဲ့။

ယခုခေတ်လိုအနေနဲ့တော့ ကိုကြီးကျော်မပါ၊ ဘယ်နတ်ဖြင့်မပါ၊ ဘိုးဘိုးကြီးမပါနဲ့လုပ်နေကျတယ်၊ ဘယ်နဲ့လုပ်''မ''မတုံး မ''မ''နိုင်ဘူး၊ ဟုတ်လား၊ သူတို့ကို မေတ္တာပို့ဖို့ပဲ၊ အမျှဝေဖို့ပဲ ဒါပဲရှိတယ်နော်၊ ''မ''ပါပြောဖို့မလိုဘူး၊ အောက်နတ်တွေမဆိုထားနဲ့၊ အထက်နတ်တွေတောင် မ''မ''နိုင်ဘူးနော်၊ အဲဒီတော့ တာဝတိံသာသိကြားမင်းနှင့်တကွအခြားသောနတ် တို့ကိုလျှောက်တင်ရာ မ''မ''နိုင်ဘူးတဲ့ဒါနဲ့ ယာမာ၊ တုသိတာ၊

http://www.dhammadownload.com



နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီနံ၊ နတ်ပြည်ခြောက်ထပ်အကုန်လိုက်လျှောက်တင်တယ်တဲ့၊ ဘယ်နတ်ပြည်ကမှ ဘယ်နတ်သားကမှ မ‘‘မ’’နိုင်ဘူးတဲ့၊ အဲဒီတော့ဝါဟာ ငရဲကျတော့မယ်၊ ရက်လည်းနီးလာပြီ သိကြားမင်းထံပြန်လာပြီး လျှောက်တင် တယ်တဲ့၊ အရှင်သိသလောက်ပြောပါဟု လျှောက်ထားတော့ သိကြားမင်းက ငါတော့မ‘‘မ’’နိုင်ဘူး ဒါပေသော် လည်း ‘‘မ’’နိုင်တဲ့ပုဂ္ဂိုလ် လူ့ပြည်မှာရှိလိမ့်မယ် ရာဇဂြိုလ်ပြည်မှာ ဂေါတမဘုရားပွင့်နေတယ်၊ ဘုရားထံသွားရင်တော့ ‘‘မ’’နိုင်လိမ့်မယ် လွတ်အောင်တော့လုပ်ပေးနိုင်လိမ့်မယ်၊ အဲဒီသွားချေပါ ဆိုတော့၊ ကျန်နတ်သမီး ၅၀၀ ကိုပါ မပြောတော့ပဲ တစ်ခါတည်းသွားတယ်တဲ့။

ဘုရားထံရောက်တော့ ဘုရားကို လျှောက်ထားတယ်၊ အရှင်ဘုရား တပည့်တော်တော့(၇)ရက်စေ့က ငရဲသို့ ကျရလိမ့်မယ်၊ အဲဒီအတွက်ကြောင့် အရှင်ဘုရားတပည့်တော်ကို နည်းနိသယျနှင့်တကွ ကယ်တော်မူပါ ဘုရားဟု လျှောက်ထားတယ်။ ဘုရားက ဟေ့ငါလည်းမကယ်နိုင် ဘူးဟေ့ဟု မိန့်တယ်တဲ့ အဲဒီတော့ နတ်သားက အရှင်ဘုရား နည်းလမ်းလေးများ မပေးနိုင်ဘူးလား ဘုရား ဟု လျှောက်ထားတယ်၊ အဲဒီချိန်မှာ ၅၀၀ သောနတ်သမီး တွေက တို့အရှင်သခင် ဘယ်သွားပါလိမ့်မတုံးလို ကြည့်လိုက်တဲ့အခါကျတော့၊ ရာဇဂြိုလ်ပြည်ရှိ ဘုရားထံရောက်နေတယ်၊ ဒါနဲ့လိုက်သွားမှပဲဆိုပြီးတော့ လိုက်ကြတယ်တဲ့၊ ဘုရားထံရောက်၊ နတ်သားကလည်း ဘုရားထံမှောက် လျှောက်နေတဲ့အချိန် မြတ်စွာဘုရားက ‘‘မ’’တော့မ‘‘မ’’နိုင်ဘူး လွတ်စေတတ် တဲ့နည်းနိသယျတော့ပေးနိုင်တယ်၊ ဘာကိုပေးနိုင်တုန်းဆိုတော့ မဂ္ဂင် (၈)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ သတိပဋ္ဌာန်တရား(၄)ပါး၊ သမ္မပ္ပဓာန်တရားလေးပါး ဒီဟာတွေကို ကျင့်ကြံ အားထုတ်ကြိုးကုတ်လို့ရှိရင် အရဟတ္တဖိုလ်အထိ ဆိုက်နိုင်ပါတယ်။ အားထုတ်ပါလို့ တိုက်တွန်းလိုက်ပါတယ်။ ကောင်းပါပြီ ဘုရားဟု လျှောက်ထား လိုက်တယ်။

ဘုရားရှင်၏ မနီးမဝေးသွားပြီးသကာလ ဘာလုပ်တုန်းဆို တော့ နတ်သမီး ၅၀၀တို့နှင့်တကွ သွားပြီး၊ တရားအားထုတ်လိုက်တယ်၊ အဲ့ဒီလို အားထုတ်ပြီး၊ မကြာခင်မှာပဲ သောတာပန်အဖြစ်သို့ ဆိုက်ရောက်သွားတယ်။ သောတာပန် အဖြစ်သို့ ဆိုက်ရောက်ပြီးတဲ့အခါကျတော့ ငါဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကယ်ဆိုတဲ့ အပါယ်လေးဘုံကလွတ်ပြီး၊ ဘိုစဉ်စံပုဂ္ဂိုလ်ဖြစ်ပြီး၊ ဘုရားထံသွားလျှောက်ပြီး၊ နတ်ပြည်ပြန်စံစားမှပဲဆိုပြီးဘုရားထံသွားပြီး၊ နတ် နံ့သာတွေလူးပြီး သကာလ ဘုရားကိုလျှောက်ထားတော့ဘုရားက ဒီကပေး လိုက်တာကအရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရောက်အောင်ဆိုပြီး၊ ပေးလိုက်တာ သူကသောတာပန်အဖြစ်ကလေးတင်ရပ်ပြီး ဘိုစဉ်စံပုဂ္ဂိုလ်အဖြစ်ပြန်ပြီး စံစားချင် တဲ့သဘာဝရှိတယ်။ ကောင်းပြီ အသင်နတ်သား သင်အလိုရှိရာသွား ပေတော့ဟု ဘုရားကခွင့်ပြုလိုက်တယ်။ နတ်သမီး ၅၀၀ လည်း ဤနေရာတွင်ပဲ စူဠသောတာ ပန်၊ မဟာသောတာပန်အချို့ဖြစ်ကုန်ကြတယ်၊ သောတာပန်အဖြစ် နတ်ပြည် ပြန်ပြီး၊ ဘိုစဉ်စံပုဂ္ဂိုလ်အဖြစ်သို့ခံစားစံစားတယ်တဲ့၊ နတ်ပြည်(၆)ထပ်မှ ဗြဟ္မပြည် ထိရောက်သွားတဲ့အခါကျတော့ အနာဂါမ်ဘုံ ရောက်တော့ သူဟာ ပရိနိဗ္ဗာန်ပြု တယ်တဲ့နော်၊ ဒါယကာကြီးလည်းအဲဒီလိုပဲ ပရိနိဗ္ဗာန်ပြုရအောင်၊ ဟာဒီဘဝပဲ ရအောင်ပဲကြိုးစားမယ်ဆိုရင်လည်း ကြိုးစားပါ။ ယုတ်စွအဆုံးမရဘူး ဆိုစေ ကာမူ သောတာပန်အဖြစ်၊ မဟာသောတာပန် အဖြစ်ရအောင်ကြိုးစားပါလို့ တိုက်တွန်း နှိုးဆော်ပါတယ်။

ယခုလှူဒါန်းရတဲ့ ဒါနကုသိုလ်၊ ဆောက်တည်ရတဲ့ သီလကုသိုလ်၊ ပွား များရတဲ့ ဘာဝနာကုသိုလ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာကြီး (၃)ပါး၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဆိုတဲ့ သစ္စာ (၄)ပါးပိုင်းခြား ထင်ထင်သိမြင်အောင် ရှုကြည့်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါစေကုန်သတည်း။

(သာဓု သာဓု သာဓု)

ဆရာတော်ဘုရားကြီးသည် တစ်ခါတစ်ရံ ဤကဲ့သို့ တရားဆောင်ပုဒ် များနှင့်လည်းဟောကြားမိန့်ကြားခဲ့ပါသည်။

သုံးထွေဌာန သုံးလောက၌ ပျော်ကြကုန်အောင် အို လူအပေါင်းတို့ ဖြစ်ကြောင်းစုံလင် ဖြစ်ကြအင်ကို တွင်တွင်ယခု တွင်တွင်ရှုလေ့ သိမှုတရား အရင်းထား၍ စဉ်းစားဖို့ဉာဏ် အဖိုးတန်ကို မှတ်ရန်ကိုက သိတတ်ကြလိမ့် အောင်ပွဲသုခ

http://www.dhammadownload.com



တကယ်ရကြတော့နော် သို့ပါသော်လည်း အမဲကိုဖြူ အလွဲယူလျက် အမူဖောက်ပြန် ကိုယ်ဖြစ်ဟန်ကို သန္တာန်ပုံပြ မြင်ကုန်ကြလျက် ဘဝလူ့ရွာ ထိုထိုလာ၍ ခန္ဓာအိမ်ကြီး ပိတ်ဆီးမထားသည့် ပလျှက် ကွင်းထီးထီးလျှင် ဩတံခါးမသိ ဓားမသိလျှင် မှားမည့်လက်စမတုန်းလော့ ဘုံတော် ဓာတ်ကောလိ အချိန်မစောင်းသမို့ မြတ်ယောဂီ စိန်ရွှေငွေအပေါင်းတို့ ဣန္ဒြေကောင်းကောင်းနဲ့ တရားဝင်ကြတဲ့များဖြင့် သောင်းသောင်းယောဂီ အပေါင်းတို့ တုံမှေကိုယ့်ဇာတိ ကိုယ့်အခြေကို မကျဉ်းထောက်ပဲ မျက်မှောက် တတ်ကြွ၍ နေကြကုန်လေ၏။ ဝါ ငါ ငါနဲ့ ဘဝင်မြင့်သော်လည်း အထင်လှမ်းကွာ ပရမ်းပတာဖြစ်တတ်တဲ့ သဘောတွေကြောင့် ဘသားချောတို့ မသားချောတို့ လိုက်ပါကြရ လေကုန် တော့သတည်း။

(သာဓု သာဓု သာဓု) ပါဘုရား

ဆရာတော်ဘုရားကြီးသည် ဆွမ်းမဘုန်းမီနှင့် ဆွမ်းဘုန်းပြီးချိန်တိုင်း တွင် မြတ်စွာဘုရားရှင်အား ဖူးမျှော်ကန်တော့ပါသည်။

မြတ်စွာဘုရားရှင်ရှေ့၌ ဆရာတော်ဘုရားကြီးနေ့စဉ် မေတ္တာပို့ပေးသည့် ရေအပြည့်ထည့်ထားသော ငွေဖလားတစ်လုံးရှိပါသည်။ ထိုငွေဖလားကြီးအား အမြဲတမ်းလက်နှင့် သပ်ပေးလေ့ရှိပါသည်။

၁၉–၅–၂၀၀၁ခုနှစ်၊ မနက်ဆွမ်းဘုန်းပြီးချိန်၌ မြတ်စွာဘုရားရှင်အား ဆရာတော်ဘုရားက ကန်တော့ပြီး၍ယင်းငွေဖလားကြီးအားမေတ္တာပို့သည့်အခါ ရေမျက်နှာပြင်အလယ်မှရေပွက်ကြီးတစ်ပွက် ပွက်လိုက်သည်ကို ထူးဆန်းစွာ မြင်တွေ့ရပါသည်။

၂၀–၅–၂၀၀၁ခုနှစ်၊ နေ့၌ငွေဖလားထဲတွင် ဓာတ်တော်အချို့တွေ့ရှိရပါ သည်။ ဆရာတော်ဘုရားကြီးအားလျှောက်ထားကြရာ ဘုန်းဘုန်းမှ ''မိသား စုဝေငှယူပါ ''ဟုမိန့်ပါသည်။

၂၄–၅–၂၀၀၁ခုနှစ်၊ ညနေတွင်ဆရာတော်ဘုရားကြီးသည် မန္တလေးသို့ ပြန်ကြွသွားပါသည်။

စာရေးသူ၏သား မောင်ကျော်ဆွေ၏ ပင့်လျှောက်ချက်အရ ၁၃–၃–၂၀၀၃ ရက်နေ့ နံနက်(၀၉း၀၀)နာရီတွင် ဆရာတော်ဘုရားကြီးနှင့်အတူ ရဟန်းအမကြီးဒေါ်အေးမယ်နှင့်သမီး၊ တူ၊ တူမများ၊ ကပ္ပိယတို့သည် အမှတ် ၈၂/၂၂ သိရီမင်္ဂလာလမ်း၊ ဗဟိုလမ်းမပေါ်ရှိ ပါရမီအိမ်သစ်သို့ ကြွရောက် ချီးမြှင့်ခဲ့ပါသည်။

ပါရမီအိမ်တွင် သီတင်းသုံးစဉ် သိမှတ်ဖွယ်၊ မှတ်သားလိုက်နာဖွယ်၊ ကျင့်ကြံအားထုတ်ဖွယ်ရာများကိုလျှောက်ထားရာ ဆရာတော်ဘုရားကြီးက ဗုဒ္ဓဘာသာဝင်တိုင်းသည် အနည်းဆုံးငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်း ရမည်၊ တတ်နိုင်သလောက် ဥပုသ်နေ့များတွင် သီတင်းသီလများဆောက်တည် ကြရမည်၊ ထိုမှတဆင့် အဓိဋ္ဌာန်ဖြင့် ကိုးပါးသီလကို ၇ရက်၊ ၉ရက် ဥပုသ်သီလ ဆောက်တည်ပြီး ဝိပဿနာတရားကို အားထုတ်ရမည်၊ အားထုတ်စတွင် ကိုယ်တတ်နိုင်သမျှပွားများ၍ တစ်နေ့လျှင် ၅ မိနစ်ကျစီတိုး၍ ပွားများရပါမည်၊ တချိန် တွင် ဝေဒနာပြင်းပြင်း မခံစားနိုင်သောအချိန်၌ ၅ မိနစ်ကျစီ ပြန်၍လျော့ချ နိုင်ပါသည်။ တဖြည်းဖြည်းနှင့် ဝေဒနာအတိမ်အနက် တရားအသိအမြင်များရှင်း လင်းလာကာ တချိန်တွင်ဒုက္ခခပ်သိမ်း ငြိမ်းအေးရာသို့ရောက်ပါလိမ့်မည်ဟုပြော ဆိုဆုံးမဟောကြားပါသည်။

အချို့သော ဒကာ၊ ဒကာမတို့သည် ဆရာတော်ဘုရားကြီးအားနှုတ်ဖြင့် အရှင်ဘုရား တပည့်တော် ဤကိစ္စတခုကိုအောင်မြင်ချင်ပါသည် ဆရာတော် ဘုရား၏ မေတ္တာကိုလည်းခံယူပါသည်၊ တနေ့လျှင် အနည်းဆုံး ၁၅မိနစ်၊ ၃၀မိနစ် ၁နာရီမပျက်မကွက် ဝိပဿနာပွားများပါမည် မိမိတို့တတ်နိုင်သလောက် ကတိ ဝန်ခံကာ ဆရာတော်ဘုရားကြီးအားလျှောက်ကြပါသည်။ ၎င်းတို့ဆန္ဒ၊ သဒ္ဓါ၊ ဝီရိယတို့ဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာအောင်မြင်သွားကြကြောင်းလည်း မျက်မြင်ကြားသိခွင့်ကြုံရပါသည်။

http://www.dhammadownload.com



# ၂၀၀၄ ခုနှစ်၊ ဆရာတော်ဘုရား၏ ကျန်းမာရေးနှင့် ထူးခြားချက်များ

ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးအခြေအနေကြောင့် ၁၆-၃-၀၄ ရက်နေ့ နံနက် (၁၁)နာရီတွင် စာရေးသူ၏ နေအိမ်သို့ သားလတ် မောင်ကျော်ဆွေမှ သွားရောက် ပင့်လျှောက်ချက်အရ ကြွလာပါသည်။

ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးကို ကြည့်ရှုပေးသော မန္တလေး တိုင်း ဦးနှောက်နှင့် အာရုံကြောဆရာဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ရန်ကုန် ဆေးရုံကြီးမှ ဦးနှောက်နှင့် အာရုံကြောဆရာဝန်ကြီး ဒေါက်တာမြင့်သိန်းတို့၏ ဆေးပညာရှုထောင့်မှ တိုင်ပင်ကြပြီး ဆရာတော်ဘုရားအား ရန်ကုန်ရောက်လျှင် ရောက်ချင်း ညနေ ၂ နာရီ ၃၀ မိနစ်မှာ ဦးနှောက်နှင့် အာရုံကြောဆေးရုံသို့ တင်လိုက်ရပါ သည်။ ထိုနေ့ ညနေ ၄ နာရီ ၄၅ မိနစ်မှာ ဦးခေါင်း ခွဲစိပ်ကုသမှု ပြုခဲ့ရပါသည်။

၆-၄-၂၀၀၄ ရက်နေ့မှာ ဆရာတော်ဘုရားကြီး၏ အခြေအနေမှာ ကျောက်ကပ်နှင့်နှလုံးအခြေအနေဆိုးလာပြန်သဖြင့် (I.C.U)သို့ နံနက် ၁၀ နာရီ ၃၀ မိနစ်မှာ ပြောင်းရွှေ့ရပါသည်။ (I.C.U) အထူးကြပ်မတ်ကုသဆောင် မှ ပါမောက္ခ၊ ဌာနမှူး၊ မေ့ဆေးဆရာဝန်ကြီး ဦးတင်မြင့်နှင့် ဆီးနှင့်ကျောက်ကပ် ဌာန၏ ဌာနမှူး၊ ဆေးပညာသုတေသနဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာပိုင်စိုးနှင့် (I.C.U)မှ တာဝန်ကျ ဆရာဝန်မကြီးများ ဒေါက်တာ လှလှဟန်၊ ဒေါက်တာတင်တင်နွယ်နှင့် ဆရာဝန်၊ ဆရာဝန်မလေးများ၊ အထူး သူနာပြုဆရာမကြီးများနှင့် ဆရာမများမှာ အထူးကြည်ညိုသဒ္ဓါတရား ထက်သန်စွာဖြင့် ပြုစုကုသပေးခဲ့ကြပါသည်။

အထူးကြပ်မတ်ကုသဆောင် (I.C.U)တွင် ဆေးကုသမှု ခံယူနေစဉ် တလျှောက်လုံး မောင်ကျော်ဆွေမှ ဆရာတော်ဘုရားအတွက် အဖက်ဖက်မှ လိုအပ်သမျှကို ဖြည့်ဆည်းလှူဒါန်းပါသည်။ ရန်ကုန်ရှိ ဆရာတော်ဘုရားကြီး၏ တပည့်ရင်းသာဝကအချို့ကလည်း စွမ်းနိုင်သမျှ လှူဒါန်းခဲ့ကြသည့်အပြင် ဆရာတော်ဘုရားကြီး၏ မြေးများဖြစ်ကြသော မောင်ကျော်ဝေ၊ မောင်မင်းဇော်၊ မောင်ရင်မျိုး၊ မောင်စံရွှေမြင့်၊ မဆွေဇင်၊ မအေးမြင့်မော်တို့ကလည်း အလှည့်ကျ စွမ်းနိုင်သမျှ ပြုစုခဲ့ကြပါသည်။ စာရေးသူ၏ သမီးငယ်မှာလည်း ဆရာတော် ဘုရားကြီးဆေးရုံတက်သည့်နေ့မှစ၍ ပြန်ဆင်းသည့်အချိန်အထိ လများအတွင်း နေ့စဉ် ရက်မပျက် ဆရာတော်ဘုရားကြီး၏ ဆွမ်း၊ ဆေး၊ ဝေယျာဝစ္စကိစ္စ မှန်သမျှကို ပြုစုခွင့်ရခဲ့ပါသည်။

ဆရာတော်ဘုရားကြီး ၂၀၀၄ ခုနှစ် ၅ လပိုင်းတွင် ကျန်းမာရေးအခြေ အနေ အတော်အသင့်နေကောင်းလာသဖြင့် အမှတ် (၈၂/၂၂) သီရိမင်္ဂလာလမ်း၊ ဗဟိုလမ်းမပေါ်ရှိ မောင်ကျော်ဆွေ၏ ပါရမီနေအိမ်သို့ ပြန်ကြွလာခဲ့ပါသည်။ သို့သော်လည်း ကျန်းမာရေးအခြေအနေကြောင့် (I.C.U)မှ ဒေါက်တာ ဒေါ်လှလှဟန် နှင့်ဒေါက်တာဒေါ်တင်တင်နွယ်တို့မှ နေ့ည သူနာပြုများ မပြတ် နှစ်လခန့် စောင့်ရှောက်မှုခံယူပြီး ဝါမဝင်ခင် ၂၈-၇-၀၄ ရက်နေ့ နံနက် ၆ နာရီတွင် ဝါဆိုရန် မန္တလေးတိုင်း၊ ရန်ကင်းတောင် ခြေရှိ ထိ-သိ-သတိ ဆားတောင်ရိပ်သာသို့ ပြန်လည်ကြွသွားခဲ့ပါသည်။

ဆရာတော်ဘုရားကြီး ဆေးရုံ၌ ဆေးကုသမှု ခံယူစဉ် ထူးခြားဖြစ်စဉ် အချို့မှာ ဆရာတော်ဘုရားကြီး ဦးနှောက်ခွဲစိပ်ပြီး ဦးခေါင်းမှ သွေးကြည်များသည် ယနေ့ ၂၀၀၆ ခုနှစ်ဆန်းထိ အရည်ကြည်ဖြစ်ပြီး ခဲသွားခြင်း၊ အရောင်ပြောင်းခြင်း မရှိ၊ (သက်ရှိတိုင်း၏ သွေးများသည် ပြင်ပသို့ရောက်သည်နှင့်အေးခဲခြင်း၊ အရောင် ပြောင်းလဲခြင်းသာဖြစ်တတ်ကြသည်။)

ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေချိန်တွင် အထူးကြပ်မတ်ကုသဆောင်(I.C.U)တွင် ဆရာဝန်ကြီးများက သာမန်လူသား ဆိုလျှင် မရတော့ပါ ဆရာတော်ဘုရားကြီး၏ ဘုန်းကံအလိုအတိုင်းသာပဲရှိတော့

http://www.dhammadownload.com



သည်ဟု ပြောကြားကြရာ ဆရာတော်ဘုရားကြီး၏ ရဟန်းအမ ဒေါ်အေးမယ်နှင့် သမီးများ၊ မောင်ကျော်ဆွေတို့က ဘုရားတွင် သစ္စာပြုကြပါသည်။ ဆရာတော် ဘုရားကြီးသည်ဝေနေယျများ၊ ကယ်သင့်ကယ်ထိုက်သူ ကျွတ်ထိုက်သူများ၊ ကျန်ရှိနေသေးသောကြောင့် အံ့ဖွယ်ကောင်းအောင် ပြန်လည်ကျန်းမာရေး ကောင်းမွန်လာပါသည်။

၂၀-၁-၂၀၀၅ရက် ကြာသပတေးနေ့ ညနေ(၄း၃၀)အချိန်တွင် စာရေး သူ၏ပင့်လျှောက်ချက်အရ “မာလာဂနိုင်ဟေမာမြိုင်” နေအိမ်သစ်သို့ကြွရောက် ချီးမြှင့်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီး သီတင်းသုံးစဉ် ရက်အတွင်း စာရေးသူ ၏သမီးနှစ်ယောက်မှာ ဆရာတော်ဘုရားကြီးအား ဥပဇ္ဈယ်ပြုပြီး သာသနာဘောင် ဝင်လို၍ ဆရာတော်ဘုရားကြီးအားလျှောက်ထားရာ ခွင့်ပြုသဖြင့် ၂၉-၁-၂၀၀၅ ရက်၊ စနေနေ့ နံနက်(၁၁း၀၀)နာရီ ပြာသိုလပြည့်ကျော်(၅)ရက်နေ့တွင် စာရေးသူ၏သမီးနှစ်ယောက်နှင့်အတူ သမီးကြီး၏သူငယ်ချင်း၊ ဆရာတော် ဘုရားကြီး၏ ဒကာရင်းဖြစ်သူ ဦးသိန်းထွန်း၏ သမီးတို့ပါ သာသနာအမွေခံ ယူကြပါသည်။ သီလရှင်လေးပါးတို့သည် ညစဉ်(၇း၀၀)နာရီမှစ၍ ဝိပဿနာ တရားအားထုတ်ကြပါသည်။ ထိုသို့တရားအားထုတ်စဉ်အချိန်များ၌ လေးပါး လုံး၏အရှေ့တည့်တည့်မှ လွန်စွာတောက်ပသော အလင်းရောင်ကို တချိန်တည်း ခံစားရခြင်း၊ အားလုံး၏ဘယ်ဘက်မှ ဓါတ်ပုံရိုက်သကဲ့သို့ လက်ခနဲဖြစ်ခြင်း၊ ထူးခြားသောအမွှေးနံ့ရရှိခြင်း ဆရာတော်ဘုရားကြီးက မနောနှင့်လာ၍တရား ပြသပြောဆိုသည်ကိုသိရှိခြင်း၊ ဆရာတော်ဘုရားကြီး၏မေတ္တာကြောင့် အချိန် ကြာမြင့်စွာထိုင်နိုင်ခြင်း၊ တရားထိုင်နေစဉ်အတွင်း ဆရာတော်ဘုရားကြီးဖြတ် လျှောက်သွားသကဲ့သို့ကြားကြရခြင်း၊ ထူးခြားအံ့သြသော တရားအသိနှင့်ဖြစ် ရပ်များကို ဆရာလေးများထံမှကြားသိခဲ့ရပါသည်။

ထူးခြားချက်မှာ ၂၁-၂-၂၀၀၅ ရက် ညနေဆေးကပ်ပြီးချိန်တွင် ဆရာလေးမှ “ ဘုန်းဘုန်း မနက်ဖြန်လပြည့်နေ့ ဘုရားတပည့်တော်တို့ကို ချီးမြှင့်မှာလားဘုရား သိသိသာသာမြင်ရအောင်ပြလား ဘုရား” ဟုလျှောက်ရာ ဘာမှမမိန့်ပဲ ပြုံးနေသည်ကိုသာဖူးရပြီး သီလရှင်တို့ ၏မယ်တော်နှင့်အတူ လှေခါးမှပြန်ဆင်းလာချိန်တွင် သုံးယောက်လုံးတချိန်တည်း အချိန်အခါမဟုတ် ကောင်းကင်မှ လျှပ်စီးလင်းတန်းးလက်သွားသည်ကို အံ့သြစွာမြင်လိုက်ရ သည့်အတွက် ဆရာတော်ဘုရားကြီးထံချက်ချင်းတက်ပြီး သွားလျှောက်ကြည့်ခဲ့ ၍ သိခဲ့ကြရပါသည်။

ဆရာတော်ဘုရားကြီး သီတင်းသုံးစဉ်ရက်အတွင်း ဆရာတော်ဘုရား ကြီးအား တပည့်သာဝကအပေါင်းတို့က ဆီမီး(၈၀၀၀)ဖြင့်ပူဇော်ခြင်း၊ ထမနဲထိုး လှူဒါန်းခြင်းတို့ဖြင့် ကုသိုလ်ဒါနပြုခဲ့ကြပါသည်။ ၂၀-၃-၂၀၀၅ရက်ညနေတွင် လေယာဉ်နှင့် မန္တလေးရန်ကင်းတောင်သို့ ပြန်လည်ကြွသွားခဲ့ပါသည်။

၂၆-၄-၂၀၀၅ရက် အင်္ဂါနေ့ည(၇း၂၀)အချိန်တွင် စာရေးသူ၏ ပင့်လျှောက်ချက်အရ “ မာလာဂနိုင်ဟေမာမြိုင် ”နေအိမ်သို့ဆရာတော်ဘုရား ကြီးထပ်မံ ကြွရောက်ချီးမြှင့်ခဲ့ပါသည်။ ၁၂-၅-၂၀၀၅ရက်နေ့တွင် ဆရာတော် ဘုရားကြီးမှ ရုတ်တရက်ကျန်းမာရေးမကောင်းသဖြင့် ဆေးပညာသုတေသန ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဆီးနှင့်ကျောက်ကပ်ဌာန၏ ဌာနမှူး ဒေါက်တာပိုင်စိုး၊ မင်္ဂလာဒုံ ဆေးရုံမှ နှလုံးခွဲစိတ်ကုဆရာဝန်ကြီး ဗိုလ်မှူးကြီး ဒေါက်တာတင်မောင်အေးနှင့် ဒေါက်တာဒေါ်မူယာ၊ အထူးကြပ်မတ်ကုသဆောင် ICU မှ ဒေါက်တာဒေါ်လှလှဟန် တို့က လိုအပ်သည်များကို စစ်ဆေးစမ်းသပ် ပြီးကုသပေးခဲ့ကြပါသည်။ ဆရာ တော်ဘုရားကြီး သီတင်းသုံးစဉ်အတွင်း မြန်မာ့မီးရထားမှ ဆရာဝန်ကြီး ဒေါက်တာ ဦးကျော်ဝင်းနှင့်ဆရာဝန်များ၊ ဒေါက်တာဦးဝင်းနိုင်နှင့် ဒေါက်တာ တင်တင်ဝင်း တို့ မောင်နှမနှစ်ဦးတို့ကလည်း တစ်ပတ်တစ်ခါလိုအပ်သည်များကို ကုသိုလ်ယူခဲ့ ကြပါသည်။

ဆရာတော်ဘုရားကြီးသီတင်းသုံးစဉ် ရက်တစ်နေ့တွင် ဆရာတော် ဘုရားကြီး၏ ကျန်းမာရေးအခြေအနေကို ရှမ်းပြည်နယ်ရှိ ညောင်ရွှေမြို့နယ် တောင်ပိုင်း ထိုက်အိမ်သူဘိုးဘိုးမှ အာရုံယူပြီး၊ ဘိုးဘိုးမှ ဆရာတော်ဦးစန္ဒိမာ အား သစ်မြစ် သစ်ဥများယူ၍ သားလတ်မှပင့်ဆောင်လာကာ ဆရာတော်ကြီး အား ဆေးမြစ်၊ ဆေးဥများဖြင့်ကပ်လှူဒါန်းခဲ့ပါသည်။ ဆရာတော်ကြီးမှလည်း အစမ်း သပ်ခံကာ ကုသမှုကိုခံယူပါသည်။

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးနှင့် တောင်ပိုင်း ထိုက်အိမ်သူဘိုးဘိုးကြီးမှာ မသိမမြင်တွေ့ဖူးကြပေ။

## ဖလေးရွာမှ ကျိုက်မတ်ကော်စေတီထီးတင်ပွဲ

(၁၄-၅-၂၀၀၅)ရက်နေ့ ဆရာတော်ဘုရား တပည့်ရင်း သာဝကဖြစ်သူ များဖြစ်သည့် ဦးတင်နွယ်၊ ဒေါ်ချိုမိသားစုမှ ဖလေးဘုရား ထီးတော်တင်ပွဲ အကြောင်းကို ဒေါ်ချိုမှ စာရေးပြောကြားချက်ကို တင်ပြလိုက်ရပါသည်။

ဖလေးရွာသည် ပဲခူးတိုင်း၊ ကဝမြို့နယ်အတွင်းရှိ ရွာတစ်ရွာဖြစ်သည်။ ဖလေးဘုရားကြီးသည် အခြေကြီးမားလွန်းသည်ကို ညွှန်းဆိုဖွဲ့ပြီး ဖလေးသူ တွေ အခြေကြီးသည်ဟု ပြောစမှတ်ပြုကြသည်။

ကျိုက်မတ်ကော်စေတီတော်မြတ်ကို အင်းတကော်မြို့နယ်၊ ပတ္တား ဆရာတော်ဦးသုန္ဒရက ဦးဆောင်ထီးတော်တင်ခဲ့ပါသည်။ ဖလေးဘုရားထီးတင် ရာသို့ ကျွန်မသွားရောက်ရမည်ဖြစ်ပါသဖြင့် ဆွမ်းကပ်ရက်ပျက်မည့်အကြောင်း ဆားတောင်ဆရာတော်ဘုရားကြီးအား လျှောက်ထားရင်း ဆရာတော်ဘုရား လည်းကြွရောက်ပါရန် လျှောက်ထားရာ၊ ကြွမည်ဟု ဦးခေါင်းညိမ့်ပါသည်။

၁၆-၅-၂၀၀၅ ရက်နေ့ နံနက် (၃)နာရီတွင် မိမိအိမ်မှကားဖြင့် မိသားစု ထွက်ခဲ့ပါသည်။ ရန်ကုန်မြို့ထွက်သည်နှင့် ကျွန်မသည် ခရီးသွားရင်း ရွတ်ဖတ် သရဇ္ဈာယ်နေကြအတိုင်း ရွတ်ဖတ်ရန် မျက်လုံးမှိတ်၍ ဘုရားအာရုံပြုလိုက် ချိန်တွင် ဘုန်းဘုန်းသည် ကားခေါင်မိုးပေါ်တွင် တောင်ဝှေးတစ်ချောင်းထောက်၍ သက်န်းများ လေတွင်လွင့်ကာလွင့်ကာ မတ်တပ်ကြွရောက်လိုက်ပါလာသည် ကို မျက်လုံးထဲတွင် မျက်ဝါးထင်ထင်ဖူးတွေ့လိုက်ရပါသည်။ ကျွန်မသည် မျက်လုံးပိတ် အာရုံပြုတိုင်း ဘုန်းဘုန်းကို တလမ်းလုံး ဖူးတွေ့နေရပါသည်။

ဖလေးရွာ ကျိုက်မတ်ကော်စေတီသို့ နံနက်(၈)နာရီထိုးရန် စက္ကန့်ပိုင်း သာ လိုသည့်အချိန် ကားဆိုက်သည်မို့ လူအုပ်စုကြီး တိုးဝှေ့ကာ စိန်ဖူးတော်အား ဘုရားပေါ်သို့ မတင်မီ ရထားယာဉ်ပေါ်၌ရှိနေစဉ်အနေအထားကို ဓါတ်ပုံများ လှည့်ပတ်ရိုက်ရင်း ဘုန်းဘုန်းဘုရား ကြွရောက်ဖူးမျှော်ပါဘုရားဟု လျှောက်ရင်း ဓါတ်ပုံများ ကိုယ်တိုင်ရိုက်ခဲ့ပါသည်။ စိန်ဖူးတော်တင်ပွဲ အောင်မြင်စွာပြီးမြောက် ခဲ့၍ ရန်ကုန်သို့ ပြန်ခဲ့ပါသည်။ ထီးတင်ပွဲဓါတ်ပုံများကို ကူးပါသည်။ ဓါတ်ပုံများ ကူးယူရရှိ၍ စိန်ဖူးတော်ပုံများ ကြည့်လိုက်ရာ ဘုန်းဘုန်းကြွရောက်ဖူးမျှော်နေပုံ တွေ့ရ၍ ဘုန်းဘုန်းအား လျှောက်ထားရာ ဘုန်းဘုန်းခေါင်းညိမ့်ခြင်းဖြင့် ဟုတ်မှန်သည်ဟု အသိအမှတ်ပြုလိုက်ပါသည်။

၂၆-၅-၂၀၀၅ ရက်နေ့တွင် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိမူကြမ်း ကို ဆရာတော်ဘုရားကြီးရှေ့တွင်ဖတ်ပြပြီး လိုအပ်သည်များကိုမိန့်ကြားပြီး ပယ်စရာများရှိပါသေးသလားဟုလျှောက်ထားရာ '' ပယ်စရာမရှိကြောင်း'' ကိုမိန့်ကြားခဲ့ပါသည်။

၁၁-၇-၂၀၀၅ ရက်နေ့တွင် စဉ့်ကိုင်မြို့နယ် ကသဲကုန်းကျေးရွာ ဆားတောင် ပဋိပတ္တိကျောင်းသို့ ဝါဆိုရန်လေယာဉ်ဖြင့် ပြန်လည် ကြွသွား ခဲ့ပါသည်။

## ရန်ကုန် မေဃဝတီကျောင်းသို့ ကြွရောက်ခြင်း

၅-၁-၂၀၀၆ ရက်နေ့ မနက် ၉နာရီအချိန်တွင် ဗိုလ်ချုပ်ဆန်းဆင့် ဦးဆောင် ပင့်လျှောက်ချက်အရ ဆေးစစ်မှုခံယူရန် ရန်ကုန်တိုင်း၊ သဃ်န်းကျွန်း မြို့နယ် မေဃဝတီကျောင်းသို့ ကြွရောက်ချီးမြှင့်ပါသည်။

ဆရာတော်ဘုရားကြီး ရန်ကုန်သို့ မကြွရောက်မီအချိန်ကပင် တောင်ဥက္ကလာပမြို့နယ်ရှိ အမျိုးသမီးငယ်တစ်ယောက်မှာ ရဟန်းတော်တစ်ပါး ချာန်ဖြင့် ကောင်းကင်မှကြွလာသည်ကို ဖူးတွေ့ရသည်ဟု အိပ်မက်

http://www.dhammadownload.com



မြင်မက် ထားပါသည်။ ဆရာတော်ဘုရားကြီး မေဃဝတီကျောင်းသို့ ကြွရောက်လာသည် ကို ကြားသိရသဖြင့် လာရောက်ဖူးမြင်သောအခါ အိပ်မက်ထဲမှ ရဟန်းတော်မှာ ဆရာတော်ကြီးဖြစ်နေကြောင်း အံ့သြဝမ်းသာဖြစ်ခဲ့ရကြောင်း မေဃဝတီ ကျောင်းတွင် ပြောခဲ့ပါသည်။

ဆရာတော်ဘုရားကြီး ကျန်းမာရေးအခြေအနေကြောင့် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလမှစ၍ ရန်ကုန်တွင် တရားမပြသည်မှာ (၆)နှစ်တိတိရှိခဲ့ပါသည်။ ယခု ဗိုလ်ချုပ်ဆန်းဆင့် ပင့်လျှောက်ချက်ဖြင့် သင်္ဃန်းကျွန်းမြို့နယ် မေဃဝတီ ကျောင်း၌ သီတင်းသုံးစဉ် (၈-၁-၂၀၀၆)ရက်နေ့ နံနက် (၈)နာရီခန့်မှာ တစ်ကြိမ်၊ ည (၇)နာရီခန့်တွင် တစ်ကြိမ်၊ နေ့စဉ် ဝိပဿနာကမ္မဋ္ဌာန်းတရားကို ချီးမြှင့် တော်မူပါသည်။ တရားအားထုတ်ချိန် အချိန်တိုင်းတွင် ဆရာတော်ဘုရားက ရှုပေး၊ ရှုပေး ခန္ဓာကိုယ်ပျောက်အောင်ရှုပါ။ ဝင်လေထွက်လေ တွေ့အောင်ရှုပါ။ ခန္ဓာကိုယ် မညှာနှင့်၊ မရပ်နှင့်၊ တစ်ဆက်တည်းရှုပါ။ အာရုံတခြား လိုက်မသွား ပါနှင့် အချိန်စေ့ခါနီးတွင် တရားအာရုံဖြေ၊ ဘုရားအာရုံပြုဟု မိန့်တော်မူသည်။

အရှေ့မှာထိုင်၍ တစ်ချိန်လုံး တရားထိုင်သူများအား စောင့်ရှောက် ပေးပါသည်။ ဆရာတော်ဘုရားကြီး၏ စောင့်ရှောက်မှုကြောင့် တရားထိုင်သူ အားလုံး သင့်တင့်သော အတိုင်းအတာအလျောက် မိမိတို့၏ သဒ္ဓါ၊ သီလ၊ ဝီရိယ အပေါ်မူတည်၍ သမာဓိအားများ ရကြပါသည်။

(၁၆-၁-၀၆)ရက်နေ့ထိ ဆရာတော်ဘုရားကြီး (၉)ရက်တိတိ ဝိပဿနာ တရားကို ချီးမြှင့်ခဲ့ပါသည်။

(၁၇-၁-၀၆)ရက်နေ့ နံနက် (၉)နာရီခန့်၌ စာရေးသူ၏သား မောင်ကျော်ဆွေအိမ်သို့ ကြွရောက် ချီးမြှင့်၍ ဆရာတော်ဘုရားကြီးသည် (၁၉-၆-၀၆)ရက်နေ့ ညနေ (၃)နာရီတွင် စဉ့်ကိုင်မြို့နယ် ကသဲကုန်းကျေးရွာ၊ မင်းရွာကုန်းရပ် ထိ-သိ-သတိ ကျောင်းသို့ ပြန်လည်ကြွရောက်သွားခဲ့ပါသည်။

## ကိုယ်တွေ့ထူးခြားဖြစ်စဉ်များ

### ရဟန်းအမကြီးဒေါ်အေးမယ်၏ ကိုယ်တွေ့ ဖြစ်ရပ်

ဆရာတော်ဘုရားကြီးသည် ၂၀၀၅ ဇန်နဝါရီလ စာရေးသူ၏နေအိမ်၌ သီတင်းသုံးစဉ် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိရေးသားပြုစုနေချိန်တွင် အချို့သော တပည့်ရင်းတို့က ၎င်းတို့၏ ကိုယ်တွေ့ဖြစ်ရပ်တို့ကို ပြောပြ၊ ရေးပို့ ပေးကြသဖြင့် စာရှုသူ သူတော်ကောင်းတို့ ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန် ရည်သန်၍ စုစည်းတင်ပြလိုက်ရပါသည်။

၁၃၂၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ညချမ်းအခါတွင် ပုပ္ပါးမယ်တော်သည် ဆံပင်ဖြန့်ချလျက် စိမ်းနုရောင်ဝတ်စုံဖြင့် နှင်းပန်း (၅)ခိုင်ကိုင်ဆောင်လျက် ဝါဆိုသင်္ကန်းလာရောက် ဆက်ကပ်သည်။ ပုပ္ပါးမယ်တော်ဖြစ်ကြောင်း သားတော်(၂)ပါး ပါမလာကြောင်း၊ ဝေဘူဆရာတော်ထံသွားရောက် သင်္ကန်း ဆက်ကပ်နေကြောင်းလျှောက်ထားပြီး ဆရာတော်အား ဝက်သားအလှူခံ လိုပါကြောင်း လျှောက်ထားသွားခဲ့သည်။

၁၃၃၂ ခုနှစ်တွင် ဆရာတော် အစာအိမ်ရောဂါဖြစ်၍ ဝေဒနာခံစား နေရသည် ထိုနှစ်သင်္ကြန်အကြတ်နေ့တွင် အစာအိမ်ရောဂါ ပြင်းထန်လာ၍ စစ်ကိုင်းဆေးရုံသို့ ညတွင်းချင်းပင်ပို့ခဲ့ရသည်။ ထိုမှတစ်ဆင့် ခွဲစိတ်ရန် မန္တလေးဆေးရုံသို့ ညတွင်းချင်းပင် ပို့ခဲ့ရသည်။ ဆေးရုံတင်ထားစဉ် ဆရာတော် ကုတင်နှင့် (၁)တောင်ခန့်ကွာနေသည်ကို ညတာဝန်ကျ ခရစ်ယာန်ဘာသာဝင် ဆရာဝန်သည် မြင်တွေ့လိုက်ရ၍ ထအော် လိုက်ရာ၊ ထိုစဉ်ကဆေးရုံရှိ ဆရာဝန်၊ ဆရာမ၊ သူနာပြု (၇)ယောက်ခန့် မြင်တွေ့လိုက်ရ၍ တအံ့တသြဖြစ်ခဲ့ရသည်။ ဆရာတော်ကြီးမှာလည်း ရောဂါသက်သာရာရခဲ့ပြီး

http://www.dhammadownload.com



ခွဲစိပ်ခြင်း မခံရဘဲ ဆေးရုံမှ ပြန်ဆင်းခဲ့ရသည်များကို ရဟန်းအမကြီးဒေါ်အေးမယ် ပြောပြ၍ သိခဲ့ရသည်။

၁၃၆၅ ခုနှစ် ဆားတောင်ရွာသို့ ဆရာတော်ကြွစဉ်တွင် လည်း ဆွမ်းဘုန်းပေးနေစဉ် ခံတွင်းမှ အရောင်များဝင်းဝင်းလက်လက် ထွက်ပေါ်နေ သည်ကို ဆွမ်းလာကပ်သူ ရွာသူရွာသားများ အားလုံးလိုပင် ဖူးတွေ့ကြရကြောင်း ရဟန်းအမကြီး ဒေါ်အေးမယ်ကပြောပြပါသည်။

## ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း၏ ကိုယ်တွေ့ ဖြစ်ရပ်

ဆရာတော်ဘုရားကြီး နှလုံးသွေးကြောကျဉ်း၍ ခွဲစိတ်ကုသမှုခံယူစဉ် တစ်ချိန်တည်းပင် ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းသည်လည်း ဆရာတော် ဘုရားကြီးကဲ့သို့မင်္ဂလာဒုံစစ်ဆေးရုံတွင် တက်ရောက်ဆေးကုသခဲ့ပါသည်။

၂၀-၁-၀၅ နေ့တွင် ကျေးဇူးတော်ရှင် ဆားတောင်ဆရာတော် ဘုရားကြီးသည် စာရေးသူ၏နေအိမ်သို့ ကြွရောက်ချီးမြှင့် နေစဉ်ရက်များအတွင်း တစ်ရက်သောနေ့တွင် ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းသည် ဇနီးနှင့်အတူ စာရေးသူ၏ လှိုင်မြို့နယ်ရှိ မာလာဂနိုင်ဟေမာမြိုင် အိမ်သို့ ဆရာတော်ဘုရားကြီး အား ဖူးမျှော်ကန်တော့ရန် ရောက်ရှိလာခဲ့သည်။ ဆရာတော် ဘုရားကြီးအား ဖူးမျှော်ကန်တော့ရင်း လွန်ခဲ့သော(၉)နှစ်ဝန်းကျင် ဆေးရုံတက်စဉ်က ဒုတိယဗိုလ်မှူးကြီး သိန်းထွန်း၏ ကိုယ်တွေ့ထူးခြားဖြစ်စဉ်ကို ဆရာတော် ဘုရားကြီးရှေ့တွင် ပြောပြခဲ့ပါသည်။

ဗိုလ်မှူးကြီးသည်လည်း နှလုံးခွဲစိတ်ပြီး ခြေသလုံးမှ အကြော (၃)ချောင်း ထုတ်၍ အစားထိုးထားရသဖြင့် အထိုင် အထခက်ခဲပါသည်။ ရေအိမ်သို့ ဝင်ရာတွင် ဆေးရုံ၌ (ဗိုလ်ထိုင်) အိမ်သာတစ်လုံးသာရှိသဖြင့် နံနက်စောစော အိပ်ရာမှထပြီး ရေအိမ်သို့သွားရာ ရေအိမ်ထဲမှ ဆရာတော်ဘုရားကြီးက ပြန်ထွက်လာသည်ကို ဖူးတွေ့ရပါသည်။

နောက်တစ်နေ့တွင် ရေအိမ်တွင် ဆရာတော်ဘုရားကြီးနှင့် မတိုက် ဆိုင်ရန် ဆရာတော်ဘုရားကြီးထက်ဦးစွာရေအိမ်ဝင်ရန် နံနက် (၄) နာရီခန့် ရေအိမ်သို့ သွားရာ ဆရာတော်ဘုရားကြီးက ရေအိမ်မှပြန်ထွက်လာသည်ကို ဖူးတွေ့ ရပြန်ပါသည်။

နောက်တစ်ရက်တွင် ဒါ့ထက်စောနိုင်သမျှ စောစော နံနက် (၃)နာရီခန့် ရေအိမ်သို့သွားပြန်ရာ ယခင်အတိုင်း ဆရာတော်ကို ဖူးတွေ့ရပါသည်။ **ဆရာတော်က မလျော့သေးဘူးလားဟု မိန့်ပါသည်။**

ဗိုလ်မှူးကြီးက အခြားကိစ္စများကို မိန့်သည်ဟု ထင်၍ **မလျော့ပါ ဘုရား** ဟု ပြန်လျှောက်ခဲ့ပါသည်။

ထိုသို့ လျှောက်ပြီးချိန်မှစ၍ ဝမ်းသွားချိန်တွင် ဝမ်းသွား၍ မရတော့ပါ။ မည်သို့ပင် ဝမ်းသွားရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း ဝမ်းသွားမရ ဖြစ်နေ ပါတော့သည်။ စဉ်းစားရခက်ပြီး အတန်ကြာမှ ဆရာတော်အား **မလျော့ပါ ဘုရား** ဟု လျှောက်ထားဘူးသည်ကို သတိရလာပါတော့သည်။ အိပ်ယာပေါ်တွင် ပက်လက်အနေအထားနှင့် ဆရာတော်ဘုရားကြီးအား အာရုံပြုလျက် **လျော့ လိုက်ပါပြီဘုရား** ဟု လက်အုပ်ချီမိုး ရှိခိုးကန်တော့လျက် တောင်းပန် သောအခါမှ ပုံမှန်အတိုင်း ဝမ်းပြန်သွား၍ ရတော့ကြောင်း၊ နောက်တစ်နေ့ နံနက်တွင် ဆရာတော်ဘုရားကြီးထံသို့ သွားရောက်ပြီး ဆရာတော်၏ ခြေအစုံတွင် လက်စုံမိုး ကန်တော့ ၍ **လျော့လိုက်ပါပြီ ဘုရား**ဟု လျှောက်ထား သောအခါတွင် ဆရာတော်ဘုရားကြီးမှ ပြန်လည်၍ မိန့်သည်မှာ **လျော့လိုက် တော့ ပြီးသွားတာပေါ့**ဟု မိန့်ပါကြောင်း၊ ထို့ပြင် ဆရာတော်သည် သူဖူးတွေ့ဘူးစဉ်ကစ၍ ဒါယကာ၊ ဒါယိကာမများမှ ဆက်ကပ်လှူဒါန်းသော ဆွမ်း၊ ဆွမ်းဟင်းများ အားလုံး အနည်းငယ်စီ ထည့်မှေ့ကာ ဘုန်းပေးကြောင်း၊ ရသာ တဏှာကို ဂရုမထားသည်ကို ကိုယ်တွေ့ ဖူးတွေ့ခဲ့ရကြောင်း၊ ကြည်ညို ပါကြောင်း ယခုဆရာတော် စာရေးသူ၏အိမ်သို့ ရောက်ရှိနေကြောင်း သတင်းရ၍ မိသားစုလာရောက် ဖူးမြော်ခြင်းဖြစ်ကြောင်း စာရေးသူကို ပြောပြပါသည်။

http://www.dhammadownload.com



## ဒေါ်လှကြည်၊ ဒေါ်လှရီ အခန်း(၂၂/၂၃)၊ တိုက်(၃၅၄) အနောက်ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၏ ကိုယ်တွေ့ဖြစ်ရပ်များ

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း၊ တိုက်(၃၅၄) အခန်းအမှတ်(၂၂/၂၃)တွင် နေထိုင်သူ အသက် (၈၂)နှစ်ရှိ ဒေါ်လှကြည် သည် စာရေးသူ၏နေအိမ်သို့ ဆရာတော်ဘုရားကြီး အားဖူးမျှော်ကန်တော့ရန် လာ ရောက်ခဲ့သည်။ ဒေါ်လှကြည်က ဆရာတော် ဘုရားကြီးအား ဖူးတွေ့နေစဉ် ပြောပြသည်မှာ လွန်ခဲ့သော အနှစ် (၄၀)ခန့်က ဒေါ်လှကြည်သည် (၇)မိုင် ဦးလွန်းမောင်လမ်းတွင် နေထိုင်ခဲ့စဉ်က အိမ်ခြံဝင်းနှင့်ကပ်လျက်ရှိသည့် ကမ္ဘာအေး စွန်းလွန်းရိပ်သာသည်လည်း တည်ထောင်ကာစဖြစ်သည်။ ထိုရိပ်သာတွင် ဆားတောင်ဆရာတော် ရောက်ရှိ သီတင်းသုံးခိုက် တစ်နေ့တွင် ကပ္ပိယတစ်ဦးရောက်ရှိလာပြီး ကော်ဇော၊ ပရိတ်အိုးများ လာငှားပါသည်။ သဲသောက်ရေအိုးပဲ ရှိကြောင်းပြောလိုက်ရာ၊ သဲသောက်ရေအိုးကိုပင် ယူဆောင်သွားပါသည်။ ဒေါ်လှကြည်တို့လည်း လိုက်ပါသွားရာ ဆားတောင် ဆရာတော်ဘုရား ပရိတ်ရွတ်ပေးခြင်းဖြစ်သည်ကို မြင်တွေ့ရသည်။ မကြာမီ ပရိတ်ရွတ်နေစဉ်အတွင်း ပရိတ်အိုးများမှ ရေများ ဆူပွက်လျက် ကျလာသည်ကို အံ့သြစွာ မြင်တွေ့ရ၍ ဝမ်းမြောက်ဝမ်းသာ ပီတိဖြာလျက် များစွာ ကြည်ညိုသဒ္ဓါ ပွားများခဲ့ရကြောင်း ထိုစဉ်မှစ၍ ယခုတိုင် ဆရာတော်ရောက်ရှိသည့်နေရာများသို့ သွားရောက် ဖူးတွေ့ခဲ့ပြီး ကိုးကွယ်လာခဲ့ကြောင်းပြောပြခဲ့ပါသည်။ ထို့နောက် ဒေါ်လှကြည်၏ ညီမ ဒေါ်လှရီ ယခုအသက် (၇၂)နှစ်ကလည်း သူ၏မျက်မြင် ကိုယ်တွေ့ ထူးခြားဖြစ်ရပ် တစ်ခုကို ပြောပြပါသည်။ လွန်ခဲ့သော (၃၃)နှစ်ခန့်က ဆားတောင်ဆရာတော်ဘုရားကြီးထံတွင် တရားနာ တရားလျှောက်နေစဉ် တူမ ဖြစ်သူ ဒေါက်တာနန္ဒမောင်(ခ)ခင်နွဲ့ သည် မလှမ်းမကမ်းရှိ ရေကန် ဘက်ဆီသို့ လျှောက်သွားပြီး ရေကန်ထဲခုန်ချမည်ပြုနေစဉ်၊ ဆရာတော်ဘုရာကြီးမှ တူမ အမည်ကိုခေါ်၍ လာခဲ့ဟု ခေါ်လိုက်၍ ဒေါ်လှရီ တရားလျှောက်နေသည့် ဆရာတော်ရှိရာ နေရာသို့ ရောက်လာပြီး ဆရာတော်ဘုရားတပည့်တော်ကို ခေါ်ပါသလားဟုလျှောက်လိုက်ရာ အင်းဟု ခေါင်းငြိမ့်လိုက်သဖြင့် တအံ့တသြ ဖြစ်ကြရသည်။ ဒေါ်လှရီမှာလည်း ၎င်းအား တရားချီးမြှင့်နေစဉ် အချိန်တစ်ခု အတွင်း တူမဖြစ်သူကို ရေကန်ထဲ ခုန်မချဖြစ်အောင် တစ်ချိန်တည်း တစ်ပြိုင် တည်း ဆောင်ရွက်လိုက်ခြင်းကို ထူးခြားအံ့ဖွယ်ဖြစ်၍ လွန်စွာကြည်ညို ခဲ့ရကြောင်း ပြောပြပါသည်။

## ဆံပင်တော်မှ ဓါတ်တော်ကျ

ဆားတောင်ဆရာတော်ဘုရားကြီးဆံချသည့်အခါတိုင်း ဆရာတော်၏ ဆံပင်တော်များကို တပည့်များမျှဝေယူကြပြီး ပုလင်း များအတွင်း ထည့်သွင်း ပူဇော်ထားကြပါသည်။ ဆရာတော်၏ဆံပင်တော်များသည် ပုလင်းအတွင်း စုလုံးနေပြီး အချို့ပုလင်းများတွင် စေတီပုံများ ဓါတ်တော်အဖြူလုံးလေးများ ဖြစ်ပေါ်နေသည်ကို ထူးခြားအံ့ဖွယ်မြင်တွေ့ကြရသည်။ ၁၉၉၆ ခုနှစ်၊ မင်္ဂလာဒုံ စစ်ဆေးရုံတက်စဉ် လည်း ဆရာဝန်၊ ဆရာမများ၊ တပည့်များအားလုံးလိုလိုပင် ဖူးတွေ့ကြရသည်။ စာရေးသူ၏အိမ်တွင်လည်း ပုလင်းတွင်း၌ ဆရာတော်၏ ဆံပင်စများစုလုံးနေပြီး အချို့ဓါတ်တော်များ ဖြစ်၍နေသည်ကို မြင်တွေ့ နေရသည်။

အချို့ ဒါယကာ၊ ဒါယိကာမများ၏ နေအိမ်ရှိ ဆံတော်တို့သည် တစ်လုံး တည်းဖြစ်ပါစေဟု ဆုတောင်းသည့်အခါ တစ်စုတစ်လုံးတည်းဖြစ်သွားပြီးနောက် ထပ်ပြီး (၂)လုံး ခွဲပါစေဟု ဆုတောင်းသည့်အချိန်တွင် (၂)လုံးခွဲသွားသည်များ ရှိသည်ကို ကိုယ်တွေ့ဒါယကာ၊ ဒါယိကာမများက ထူးခြားမှု တရား၏ အစွမ်းသတ္တိကိုလည်း ကြားသိရပါသည်။

http://www.dhammadownload.com



## ဦးတင်နွယ်+ဒေါ်ချို၊ အမှတ်(၄၇) သစ္စာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၏ ကိုယ်တွေ့ဖြစ်ရပ်

၁၉၉၅ ခုနှစ်၊ ဆားတောင်ဆရာတော်ဘုရားကြီး UHC ဆေးခန်းသို့ တက်ရောက်ဆေးကုသမှုခံယူစဉ် ဆေးရုံ၌ ဆံတော်ချရာ (၇)ရက်သားသမီးများ အလှူမျှရာမှ ဆံတော်အချို့ကို ရရှိခဲ့ပါသည်။

သက်တော်အလိုက် ဆံတော်မှာ အဖြူတစ်ဝက်၊ အမည်းတစ်ဝက် ဖြစ်ရာ၊ ဆံပင်မွှေးတို့၏ သဘာဝအတိုင်းထည့်ထားသလို ပုလင်းထဲတွင် ရှိနေသည်ကို ဖူးတွေ့ရပါသည်။ ဆံတော်ပုလင်းကို တရိုတသေဘုရားစင်တွင် တင်ထား လိုက်ပါသည်။

ရက်သတ္တတစ်ပတ်ခန့်ကြာသော် ဘုရားရှစ်ခိုးရင်း ဆံတော်ပုလင်း၌ မျက်စိရောက်သွား၍ကြည့်မိရာ၊ ဆံတော်များအားလုံး စုပြီး၊ ဘောလုံးတစ်လုံးလို လုံးလုံးလေးဖူးမျှော်ရပါသည်။ အံ့သြစွာဖူးတွေ့ရပြီး၊ စိတ်ထဲ စိတ်ကူးတစ်ခု ပေါ်လာ၍ စမ်းကြည့်လိုသည့် သဘောလည်းပါသဖြင့် ဆံတော်ပုလင်းကို လက်အုပ်ချီ၍ အရှင်ဘုရားဆံတော်လုံးကြီးကို နောက်တစ်လုံးထပ်ခွဲလုံးပြပါ ဘုရားဟု လျှောက်ထားပြီးနောက် ၃၊ ၄ရက်လောက်အကြာတွင် ဆံတော် ပုလင်းကို သတိထားကြည့်မိရာ၊ မိမိမျက်လုံးကို မယုံကြည်နိုင်လောက်အောင် ဆံတော်လုံးလေးနှစ်လုံးကို တိတိပပလုံးဝိုင်းနေသည်ကို အံ့သြစွာ ဖူးမျှော် ရပါသည်။

သည့်နောက်တွင် တစ်လုံးတည်းလုံးပါဘုရားဟု လျှောက်ထားရာ တစ်လုံးတည်းဖြစ်လိုက်၊ နှစ်လုံးပြပါလျှောက်ထားလျှင် နှစ်လုံးဖြစ်လိုက်များကို ဖူးမျှော်ရခြင်းဖြင့် ဆံတော်ရှင်နှင့် ဘုန်းဘုန်း၏ တန်ခိုးကြီးမှုကို ကျမ မျက် ဝါးထင်ထင် ဖူးတွေ့ရပါကြောင်း ကိုယ်တွေ့ဖြစ်ရပ်ထူးကို တင်ပြအပ်ပါသည်ရှင်။

## ဒေါ်ပြတ်ဆွေ၊ အမှတ်(၁၄)၊ ကျောင်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၏ ကိုယ်တွေ့ဖြစ်ရပ်

ဆားတောင်ဆရာတော်ဘုရားကြီးသည် ရန်ကုန်မှ မော်လမြိုင်သို့ ကြွရောက်တရားချီးမြှင့် တော်မူသည်။ မန္တလေးသို့ပြန်ရန် ရန်ကုန်မြို့ရှိ သစ်တောဓမ္မာရုံ၌ ယာယီသီတင်းသုံး၊ တရားပြ ချီးမြှင့်စဉ် ဆရာတော်ဘုရား၏ အံသကိုင်ရှုကို လျှော်ခွင့်ရခဲ့ပါသည်။ ၎င်းအိတ်အတွင်းမှ စိုက်သွားတစ်ချောင်း တွေ့ရှိသဖြင့် ဆရာတော်ဘုရားထံအပ်နှံသောအခါ ဆရာတော်ဘုရားက လိုချင်ကယူ၊ မလိုကထားခဲ့ဟု မိန့်ပါသည်။ ကျွန်မလည်း စိတ်ထဲမှ သွားအတု အစား အစစ်ရလိုသော ဆန္ဒဖြင့် ယူဆောင်ခဲ့ပါသည်။

၁၉၉၆ ခုနှစ်၊ ဆားတောင်ဆရာတော်ဘုရားကြီး မင်္ဂလာဒုံစစ်ဆေးရုံ၌ နှလုံးခွဲစိပ် ဆေးကုသခံယူစဉ် ထိုနှစ်တန်ဆောင်မုန်း လပြည့်နေ့ည၌ ဆရာတော် ဘုရားကြီး၏ တပည့်သာဝကများက ဆရာတော်ဘုရားကြီးအား ပူဇော် ကန်တော့ကြပါသည်။ ဤအစဉ် အလာသည် နှစ်စဉ်ပြုလုပ်ပါသည်။

ဆရာတော်ဘုရားကြီးကလည်း လာရောက်ပူဇော်ကန်တော့ကြသော တပည့်များအား ပတ္တမြားအရိုင်းတုံးကလေးများ စွန့်ပါသည်။ အကျွန်ုပ်လည်း အများနည်းတူ တစ်ရှူးအဖြူခင်းထားသော လက်ဝါးနှစ်ဘက်ဖြန့်၍ ဆရာတော်ထံမှ ပတ္တမြားများ ခံယူရရှိခဲ့ပါသည်။ အိမ်ရောက်သောအခါ သန့်စင်သော ပုလင်းထဲထည့်၍ ဘီဒို၌သိမ်းထားခဲ့ပါသည်။

ဆရာတော်ဘုရားကြီး ဆေးရုံမှဆင်း၍ မန္တလေးသို့ ပြန်ကြွပြီး၊ နောက်တစ်နေ့၌ ၎င်းပတ္တမြားပုလင်းကို ဘုရားကျောင်း ဆောင်၌ထား၍ ပူဇော်ရန် ဘီဒိုမှ ထုတ်ယူသောအခါ ပုလင်းထဲ၌ အဖြူရောင် ပစ္စည်းတစ်ခု မြင်ရပါသည်။

http://www.dhammadownload.com



သေချာစေရန် ပတ္တမြားကို ထုတ်ယူကြည့်သောအခါ မယုံနိုင် အောင် သွားတစ်ချောင်းတွေ့ရပါသည်။ အလွန်ထိတ်လန့်အံ့သြမိ၍ ဓမ္မမိတ်ဆွေ မအိတင်အား အကြောင်းစုံဖုန်းဆက်ပြောပြပါသည်။ မအိတင်ကတစ်ဆင့် ဆရာတော်ဘုရား၏ကျောင်းမှ ဆွမ်းအစ်မဒေါ်အေးမယ်ထံ ပြောပြပါသည်။

ဒေါ်အေးမယ်မှ ဆရာတော်ဘုရားအား လျှောက်ထားသောအခါ ဆရာတော်က ပါးစပ်မှ ထုတ်ပေးလိုက်တာ သူမှမမြင် တာဟု မိန့်ကြောင်း ပြန်ပြောပြပါသည်။ သာမန်သွားတစ်ချောင်းနှုတ်က သွေးထွက်မလွန်အောင်ပင် ဆရာဝန်က ဂရုပြုပေးရပါသည်။ ဆရာတော်က ခံတွင်းမှ လတ်တလော သွားတစ်ချောင်း ဆွဲထုတ်စဉ် အံ့သြစရာသွေးတစ်စက်မှ မတွေ့ရပါ။ ဆရာတော် ဘုရား၏ ကိုယ်တွေ့ ထူးခြားမှုကို သိမြင်ခဲ့ရပါ၍ ကြည်ညိုသဒ္ဓါပွားများ နိုင်ရန် တင်ပြ လိုက်ပါသည်။

## ဒေါက်တာနန္ဒမောင်၊ အမှတ် (၅၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၏ ကိုယ်တွေ့ ဖြစ်ရပ်

၁၉၆၂ ခုနှစ်၊ (၉)တန်းကျောင်းသူဘဝတွင် ရဟန္တာဟု သမုတ်ကြသော ဆားတောင်ဆရာတော်ဘုရားကြီးကို ယာဉ်လမ်း၊ ကမ္ဘာအေး စွန်းလွန်းဂူ ကျောင်းသို့ ပင့်ဆောင်ကြ၍ ကြွရောက်လာသောကြောင့် မိသားစုအားလုံး သွားရောက်ဖူးမျှော်ခဲ့ပါသည်။ ကျောင်းသူဘဝ၊ ကလေးဘဝဖြစ်၍ ရဟန္တာဟု သမုတ်ထားကြသော ဆရာတော်ကြီးက တရားအားထုတ်ခိုင်းမည်ကို လည်းကောင်း၊ တရားအားမထုတ်နိုင်မည်ကိုလည်းကောင်း စိုးရိမ်၍ ဖူးမျှော်ရန် မဝံ့မရဲ ဖြစ်ခဲ့ပါသည်။ သို့သော် မိခင်၊ ဖခင်တို့က တိုက်တွန်းခေါ်ဆောင်သဖြင့် ဆရာတော်ကြီး၏ရှေ့မှောက်သို့ ရောက်ရှိခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ကို မြင်လိုက်သည်နှင့် ကျွန်မသည် မကျေမနပ်စိတ်များ ပေါ်ပေါက်လာကာ ရုန့်ရင်းကြမ်းတမ်းသော စကားများဖြင့် ပြစ်မှားပြောဆိုနေမိပါသည်။ စိတ်ဖြင့် ပြစ်မှားနေမိသော အပြစ်များကို ကြောက်သော်လည်း စိတ်ကို ပြင်၍မရပါ။ ထို့ကြောင့် "ဆရာတော်ဘုရားကြီး ဘုရားတပည့်တော်သည် ဆရာတော် ဘုရားကြီးအား မြင်လျှင် မြင်ချင်း မကျေနပ်သောစိတ်များဖြစ်၍ စိတ်ဖြင့် အမျိုးမျိုးပြစ်မှားပြောဆိုနေမိပါသည်။ တပည့်တော်သည် ထိုစိတ်များကို အလို မရှိပါဘုရား။ မည်သို့ဖယ်ရှားရမည်ကို မိန့်ကြားပါဘုရား၊ တပည့်တော်ကိုလည်း သည်းခံခွင့်လွှတ်ပါဘုရား " ဟု ဆရာတော်ကို လျှောက်ထားရပါသည်။ ဆရာတော်ဘုရားကြီးက "ဒါယိကာမလေး ပုထုဇဉ်စိတ်သည် အစဉ်အမြဲ လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ်စိတ်နှင့်သာ ယှဉ်နေသည်။ မိမိစိတ်ကိုမိမိ ကောင်းသည် မကောင်းသည်ကို သိနေခြင်းသည်ပင်လျှင် တရား ဖြစ်သည်။ အစဉ်အမြဲ သတိကပ်၍ စိတ်ကို ပစ္စုပ္ပန်ကျကျ သတိထားရှုပါ"ဟု မိန့်ကြားပါသည်။ ထို့ကြောင့် ကျွန်မသည် ဆရာတော်ဘုရားကြီး၏ မိန့်မှာချက်အတိုင်း အာနာပါနသတိကမ္မဋ္ဌာန်းကို နေ့လည် (၁)နာရီမှစ၍ ည (၁၀)နာရီတိုင်အောင် အားထုတ်ခဲ့ပါသည်။ ထိုသို့အားထုတ်စဉ် ဝေဒနာကို သည်းမခံနိုင်လွန်း၍ ဣရိယာပုတ်ဖျက်တော့မည်ဟု ဆရာတော်ဘုရားကြီးကို စိတ်နှင့်လျှောက်ထားမိပါသည်။ ဆရာတော်ဘုရားကြီးက မဖျက်နဲ့ ကြိတ်ခံ၊ မှိတ်ခံ၊ သည်းခံရှု အာရုံ တစ်ပါးရောက်မသွားစေနဲ့ဟု ပြန်လည်မိန့်ကြားပါသည်။ ဆရာတော်ကြီး မိန့်ကြားသည့်အတိုင်း ဆက်ရှုရာ ဝေဒနာကို ကျော်လွန်နိုင် သွားပါသည်။ ထိုကဲ့သို့ စိတ်နှင့်လျှောက်၍ ရသည်ကို ကျွန်မကိုယ်တွေ့ ဖြစ်ပါသည်။

ဆေးကျောင်းသူဘဝတွင် ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ် တို့ကို ဆင်ခြင်အောက်မေ့မိသဖြင့် ဆရာတော်အား ကပ်ရန် ဆွမ်းချက်ဖို့ ဆွမ်းဆန်ကို အပဲ့အနာအဆာများ မပါရအောင် အသိကပ်ကာ တရားမှတ်၍ တစ်လုံးစီ ရွေးကာဆွမ်းချက်ပါသည်။ ဤသို့ ဆွမ်းချက်နေ၍ ဆွမ်းကပ်ချိန် မမီဖြစ်သွား ပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးအား စိတ်ဖြင့်ပင် ဤသို့ ဆွမ်းချက် နေ၍ နည်းနည်း နောက်ကျသည်ကို သည်းခံပြီး စောင့်ပေးပါဘုရားဟု လျှောက်ထား မိပါသည်။ ဆွမ်းသွားကပ်သောအခါ ဆရာတော်ဘုရားကြီးသည် မည်သည့်ဆွမ်းမှ

http://www.dhammadownload.com



ဘုန်းမပေးသေးဘဲ စောင့်နေသည်ကို တွေ့ရပါသည်။ ကျွန်မ၏ ဆွမ်းကိုလည်း ဆရာတော်ကိုယ်တိုင် ဘုန်းပေးရုံမှမက အခြားဆရာတော်များ ကိုပါ ဝေမျှ ပေးလှူသည်ကို တွေ့ရပါသည်။ အမှတ်သတိမပြတ် ချက်ကပ်သော ဆွမ်းကို အလေးထားကြောင်းနှင့် စိတ်နှင့်လျှောက်၍ ရသည်ကို ဒုတိယအကြိမ် ကိုယ်တွေ့ ကြုံရပြန်ပါသည်။

ထိုစဉ်ကစ၍ ယခုအချိန်အထိ ဆရာတော်နှင့်ပတ်သက်သော ထူးဆန်း သည့် အဖြစ်အပျက်များ များစွာကြုံတွေ့ခဲ့ရသကဲ့သို့ ဘုန်းကံကြီးမားသည် များကိုလည်း ကိုယ်တိုင်ကိုယ်ကျ သိခဲ့ရသည်မှာ များစွာဖြစ်ပါသည်။ အချို့ကိစ္စ များမှ ပုဂ္ဂိုလ်ရေးနှင့်ဆိုင်၍ တင်ပြရန် မဖြစ်နိုင်ပါ။

ဆရာတော်ဘုရားကြီးအား စတင်ဖူးရချိန်ကစပြီး ယနေ့တိုင် ကျွန်မ သည် ဆရတော်ဘုရားကြီး၏ ဆန္ဒအလိုတော်ကျအတိုင်း သတိပဋ္ဌာန်တရားများ ကို စဉ်ဆက်မပြတ် ရှုမှတ်ပွားများ အားထုတ်ရင်း ပူဇော်နေပါသည်။

## ခိုင်ခိုင်နွယ်၊ အမှတ်(၃၉–ဘီ) အေးသိဒ္ဓိလမ်း၊ အရှေ့ရွာမ၊ အင်းစိန်မြို့နယ်၏ ကိုယ်တွေ့ ဖြစ်ရပ်

၁–၅–၂၀၀၅ ရက်နေ့ နံနက်ပိုင်းအိပ်မက်တွင် ဆားတောင်ဆရာတော် ဘုရားကြီး မိမိတို့၏ BEST INDUSTRIAL CO., LTD အထည်ချုပ်စက်ရုံသို့ တရားချီးမြှင့်ရန် ကြွလာသည်။ ဆရာတော်ဘုရားကြီး ဓါတ်တော်ချီးမြှင့်မည်ဖြစ်၍ မိမိက ဖန်ခွက်ကလေး တစ်ခွက်ပြင်ဆင်ထားသည်။ ဆရာတော် ဘုရား ကားနှင့်ကြွလာပြီး စက်ရုံအတွင်းသို့ ကြွလာသည်ဟု မိမိဖူးရသည်။ ဓါတ်တော် ပူဇော်ခံရန် ဖန်ခွက်လေးပေါ်တွင် မိမိစာရေးနေသည်။ ဆရာတော် ဘုရားကို မိမိယခင်က မဖူးခဲ့ဘူးပါ။ ကြားသိခဲ့ဘူးခြင်း မရှိပါ။ ကြားသိခဲ့လျှင် လည်း မမှတ်မိတော့ပါ။ ထို့နေ့တွင် မိတ်ဆွေတစ်ဦးအား မေးမြန်းကြည့်ရာ ဆားတောင်သည် မေမြို့ဘက်တွင် ရှိသည်ကို ကြားဘူးကြောင်း၊ ဆရာတော် ဘုရားကို မသိကြောင်းပြောပါသည်။

၁၄–၆–၂၀၀၅ ရက်နေ့တွင်တဖန် မိမိဆံတော်များကို ပူဇော်ခွင့်ရသည် ဟု အိပ်မက်ပါသည်။ မိမိ၏ ညာဘက်လက်ဖဝါးပေါ်တွင် ဆံတော်များ ပွားများ လာပြီး အင်အားများ ခံစားရပါသည်။ ထိုနေ့တွင်ပင် မိတ်ဆွေတစ်ဦး၏ဆိုင်တွင် ဘုရားအနေကဇာတင် ဆွမ်းကျွေး၌ မမျှော်လင့်ဘဲ ဆားတောင် ဆရာတော် ဘုရားကြီး အကြောင်း သိခွင့်ရလိုက်ပါသည်။

လေးငါးရက်ခန့်ကြာသောအခါ မိမိမိတ်ဆွေ ဓမ္မဆရာတစ်ဦးအား မေးကြည့်ရာ လွန်ခဲ့သောဆယ်နှစ်က ဆားတောင် ဆရာတော်ဘုရားကြီးကို မန္တလေးတွင် ဖူးဘူးကြောင်း၊ ရဟန္တာဟု သမုတ်ကြောင်း၊ တရားပြအလွန် တော်ကြောင်း ကြားရပါသည်။

၂၀–၆–၂၀၀၅ ရက်နေ့တွင်ထပ်မံ၍ ဆံပင်ဖြူဖြူနှင့် သက်တော်ရှည် ဆရာတော်ကြီးတစ်ပါးကို ဖူးခွင့်ရပြီး ကုတင်စွန်းတွင် ထိုင်ကာ မိမိ၏ ဦးခေါင်းကို လက်နှင့်သပ်၍ ချီးမြှင့်သည်ဟု အိပ်မက်ပါသည်။ အိပ်မက်အတွင်း၌ တိုင်ကို ကပ်ထားသော နာရီကို ကြည့်ရာ ညနေ (၆)နာရီဖြစ်ပါသည်။

(၇–၇–၀၅) ရက်နေ့တွင် မိတ်ဆွေတစ်ဦး၏အိမ် ဘုရားအနေကဇာတင် ဆွမ်းကျွေး၌ ဆရာတော်ဘုရား ရန်ကုန်တွင် ကြွရောက် နေကြောင်း ကြားရ ပြန်သည်။ ၁၀–၇–၂၀၀၅ တွင် စန္ဒီပရဆေး ဦးတင်မောင်၊ ဦးအေးမောင်တို့ ကောင်းမှုကြောင့် အမှတ် O-8/ O-10 ၊ မြကန်သာ (၅)လမ်း၊ လှိုင်မြို့နယ် (၅)ရပ်ကွက်၊ ရန်ကုန်တွင် ဆရာတော်ဘုရားကြီးအား ဖူးမျှော်ရပြီး မေတ္တာရိပ် ခိုခွင့်ရခဲ့ ပါသည်။ အချိန်မှာ ညနေ ၆ နာရီ ကျော်ကျော်လောက် ဖြစ်ပါသည်။

http://www.dhammadownload.com



# စာရေးသူ၏သမီးကြီး မကြည်ကြည်ဆွေ၏
# ကိုယ်တွေ့တရားရှုစဉ် ကြုံရပုံ

ဆရာတော်ဘုရားကြီးသည် ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ၌ သစ်တောဓမ္မာရုံတွင် နေ့လည် ၁ နာရီနှင့် ည ၈ နာရီတို့တွင် တရား(၂)ကြိမ် ချီးမြှင့်ပါသည်။ ကျွန်မတို့မိသားစုသည် ဆရာတော် တရားပေးသောအချိန်တိုင်း တစ်လလုံးလုံး တရားသွားထိုင်ကြပါသည်။ ၁၉-၁-၂၀၀၀ ရက်နေ့ နေ့လည် (၁)နာရီ၌ တရားထိုင်ခါနီးတွင် အရင်ဆုံးငါးပါးသီလခံယူရပါသည်။

ထို့နောက် စရှုဆိုပြီး နှာသီးဝထိပ်တွင် အသိကပ်၍ ပြင်းပြင်းရှုရပါသည်။ တရစပ်ခပ်ပြင်းပြင်းရှုခိုင်းပါသည်။ ရှုခိုင်းခြင်း အကျိုးကြောင့် ပြင်ပကိလေသာ မဝင်တော့ပါ။ ရှုပေး ရှုပေး မေ့မသွားစေနဲ့ ထိမှု သိမှု သတိကြပ်ကြပ်ပြု ထိတဲ့ အပေါ်သတိထားရင် တရားမြင်မယ်၊ သတိမထားရင် အမှားဝင်မယ်နဲ့ ဆိုပြီး တစ်ချိန်လုံး စောင့်ရှောက်ပေးနေသည်။ မိမိဖြစ်ပျက်နေပုံကို ဆရာတော် ဘုရားကြီးက အကုန်သိနေသလို ယောဂီတိုင်း ခံစားနေရပါတယ်။ တစ်ခါမှ တရားမထိုင်ဘူးသူများလည်း ဆရာတော်ဘုရားကြီးက အနီးကပ် စောင့်ရှောက် ပေးမှုကြောင့် တရားအရသာ အမြည်းလေးရသွားကြပါတယ်။ ကျွန်မမှာ နာကျင်ကိုက်ခဲသောဝေဒနာများ ခံစားနေရစဉ် ဘုန်းဘုန်းစောင့် ရှောက်ပါ ဆိုပြီး စိတ်မှလျှောက်မိပါသည်။ အဲဒီအချိန်မှာပဲ ဆရာတော် ဘုရားကြီး အနား ကပ်ရပ်ပြီး ''အားကိုး မမှားနဲ့ မိမိကိုယ်ကိုမိမိ အားကိုးရမယ်''ဟု မိန့်တော် မူပါသည်။ ကျွန်မစိတ်၌ ဖြစ်ပေါ်နေတာကို ဆရာတော် ဘုရားက သိနေပါတယ်။ အဲဒီအချိန်ကစပြီး အသိစိတ်ကို နှာသီးဝတဖန် ပြန်ကပ်ပြီး ခပ်ပြင်းပြင်း ရှုနေမိပါသည်။ နာရီဝက် (သို့မဟုတ်) တစ်နာရီ အကြာတွင် အရှုရပ်ခါ နီးနီးလာပြီး လေတိုးထိတိုင်းသိနေပါစေဆိုပြီး ရှုခိုင်းပါတယ်။ အကြိမ် ၃၀-၄၀ အကြာတွင် အရှုရပ်ခိုင်းလိုက်ပါသည်။ ပြီးမှ ဆရာတော်ဘုရားကြီးက ''ခန္ဓာကိုယ်စိုက်၊ ဝေဒနာစိုက်ရှုဆိုပြီး စိတ်နဲ့ကိုယ်နဲ့ တည့်ပစေ အာရုံတခြားပျံ့ မသွားစေနဲ့ မိမိခန္ဓာပေါ်မှ ဖြစ်ပေါ်နေသော ဝေဒနာကို စိုက်ရှု'' လို့ခိုင်းပါတယ်။

အဲဒီအချိန်မှာ ကျွန်မ ခန္ဓာ၏ညာဖက်ပေါင်ရင်းမှာ ပြင်းထန်သော ဝေဒနာကို ခံစားနေပါပြီ၊ ဝေဒနာကို စိတ်နဲ့စိုက်ခိုင်းလေ ဝေဒနာကတိုးလေနဲ့ မချိမဆန့်ကို ခံစားနေရပါသည်။ ထိုအချိန်မှာပင် ဆရာတော်ဘုရားကြီးက သေခါနီး ဝေဒနာ ဒီထက်ပိုဆိုးတယ် သည်းခံပါ ရှုံ့မဲ့မနေနဲ့ ပြုံးပြုံးလေးနေ၊ အသက်သေ မသွားဘူး၊ သေသွားလျှင် ပြန်ကောက်ထည့်ပေးမယ်နဲ့ တစ်ချိန်လုံး အားပေး နေပါတယ်။ အားပေးမှုကြောင့် နည်းနည်းတော့ အားရှိနေပါတယ်။ ဒါပေမယ့် ဆရာတော်ဘုရားကြီးက ဝေဒနာကို အောင့်ခိုင်း ပါတယ်။ ဒါပေမယ့် ကျွန်မမှာ ဝေဒနာရဲ့ အတိမ်အနက်နှင့် ဝေဒနာသဘောကို မသိမ်းဆည်းတတ် သေးပါ။

ဒီလိုနဲ့ ဆရာတော်ဘုရားကြီးက အချိန်စေ့တော့မယ် '' ၅ မိနစ်လို'' ''ကြိတ်ရှု၊ မှိတ်ရှု၊ သည်းခံရှုပါ မခံသာတရားချည်းဘဲ'' လို့ အားပေးနေပါတယ်။

တရားထိုင်ချိန်ပြည့်သွားသောအခါ ''အချိန်စေ့ပြီး တရားအာရုံဖြေ၊ ဘုရား အာရုံပြု'' လို့ခိုင်းပါတယ်။ အဲဒီအချိန်မှာ စောစောက ဝေဒနာတွေ တရားဖြုတ်ချိန် ဘယ်ရောက်သွားမှန်းမသိတော့ပါ။ တရားကဆန်းကြယ်ပါဘိ။ ဒီလိုနဲ့ နောက် တစ်ရက်၊ နောက်တစ်ရက် နေ့လည် (၁)နာရီအရောက်သွားပြီး တရားအား ထုတ်ကြပါတယ်။ ပထမဆုံးနေ့ (၁)နာရီအကြာ အားထုတ်ရာကနေ ဆရာတော် ဘုရားကြီးက တစ်နေ့ တစ်နေ့ (၅)မိနစ် တိုးတိုးလာလိုက်တာ ညနေ (၄)နာရီ ရောက်မှ တရားဖြုတ်ရပါတယ်။ ကြာချိန် (၃)နာရီ မရပ်မနား အားထုတ်ခိုင်း ပါတယ်။ ကျွန်မလည်း ရှုမှတ်ချိန်များလာတာနဲ့အမျှ ဝေဒနာရဲ့ သဘောအတိမ် အနက်ကို သိမ်းဆည်းတတ်လာပါတယ်။ ဝေဒနာ စပေါ်ပြီး တဖြည်းဖြည်းပြင်း ထန်လာလျှင် ခန္ဓာကိုယ်မှ ဝေဒနာဖြစ်တဲ့နေရာကို စိုက်ရ ပါတယ်။ အဲဒီအချိန်မှာ တစ်ခုရှိပါသေးတယ်၊ ခါးကကိုက်၊ ခြေထောက်ကနာ၊ လက်ကညောင်းနဲ့ ဘယ်ဝေဒနာကိုလိုက်ရမှန်းမသိ ဖြစ်နေပါတယ်။ အဲဒီအချိန်မှာ ဆရာတော်ဘုရားကြီးက

http://www.dhammadownload.com



အသက်ကိုအောင့်ထားပြီး ခန္ဓာကိုယ်ပေါ်မှာ စိတ်ကိုစိုက်ကြည့်ခိုင်းပါတယ်။ ဆရာတော်ဘုရားကြီးခိုင်းတဲ့အတိုင်း တသွေမတိမ်း ကျွန်မလိုက်လုပ်မိနေပါသည်။ အဲဒီမှာပဲ အပြင်းထန်ဆုံးနဲ့ အထင်ရှားဆုံး ဝေဒနာကို စိတ်ကရောက်ပြီးသွားတွေ့တော့တာပါပဲ။ တွေ့တဲ့ဝေဒနာအပေါ် စိတ်ကကပ်ပြီး သတိနဲ့ကြည့်နေရပါတယ်။ အဲဒီတော့မှ ဆရာတော် ဘုရားကြီးက အောင့်ထားဆိုတဲ့ အဓိပ္ပါယ်ကို သိပါတော့တယ်။

အားထုတ်ချိန် ဝေဒနာပြင်းထန်လာလေ စိတ်ရောကိုယ်ပါ တောင့်ထား၊ တင်းထားပါသည်၊ မရတဲ့အဆုံးတော့ စိတ်ကို တွန်းချလိုက်ပါတယ်။ ဆရာတော် ဘုရားကြီးကလည်း မခံသာ မှန်ပါဘိသည်တရား၊ ခံသာလျှင် သံသရာကြော မျောကြလိမ့်မယ်အများလို့ အားပေးနေပါတယ်။ ဆရာတော်ဘုရားကြီး အနား ကအားပေးလျှင် စိတ်မှာဇွဲတင်းပြီး အားထုတ်လေဖြစ်နေပါတယ်။ အားထုတ်ချိန် အတွင်းထူးခြားချက်ကလေးများကို ထည့်သွင်းပြောချင်ပါသေးတယ်။ တရား အားထုတ်ချိန် ကျွန်မနှင့်သိသမျှ ဓမ္မမိတ်ဆွေတို့သည် တရားအားထုတ်ချိန် အတွင်း ပန်းရနံ့အမွှေးများရရှိခြင်း၊ စိတ်ထဲဖြစ်ပေါ်သမျှကို ဆရာတော်ဘုရား ကြီးက ပြန်လည် ပြောကြားခြင်း၊ ဝေဒနာခံစားမှုများအပေါ် ဘေးနားကလာရပ်၍ ယပ်တောင်ဖြင့်ခပ်ပြီး အားပေးနေခြင်း၊ ဝေဒနာကို ကြံ့ကြံ့ခံနိုင်ခြင်း၊ တစ်နေ့ ဆရာတော်ဘုရားကြီးက နေ့လည် (၂)နာရီလောက် စစ်ဆေးရုံသွားစရာရှိတာကို ကျွန်မအပါအဝင် ယောဂီများအားလုံး သိနေကြပြီးဖြစ်နေသည်။ အဲဒီနေ့ တစ်ချိန်လုံး ပန်းရုံနံ့ အမွှေးများရနေကြသဖြင့် ဆရာတော်ဘုရားကြီး ဆေးရုံမသွား ဖြစ်ဘူးလို့ စိတ်ထဲထင်နေကြသည်။ တရားဖြုတ်တဲ့ အချိန် မေးကြည့်တော့မှ ဆရာတော်ဘုရားကြီး စစ်ဆေးရုံ သွားဖြစ်တယ်လို့ သိရသဖြင့် တရား ထိုင်ချိန်အတွင်း အမွှေးရနံ့ထားပြီး စောင့်ရှောက်ထားခြင်းကို ကျွန်မနှင့်အတူ တရားထိုင်သူအားလုံး ကိုယ်တွေ့သိမြင်ကြရပါသည်။

ဒီလိုနဲ့ တရားအားထုတ်လာလိုက်တာ ဆရာတော်ဘုရားကြီး ပြန်ကြွမယ့်ရက် နီးကပ်လာပါပြီ၊ ဆရာတော်ဘုရားကြီး၏ တရားပေးချိန် ကလည်းနေ့လည် (၁)နာရီမှ ညနေ (၆)နာရီအထိ တိုင်အောင် အားထုတ်ခိုင်းနေပါသည်။ တစ်ချိန်တည်း (၅)နာရီကြာထိုင်လာခဲ့ရပါသည်။

ကျွန်မတို့ ယောဂီအုပ်စုကလည်း အတော်အတန်တရားတွေ့နေကြပါပြီ၊ ခန္ဓာမှာ ဉာဏ်ရောက်ခဲ့လို့ မည်သည့်အရာမှ အမြဲမရှိ၊ အားလုံးကဒုက္ခအပေါင်းပဲ၊ ဖြစ်ပျက်ချည်းပဲ၊ ဘယ်အရာမှ အစိုးမရ သူ့သဘောသူဆောင် နေသည် ဟူ၍လည်း နှလုံးသွင်းမိခဲ့ပါသည်။ တရားအားထုတ် တယ်ဆိုတာ ကိုယ်ကို မညှာရ၊ အရိုးကြွင်းပြီး၊ အသားကြွေ၊ အသက်ကိုတောင်မှ မညှာဘဲ အားထုတ်လျှင် တစ်စက္ကန့်၊ တစ်စက္ကန့် တစ်မှတ်တစ်မှတ် အသိကို သတိကပ်ပြီး အားထုတ်လျှင် နိဗ္ဗာန်တည်းဟူသော အေးငြိမ်းရာစခန်းသို့ တစ်ဆင့်တစ်ဆင့် နီးကပ်နိုင်ကြောင်း၊ ဝိပဿနာ တည်းဟူသော တစ်ကြောင်းတည်းသော တစ်လမ်းသာလျှင် နိဗ္ဗာန်ရောက်နိုင်ကြောင်းသိရှိခဲ့ရပါသည်။ တရားက တရားရှိသူကိုစောင့်ရှောက်တယ် ဆိုတာလည်း ကိုယ်တွေ့ခံစားရပါတယ်။

## ဆရာတော်မိန့်ကြားချက်များမှ မှတ်မိသမျှ ကောက်နှုတ်ဖြည့်စွက် ဖော်ပြလိုက်ပါသည်။

၁။ ဆားတောင်ဆရာတော်ဘုရားကြီးသည် ဝိပဿနာဘာဝနာကို စတင်အားထုတ်သည့်အခါ မြတ်စွာဘုရားရှေ့၌ မိနစ် (၃၀)တရား ထိုင်ပါမည်ဟု အဓိဋ္ဌာန်ပါ။ ထို့နောက် တစ်နေ့လျှင် (၅)မိနစ်စီ တိုး၍ ဆက်လက်အားထုတ်ရပါမည်။ တစ်ချိန်တွင် (၁)နာရီ (၂)နာရီ စသည်ဖြင့် ကိုယ်ထိုင်နိုင်သလောက်အားထုတ်၍ တဖန်ပြန်ပြီး တစ်နေ့ (၅)မိနစ်၊ (၅)မိနစ်စီ လျှော့၍ အားထုတ်ပါ။ ကိုယ့်ရဲ့ သဒ္ဓါ၊ သီလ၊ ပညာပေါ်မူတည်၍ အားထုတ်ရပါမည်။

၂။ ဒါန၊ သီလ၊ သမထ ဝိပဿနာတွင် ဒါနအလုပ်နှင့်ပေါင်း၍ ဆင့်ကာ ဆင့်ကာ အားထုတ်တော့ အထောက်အပံ့ပိုဖြစ်တယ်။ ပြည့်စုံတယ်ဟု မိန့်ပါသည်။

http://www.dhammadownload.com



၃။ ပုထုဇဉ်လူများ (၅)ပါးသီလ၊ (၈)ပါးသီလ၊ (၉)ပါးသီလ၊ (၁၀)ပါးသီလ အဆင့်ဆင့်လုံခြုံအောင်ထိန်းရမည်။ အခြေခံသီလ ဖြစ်တဲ့ (၅)ပါးသီလ ကိုတော့ လူတိုင်းလုံခြုံသင့်တယ်။ လဆန်း(၈)ရက်၊ လပြည့်၊ လဆုတ် (၈)ရက်၊ လကွယ်ရက်များတွင် စောင့်ထိန်းသောသီလကို အရိယာ သီလလို့ ခေါ်ပါတယ်။ ဝိပဿနာအားထုတ်လျှင် (၉)ပါးသီလ ဆောက် တည်ပြီး (၇)ရက်၊ (၉)ရက် အဓိဋ္ဌာန်နှင့် အားထုတ်လျှင် ပိုအကျိုးရှိတယ်။

၄။ ဝိပဿနာရှုချိန်မှာ ဝေဒနာပြင်းလျှင် စိတ်နိုင်လျှင် မဖြုတ်နဲ့ အာနာပါန ပြန်ရှုပါ။ မကောင်းတဲ့စိတ်များ နီဝရဏများပေါ်လာလျှင် စိတ်ကို နှာသီးဝမှာပြန်ကပ်ထားရမည်။ အသိကတော့ ခန္ဓာကိုယ်ပေါ် ထပ်ချပ် မကွာ ကပ်ထားရမည်။

၅။ သတိပဋ္ဌာန်အားထုတ်ရာကနေ သမ္မပ္ပဓာန်ဖြစ်အောင် အရိုးကြွင်းလို့ အသားကြွေလျှင်လည်း ကြွေပါစေဆိုပြီး၊ ခန္ဓာကိုယ်ကို မငဲ့ညှာဘဲ အားထုတ်ပါက ကိုယ်လိုချင်သော ပန်းတိုင်ကိုရောက်မယ်။

၆။ လောကဓံ(၈)ပါး သို့မဟုတ် ဒေါသဖြစ်လျှင် သို့မဟုတ် စိတ်ဆင်းရဲလျှင် ပြင်းပြင်းရှုပါ။ ရှုရင်းရှုရင်း ခန္ဓာက နာကျင်မှု၊ ကိုက်ခဲမှု၊ ဖောက်ပြန်မှု တွေလာမယ်၊ ဆက်ရှုနေရင်းနဲ့ ဝေဒနာပျောက် သွားတယ်၊ အဲဒီအချိန်မှာ စိတ်ကို နှာသီးဝမှာ ပြန်ကပ်ထားပါ။ ရှုနေစဉ် လောဘ၊ ဒေါသ၊ မောဟ ဖြစ်နေလျှင် အရှုနည်းသေးလို့ပဲ ပြင်းပြင်းရှုပါ။ ၎င်းစိတ် အပြင် ထွက်တယ်ထင်ရင် ပြင်းပြင်းရှု မြန်မြန်ရှုပါ။ စွန်းလွန်းဆရာတော် ဘုရားကြီးကလည်း ထိ–သိ–သတိနဲ့မှ သမာဓိမြန်မြန်ရမယ်။ လောဘ၊ ဒေါသ၊ မောဟ အာရုံလိုက်နေလျှင် အရင်းရှုံးမယ်၊ အစဝေဒနာ၊ အဆုံးဝေဒနာ လွတ်အောင်ရှုပါလို့ မိန့်မှာခဲ့ပါတယ်။

၇။ ရှေးခေတ်ရဟန္တာများဟာ မိုးရွာလို့ ရေမစိုစေချင်ရင် ခေါင်းပေါ်လက်နဲ့ သပ်လိုက်တာနဲ့ မိုးရေ မစိုဘူးပေါ့။

ရှင်ဥပဂုတ္တကိုလည်း မိုးမရွာစေချင်လျှင် ရှင်ဥပဂုတ္တ အဟံဝန္ဒာမိ ပါဘုရားလို့ ဆိုပြီး ငှက်ပျောပွဲထိုးလျှင် မိုးမရွာပါ။ သို့မဟုတ် ထီးကို ပက်လက် လှန်ထားလျှင် မိုးမရွာဘူးပေါ့လို့ မိန့်ခဲ့ပါသည်။

ဆရာတော်ဘုရား အသက်(၃၀)အရွယ် ကျင့်ကြံအားထုတ်ပုံကိုလည်း မိန့်ကြားခဲ့ပါသည်။ တရားအားထုတ်ချိန်မှာ ညနေ(၆)နာရီမှ နောက်တစ်နေ့ မနက် (၆)နာရီအထိ မဟာပလ္လင် (ညာဘက်ပေါင်ပေါ် ဘယ်ခြေတင်၊ ဘယ်ဘက်ပေါင်ပေါ် ညာခြေတင်ပြီး) တစပ်တည်းထိုင်ပါတယ်။ မျက်နှာသစ်၊ ဆွမ်းဘုန်းပြီး အမှတ်နဲ့ စင်္ကြံလျှောက်၊ တစ်ချိန်လုံး အသိနဲ့ နေခဲ့ပါတယ်။ နောက်ဆုံး ဒုက္ခခပ်သိမ်းပြီးရာသို့ ရောက်ခဲ့ပါတယ်လို့ ပြောကြား မိန့်ကြား ခဲ့ပါတယ်။ အဲဒီတော့ လိုချင်တဲ့ ပန်းတိုင်ကို ရောက်ရန် ''မပြတ်မလပ် အားထုတ် ပါလို့'' ဆုံးမခဲ့ပါတယ်။

ကျွန်မတို့နေအိမ်တွင် ဆရာတော်သီတင်းသုံးချိန် ကျွန်မကိုလည်း တရားအားထုတ်ရာတွင် အမြဲတမ်း သဒ္ဓါစိတ်တင်ပါ၊ ဒုက္ခကိုမြင်အောင် ရှုပါလို့ ဆုံးမပါသည်။ ကျွန်မသည် အမြဲတမ်းဒုက္ခကို မမြင်ပါ၊ ဘယ်အရာ ဘယ်ကိစ္စ မဆို အနတ္တဘဲ သူ့သဘောအတိုင်းသာပဲလို့ ရှုမိပါတယ်။ သိပ်လည်း မခံစားရ ပါ။ ဆရာတော်ဘုရားက ကျွန်မအား ဒုက္ခရှုခိုင်းသည်။ ကျွန်မက အနတ္တကို အမြဲတမ်းနှလုံးသွင်းမိသည်။ တစ်နေ့ ဘုန်းဘုန်း တပည့်တော် ဒုက္ခမတွေ့ပါ ဘုရား၊ အနတ္တသာ အမြဲနှလုံးသွင်းမိပါသည်ဟု လျှောက်ရာ ဆရာတော်ဘုရား က ပြုံး၍ ဆိတ်ဆိတ်ငြိမ် နေပါသည်။ အဲဒီနေ့မှာပင် မောင်လေးအိမ်တွင် သီတင်းသုံးနေသော ဆရာတော်ဘုရားကြီးအား ဆွမ်းကပ်ပြီး အိမ်ပြန်လာခဲ့ ပါသည်။ အိမ်ပြန်လမ်းတစ်လျှောက်တွင် လူတွေလှုပ်ရှားနေတာလဲဒုက္ခ၊ စီးပွား ရှာနေတာလဲ ဒုက္ခ၊ ဆောင်ရွက်မှုမှန်သမျှ ဒုက္ခ၊ သူတို့ ဘယ်စိတ်အကြံမဆို ဒုက္ခလို့ နှလုံးသွင်းမိပါသည်။ ဒီလိုနဲ့ မိမိကိုယ်ကိုပြန်ကြည့်မိတော့လဲ ကားပေါ် ထိုင်နေတာကိုက ဒုက္ခ၊ မိမိဘာစဉ်းစား စဉ်းစား ဒုက္ခ၊ ဘယ်နေရာမဆို ဒုက္ခ တွေ့ပါလားလို့ နှလုံးသွင်းမိပါသည်။

နောက်တစ်နေ့ ဘုန်းဘုန်းဆီရောက်တော့ ဘုန်းဘုန်း တပည့်တော် ဒုက္ခတွေ့ပါပြီဘုရားလို့ လျှောက်လိုက်ရာ ဘုန်းဘုန်းက ပြုံးနေပြန်တယ်။ ကျွန်မ အား ဒုက္ခကိုချက်ချင်းနေ့မကူးဘဲ ပြပေးလိုက်တာ ကိုယ်တွေ့မြင်တွေ့လိုက်ရ

http://www.dhammadownload.com



ပါတယ်။ ၄-၄-၂၀၀၅ ရက်နေ့ ကျွန်မတို့၏အိမ်၌ သီတင်းသုံးစဉ် ဘုန်းဘုန်းက ဘယ်နေရာသွားသွား ဒုက္ခဘဲလို့ ထပ်မိန့်ပါတယ်။

## ဦးခင်ကျော်၊ ကထိက၊ ရူပဗေဒဌာန၊ ဆေးတက္ကသိုလ်အမှတ်(၂)
## တိုက်အမှတ် (၁၂၆၉)၊ အခန်း(၂၀၄) စပါယ်လမ်း၊
## မေတ္တာညွန့်၊ တာမွေမြို့နယ်၏ ကိုယ်တွေ့ဖြစ်ရပ်

ကျွန်တော်ငယ်စဉ်က တောင်ပုလု ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ရုပ်၊ နာမ်ခွဲသောတရားများ၊ အသံကို အာရုံပြု၍ ဖြစ်ပျက်ရှုမှတ်သော တရားများကို ဟောကြားသည်ကို ရွှေတိဂုံဘုရားတောင်ဘက် အင်းလေး ဓမ္မာရုံတွင် အစ်ကို ဦးဟန်ရှိန် (ယခု ဒုတိယရှေ့နေချုပ်၊ အထက်မြန်မာပြည်) နှင့်အတူ နာယူခဲ့ဘူးသော်လည်း ကောင်းကောင်း သဘောမပေါက်ခဲ့ပါ။

တောင်ပုလုဆရာတော်ဘုရားကြီးအား ကြည်ညိုသောစိတ်ဖြစ် ပေါ်ခဲ့ပါသည်။ တောင်ပုလုဆရာတော်ဘုရားကြီး ခန္ဓာဝန် ချစဉ်က တဲစုရွာသို့ မန္တလေးမှ အစ်မ ဒေါ်မြမြလေး စီစဉ်ပေး၍ ဒေါ်မြမြလေး၏ညီမ မိတ္ထီလာမှ ဒေါ်မြင့်မြင့်သန်း အကူအညီဖြင့် မိတ္ထီလာဈေးအဖွဲ့သားများနှင့် (ကျွန်တော် တစ်ယောက်မှ မသိသူများ) ဂျစ်ကားတစ်စီးဖြင့် ၁၃၄၈ ခုနှစ်၊ နယုန်လဆန်း တွင် တဲစုအထိရောက်ခဲ့ပါသည်။ သို့သော် မီးပူဇော်ခြင်းကို ညနေမှပြုလုပ် ပါသဖြင့် ပြီးဆုံးအောင် မပူဇော်ခဲ့ရပါ။ မိတ္ထီလာမှအပြန်ခရီးတွင် ကျွန်တော် စိတ်ထဲ၌ ‘‘သွားသာ သွားရတယ် ဓါတ်တော်များ မရခဲ့’’ ဟု ဖြစ်ပေါ်ခဲ့ပါသည်။ ထိုခရီးမှအပြန် မန္တလေးတွင်ဆက်၍ မိခင်ကြီးနှင့်အတူ အစ်ကိုအိမ်တွင် နေခဲ့ပါသည်။

တစ်နေ့ မန္တလေးနန်းရှေ့ရပ် ၂၆-ဘီ လမ်းရှိ အိမ်တစ်အိမ်တွင် ဆားတောင်ဆရာတော်ဘုရားကြီးကို စတင်၍ ဖူးမျှော်ခွင့် ရခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ရေသုံးသပ်ရန် ခုံတစ်လုံးပေါ်တွင် ထိုင်လျှက် သီတင်းသုံးနေတော်မူစဉ် ယောက်ျားကြီးများ (၄)(၅)ဦးခန့် သံပုံးများဖြင့် တဝုန်းဝုန်းလောင်းချနေသည်ကို ဆရာတော်ဘုရားကြီးက တရားရှုမှတ်မပျက် ငြိမ်လျက်သား ခံယူတော် မူပါသည်။ အတော်ကြီးကြာမှ ကပ္ပိယတစ်ဦးက ရပ်ခိုင်းမှ ရေပုံးဖြင့် တဝုန်းဝုန်းလောင်းချသူများရပ်မှ ဆပ်ပြာဖြင့်ဝိုင်း၍ ပွတ်တိုက် ပူဇော်ကြပါသည်။ ပြီးတော့ ကပ္ပိယက အချက်ပြသည်နှင့်တပြိုင်နက် တစ်ပုံးပြီးတစ်ပုံ တဝုန်းဝုန်းလောင်းချနေသည်။ ရေပုံးများ ကြားဝယ် ဆရာတော် မှာ ကြည်ညိုဘွယ်ရာတရားမလွတ်ငြိမ်သက်စွာ ခံယူတော်မူနေပါသည်။ ကျွန်တော်ထင်ပါသည် လေးထောင့်အုတ်ကန်မှ ရေများအတော်ကုန်၍ သွားသည်ထင်ပါသည်။

ထိုအိမ်တွင်ဆရာတော်ဘုရားကြီးက မိန့်ကြားသည်မှာ ‘‘တရား အားထုတ်မည့်သူဆိုပါက လိုက်ခဲ့ရန် ကျွေးထားမည် ဖြစ်ကြောင်း’’မိန့်ပါသည်။ ထိုအိမ်မှတစ်ဆင့် ဘုရားကြီး (မဟာမြတ်မုနိ)နားရှိ ဦးသန်းဆွေ၏ အိမ်သို့ ဆရာတော်ဘုရားကြီးကို ပင့်၍ ဦးသန်းဆွေအိမ်မှာ တစ်ထောက်နားကြပါသည်။ ဦးသန်းဆွေအိမ်တွင် ရေပုလင်းမှ ပူစီဖောင်းများထနေသည်ကို တွေ့ရ ပါသည်။ (နောင်မှ မေတ္တာရေမှန်းသိရပါသည်။)

ဦးသန်းဆွေအိမ်မှ ဆားတောင်တွင် မိုးခေါင်၍ ဆရာတော်ဘုရားကြီးကို ဆားတောင်သို့ပင့်ခြင်းဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် အစ်ကို၏ ကားနှင့်လိုက်ပါသွားစဉ် ကျွန်တော်မှာ နောက်ကားပေါ်မှ လိုက်ပါ ဖူးမျှော်ရာတွင် လမ်းတစ် လျှောက် မိုးတဖွဲဖွဲရွာသည်မှာ ဆားတောင် ရောက်သည် အထိဖြစ်ပါသည်။ ဆားတောင်ရောက်၍ ကျောင်းပေါ်ကြွပြီး နားနေရာမှ ကျွန်တော်ဦးချရာတွင် ဆရာတော်က ‘‘ဦးဟန်ရှိန် စွန့်ထားတဲ့ ဆံတော် တွေရှိသေးလား’’ဟု မိန့်တော်မူပါသည်။ ထိုစဉ်က ကျွန်တော် ဆရာတော် မိန့်လိုက်ခြင်းကို အထူးသတိမထားမိခဲ့ပါ။ မန္တလေးပြန်ရောက်ပြီး၊ ဝါဆိုလပြည့်နေ့တွင် အစ်ကိုအိမ်မှဘုရားစင်ကို ကျွန်တော်သန့်စင်၍ အမှိုက်များ ရှင်းလင်းပါသည်။

http://www.dhammadownload.com



ဘုရားများရောင်တော်ဖွင့်ပါသည်။ ထိုစဉ် ဘုရားစင်မှ ဆံတော်များထည့်ထား သောပုလင်းအတွင်း ဓါတ်တော်များကို ဖူးတွေ့ရ၍ အစ်ကိုအား ဘာဓါတ်တော်တွေ လည်းဟု မေးရာ အစ်ကိုက ဘာဓါတ်တော်မှ မရှိကြောင်း ဆားတောင်ဆရာတော်ဘုရားကြီးစွန့်ထားသော ဆံတော် ပုလင်းဖြစ်ကြောင်း ကျွန်တော်အား ပြန်ပြောပါသည်။ ကျွန်တော်က ဆံတော် ပုလင်းအတွင်း ဓါတ်တော်များရှိကြောင်းပြောမှ အစ်ကိုလည်း လာကြည့်ပြီး စွန့်သောဆံတော်ပါဟု ပြောပါသည်။

ထိုနှစ်က မန္တလေးမှ အပြန်တွင် ဆံတော်နှင့် ဓါတ်တော် (၅)ဆူ ပင့်ခဲ့ပါသည်။ ကျွန်တော်တဲစုမှအပြန် စိတ်တွင်ဖြစ်ပေါ် ခဲ့သော ''သွားသာ သွားရတယ်၊ ဓါတ်တော်များ မရခဲ့ဟူသော'' ဆန္ဒသည် ဆရာတော်ဘုရားကြီးကို ဖူးပြီးပြည့်ဝခဲ့ရပါသည်။ ရန်ကုန်အပြန်ခရီးတွင် ဓါတ်တော်နှင့် ဆံတော်များ ပူဇော်ရန် ရရှိခဲ့ပါသည်။

၁၉၉၆ ခုနှစ်၊ ရန်ကုန်မင်္ဂလာဒုံ စစ်ဆေးရုံကြီးတွင် ဆရာတော် ဘုရားကြီး နှလုံးသွေးကြောကျဉ်းရောဂါကို စက်ာပူဆရာဝန် များအဖွဲ့နှင့် ခွဲစိပ်ကုသမှုခံယူပြီးစဉ်က ဆေးရုံတွင် (၃)လ သီတင်းသုံးစဉ် ကျွန်တော်နေ့စဉ် ဆေးတက္ကသိုလ်(၁)မှ ညနေပိုင်း သွားရောက်ဖူးမျှော်ပြီး နောက်ပိုင်းတွင် ဆေးရုံတွင် ညအိပ်ခဲ့ပါသည်။

တစ်နေ့တွင် ဒေါက်တာညီညီ၏ သားဖြစ်သူ ''ဆရာတော်ဘုရား သမာပတ်ဝင်စားသော ရေတော်ချိုးမြင့်ပါ'' ဟု လျှောက် သည်ကို ပထမဦးစွာ ကြားခဲ့ရပါသည်။ ဆရာတော်ဘုရားကြီးက ရေပုလင်းကိုကိုင်၍ ဝင်သက်ကို ပြင်းစွာ တစ်ချက်ရှူပြီး အတော် ကြာကြာကြီး အသက်ရှုရပ်နေပြီးမှ ထွက်သက် ကို ထုတ်၍ ရေပုလင်းကို လက်ဖြင့်သပ် နှုတ်တော်မှ လေဖြင့်မှုတ်၍ ပြန်ပေး ပါသည်။ ထိုနောက်မှ ဆရာဝန်များ၊ သူနာပြုများက တစ်စတစ်စ သိရှိပြီး ဆရာတော်ဘုရားကြီး ဆေးရုံတွင် အနှောင့်အယှက်များ မကောင်းဆိုးရွားများ သန့်ရှင်းမှု ရှိ၊ မရှိ လျှောက်တင်ကြသည်ကို ကြားသိရပါသည်။

တစ်ညတွင် ဦးဇော်သိန်း (ခေတ်လွှန် ပရိဘောဂ၊ မန္တလေး) ဦးသန်းဆွေ (ဆရာတော်၏တူ) ကိုအောင်ထွန်းခိုင်(စဥ့်ကိုင်)၊ ဦးစိုးသောင် (ပန်းချီဝါသနာရှင်) နှင့်ကျွန်တော်တို့ရှိစဉ် ဆရာတော်ဘုရားကြီးအား ယခုအခါ ရဟန္တာ ဘယ်နှစ်ပါး ရှိပါသလဲဟု လျှောက်ထားရာ၊ (၅)ပါးရှိပါတယ်ဟု ဖြေကြားပါသည်။ တစ်ပါးစီ သီတင်းသုံးရာကို မေးလျှောက်ရာ မြန်မာပြည် မြောက်ပိုင်းမှ တစ်ပါး၊ အလယ်ပိုင်းမှာ တစ်ပါး၊ တောင်ပိုင်းရန်ကုန်မှာ မြစ်မကူးရဘူး တစ်ပါး၊ တစ်ပါးက ဟိမဝန္တာကြွသွားပြီ ဟု မိန့်ပြီး နောက်တစ်ပါးကိုမူ လျှောက်၍မရ မဖြေဘဲ နေပါသည်။ (အမှန်မှာ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်ဖြစ်သဖြင့် ဖွင့်၍ မမိန့်ခြင်း သာဖြစ်ပါသည်။)

မင်္ဂလာဒုံစစ်ဆေးရုံကြီးတွင် ညစဉ် ည(၉)နာရီခန့် အောက်သို့ ဆင်း၍စင်္ကြံ ကြွပါသည်။ တစ်ည စင်္ကြံ ကြွပြီး ဆရာတော်ဘုရားကြီးနားနေစဉ် ရုံးခန်းမှ ညတာဝန်ကျစစ်သည်က မနေ့ညက သန်းခေါင်ကျော် ဆရာတော် အောက်မှာ စင်္ကြံကြွတာ ဖူးရပါတယ်ဟု လာရောက်လျှောက်ထားရာ ဆရာတော်မှာ ပြုံးတော်မူနေပါသည်။ (အမှန်မှာ ညစဉ် ဆရာတော် ကျိန်းရန် ကုတင်ပေါ်တက်ပြီး၊ ကပ္ပိယအားလုံး ဆရာတော်ခြေရင်းတွင် အသီးသီး နေရာယူဝတ်ချ၍ အိပ်သည်နှင့်တပြိုင်နက် ကိုအောင်ထွန်းခိုင်က အခန်းတံခါးကို အတွင်းမှ အမြဲသော့ခတ်အိပ်သည်သာ ဖြစ်ပါသည်။)

ဆေးရုံတွင် လမ်းမလျှောက်နိုင်၍ လေငန်းဆွဲသလိုဖြစ်နေသူများ၊ ဆရာတော်မေတ္တာရေတိုက်သည်နှင့် လမ်းပြန်လျှောက် နိုင်သွားကြပါသည်။ (ဆရာတော်သည် မေတ္တာဓါတ်အလွန်ကြီးမားပါသည်။)

ဆရာတော်ဘုရားကြီး တပ်မတော်ဆေးရုံကြီးတွင် သီတင်းသုံးစဉ် တပ်မတော်စစ်ဘက်ဆိုင်ရာမှ အရာရှိကြီးများ၊ ဗိုလ်ချုပ်များ လာရောက် ဖူးမျှော်ကြပါသည်။ဆရာတော်ဘုရားကြီး ကျန်းမာရေးတော်တော် ကောင်းလာ သဖြင့် ဆေးရုံ၌ တရားပြ ရာတွင် ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဆေးရုံတက် နေသူများ၊ ပရိတ်သတ်များ အခန်းမဆန့်အောင် တရားလာထိုင်ကြပါသည်။

ပထမဆုံး ဆေးစစ်ခံယူရန် ရန်ကုန်သို့ကြွစဉ်က ဒေါ်ချို၏ အိမ်သစ်တွင် သီတင်းသုံးပါသည်။

http://www.dhammadownload.com



ဒုတိယဆေးစစ်ခံယူရန် ကြွရောက်စဉ်က ဗိုလ်မှူးကြီးကိုကိုမောင်၏ အိမ်သစ်တွင် သီတင်းသုံးပါသည်။

တတိယဆေးစစ်ခံယူရန် ကြွရောက်စဉ်က ဒေါ်မြတ်ဆွေ၏ အိမ်သစ်တွင် သီတင်းသုံးပါသည်။ တစ်နေ့ ဒေါ်မြတ်ဆွေ အိမ်တွင် တရားပြစဉ် တရားထိုင်သူ များစွာရှိနေသည်အနက် ကျွန်တော်လည်း တစ်ဦးအပါအဝင်ဖြစ်ပါသည်။

ကျွန်တော်အာနာပါန ပြင်းပြင်းရှုစဉ် နှာသီးဝနှင့်လေပွတ်တိုက်မှုတွင် ထူးထူးခြားခြားမိနေရာမှ သတိလွတ်၍စိတ်ထွက်သွားစဉ်(မိမိကိုယ်တိုင် ဘယ် အာရုံသို့ ထွက်မှန်းမသိ) စိတ်ထွက်သည်နှင့် ဆရာတော်ဘုရားကြီးက လူများစွာ တရားထိုင်သည့် ကြားမှ ကျွန်တော်အား နာမည်ခေါ်၍ သတိပေးပါသည်။ ''ကိုကျော် စိတ်ဘယ်မှာထားတုန်း''ဟု မိန့်ရာ ခေါင်းနားပန်းကြီးသည်။ ဆံပင်ထောင်ဆိုသော စကားကို အဲဒီကျမှ လက်တွေ့သိရပါသည်။ တကယ့်ကို ကြက်သီးထစရာအဖြစ်ပါ။ စိတ်လွတ်သည်နှင့် တန်း၍ နာမည်ခေါ်ပါသည်။

တပ်မတော်ဆေးရုံကြီးတွင် သီတင်းသုံးစဉ်က ကိုအောင်ထွန်းခိုင်၊ ဦးသန်းဆွေ၊ ဦးအောင်သိန်း၊ဦးစိုးသောင်တို့မှာ စကားဝိုင်းဖွဲ့၍ နက္ခတ် အကြောင်း၊ ဗိုထိုးသော အကြောင်းများကို ပြောဆိုရာ ဆရာတော်ဘုရားကြီးမှာ နားထောင်နေပြီးမှားသော နေရာရောက်ပါက ဝင်၍မိန့်ကြားပြင်ဆင် ပေးသွားသည်သာ ဖြစ်ပါသည်။ (တပည့်များက ဆရာတော်အား ဝင်၍ ဟောပြောစေရန် တစ်ခါတစ်ရံ အငြင်းအခုန်လုပ်၍ စကားဝိုင်းကိုဖန်တီးမှ ဆရာတော်က ဝင်၍ရှင်းပေးတတ်ပါသည်။) ဝိနည်းလွတ်ရန် စကားဝိုင်း ဖြင့် ဖန်တီးကြခြင်းဖြစ်ပါသည်။ အလွတ်လျှောက်သော် ဆရာတော်မှာ ဝိနည်းကြောင့် တစ်ခါတစ်ရံ မမိန့်တတ်ပါ။ စဉ့်ကိုင်မြို့ ကသဲကုန်းရွာ မင်းရွာကုန်းကျောင်းတွင် မန္တလေးတိုင်း ဥပဒေရုံးနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)တို့ စုပေါင်း၍ ဘုံကထိန်မကျင်းပမီ အကြိုညတွင် မိုးများအုံ့၍ တစ်မိုးလုံး မဲမှောင် နေပါသည်။ ဆရာတော်က ကုဋီကြွမည်ဆို၍ ပင့်ပြီး ကျင်ငယ် စွန့်သည့်နေရာ တွင် ဆရာတော်အား ထားခဲ့ပြီးအပြန်၊ ကျွန်တော်မှာ ဆရာတော်လဲမည်စိုး၍ တံခါးကြားမှ ချောင်းကြည့်ရာ ကောင်းကင်မှ မဲမှောင်နေသောမိုးသားများကို မြေပြင်လက်ဖြင့် ဖယ်ရှားသည့်ဟန်ဖြင့် တွန်းဖယ်ရင်း ပါးစပ်မှလည်း တဖူးဖူးမှုတ် နေသည်ကို တွေ့ရပါသည်။ ခဏအကြာ ကောင်းကင်မှ မိုးသားများ ကင်းစင်၍ လပေါ်ထွက်လာသည်ကို မျက်မြင် ကိုယ်တွေ့ တွေ့မြင်ခဲ့ရပါသည်။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ဆေးရုံကြီးဝင်းအတွင်းရှိစဉ်က ငွေစာရင်းမှူး ဦးကျင်စိန်ထံ ကိစ္စတစ်ခုဖြင့် သွားခဲ့စဉ်က ဘုရားပုံတော်များ စားပွဲတွင်ဖူးတွေ့ရ၍ စကားပြောကြရင်း ဆားတောင်ဆရာတော်ဘုရားကြီး အကြောင်း ရောက်သွားရာ၊ ဆရာတော်ဘုရားကြီးအား ထိုငွေစာရင်းမှူးက မန္တလေးဆေးရုံကြီးတွင် ဖူးရစဉ်က ကုတင်နှင့်ကျောလွတ်နေတာ ဖူးရကြောင်း ပြောပြဖူးပါသည်။ ထိုငွေစာရင်းမှူးသည် ဘုရားတည်ရာ (၉)ဆူပြီး၍ နောက်ဆုံး (၁၀)ဆူမြောက် ဘယ်တော့ပြီးမလဲဟု စိတ်ဖြင့် လျှောက်ရာ ဆရာတော်က နှုတ်ဖြင့်ဖွင့်၍ ပြီးမည့်ရက်ကို မိန့်တော်မူပါသည်။

ဆရာတော်ဘုရားကြီး အာနာပါနရှုစဉ် တဖြည်းဖြည်းကြီးလာပြီး (ရွှေဆင်းတုတော်ကြီးကဲ့သို့) ရွှေအဆင်း ဖူးရကြောင်း၊ နောက်မှ ပြန်သေးသွားပြီး နဂိုအရွယ်ဖြစ်သွားကြောင်း ပြောပြဖူးပါသည်။ ဆရာတော်ဘုရားကြီး အနား တွင်နေရပါက ထူးခြားစွာ အေးချမ်းနေတတ် ပါသည်။ ဆရာတော် ဘုရားကြီးထံ ရောက်လာသူများ ဆရာတော်ဘုရားကြီး အပါးမှ မခွာလိုကြပါ။ ဘယ်လို သောက ရှိရှိ ဆရာတော်နားရောက်က အေးချမ်းသွားသည်သာ ဖြစ်ပါ သည်။

ဆရာတော်ဘုရားကြီး၏ မေတ္တာဓါတ်ဖြင့် အေးချမ်းကြပါစေ၊ ဆရာတော်ဘုရားကြီး ပြသောတရားတွေ့ကြပါစေ၊ ဆရာတော်ဘုရားကြီး နည်းတူ အေးချမ်းမှုရကြပါစေ၊ ယခုမာလာဂနိုင်ဟေမာမြိုင်တွင် ဆရာတော် ဘုရားကြီးအား ဖူးတွေ့ရစဉ် ကိုယ်တွေ့ဖြစ်ရပ်များနှင့် ထူးခြားချက်အချို့ကို တင်ပြလိုက်ပါသည်။

http://www.dhammadownload.com



## ဒေါ်ခင်ခင်ဝင်း (M.A) အမှတ်(၉၅)၊ ပြည်လမ်း၊ (၈)မိုင်၊ ရန်ကုန်မြို့၏ ကိုယ်တွေ့ဖြစ်ရပ် ''ကြည်နူးဖူးမျှော်၊ ဆားတောင်ဆရာတော်''

ဆားတောင်ဆရာတော်ဘုရားကြီးကို ၁၉၉၆ ခုနှစ်လောက်တွင် ဖူးတွေ့ခွင့်ရခဲ့ပါသည်။ ကျွန်မ၏ခင်ပွန်း လေတပ်မှ ဒုတိယဗိုလ်မှူးကြီးသည် အာရုံကြောကြွက်သားအားနည်းရောဂါဖြင့် မင်္ဂလာဒုံစစ်ဆေးရုံတွင် တက်ရောက်ကုသစဉ်ကဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည်လည်း နှလုံးခွဲစိတ်ခံယူရန် မင်္ဂလာဒုံစစ်ဆေးရုံတွင် တက်ရောက်၍ ကုသမှုခံယူခဲ့ပါသည်။ ဆရာတော် ဘုရားကြီး ဆေးရုံမတက်မီကပင် ဒါယကာတစ်ဦးက ငွေသိန်း (၂၅)သိန်းခန့် အကုန်အကျခံကာ ဆေးရုံတစ်ခန်းလုံးကြွေပြားကပ်ပြီး လေအေး စက်တပ်ဆင် လှူဒါန်းခဲ့ပါသည်။ ကျွန်မတို့ မိတ်ဆွေ ကထိက ဦးသိန်းထွန်း၊ ဌာနမှူး (ဆေးတက္ကသိုလ်-၂)နှင့်ဇနီး ဒေါ်ခင်လှရီ တို့၏ ခေါ်ဆောင်မှုကြောင့် ဆရာတော် အား ဖူးတွေ့ခွင့်ရခြင်းဖြစ်ပါသည်။ ဆရာတော်သည် စကားအလွန် နည်းပါသည်။ ဒကာ၊ ဒါယိကာမများက မေးလျှောက်မှသာ လိုရင်းကို ပြန်ဖြေပါသည်။ စကား များများ ပြောလေ့မရှိပါ။ အဟာရကိုလည်း တပ်မက်ခြင်းကင်းပါသည်။ အလှူရှင်များ စိတ်ကျေနပ်စေရန် ဟင်း(၁)ဇွန်းစီ အားလုံးထည့်စေပြီး ထမင်း (၃)ဇွန်း လောက်ထည့်ကာ ကျေအောင် နယ်စေပါသည်။ နယ်ပြီးကပ်သည်ကိုလည်း (၃/၄)ဇွန်းမျှသာ ဘုဉ်းပေးပါသည်။

ဒါယကာ၊ ဒါယိကာမအမည်၊ အလ္လာပ၊ သလ္လာပပြောလေ့မရှိပါ။ ဒကာရင်းများနှင့်သာ အနည်းငယ် မိန့်လေ့ရှိပါသည်။ မင်္ဂလာဒုံဆေးရုံတက်နေစဉ် ညပိုင်းတွင် ကျွန်မသားအကြီး ဆရာဝန်လောင်းက ဆရာတော်ကို ဝတ်ပြည့် နှိပ်ပေးလေ့ရှိပါသည်။ တစ်နေ့ သူ့အဖေခေတ္တ အသက်ရှူရပ် သွားပါသည်။ သားကြီးက ဆရာတော်အား 'တ' လိုက်ပြီး ဝတ်ပြည့်ခဲ့သော ကုသိုလ်ကြောင့် အသက်ပြန်ရှင်ပါစေဟု ဆုတောင်းပါသည်။ ဆုတောင်းသည့် အတိုင်း ယနေ့ထိ သူ့ဖခင် ကျန်းမာစွာ အသက်ရှင်နေပါသည်။

မင်္ဂလာဒုံဆေးရုံတပ်မှူးမှာ ဗိုလ်မှူးကြီးတင်ဦးလှိုင်ဖြစ်ပါသည်။ ဆရာကလည်း ဆရာတော်အား ယုံကြည်သူဖြစ်ပါသည်။ သားတို့ဖခင်၏ ဦးထိပ်တွင် ဆရာတော်၏ ဆံတော်များအား တင်ပေးပြီး အာရုံပြုဆုတောင်း စေပါသည်။ ဆရာတော်၏ အချို့ ဆံတော်များမှာ ဓါတ်တော်အချို့ ဖြစ်လျက် ရှိပါသည်။

၂၀၀၃ ခုနှစ်လောက်တွင် ကိုကျော်ဆွေ၏ ဗဟိုလမ်းအိမ်တွင် ဆရာတော်ကြွရောက် သီတင်းသုံးပါသည်။ ကျွန်မမိတ်ဆွေ၏ ကလေးစိတ် ပုံမှန်မဖြစ်၍ မိတ်ဆွေလင်မယားအား ခေါ်သွားပါသည်။ ပရိတ်ရေယူရန် လမ်း တွင် တွေ့သော စတိုးဆိုင်မှ ရေ (၆)ပုလင်းဝယ်ပါသည်။ ဆရာတော်လည်း ကျန်းမာရေးကောင်းစဉ်ဖြစ်၍ ဆွမ်းစားအပြီး မေတ္တာရေ များဖြစ်ရန် မေတ္တာပို့ပေးပါသည်။ ကျွန်မကလည်း ပရိက္ခရာ (၈)ပါးကို ဆရာတော်ဂုဏ်ကို အာရုံပြုကပ်လှူခဲ့ပါသည်။ ငွေကို ဆရာတော် အကပ်ခံ လေ့မရှိပါ။

ကျွန်မသည် ဆရာတော်ကို သက်န်းများ မကြာခဏကပ်လှူ ဖူးသော်လည်း ဝါဆိုသင်္ကန်းမကပ်ဖူးပါ။ ကျွန်မမိတ်ဆွေ ဒေါ်မြဆွေကမူ မန္တလေးထိပင် အမြဲသွားရောက် ဝါဆိုသင်္ကန်းကပ်လေ့ရှိပါသည်။ ဆရာတော် ဘယ်နေရာမှာရှိရှိ ဝါဆိုသင်္ကန်း ကပ်၍သူ့ကို သာဓုအကြိမ်ကြိမ်ခေါ်မိပါသည်။ ယခုနှစ်တွင် ဆရာတော်ကို ဝါဆိုသင်္ကန်းကပ်ချင်မိပါသည်။ ဆရာတော် ရန်ကုန်မှ ကြွသွားသည်မှာလည်း မကြာသေးပါ။ ကျန်းမာရေးကလည်း သိပ်မကောင်းသေး၊ ဆရာတော်ရန်ကုန် ပြန်ကြွလာမည် မထင်မိပါ။ ဝါဆိုသင်္ကန်းကိုမူ ကပ်ချင်လှပါသည်။ ထိုစဉ် မိတ်ဆွေတစ်ဦးထံမှ ဆရာတော် ရန်ကုန်ရောက်နေကြောင်း ကြားရ၍ ဝမ်းသာအားရဖြင့် မာလာဂနိုင် ဟေမာမြိုင်တွင် ဝါဆိုသင်္ကန်းကပ်ခွင့်ရလိုက်ပါသည်။ ကျွန်မ သိသမျှ၊ မြင်သမျှ ဆရာတော်ဘုရား၏ ဂုဏ်ကျေးဇူးသည် အတိုင်းမသိဖြစ်ပါသည်။ ကြည်ညိုဖွယ်အတိဖြစ်ခွင့်ရခဲ့သည်ကို အလွန့်အလွန် ကြည်နူး မိပါကြောင်း သိစေပါသည်။

အချို့ ဒကာရင်းများ၏ ကိုယ်တွေ့ဖြစ်ရပ် များစွာရှိပါသေးသော်လည်း လက်လှမ်းမီသမျှ ကာယကံရှင်ကိုယ်တိုင်လိုလားရေးပေးသမျှ တင်ပြခြင်းဖြစ် ပါသည်။

http://www.dhammadownload.com



## ကျေးဇူးရှင်ဝေဘူဆရာတော်ဘုရားကြီး
## အစဉ်မပြတ်ကြားတော်မူလေ့ရှိသော တရားတော်များ

**(၁၂၅၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် တနင်္လာနေ့ နံနက် ၄ ချက်တီး ကျော် အချိန်တွင် ဖွားမြင်တော်မူသည်။ ၁၃၃၉ ခုနှစ်၊ ပထမ ဝါဆိုလဆန်း ၁၁ ရက် တနင်္ဂနွေနေ့ ည ၇ နာရီ ၃၀ မိနစ်အချိန်တွင် ခန္ဓာဝန်ချတော်မူသည်။)**

သီလဆောက်တည်ပြီးလျှင် ပြည့်စုံအောင်ဖြည့်ကြ၊ ဖြည့်လို့ ပြည့်စုံပြီး ဆိုလျှင် မိမိစိတ်အလို တောင့်တတဲ့အတိုင်း ပြီးမယ်၊ ယခုလည်း ချမ်းသာမယ်၊ နောင်လည်း ချမ်းသာမယ်။

ပစ္စုပ္ပန်ချမ်းသာ သံသရာချမ်းသာ နှစ်ဖြာကို ပေးစွမ်းနိုင်တာဟာ ဘုရားရှင် အဆုံးအမတော်ကလွဲလို့ တခြားမရှိဘူး။

ဘုရားရှင် အဆုံးအမဆိုတာ ပိဋက သုံးပုံပဲ၊ ပိဋက သုံးပုံဆိုတာ အလွန် ကျယ်ဝန်းတယ်။ ပိဋက သုံးပုံကို အဆီထုတ်ပါလျှင် ''ဗောဓိပက္ခိယတရား ၃၇ ပါး'' ရတယ်။ ဗောဓိပက္ခိယတရား ၃၇ ပါးကို အဆီထုတ်လျှင် မဂ္ဂင် ၈ ပါး ရတယ်။ မဂ္ဂင် ၈ ပါးကို အဆီထုတ်လျှင် သိက္ခာ ၃ ပါးရတယ်။

သိက္ခာ ၃ ပါးဆိုတာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာပါပဲ။

သိက္ခာ ၃ ပါးကို အဆီထုတ်လျှင် ''ဧကော ဓမ္မော တရားတစ်ခု'' ရတယ်။

ရုပ်ပေါ် နာမ်ပေါ်မှာနေပြီး ယခုလိုဆောင်ထားတော့ (ရှုမှတ်နေတော့) ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှု မရှိဘူး၊ အဲဒါ ''အဓိသီလ'' လို့ ခေါ်တယ်။

အဓိသီလ အားကောင်းလျှင် စိတ်တွေသောင်းကျန်းမှုမရှိဘဲ ငြိမ်ဝပ် ပိပြားပြီး တည်နေတော့တယ်။ အဲဒါ ''အဓိစိတ္တ''လို့ ခေါ်တယ်။

အဓိစိတ္တ(သမာဓိ)အားကောင်းလို့ အချိန်ကြာလျှင် ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ ဖန်တီးလို့ မဖြစ်ဘူး။ လျှပ်တပြက်အတွင်း ကုဋေတစ်သိန်း ဖြစ်ပြီး ပျက်နေတယ်။ ရုပ်ကို နာမ်က သိနေလျှင် ဖြစ်ပျက်ကို သိတော့တာပဲ၊ ဖြစ်ပျက် ကို သိတာ ''အဓိပညာ''လို့ခေါ်တယ်။

အများနားလည်အောင် ပြောရမယ်ဆိုလျှင် ခန္ဓာကိုယ်မှာ ထင်ရှားတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ''နှာဖျား နှာဝမှာ ထွက်လေ ဝင်လေ နှစ်ရပ်'' ဟာ အမြဲ တိုက်ဝင် တိုက်ထွက်နေတယ်။။

နှာဖျား နှာဝမှာ ကာယပသာဒ အကြည်က အထိခံ၊ ထွက်လေ ဝင်လေ ဖြစ်တဲ့ လေနှစ်ရပ် ဝါယော ဖောဋ္ဌဗ္ဗက ထိတယ်၊ ထိုအထိခံနဲ့ ထိတာကရုပ်၊ သိတာက နာမ်ဆိုတာ ဒကာကြီး ဒကာမကြီးတို့ သူများမမေးနဲ့ ကိုယ်နှာဝကို ဉာဏ်နဲ့စောင့်ကြည့်၊ ဝင်တော့ ထိဝင်မယ်၊ ထွက်တော့လည်း ထိထွက်မယ်၊ ထိတာကို သိလျှင် သိနေလျှင် လောဘ ဒေါသ မောဟ ဖြစ်ခွင့်မရလို့ လောဘမီး၊ ဒေါသမီး၊ မောဟမီး ငြိမ်းတယ်၊ ငြိမ်းတော့ အေးတယ်။

မထိခင်ကလည်း သိလို့မဖြစ်ဘူး၊ ထိပြီးပြန်တော့လည်း မသိလို့ မဖြစ်ဘူး၊ ထိတုန်းကိုသာ သိလို့ဖြစ်တယ်၊ အဲဒါကို ''ပစ္စုပ္ပန် တည့်တည့်''လို့ ဆိုတယ်။

အဲဒီလို တထိထဲ ထိနေတာကို တဆက်ထဲ သိနေအောင် ဆောင်ကြဗျာ့၊ တစ်ရက် ၂၄ နာရီ တစပ်လောက်ရလျှင် အလွန်သိသာပါတယ်။ အဲသလို ထိတာကို မသိမှတ်နိုင်ရင် လျှပ်တစ်ပြက် အတွင်းတွင်ပဲ ကုဋေတစ်သိန်းကြွေး တင်သွားရော့ဗျာ့။

ထိတာကို သိနေလျှင် ''ရုပ်နှင့်နာမ်သာ ရှိပါကလားလို့ သိလိမ့်မယ်။ ရုပ်နာမ်မှတစ်ပါး ငါ၊ သူတစ်ပါး၊ ယောကျာ်း၊

http://www.dhammadownload.com



မိန်းမ မရှိဘူး ဆိုတာ ဘုရားရှင်၏ တရားတော် အမှန်ပါလား'' လို့ ကိုယ့်ဟာကို သိလိမ့်မယ်။ သူများကို မေးနေဘို့ မလိုပါဘူး၊ နှာဖျား နှာဝမှာ လေထိတာကို သိနေလျှင် ထိုအချိန်မှာ အတ္တာဆိုတဲ့ ကိုယ် မရှိဘူး။

ထိုသိနေတဲ့ အချိန်မှာ ဉာဏ်အမြင် စင်ကြယ်တယ်၊ သမ္မာဒိဋ္ဌိဖြစ်တယ်၊ ထိတာကို သိနေတဲ့အချိန်မှာ ''ရုပ်နာမ်မှတစ်ပါး ဘာမျှမရှိပါကလား'' လို့သိတာ ကို နာမ်နှင့်ရုပ်ကို ပိုင်းခြားပြီးသိလို့ ''နာမရူပ ပရိစ္ဆေဒဉာဏ်'' လို့ ခေါ်တယ်။

တထိထဲထိ၊ တသိထဲ သိနေလျှင် အတ္တာစင်၍ ဉာဏ်အမြင်စင်ကြယ်တဲ့ အကျိုးရတယ်၊ ဒါဟာ တဒင်္ဂပဟာန် ခဏအချိန်ကလေးမှာ ရတဲ့အကျိုး၊ နည်းတယ်လို့ မမှတ်ကြနဲ့။ ''ကမ္မဋ္ဌာန်း ထိုင်ရတာများ ဘာမှလည်း မတွေ့ပေါင်၊ ဘာမှလည်း မရပေါင်'' လို့မှား မမှတ်လိုက်ကြပါနဲ့။ မြင့်မြတ်တဲ့ ဘဝ၊ ဘုရားသာသနာနဲ့ ကြုံကြိုက်တဲ့အခါ ဒီလို အကျိုးထူးများရနိုင်တယ်။ စားဘို့ သောက်ဘို့ အသာထားပြီး အထူးကြိုးစားကြ။

## ကျေးဇူးရှင်ဝေဘူဆရာတော်ဘုရားကြီး ညွှန်ပြတော်မူလေ့ရှိသော သန္နိဋ္ဌာက ဓမ္မလမ်းစဉ်

၁။ ဘုရားအဆုံးအမဖြစ်တဲ့ ''ပိဋကသုံးပုံ'' အကုန်လုံးဟာ ''ဆင်းရဲမှ လွတ်မှုတစ်ခု'' ဖြစ်၍ နည်းတွေများသော်လည်း အားလုံးအတူတူပဲ။ အကုန်လုံး လိုက်ပြီး လုပ်စရာ မလိုဘူး။ အများကြီးထဲက ကြိုက်ရာ တစ်ခုခုကို ဝီရိယ မှန်မှန်နှင့် သန်သန် လုပ်ဘို့ အရေးကြီးတယ်။

၂။ ''စရဏနှင့် ဝိဇ္ဇာ'' တစ်ပြိုင်နက်ဖြစ်အောင် လုပ်ရတယ်။ တစ်ချိန်ထဲမှာ အလုပ်နှစ်ခုပြီးတာ ဒါပဲရှိတယ်။ (အလုပ်လုပ်ရင်း ရအောင်ရှုပါ။)

၃။ ဘုရားစကား၊ ဆရာ့စကား၊ တစ်ထစ်ချနာယူ၊ အရာရာရိုသေ၊ ကိုယ်ကို နှိမ့်ချ၊ ''ခန္တီ နှင့် မေတ္တာ'' များများ ထားပြီး လုပ်ရတယ်။

၄။ ဝိပဿနာတရားဆိုတာ ထင်ရှားတဲ့တရားကို မြင်အောင် ''ရှုမှတ်ခြင်း'' ပင် ဖြစ်တယ်။ ထင်ရှားတဲ့ တရားကို မြင်အောင် မရှုနိုင်ရင် ဝိပဿနာ မဖြစ်ဘူး။

၅။ ထင်ရှားတဲ့တရားဆိုတာ တခြားမှာ သွား၍ ရှာရတာမျိုးမဟုတ်၊ ရှောင်မရ၊ တိမ်းမရ၊ မမြင်ချင်၍ မနေရအောင် ကိုယ်မှာအမြဲ ထင်ရှား နေတဲ့ ရုပ်နာမ်တရားတွေပဲ ဖြစ်တယ်။

၆။ ကိုယ်မှာအမြဲထင်ရှားနေတဲ့ ရုပ်နာမ်တရားတွေထဲမှာ လူတိုင်း နားလည် လွယ်ကူတာဟာ '' အာနာပါန = ထွက်လေ ဝင်လေ'' ရှုမှတ်မှု ဖြစ်တယ်။

၇။ ''ထွက်လေ ဝင်လေ'' ဆိုတာ အမိဝမ်းမှ မွေးကထဲက သေသည်အထိ အမြဲမပြတ် ဒလပ်စပ် ရှိနေတဲ့ တရားသဘောဖြစ်တယ်၊ အလုပ်လုပ် နေရင်း၊ စကားပြောနေရင်း၊ စာကျက်နေရင်း၊ အိပ်ပျော်နေရင်းလည်း ရှိနေတာပဲ။

၈။ ထွက်လေ ဝင်လေ ဟာ အမြဲမပြတ် ရှိနေသော်လည်း အမှတ်တမဲ့ နေကြ၍ ''သတိမမူ ဂူမမြင်'' ဖြစ်နေကြတယ်၊ ''သတိမူရင် မြူကို တောင် မြင်ရတယ်'' ဆိုတာကို ဂရုစိုက်ပြီး ကြည့်ရှုနေမှ ရှိမှန်း သိကြတယ်။

၉။ ''ကြည့်'' ဆိုရာမှာ ဝိပဿနာဖြစ်ဘို့အတွက် ထွက်လေ ဝင်လေ ထိရာ နှာဖျား နှာဝမှာ ဝင်တိုင်း ထွက်တိုင်း ရိပ်ရိပ် ရိပ်ရိပ်နှင့် ''တထိထဲ ထိနေတာကို တသိထဲသိနေအောင်'' ဒလစပ် သိမြင်အောင် ကြည့်ရှု နေရမယ်။ အိမ်အမိုးကို စပ်အောင် ထူထူမိုးမှ နေပူဒဏ် မိုးရွာဒဏ် ခံနိုင်တယ်။ ( ၂၄ နာရီ တစပ်ထဲ ရပါစေ။ )

၁၀။ တစ်ရက် ၂၄ နာရီ တစပ်လောက်ရလျှင် အလွန်သိသာပါတယ် (နိသဇ် ခုတင်ဆောင်)။ ဘုရားဆုံးမတာ မှန်သမျှ ဆင်းရဲအောင် မဆုံးမဘူး။ ချမ်းသာဘို့ချည်းပဲ။ ဘုရားလက်ထက်က နိသဇ်ဆောင်တဲ့ ပုဂ္ဂိုလ်များ ပိုပြီးတော့တောင်မှ အသက်ရှည်ကြ ကျန်းမာကြတယ်။ အိပ်ချင်လို့ အိပ်ရင် တစ်သံသရာလုံး နိုးတော့မှာ

http://www.dhammadownload.com



မဟုတ်ဘူး။ အိပ်ချင်ရင် မအိပ်ချင် တဲ့နေရာ ရှိတယ်။ အဲဒီကို ရောက်အောင်သွား။

၁၁။ ထိတာကို သိနေလျှင် “ သတိပဋ္ဌာန်သုံးပါး မဂ္ဂင်ရှစ်ပါးမှအစ ဗောဓိပက္ခိယ တရား ၃၇ ပါး၊ ပိဋကသုံးပုံ အလုံးစုံ တစ်ပြိုင်နက် ပါဝင်ပြီးဖြစ်တယ်။

၁၂။ “ထိတာ” ဟာ “ရုပ်” သဘောဖြစ်တယ်။ “သိတာ” ဟာ“နာမ်” သဘောဖြစ်တယ်။

၁၃။ တရိပ်ရိပ်နှင့် ထိတိုင်း ပျောက်တိုင်း(ရုပ်၊ နာမ်) ဖြစ်မှု ပျက်မှုတွေ ဖြစ်ပျက်၍ နေခြင်းဖြစ်တယ်။

၁၄။ တရိပ်ရိပ်နှင့် နှာဖျား နှာဝမှာ ထိလိုက်၊ ပျောက်လိုက်နေတာတွေ ကိုသာ တစ်ဆက်ထဲ သိမြင်အောင် ကြည့်ရှုနေရင် ကြာလျှင် ဝိပဿနာ သမာဓိ တစထက်တစ၊ တခဏထက် တခဏ တိုးတက်ပြီး အားကြီးလာတဲ့ အခါ နှာဖျား နှာဝတွင်သာမက ခန္ဓာကိုယ်မှာလည်း အလိုလို တရိပ်ရိပ် တရှရှတွေ ဖြစ်ပျက်နေတာကို တွေ့ရမယ်။

၁၅။ တစ်ကိုယ်လုံး တရိပ်ရိပ် တရှရှ အမြဲမပြတ် ဖြစ်ပျက်နေတာကို တွေ့လာရတဲ့အခါ (အနိစ္စကို ကောင်းစွာ မြင်သောကြောင့်) “ဒုက္ခ နှင့် အနတ္တ” ဟာ အလိုလို ထင်မြင်လာလိမ့်မယ်။ ပါးစပ်က ဆိုနေဘို့ မလိုဘူး၊ ဝိပဿနာအလုပ်ဟာ “ထိမှုကို ကြည့်ရှုနေရုံသာ ဖြစ်တယ်”၊ “ကြည့်ရှုနေရင်း ရှုမှတ်နေရင်း” သိထိုက်သမျှကို အလိုလို တစ်နေ့ ထက်တစ်နေ့ တိုးပြီး သိလာလိမ့်မယ်။

၁၆။ အဲဒီလို တရိပ်ရိပ်နှင့် ထိမှု သိမှုတို့ကို ကြည့်ရှုနေရင်း“မဂ်ဉာဏ်၊ ဖိုလ် ဉာဏ်” ဆိုက်လာပြီဆိုရင် အလွန်သိသာလှပါတယ်။ ဘယ်လို သိသာ သလည်းဆိုတော့ “ရေငတ်၍ နေသောသူသည် ရေကိုသောက်ရသည် ရှိသော် ရေငတ်ပြေသကဲ့သို့” ဖြစ်သွားတော့တယ်။ သူများမေးစရာ မလို ကိုယ်တိုင်သိမယ် (သန္ဒိဋ္ဌိကော)။

၁၇။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရပြီး ရောက်ပြီးလို့ “ဖလသမာပတ်”ကို ဝင်စားချင်ရင် မိမိလာခဲ့ဘူးတဲ့၊ ဝိပဿနာ လမ်းကို ပြန်ကြည့်ရတယ်၊ ဖလသမာပတ်ဟာ ကိုယ်ပိုင်အိမ်နှင့်တူတယ်။

၁၈။ ယုံယုံကြည်ကြည် လုံ့လဝီရိယရှိရှိနှင့် ထိမှု သိမှုတို့ကိုသာ တဆက်ထဲ ဖြစ်အောင် ကြည့်ရှုနေ “ထွေလီကာလီ”တွေကို လိုက်မလုပ်နှင့်၊ “အခုလုပ်၊ အခုမီးငြိမ်း၊ အခုချက်ချင်းပဲ ချမ်းသာတယ်။” (အကာလိကော)။

http://www.dhammadownload.com



## ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း

**(၁၂၅၈ ခုနှစ်၊ တပေါင်းလဆုပ် ၃ ရက် စနေနေ့တွင် ဖွားမြင်တော် မူသည်။ ၁၃၄၈ ခုနှစ်၊ ကဆုန်လကွယ် စနေနေ့ နံနက် ၈ နာရီ ၄ မိနစ် တွင် ခန္ဓာဝန်ချတော်မူသည်။)**

ယောဂီသည် ထိုင်တာကို ''ထိုင်တယ်'' ဟုသိလျှင် ဝိဇ္ဇာ (အသိပညာ) ဖြစ်၏၊ မသိလျှင် အဝိဇ္ဇာ(မသိမှုမောဟ)ဖြစ်၏။ ရပ်တာ၊ သွားတာ၊ အိပ်တာ စသည်တို့ကို သိလျှင် ဝိဇ္ဇာဖြစ်၏။ မသိလျှင် အဝိဇ္ဇာဖြစ်၏။

စားတာကို ''စားတယ်'' သောက်တာကို ''သောက်တယ်'' စသည် ရှုမှတ်ပြီး သိလျှင် ဝိဇ္ဇာဖြစ်၏။ မသိလျှင် အဝိဇ္ဇာဖြစ်၏။ ထို့အတူ ကျင်ကြီး၊ ကျင်ငယ်စွန့်တာကို ''စွန့်တယ် စွန့်တယ်''ဟု မှတ်ပြီး သိလျှင်ဝိဇ္ဇာ၊ မသိလျှင် အဝိဇ္ဇာ ဖြစ်သည်။ ထိုနည်းအတူ ပြုပြုသမျှ အမူအရာအားလုံးကို သိအောင် မှတ်ရမည်။ ဤ၌ ''အဝိဇ္ဇာ၊ မသိတာ၊ မောဟ'' စကားလုံးတို့၏ အဓိပ္ပါယ်သည် အတူတူဖြစ်သည်။ ''ဝိဇ္ဇာ၊ သိတာ၊ အမောဟ'' ဟူသော စကားလုံးတို့၏ အဓိပ္ပါယ်လည်း အတူတူပင်ဖြစ်သည်။

အဝိဇ္ဇာဖြစ်လျှင် သင်္ခါရ (အကျိုးဆက်ကို ဆက်လက်ဖြစ်စေတတ်သော ကုသိုလ်၊ အကုသိုလ်ကံ) စသည်တို့ ဆက်ဖြစ်သဖြင့် သံသရာရှည်မည်။ ဝိဇ္ဇာ ဖြစ်လျှင်ကား အဝိဇ္ဇာချုပ်၏။ အဝိဇ္ဇာချုပ်လျှင် သင်္ခါရ စသော တရားတို့ ချုပ်ပျက်ကာ သံသရာ ရပ်တော့သည်။

ထို့ကြောင့် ဝိဇ္ဇာဖြစ်အောင် မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ စသော အာရုံများကို တွေ့ကြုံတိုင်း တွေ့ကြုံတိုင်း၊ မြင်ကာမျှ စသည်သိအောင် ရှုမှတ် ရမည်။ အခြားအခြားသော စကားပြောတာ ဆိတ်ဆိတ်နေတာ ဂျုတာ၊ ရှိုက်တာ၊ ပိန်တာ၊ ဖောင်းတာ၊ ဒေါသဖြစ်တာ၊ နှမြောတာ စသည်ဖြင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ၊ ဖြစ်ဖြစ်သမျှကို သိအောင် အမြဲမပြတ်၊ ရှုမှတ် နေရမယ်။ ထိုသို့ရှုမှတ်နိုင်မှသာ သံသရာပြတ်ကြောင်း ဝိဇ္ဇာဖြစ်၍ မရှုမှတ်နိုင်က သံသရာရှည်ကြောင်း အဝိဇ္ဇာချည်း ဖြစ်နေလိမ့်မည်။

နာမ်ရုပ်ကို အမှန်ထင်မြင်လျှင် ပုထုဇဉ်ဖြစ်သော်လည်း ရဟန္တာလို ချမ်းသာစွာ နေနိုင်သည်။ သို့သော် ပုထုဇဉ်ဖြစ်၍ တဒင်္ဂ(တခဏမျှ)သာ နေနိုင်ခြင်း ဖြစ်သည်။ ထို့သို့ နာမ်ရုပ်ကို အမှန်မြင်လျှင် မိစ္ဆာဒိဋ္ဌိ(၆၂)ပါးလည်း မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် နာမ်ရုပ်ကို အမှန်အတိုင်း ပိုင်းခြားသိသောပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ(ငါစွဲအမြင်)ကို ပယ်စွန့်နိုင်၍ ဉာဏ်အမြင်စင်ကြယ်ခြင်း ဖြစ်သည်။

ထို့ကြောင့် မြင် ကြား နံ စား ထိ သိ အာရုံများနှင့်တကွ ဈေးရောင်း၊ ဈေးဝယ်၊ လယ်လုပ်၊ ယာလုပ် စသော မည်သည့်ကိစ္စကို ပြုပြု ပြုသမျှကို သတိမလစ်စေဘဲ ရှုမှတ်သင့်ကြပါသည်။

## ရာသက်ပန် သရဏဂုံတည်

၁။ အဇ္ဇာဒိံ ကတွာ၊ ယနေ့ကို အစပြု၍ အဟံ၊ အကျွန်ုပ်သည် အတ္တာနံ၊ မိမိကိုယ်ကို၊ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား၊ နိယျာတေမိ၊ အပ်နှင်းလှူဒါန်း ပါ၏။

၂။ အဇ္ဇာဒိံ ကတွာ၊ ယနေ့ကို အစပြု၍ အဟံ၊ အကျွန်ုပ်သည်၊ အတ္တာနံ၊ မိမိကိုယ်ကို၊ ဓမ္မဿ၊ တရားတော်မြတ်အား၊ နိယျာတေမိ၊ အပ်နှင်း လှူဒါန်းပါ၏။

၃။ အဇ္ဇာဒိံ ကတွာ၊ ယနေ့ကို အစပြု၍၊ အဟံ၊ အကျွန်ုပ်သည်၊ အတ္တာနံ၊ မိမိကိုယ်ကို၊ သံဃဿ၊ သံဃာတော်မြတ်အား နိယျာတေမိ၊ အပ်နှင်း လှူဒါန်းပါ၏။

၄။ ဇီဝိတပရိယန္တိကံ၊ အသက်ဆုံးသည်တိုင်အောင်၊ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

http://www.dhammadownload.com



၅။ ဇီဝိတပရိယန္တိကံ၊ အသက်ဆုံးသည်တိုင်အောင်၊ ဓမ္မံ၊ တရားတော်မြတ် ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၆။ ဇီဝိတပရိယန္တိကံ၊ အသက်ဆုံးသည်တိုင်အောင်၊ သံဃံ၊ သံဃာတော် မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

လူတိုင်းသည် မိမိကိုယ်ကိုသာ ချစ်မြတ်နိုးဆုံးဖြစ်ကြောင်း မိမိ ချစ်မြတ်နိုးသောကိုယ်ကို မြတ်စွာဘုရားအား တစ်သက်ပန်အပ်နှင်းလှူဒါန်းသူ ၏ တစ်ရက်နေရခြင်းသည် သရဏဂုံမတည်သူ၏ တစ်သက်တာနေရခြင်းထက် ပိုမို မြတ်ကြောင်း၊ အကျိုးကြီးကြောင်း၊ လူတိုင်း သရဏဂုံ ဆောက်တည်ကြရန် အရေးကြီးကြောင်း၊ ထိုသို့ သရဏဂုံတည်ပါက တမလွန်ဘဝတွင် နတ်ပြည်သို့ ရောက်နိုင်ကြောင်း၊ သရဏဂုံတည်ခြင်းနှင့် စပ်၍ ဆရာတော်ဘုရားကြီးက ယခုဆောက်တည်ကြတဲ့ သရဏဂုံကတော့ တစ်ကြိမ်တစ်ခါ ဆောက်တည်ကာ မျှဖြင့် တစ်သက်လုံး အသက်ဆုံးသည့်တိုင်အောင် အမြဲတည်တဲ့ သရဏဂုံတဲ့။ ကလေးမှစ၍ လူမရွေးဘူး၊ သက်သက်သာသာလေးနဲ့ အင်မတန်အပင်ပန်း အကုန်ခံပြီး ပြုလုပ်တဲ့ ကုသိုလ်လောက်မကဘူး။

ဘုရား၊ တရား၊ သံဃာဟု ဆိုအပ်သော ရတနာသုံးပါးဆိုတာ လောက မှာ ဒီထက်အထွတ်အထိပ် အမြင့်အမြတ်ဆိုတာ မရှိတော့ဘူး၊ အဲဒီလို အထွတ် အထိပ် အမြင့်အမြတ်ဖြစ်တဲ့ ရတနာသုံးပါးကို ''အတ္တသမံပေမံနတ္ထိ''တဲ့။ ကိုယ်နှင့်တူသော ချစ်ခြင်းဆိုတာလည်း မရှိတော့ဘူးတဲ့၊ သတ္တဝါဟူသ၍ ဘယ်သူ့ ကို ဘယ်လိုပင်ချစ်တယ်ဆိုသော်လည်းပဲ ကိုယ့်ကိုယ်လောက်မချစ်ဘူးတဲ့၊ ဒီလို အချစ်ဆုံးဖြစ်တဲ့ ကိုယ့်ခန္ဓာကိုယ်ကို အမြတ်ဆုံးဖြစ်တဲ့ ရတနာသုံးပါးအား အပ်နှင်း ပြီးသကာလ လှူဒါန်းရသည့် အဖြစ်ကြောင့် ဘယ်ကုသိုလ်နဲ့မှ မတူဘူးတဲ့။

လှူတယ်တန်းတယ်ဆိုတာဟာ ကိုယ်မှတစ်ပါး အခြားဖြစ်တဲ့ပစ္စည်းကို သာလျှင် လှူတန်းကြတယ်။ ဒီသရဏဂုံကတော့ အဲဒီလိုမဟုတ်ဘူး၊ အချစ်ဆုံး ဖြစ်တဲ့ ကိုယ့်ခန္ဓာကိုယ်ကို အမြတ်ဆုံးဖြစ်တဲ့ ရတနာသုံးပါးအား အပ်နှင်းပြီး သကာလ လှူဒါန်းရသည့်အဖြစ်ကြောင့် ဘယ်ကုသိုလ်နဲ့မှ မတူဘူးတဲ့၊ ဒီသရဏဂုံ ကုသိုလ်ဟာ အင်မတန်အားကောင်းတယ်။ အားကြီးတယ်။ အားလည်းကိုးရတယ်။ အကျိုးလည်းပဲ အင်မတန်များတယ်။

ဘယ်လိုအကျိုးများရစေတတ်သတုံးဆိုတော့ ''ဟိံသတီတိသရဏံ'' တဲ့။ ညှင်းဆဲတတ်လို့ ''သရဏဂုံ'' နှိပ်စက်ဖျက်ဆီးတတ်လို့ ''သရဏဂုံ'' လို့ခေါ်တယ်။ ဘာကို ညှဉ်းဆဲနှိပ်စက်ဖျက်ဆီးတတ်သတုံးဆိုတော့ ဒီသရဏဂုံ တည်တဲ့သူရဲ့အပေါ်၌ ကျရောက်လတ္တံ့ဖြစ်တဲ့ ဘေးရန်ကို ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်း၊ ငရဲတိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ် ဟု ဆိုအပ်သော အပါယ်လေးပါးသို့ လားခြင်းကို တားမြစ်ဖျက်ဆီးတတ် တယ်တဲ့။

ဒီသရဏဂုံက ဒါလားဆိုတော့ မဟုတ်သေးဘူးတဲ့။ ဒီသရဏဂုံတည်တဲ့ သူများဟာ သေသည်၏အခြားမဲ့၌ နတ်ပြည်သို့ရောက်တယ်တဲ့။ နတ်ပြည် ရောက်သွားတဲ့အခါကျတော့လည်း ဒီပြင်ကနတ်များနဲ့ မတူဘူးတဲ့။ နတ်ပြည်မှာ နတ်တွေများစွာရှိတယ်။ သရဏဂုံတည်တဲ့နတ်လည်းရှိတယ်။ သရဏဂုံမတည် တဲ့ နတ်လည်းရှိတယ်။ အဲဒီ သရဏဂုံမတည်တဲ့ နတ်များထက် သရဏဂုံတည် တဲ့ နတ်များက ဆယ်ပါးသောအကြောင်းဖြင့် ပိုလွန်တယ်။

ဆယ်ပါးသော အကြောင်းတွေက ဘာတွေတုံးဆိုတော့–

(၁) အသက်ရှည်ခြင်းမှာလည်း ပိုလွန်တယ်။

(၂) အဆင်းလှခြင်းမှာလည်း ပိုလွန်တယ်။

(၃) ချမ်းသာခြင်းမှာလည်း ပိုလွန်တယ်။

(၄) အခြွေအရံပရိသတ်ပေါ်များခြင်းမှာလည်း ပိုလွန်တယ်။

(၅) အစိုးရခြင်းမှာလည်း ပိုလွန်တယ်။ (၅)ပါး

(၆) နတ်တို့၏ အဆင်း

http://www.dhammadownload.com



(၇) အသံ

(၈) အနံ့

(၉) အရသာ

(၁၀) အတွေ့ဟု ဆိုအပ်သော အာရုံငါးပါးမှာလည်းပဲ ပိုလွန်တယ်။

သရဏဂုံမတည်တဲ့ နတ်များထက် သရဏဂုံတည်တဲ့ နတ်များက ယခု ပြောတဲ့အကြောင်း ဆယ်ပါးဖြင့် ပိုလွန်တယ်တဲ့။ ဒါလားဆိုတော့ မဟုတ် သေးဘူးတဲ့။

တေ ခေါ သရဏံ ခေမံ

တေ သရဏံ မုတ္တမံ။

တေ သရဏ မာဂမ္မ

သဗ္ဗဒုက္ခာ ပမုစ္စတိ။

လို့ဟောတော်မူတာကြောင့် ဤသရဏဂုံသည် ဘေးရန်ကင်းသဖြင့် အလွန်မွန်မြတ်သောကြောင့် ဤသရဏဂုံကို အမှီသဟဲပြု၍ အလုံးစုံသော ဝဋ္ဋဆင်းရဲမှ ကျွတ်ရာလွတ်ရာဖြစ်တဲ့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုလည်း ရရာရောက်ရ လိမ့်မယ်တဲ့။ ဒီသရဏဂုံတည်တဲ့သူများဟာ အကျိုးပေးအားဖြင့် ကြီးကျယ် ရတယ်။

## ဒါနအကျိုး

မာ ဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ ဣဋ္ဌဿ ကန္တဿ မနာပဿ ပိယဿ သုခဿေတံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုညာနံ၊ ကုသိုလ်ကောင်းမှုတို့ကို၊ မာ ဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ တေ၊ ဤကုသိုလ်တရားသည်။ ဣဋ္ဌဿ၊ အလိုရှိအပ် သော။ ကန္တဿ၊ နှစ်သက်အပ်သော။ မနာပဿ၊ နှလုံးကို ပွားစေအပ်သော။ ပိယဿ၊ ချစ်အပ်သော။ သုခဿ၊ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ၏။ အဓိဝစနံ၊ အမည်ပေတည်း။

ကုသိုလ်ဆိုတာ လူဖြစ်တော့လည်း လူကောင်း၊ လူမြတ်၊ လူချမ်းသာ၊ နတ်ဖြစ်တော့လည်း နတ်မြတ်၊ နတ်ကောင်း၊ နတ်ချမ်းသာ အဲသည်လို လူ ချမ်းသာ၊ နတ်ချမ်းသာမှ နိဗ္ဗာန်ချမ်းသာကို သက်သက်သာသာနဲ့ သွားရအောင် ကုသိုလ်ကို မကြောက်နဲ့လို့ ဘုရားရှင်က မှာတော်မူတယ်။ ဘယ်ကုသိုလ်တုံး။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ရယ်လို့ သုံးမျိုးသုံးစား သုံးပါး အပြား ရှိတယ်။ ထိုသုံးမျိုး သုံးပါး အပြားတို့တွင် တစ်ဆင့်ထက် တစ်ဆင့် မြင့်မြတ်သွားပုံ၊ ဒါနကုသိုလ်ထက် သီလကုသိုလ်က မြတ်တယ်၊ အကျိုးများ တယ်၊ အားကောင်းတယ်၊ အားကြီးတယ်၊ သီလကုသိုလ်ထက် ဘာဝနာ ကုသိုလ်က မြတ်တယ်၊ အကျိုးများတယ်၊ အားကောင်းတယ်၊ အားကြီးတယ်၊ သည်လို တစ်ဆင့်ထက် တစ်ဆင့် မြင့်မြတ်သွားပါတယ်။

ဗုဒ္ဓဘာသာတွေမှာ ဒါနကတော့ များပါတယ်။ သီလကျတော့ နည်း မသွားဘူးလား၊ ဘာဝနာကျတော့ မရှိသလောက်ဖြစ်နေ၊ အမြတ်ဆုံးဟာ ကျန် မနေဘူးလား။ ဒီလိုသိတဲ့ဘဝ ရခဲလွန်းလို့ ရလာတဲ့အခါမှာ ကုသိုလ်ကို စုံအောင် ယူကြဖို့ ရှေ့ဖြစ်ရဦးမယ့် ဘဝတွေက မရေတွက်နိုင်သေးဘူး။ ဖြစ်သော် ဆင်းရဲ မှာစိုးလို့ ကုသိုလ်ကို မကြောက်ကြနဲ့လို့ ဆုံးမတော်မူတယ်။ ဘယ်လိုဆုံးမတော် မူတုံးဆိုတော့ ဘုရား၏ အဆုံးအမများ ဘယ်လောက်များလိုက်နာကျင့်ကြံစရာ ကောင်းတုံးဆိုတော့ (ဒါနကုသိုလ်)လည်း ကိုယ်စားသောက်ပြီး ခွက်ကိုဆေး ကြော၍ သွန်လိုက်တဲ့အခါ ဒါလေးနဲ့မျှပါစေ စားပါစေ၊ သောက်ပါစေလို့ ကိုယ့်စိတ် ထားမိပြီးတော့ သွန်လိုက် ပက်လိုက်တယ်။ သတ္တဝါလေး တစ်ကောင် တစ် ကောင်ကို ဘဝတစ်ရာတစ်ရာ ကောင်းကျိုးပေးတယ်။ အဲဒီတော့

http://www.dhammadownload.com



ကိုယ်စား သောက်ပြီး နောက်ဆုံးထမင်းလုပ်ကလေးကို ထက်ဝက်ဖြစ်စေ၊ သုံးပုံတစ်ပုံ ဖြစ်စေ ချန်မိပြီးတော့ သွန်လိုက်ပက်လိုက်မယ်ဆိုလျှင် သာ၍ မကောင်းပေ ဘူးလား။

ကြိုးစားကြစမ်းပါ။ လူဆိုလျှင် သီလမရှိတဲ့ သူတစ်ယောက်ကို တစ်ခါ ကျွေးလျှင် ဘဝတစ်ထောင် ကောင်းကျိုးပေးတယ်။ သီလရှိတဲ့လူတစ်ယောက် တစ်ခါကျွေးလျှင် ဘဝတစ်သိန်းကောင်းကျိုးပေးတယ်။ သီလမရှိတဲ့သူနဲ့ သီလ ရှိတဲ့သူ ဘယ်လောက်များ ကွာခြားနေတုံးဆိုတော့ သီလရှိစရာ မကောင်းကြ ပေဘူးလား။ ခုနသရဏဂုံတည်တဲ့သူတစ်ယောက် တစ်ခါကျွေးလျှင် ဘဝပေါင်း အသင်္ချေ အကျိုးပေးတယ်။ ရဟန်းသံဃာဆိုလျှင် ဆိုဖွယ်ရာ မရှိဘူး။ အသင်္ချေ ထက် အသင်္ချေပဲ။ ဒါနကလည်း သည်လောက်ပဲအကျိုးများတယ်။ အဲဒါကြောင့် ဒါနကို ကိုယ်တတ်နိုင်သလောက် ကြိုးစားကြဖို့ သာသနာတော်နဲ့ဆိုတာလည်း အင်မတန် ကြုံရခဲတယ်။ သာသနာအပအခါမှာ ထမင်းရေချောင်းစီးအောင် လှူသော်လည်း သာသနာအတွင်းမှာ ဆွမ်းတစ်ဇွန်းလောင်းရသလောက် အကျိုး မများဘူး။ တို့ဒကာ ဒကာမတွေက ကုန်မှ ခန်းမှ ကုသိုလ်ကို အတုံးအခဲ အလုံး အရင်းကြီး ရတယ်လို့ ထင်မှတ်တာ။ မကုန်လျှင် အားကို မရဘူး။

## ကာယ ဂတာ သတိပဋ္ဌာန်ကျင့်စဉ်

ကာယဂတာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းသည် အခြားတစ်ပါးသော ကမ္မဋ္ဌာန်း များကဲ့သို့ ဘုရားမပွင့်သော သာသနာအပ အခါကာလများ၌ ဖြစ်ပေါ်ထင်ရှား ခြင်းမရှိပေ။ ဘုရားပွင့်တော်မူသောအခါကာလသာ သာသနာတော်အတွင်း၌ ထိန်လင်းပျံ့နှံ့ ဖြစ်ပေါ်သော ကမ္မဋ္ဌာန်းဖြစ်လေသည်။

ထိုကာယဂတာ သတိ ကမ္မဋ္ဌာန်းသည် ကာယာနုပဿနာသတိ ကမ္မဋ္ဌာန်း၏ အားလုံးသော ပဗ္ဗအပိုင်းတို့၌ မူလအခြေခံ ကမ္မဋ္ဌာန်းဖြစ်ခြင်းကြောင့် တစ်ကြောင်း၊ ထိုကမ္မဋ္ဌာန်းတစ်မျိုးတည်းကို ပွားများအားထုတ်ခြင်းဖြင့်ပင် အရိယာ အဖြစ်သို့ ဧကန်မုချ ရောက်ရှိနိုင်ခြင်းကြောင့် တစ်ကြောင်း မြတ်စွာ ဘုရားသည် ထိုကာယဂတာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို(ဧကော ဓမ္မော)တစ်ခု တည်းသော တရားဟူ၍ မြွက်ဟ ဟောကြားတော်မူလေသည်။

ကျေးဇူးရှင် တောင်ပုလု တောရ ဆရာတော်ဘုရားကြီးကိုယ်တိုင် အားထုတ်၍ ဟောကြားတော်မူသော သုံးဆယ့်နှစ်ကောဋ္ဌာသ ကာယဂတာ သတိပဋ္ဌာန်ပွားနည်းကို ဖော်ပြလိုပါသေးသည်။ ပါဠိဘာသာဖြင့် ကောဋ္ဌာသဟု ခေါ်သော ၃၂ ပါးသော ခန္ဓာအစိတ်အပိုင်း အစုအပုံတို့ကို ဆံပင်အစ ကျင်ငယ် ကျအောင် နှုတ်တိုက်ရအောင် ကောင်းစွာကျက်မှတ်ရန်ဖြစ်သည်။ ထိုကောဋ္ဌာသ ဟူသောကိုယ်ခန္ဓာအစိတ်အပိုင်းတို့ကို ၎င်းတို့၏ အဆင်းသဏ္ဌာန်တည်ရာအရပ် စသည်အားဖြင့် စိတ်၌ အတော်အသင့် ကွက်ကွက်ကွင်းကွင်း ထပ်မြင်လာသည့် တိုင်အောင် အသွားအပြန် နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ ထပ်ကာထပ်ကာ ရွတ်ဆိုပွားများ နှလုံးသွင်းရန် လိုအပ်ပါသည်။ ကိုယ်ကာယ၏ ကောဋ္ဌာသများကို နှုတ်ဖြင့် ဆံပင်မှ ကျင်ငယ်အထိ ရွတ်ဆိုပွားများစဉ်အခါ၌ပင် စိတ်အာရုံဖြင့်လည်း ဉာဏ်ပေါ်နေအောင် နှလုံးသွင်း၍ ရှုပွားခြင်းကို ပြုရ ပေသည်။ ထို့ကြောင့် စိတ်ဖြင့် နှလုံးသွင်းရန် ရရှိဖို့ အာနိသင်အတွက် နှုတ်ဖြင့် ရွတ်ဆိုပွားများခြင်းသည် လိုရင်းပဓာနအချက် ဖြစ်ပေသည်။

"နှုတ်ဖြင့် ရွတ်ဆိုပွားများ သရဇ္ဈာယ်ခြင်းသည် စိတ်ဖြင့် ရှုပွားရခြင်း၏ အကြောင်းရင်းဖြစ်၏။ စိတ်ဖြင့်ရှုပွားရခြင်းသည် ကောဋ္ဌာသများ၏ မတင့်တယ် သောအသုဘ လက္ခဏာ သဘောကို ထိုထွင်း၍ သိခြင်း၏အကြောင်းအရင်း ဖြစ်၏။" ဟူသော ဒေသနာစကားရပ်များနှင့်လည်း ညီညွတ်ပေသည်။

http://www.dhammadownload.com



## ၃၂ – ကောဋ္ဌာသတို့မှာ –

၁။ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော – တစပဉ္စက–ကမ္မဋ္ဌာန်း
၂။ မံသံ၊ နှာရု၊ အဋ္ဌိ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ – ဝက္ကပဉ္စက–ကမ္မဋ္ဌာန်း
၃။ ဟာဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊
ပပ္ဖါသံ – ပပ္ဖါသံပဉ္စက–ကမ္မဋ္ဌာန်း
၄။ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင် – မတ္ထလုင်ပဉ္စက–ကမ္မဋ္ဌာန်း
၅။ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊
မေဒေါ – မေဒဆက္က–ကမ္မဋ္ဌာန်း
၆။ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာ၊ ဏိကာ၊
လသိကာ၊ မုတ္တံ – မုတ္တဆက္က–ကမ္မဋ္ဌာန်း

၁။ ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း၊ သွား၊ အရေ။
၂။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့။
၃။ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊
၄။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
၅။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
၆။ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် တို့ဖြစ်လေသည်။

ထို ၃၂ ကောဋ္ဌာသတို့ကို အစဉ်အတိုင်း (အသွားနည်း = အနုလုံ) (အပြန်နည်း = ပဋိလုံ) (အသွားအပြန်နည်း = အနုလုံပဋိလုံ) တို့ဖြင့် ပွားစဉ် တစ်ကြိမ် ၁၆၅ ရက် ပြည့်ရောက်ပုံကို ကာယဂတာ သတိပဋ္ဌာန်တွင် ဖော်ပြ ထားပါသည်။

ထိုသို့ သရဇ္ဈာယ်ခြင်းအားဖြင့် စီဖြန်းရှုပွားသော် ကမ္မဋ္ဌာန်း၏ ကောဋ္ဌာသ နိမိတ်တို့သည် လိုသည်ထက်ပိုပြီး ထင်လွယ်မြင်လွယ်ခြင်း အဖြစ်သို့ ရောက်ရှိလာ၏။ ရှုံရှာဖွယ်ဖြစ်သည့် ပျက်စီးတတ်သော ခန္ဓာကိုယ်၏ သဘော ကိုလည်း ပိုမိုပွားများ ရှုမြင်ခြင်းအဖြစ်သို့ ရောက်ရှိလာ၏။ စိတ်ကိုလည်း ဟိုဟို ဒီဒီလွင့်ခြင်းမှ တားမြစ်ပြီးလျှင် ကောဋ္ဌာသတို့ကို ပိုမိုထင်မြင်လာစေတော့၏။

သမာဓိကို လျှင်မြန်စွာ ရရှိနိုင်ခြင်းအလို့ငှာ မြတ်စွာဘုရားသည် ကာယ နုပဿနာ သတိပဋ္ဌာန်ကို မူလအခြေခံ ကမ္မဋ္ဌာန်းအဖြစ်ဖြင့် အဓိကထား၍ သွန်သင်ဟောကြားတော်မူလေသည်။ ကာယနုပဿနာ သတိပဋ္ဌာန်ကို ရှုပွား ခြင်းသည် ဝေဒနာနုပဿနာ၊ စိတ္တနုပဿနာ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရား တို့ကို ဆက်လက်ရှုပွား အားထုတ်ရန်ဖြစ်သော မူလအခြေခံ ကမ္မဋ္ဌာန်းကြီးဖြစ်၍ လို့ ဆိုခဲ့သည့် အခြားသုံးပါးသော သတိပဋ္ဌာန်တရားတို့ကို သီးခြားပွားများ အားထုတ်ရန် မလိုအပ်တော့ပေ။

လေးပါးသော သတိပဋ္ဌာန်တရားတော်တွင် ဆံပင်မှကျင်ငယ်အထိ ကိုယ်ကာယ၏ အဓိကအစိတ်အပိုင်းဖြစ်သော ကောဋ္ဌာသ အပေါင်းအစုတို့ကို ဆင်ခြင်နှလုံးသွင်းရသော ကာယဂတာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းသည် ထူးကဲ မွန်မြတ်သော ကမ္မဋ္ဌာန်းဖြစ်သည်ဟု အမှတ်ပြုရန် အရေးကြီးပေသည်။ သုတ္တန် တရားတော်များအရ မြတ်စွာဘုရားသည် ထိုကမ္မဋ္ဌာန်းကို မဂ္ဂင်ရှစ်ပါး အကျင့်၌ လိုအပ်ဆုံးသော ကျင့်စဉ်လုပ်ငန်းတစ်ခု အနေဖြင့် (ဧကောဓမ္မော)တစ်ခုတည်း သော တရားဟူ၍ မြွက်ဟဟောကြားတော်မူလေသည်။ ထိုကမ္မဋ္ဌာန်းကိုလည်း ဘုရားရှင်၏ သာဝကဖြစ်ကြသော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များအားလုံးတို့ ပွားများအားထုတ်ရမည့် ကမ္မဋ္ဌာန်းဟူ၍ ပြဋ္ဌာန်းတော်မူလေသည်။

http://www.dhammadownload.com



## သေခါနီးနှလုံးသွင်းသင့်ပုံ

ဆရာတော်ဘုရားကြီးက လူတို့သည် သေခါနီးအချိန်သို့ရောက်သော အခါ ရောဂါဝေဒနာခံစားမှု ဆုတ်ယုတ်လျော့ပါးသွားပြီး စိတ်နှလုံးတွင် ရောဂါ ဝေဒနာခံစားရမှုထက် သေရမည့်ဘေးကို တွေးတောကြောက်ရွံ့သည့်စိတ်များ ပေါ်ပေါက်လာတတ်ပါသည်။

ထိုသို့ ပေါ်ပေါက်လာသောအခါတွင် မြတ်စွာဘုရားသခင် အနတ္တ လက္ခဏာသုတ်၌ ဟောကြားတော်မူသည့် နေတံမမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာတိ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ငါမဟုတ်၊ ငါ၏ဥစ္စာမဟုတ်၊ ငါ၏ကိုယ်မဟုတ် ဟူ၍ ဟုတ်တိုင်းမှန်စွာ သိရှိပြီး ခပ်သိမ်းသော သင်္ခါရ သဘော တရားတို့သည် ဖြစ်ပြီးလျှင် မုချကေန် အမှန်ပဲ ပျက်စီးခြင်း သဘောရှိကြသည် ဟူ၍ စိတ်နှလုံးသွင်းသင့်သည်ဟု မိန့်တော်မူပါသည်။

သဉပါဒိသေသနိဗ္ဗာန်မှာ အကုန်ရှိနိုင်တယ်ဆိုတာ သိသာထင်ရှား အောင် ဣတိဝုတ် ပါဠိတော်နိဿယ နိဗ္ဗာနဓါတုသုတ်တွင် ဤကဲ့သို့ ဟောတော် မူပါတယ်။

တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ ယေသံ အဝိဃာ တတ္တာ

မနာပါ မနာပံ ပစ္စနုဘောတိ၊ သုခဒုက္ခံ ပဋိသံဝေဒေတိ၊

တဿ ယော ရာဂက္ခယော၊ ဒေါသက္ခယော မောဟက္ခယော

အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိ သေသနိဗ္ဗာန ဓါတု။

**တဿ**၊ ထိုရဟန္တာပုဂ္ဂိုလ်၏၊ **တိဋ္ဌန္တေဝ**၊ အသက်ထင်ရှားတည်စဉ်ပင် လျှင်။ **ပဉ္စိန္ဒြိယာနိ**၊ ငါးပါးကုန်သော ဣန္ဒြေတို့သည်။ **အဝိဃာ တတ္တာ**၊ မချုပ်သေးသည်၏ အဖြစ်ကြောင့်၊ **မနာပါ မနာပံ**၊ နှစ်သက်ဖွယ်ရှိသော အာရုံ၊ မနှစ်သက်ဖွယ်ရှိသော အာရုံတို့ကို။ **ပစ္စနုဘောတိ**၊ သုံးဆောင်ခံစား၏။ **သုခဒုက္ခံ**၊ ချမ်းသာဆင်းရဲကို၊ **ပဋိသံဝေဒေတိ**၊ ခံစား၏။ **တဿ**၊ ထိုရဟန္တာ ပုဂ္ဂိုလ်အား၊ **ယော ရာဂက္ခယော**၊ အကြင် ရာဂ၏ကုန်ခြင်းသည်၊ **ယော ဒေါသက္ခယော**၊ အကြင်ဒေါသ၏ ကုန်ခြင်းသည်၊ **ယော မောဟက္ခယော**၊ အကြင် မောဟ၏ကုန်ခြင်းသည်၊ **ဟောတိ** ဖြစ်၏။ **ဘိက္ခဝေ**၊ ရဟန်းတို့ **အယံ** ဤ ရာဂ၊ ဒေါသ၊ မောဟ၏ ကုန်ခြင်းကိုပင်လျှင် **သဉပါဒိ သေသနိဗ္ဗာန ဓါတု**၊ သဉပါဒိ သေသနိဗ္ဗာနဓါတ်ဟူ၍၊ **ဝုစ္စတိ** ဆိုအပ်၏။

**အနုပါဒိသေသာ သမ္ပရာယိကာ**။

ဟိုဘက်ရောက်သွားပြီး၊ ဘာရှိတုံးမေးအုံးမှာပဲ။ သည်နိဗ္ဗာန်မှာလည်း ရှိတယ်။ ရှိတဲ့အကြောင်း ဘုရားရှင်အစဉ်အတိုင်းဟောတော်မူတယ်။ ခန္ဓာငါးပါး၊ အာယတန တစ်ဆယ့်နှစ်ပါး၊ ဓါတ်တစ်ဆယ့်ရှစ်ပါး သစ္စာလေးပါး သည်လို အစဉ်အတိုင်း ဟောတော်မူတယ်။ ခန္ဓာငါးပါးကတော့ မရှိတော့ဘူး။ အာယတန တစ်ဆယ့်နှစ်ပါး ရှိသည့်အနက် ခန္ဓာထိုက်တဲ့ အာယတန တစ်ဆယ့်တစ်ပါး မရှိတော့ဘူး။ ခန္ဓာထဲပါသွားပြီး။ ခန္ဓာမထိုက်တဲ့ ဓမ္မာယတန ဆိုတာရှိတယ်။ ဓါတ်တစ်ဆယ့်ရှစ်ပါး ရှိသည့်အနက်က ခန္ဓာထိုက်တဲ့ ဓါတ်တစ်ဆယ့်ခုနှစ်ပါး မရှိတော့ဘူး။ ခန္ဓာထဲပါသွားပြီး။ ခန္ဓာမထိုက်တဲ့ ဓမ္မဓါတ်ဆိုတာရှိတယ်။ သစ္စာ လေးပါးရှိသည့်အနက်က ခန္ဓာထိုက်တဲ့ သစ္စာသုံးပါးမရှိဘူး။ ခန္ဓာထဲပါသွားပြီး။ ခန္ဓာမထိုက်တဲ့သစ္စာတစ်ပါးကျန်နေတယ်။ အဲဒါ ဘယ်သစ္စာလဲ၊ (နိရောဓသစ္စာ ပါဘုရား)။ အေး အဲဒီ အနုပါဒိသေသ နိဗ္ဗာန်မှာ ခုပြောတဲ့ ဓမ္မာယတန ဓမ္မဓါတ်၊ နိရောဓသစ္စာ ရှိတယ်လို့ ပြောရဟောရမှာပဲ။

နိဗ္ဗာန်နှစ်မျိုးလုံးဟာ ဘုရားရှင်က ရှိတယ်လို့ ဟောထားတာ ရှိရမှာပဲ။ အားလုံး သဘောပေါက်လက်ခံကြပြီလား။ နိဗ္ဗာန်ရောက်သွားပြီ၊ နိဗ္ဗာန်ရောက် လျှင် ဟိုဘက်ကို ဟောစရာ မရှိတော့ဘူး။

http://www.dhammadownload.com



## ကျေးဈေးရှင် စွန်းလွန်းဂူကျောင်းကျောင်းဆရာတော်ဘုရားကြီး ဦးကဝိ၏ ကိုယ်တွေ့ တရားကျင့်စဉ်အချို့နှင့် ဆုံးမဩဝါဒများ

**(၁၂၃၉ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် တနင်္လာနေ့ နံနက် ၆ နာရီတွင် ဖွားမြင်တော်မူ၍ ၁၃၁၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် စနေနေ့ ညနေ ၄ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် ပရိနိဗ္ဗာန် ပြုတော်မူသည်။)**

### လယ်ယာလုပ်ရင်းတရားတက်ပုံဆောင်ပုဒ်

ပြောင်းစင်းမြေဆွ နွေညမက္ခာ ထိ–သိ–သတိ ------- အသိလိုက်ခါ ရေခပ်ပေါင်းထိုး မှုမျိုးစုံစွာ လုပ်ကိုင်ဘိ– ထိ–သိ–သတိပါ။

တတိယမြောက် မင်ပေါက်လေလျှင်၊ ရန်သူနီးကပ်၊ ရှိလတ်ဆင်ခြင်၊ အိမ်သူချောလှ၊ သိရထင်ထင်၊ ရှင်ရဟန်း ဖြစ်လမ်း ခွင့်တောင်းစဉ်။

အိမ်သူ့သဘော၊ လိုက်လျော၍သာ၊ နောက်ဆုံးပဲကြဲ ယာထဲဆင်းရာ ခိုင်းနွားဘေးမဲ့၊ ပြေးခဲ့မြန်စွာ၊ ထွန်ထောင်လျက် တောထွက်သွားတော့ရှာ။

တရားအားတက်၊ တောထွက်ခဲ့သည်၊ ဒေါ်တင်လျှဒါန်း သင်္ကန်းကေသိ ဘုန်းကြီးဦးကျောက် ချီးမြှောက်ဝတ်ထည်၊ ရှင်ကဝိဖြစ်ဘိ မောင်ရင်မည်။

မောင်ရင်ပေါ်ချောက်---- ခိုရောက်ကျင့်သည် ရထားပျံကြီး မြည်ဟီး ဆိုက်ပြီ၊ သိကြားနတ်များ စောင့်စားဖူးကြည်၊ နောက်ဆုံးမင် လှမ်းတက် မဟာထေရ်။ ။

### ဘယ်ကူသိုလ်ကြောင့်တရားပေါက်ရောက်

ရှင်ကဝိ(စွန်းလွန်းဆရာတော်ဘုရားကြီး)သည် မိမိဘယ်ဘဝက လာသည်ကို အကျိုးပေါ်ကနေပြီး အကြောင်းကို ဆင်ခြင်ကြည့်ရာ တိရစ္ဆာန် အမျိုးမျိုးဖြစ်ခဲ့သည်ကများပြီး လူ့ဘဝရတာက အလွန်နည်းကြောင်း တွေ့ရှိ တယ်။ ကျင်လည်ခဲ့သမျှ ဘဝတွေကို ကြည့်မဆုံးနိုင်တာနဲ့ ဘယ်ဘဝက အကြောင်းကြောင့် ယခုဘဝအကျိုးထူးရသည်ကို အမြန်သိချင်တာနဲ့ အဓိဋ္ဌာန် ယူပြီး ကြည့်တော့မှ ယခုဘဒ္ဒကမ္ဘာ ကဿပဘုရားရှင်လက်ထက်တုန်းက ကျေးသား ကြက်တူရွေးဘဝနဲ့ ဘုရားရှင်အား သစ်သီးကပ်လှူ ဆုတောင်းခဲ့ ဘူးသောအကြောင်းကြောင့် ယခုလို တရားထူး တရားမြတ်ရတာကို တွေ့ရတယ်။ (ဆရာတော်ဘုရားကိုယ်တိုင် မိန့်ကြားခဲ့)

ထိ–သိ–သတိနဲ့ မပြတ်ရှုရှိုက် အားထုတ်ပါများလာတော့ ခန္ဓာကိုယ် ပေါ်မှာ ဝေဒနာတွေ ပေါ်လာတယ်။ အဲဒီပေါ်လာတဲ့ ဝေဒနာပေါ်မှာ သတိကပ်ပြီး လိုက်ပါများလာတော့ မိမိခန္ဓာကိုယ်ကို မှန်ထဲမှာမြင်ရသလို ဥဒယဗ္ဗယဉာဏ် အမြင်သန်လာပြီး အူ၊ အသဲ၊ နှလုံး စသည့်တို့ကို ရင်ခွဲပြသကဲ့သို့ သေချာစွာ မြင်ရတော့တယ်။

ခန္ဓာကိုယ်ဖြစ်ခြင်း ပျက်ခြင်းဟာ အစိုသော်လည်းကောင်း၊ အခြောက် သော်လည်းကောင်း အမျိုးမျိုးဖြစ်တတ်ကြတယ်။ နောက်ဆက်လက်၍ သဒ္ဓါ ဝီရိယ ဇွဲသန်သန်နဲ့ နေ့ညမပြတ် တရားအားထုတ်သွားပြန်ပါက စိတ်–စေတသိတ်–ရုပ်တို့၏ ဖြစ်ပျက်ခြင်းကို ပိုင်းပိုင်းခြားခြား မြင်ရလိမ့်မယ်။ ဥဒယဗ္ဗယ ဉာဏ်ကျရာမှာ အကြမ်းစား၊ အလတ်စား၊ အနုစား သုံးမျိုးရှိတယ်။ ကိုယ်တိုင် ကြိုးစား အားထုတ်ပါမှလည်း သိနိုင်လိမ့်မယ် ဟု ဆရာတော်ဘုရားကြီးက မိန့်တော်မူခဲ့သည်။

အဲဒီလို မြင်ပြီးနောက် ၁၂၈၂ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့ ည ၁၀ နာရီ အချိန်လောက်တွင် ပထမအကြိမ် တရားထူးကို ရတော်မူသည်။

http://www.dhammadownload.com



အဲဒီလို အားထုတ်ယင်း ဝေဒနာပေါ်မှာ သတိလိုက်ပါများလာတော့ တစ်စထက်တစ်စ သည်းခံနိုင်လာတယ်။ သူတကာက နင့်အမေ နင့်နမနဲ့ ဆဲ လိုက်ရင် မကြိုက်တဲ့စိတ်ဖြစ်လာတယ်။ အဲဒီတော့ သတိက ဒေါသပါကလား လို့ အောက်မေ့ပြီး ပြန်သိမ်းလိုက်တယ်။ ဒီတော့ ငါတော်တော် တော်လာပြီ၊ ရှေးကဆိုရင် ပါးဆွဲချလိုက်မှာ၊ ခုတော့ ငါသည်းခံလာနိုင်ပြီး ဆိုကာ ဝမ်းမြောက် လာတယ်။

ရူပါရုံကလေး မြင်လိုက်ပြန်တော့ သာယာမှု ဖြစ်လာတယ်၊ သာယာတာ က လောဘ၊ မျက်စိက မြင်ရုံတင် မြင်တာ၊ ရူပါရုံက သညာ၊ နင်နဲ့ ဘာဆိုင် သတုန်း၊ နောက်တော့ ကြားတာနဲ့ သညာနဲ့ဖြတ်၊ ထိတာနဲ့ သညာနဲ့ဖြတ်၊ နံတာနဲ့ သညာနဲ့ဖြတ်၊ ဤကဲ့သို့ ဖြတ်ဖြတ်သွားတော့ အတော် သဘောပေါက် လာတယ်။

၁၂၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့ည ၁၀ နာရီ အချိန်လောက်တွင် ဒုတိယအကြိမ် တရားထူးကို ရတော်မူပြန်လေသည်။

ဒုတိယအကြိမ် တရားထူးရရာတွင် တစ်ကြိမ်ရပြီးဖြစ်၍ သွားလမ်း လာလမ်း သိပြီးဖြစ်သဖြင့် အတွင်းဝေဒနာ တက်ခြင်းမျှလောက်သာ ထူးခြား သည်ဟု မိန့်တော်မူလေသည်။

၁၂၈၂ ခုနှစ်၊ တော်သလင်း လပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့ ည ၁၀ နာရီအချိန်လောက်တွင် တစ်ကိုယ်လုံး ရှိသမျှ အကြောအခြင်တွေ ပြတ်သွား မတတ် အလွန်ပြင်းပြလှတဲ့ ဝေဒနာကို သည်းခံပြီးနောက် တတိယအကြိမ် တရားထူးကို ရတော်မူပြန်လေသည်။

ဒါနဲ့ ရန်သူကို ရှာတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန ဆိုတဲ့ တရား တွေပဲဆိုတာ သိမြင်ရတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ မာနဆိုပေမယ့် စိစစ်လိုက် တော့ ဒုက္ခအပေးဆုံးတရားဟာ လောဘပဲ ဆိုတာ သိရတယ်။ ဒီတော့ လောဘ ဟာ အဓိကရန်သူ အစစ်ဆိုပြီး လောဘကို သတ်တာပေါ့။ ဘယ်လို သတ်သတုန်း လို့ မေးတယ်ဆိုပါတော့။ ထိတော့ သိတယ်၊ သိတဲ့အပေါ် သတိ ထားပြီး လိုက်ပါများလေတော့ လောဘဟာ သေးသေးပြီး အားနည်းနည်း သွားတာပေါ့။

၁၂၈၁ ခုနှစ်၊ သီတင်းကျွတ်လက ဘုရားမှာ ဆီမီးထွန်းပြီး ဆုတောင်း ခဲ့တာဟာ ၁၂၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့မှာ သာသနာ့ ဘောင် ရောက်တော့ ဆုတောင်းတာနဲ့ ရဟန်းဖြစ်တာ တစ်နှစ်သာ ကြာသည်။

ရှင်ကဝိသည် သာမဏေဖြစ်သည်နှင့်တပြိုင်နက် စွန်းလွန်းရွာ တောင်ဘက် မောင်ရင်ပေါ်ချောက်သို့ တစ်ကိုယ်တည်းသွားပြီး တရားအားထုတ် နေလေသည်။ ဦးကျော်ဒင် သင်္ကန်းဝတ်သွားပြီး ၅ ရက်အကြာတွင် ဦးရေလုပ် သည် ရှင်ဝိဇယအမည်နှင့် သင်္ကန်းဝတ်ပြီး ရှင်ကဝိနှင့်အတူ သွားရောက်နေထိုင် လေသည်။ တစ်နေ့သောအခါ ကျောင်းဘေးနားတွင် မှိုကြီးတစ်ပွင့် ပေါက်နေ သည်ကို ကိုရင်ကြီး ရှင်ကဝိတွေ့မြင်ရ၍ ဆွဲနုတ်လိုက်ရာ မှိုစုံကလေးများပါ တစ်အုံလုံး ပါလာသည်နှင့် သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်တော့မည့် အတိတ် နိမိတ်ဟု အောက်မေ့ကာ အရိုးကြေကြေ အရေခမ်းခမ်း မပြတ်မလပ် မလျော့တမ်း တရားအားထုတ်ခဲ့ရာ–

၁၂၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့ ည ၁၀ နာရီ အချိန်လောက်တွင် ငွေစောင်းတန်းကြီးတစ်ခုကို မြင်လာပြီး ဝီဝီ ဝီဝီ ဟု မြည်လျက် ရထားပျံတစ်စင်း အလွန်အရှိန်ပြင်းစွာနှင့် မိမိထံသို့ တည့်တည့်ကြီး လာနေသည်ကို တွေ့ရသော်လည်း ဂရုမစိုက်ဘဲ တရားကိုသာ အားထုတ်မြဲ အားထုတ်နေစဉ် ခန္ဓာကိုယ်ကြီးသည် ပေါ့လာ၍ အထက်သို့ မြောက်ပြီးလျှင် ငြိမ့်ကနဲဖြစ်၍ ရထားက မိမိအောက်သို့ ရောက်ရှိနေရာ ဘေးကိုလှည့်ကြည့် သောအခါ ထောင့်လေးထောင့်တွင် နတ်ကြီးလေးပါးကိုးလည်းကောင်း၊ လက်ယာဘက်တွင် သိကြားမင်းကိုလည်းကောင်း မြင်ရပြန်သဖြင့် စိတ်ထဲမှာ တရားထူး ရတော့မည့်အတွက် လာရောက် စောင့်ရှောက်သည်ဟု ထင်ပြီး ဣရိယာပုတ်ကို မပြင်ဘဲ တရားအားထုတ်မြဲ အားထုတ်ရာ စတုတ္ထအကြိမ် တရားထူးကို တွေ့ရသည်။

http://www.dhammadownload.com



ရှင်ကဝိသည် ကိစ္စပြီးသည်နှင့် သတိရ၍ ကြည့်လိုက်တော့ သိကြား မင်းနှင့်တကွ နတ်မင်းကြီးလေးပါး ရထားပျံပါကွယ်ပျောက်သွားကြတယ်။ အဲဒီလို စတုတ္ထမဂ်ကို ရပြီးတဲ့နောက် အထက်ဘဝဂ်၊ အောက်အဝီစိကျအောင် ဟင်းလင်းပြင်ကြီးဖြစ်ကာ အကုန်အစင် မြင်ရတယ်။ သိကြားမင်းနှင့် နတ်မင်း ကြီး လေးပါးလည်း နတ်ပြည် ပြန်သွားကြပြီး–

**လူ့ပြည်မှာ ရဟန္တာတစ်ပါး ပေါ်ထွန်းနေပြီ သွားပူးကြလို့ တခဲနက် ကြွေးကြော်နေတာကို တွေ့မြင်ရတယ်။**

အဲဒီနောက် အနီးဆုံးသော သတ္တဝါအမျိုးမျိုးကို မြင်ရပြီး ဘုမ္မဇိုးဝ်၊ ရုက္ခဇိုးဝ် နတ်တွေနဲ့တကွ အထက် နတ်ဗြဟ္မာတွေ ဖူးမြှော်ကန်တော့ လာကြ တာဟာ ကြည့်လိုကို မဆုံးနိုင်အောင် မြင်ရတယ်။ အဲဒီလိုမြင်ရတော့မှ သတ္တ လောက၊ သင်္ခါရလောက၊ ဩကာသ လောက၊ အတွင်းလောကသုံးပါး၊ အပြင် လောကသုံးပါးကို ပိုင်ပိုင်နိုင်နိုင်ကြီး သိမြင်ရတော့တယ်။ ဘယ်လိုမြင်ရသလဲ ဆိုရင် သတ္တဝါတွေက သတ္တလောက၊ ၎င်းသတ္တဝါတွေကို ပြုပြင်ပေးနေတာက သင်္ခါရလောက၊ ၎င်းသတ္တဝါတွေရဲ့ တည်ရာမှီရာ ဘုံဗိမာန်တွေက ဩကာသလော က ရယ်လို့ အပြင်လောကသုံးပါးကို မြင်ရတယ်။ အတွင်းလောက သုံးပါးက စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ တရားသုံးပါးကို ပိုင်းပိုင်းခြားခြားကြီး မြင်ရတာက သတ္တလောက၊ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ တရားသုံးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ပြုလုပ်တာက သင်္ခါရလောက၊ တည်မှီရာက ဩကာသ လောက ရယ်လို့ အတွင်းလောကသုံးပါးကို မြင်ရတယ်၊ အဲဒီနောက် ဘုရားဂုဏ်တော် တရားဂုဏ်တော်များကိုလည်း ကွက်ကွက်ကွင်းကွင်း သိမြင်ရတော့တယ်။

ဒါနဲ့ သောတာပတ္တိမဂ်က အရဟတ္တမဂ်ကျအောင် ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား စိတ်၊ ဤကား စေတသိက်၊ ဤကား ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကား မဂ္ဂသစ္စာ၊ ဤကား နိရောဓသစ္စာ၊ ဤသစ္စာလေးပါး သိမြင်ရတာကိုပင် သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ် ခေါ်တယ်။

ဒုတိယအကြိမ် ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား စိတ်၊ ဤကား စေတသိက်၊ ဤကား ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကား မဂ္ဂသစ္စာ၊ ဤကား နိရောဓသစ္စာ၊ ဤသစ္စာလေးပါး သိမြင်ရတာကိုပင် သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ် ခေါ်တယ်။

တတိယအကြိမ် ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား စိတ်၊ ဤကား စေတသိက်၊ ဤကား ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကား မဂ္ဂသစ္စာ၊ ဤကား နိရောဓသစ္စာ၊ ဤသစ္စာလေးပါး သိမြင်ရတာကိုပင် အနာဂါမိမဂ်၊ အနာဂါမိဖိုလ် ခေါ်တယ်။

စတုတ္ထအကြိမ် ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား စိတ်၊ ဤကား စေတသိက်၊ ဤကား ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကား မဂ္ဂသစ္စာ၊ ဤကား နိရောဓသစ္စာ၊ ဤသစ္စာလေးပါး သိမြင်ရတာကိုပင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ခေါ်တယ်လို့ လာလမ်းကိုပြန်ပြီး ပစ္စဝေက္ခဏာ ဆင်ခြင်၍ ချမ်းသာ နေတယ်။

မြင်တာကို သညာဖုံးတယ်၊ သညာကို သက်ာရှင်းမှ သက်ာကင်းမယ်။ မြင်တာကို သညာမရှင်းတော့ သက်ာမကင်းတယ်။ မြတ်စွာဘုရားက အနိစ္စလို့ ဟောတယ်။ သညာက နိစ္စလို့ လိမ်ထားတယ်။ မြတ်စွာဘုရားက ဒုက္ခလို့ ဟောတယ်။ သညာက သုခလို့ လိမ်ထားတယ်။ မြတ်စွာဘုရားက အနတ္တလို့ ဟောတယ်။ သညာက အတ္တလို့ လိမ်ထားတယ်။ မြတ်စွာဘုရားက အသုဘလို့ ဟောတယ်။ သညာက သုဘလို့ လိမ်ထားတယ်။ သညာရဲ့အလိမ်ကို ခံရလို့ ဒုက္ခရောက်တယ်။ အဲဒီသညာရဲ့ အလိမ်ကို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး က–သတိပဋ္ဌာန်လေးပါးနဲ့ ဘယ်လိုရှင်းလျှင် သက်ာကင်းတယ်လို့ ဟောတယ်။ ဘယ်လိုရှင်းပေးပါသလဲ ဆိုလျှင်–

**ကာယာနုပဿနာ သတိပဋ္ဌာန်က သုဘသညာကို ရှင်းပေးတယ်။**

**ဝေဒနာနုပဿနာ သတိပဋ္ဌာန်က သုခသညာကို ရှင်းပေးတယ်။ စိတ္တာနုပဿနာ သတိပဋ္ဌာန်က နိစ္စသညာကို ရှင်းပေးတယ်။**

http://www.dhammadownload.com



**ဓမ္မာနုပဿနာ သတိပဋ္ဌာန်က အတ္တသညာကို ရှင်းပေးတယ်။**

မိမိ၏ ခန္ဓာကိုယ်ကာယတံခါးကို ထိတော့ သိတယ်။ သိတဲ့အပေါ်မှာ သတိထားနေမှုဖြင့် သတိပဋ္ဌာန်တရား လေးပါး ပြည့်စုံနေတယ်။ ဘယ်လိုများ ပြည့်စုံနေပါသလဲဆိုရင် ထိမှုသက်သက်ကို သတိပြုနေတာက ကာယာနုပဿ နာ သတိပဋ္ဌာန်လို့ ခေါ်တယ်။

ထိတော့ ဖဿ၊ ဝေဒနာခံစားမှုသဘောကို သတိပြုနေတာက ဝေဒနာ နုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်။

သိမှု သက်သက်ကို သတိပြုနေတာက စိတ္တာနုပဿနာ သတိပဋ္ဌာန် လို့ ခေါ်တယ်။

နီဝရဏ တရားတွေ ငြိမ်းပြီး သူ့သဘောကို သူဆောင်တာကို သတိပြု နေတာက ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်။

အဲဒီလို သတိပဋ္ဌာန် လေးပါးနဲ့ သက်ာရှင်းလိုက်တော့ သက်ာကင်းသွား တာပေါ့။ အနိစ္စကို အနိစ္စမှန်း သိတယ်။ ဒုက္ခကို ဒုက္ခမှန်းသိတယ်။ အနတ္တကို အနတ္တမှန်း သိတယ်။ အသုဘကို အသုဘမှန်း သိတယ်။ အဲသည်လို သက်ာရှင်း သွားတော့၊ ကြွားချင်တယ်၊ ဝါချင်တယ်၊ မော်ချင်တယ်၊ မောက်ချင်တယ် ဆိုတာ ဟာလေ အဝါဇိတ်လို့ ခေါ်တယ်။ အဝါဇိတ်ဆိုတော့ အဝိဇ္ဇာပေါ့။

အဲဒါကြောင့် ''ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်း၊ ပြည်နိဗ္ဗာန်'' စေ့စေ့တွေးတော့ ရေးရေးပေါ် ဆိုသလိုပေါ့ လေဟု တရားဟော ချီးမြှင့်တော် မူလေသည်။

**စွန်းလွန်းဆရာတော်ဘုရားကြီး၏ ဆုံးမဆောင်ပုဒ်**

**ထိ – သိ – သတိ**

(၁) ထိ – သိ နှစ်ပါး သတိထား ရပြား နိဗ္ဗူတာ။

(၂) ထိ – သိ ပေါ်၌ သတိစိုက် မျှော်လိုက် နိဗ္ဗူတာ။

(၃) ထိ – သိ ပေါ်တွင် သတိတင် အစဉ်ချမ်းသာမှာ။

(၄) ထိ – သိ နှစ်ခု သတိပြု ကျင့်မှု ဤအတိုင်းသာ။

**ကျေးရွာရှင် စွန်းလွန်းဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒ အကျဉ်းချုပ်**

၁။ ခေါင်းတွဲမှောက်လျှင် နောက်တွဲတွေ လိမ့်တတ်တယ်။ ဦးစီးခေါင်းဆောင် လွဲရင် နောက်လိုက် ငယ်သားတွေ ဒုက္ခများမည်။ (တာဝန်ခံများ ဆုံးမချက်)

၂။ ကိုယ့်ကိုကိုယ်ကြည်ညိုအောင်နေ။ ကိုယ့်ကိုကိုယ် ကြည်ညိုလျှင် သူတစ်ပါး ကြည်ညိုလိမ့်မည်။ (တရားပြည့်စုံ အောင်အားထုတ်လျှင် ကိုယ့်ကိုကိုယ်လည်း ကြည်ညို၏။)

၃။ ကိုယ့်ငန်းကိုရိတ်၊ သူတစ်ပါးငန်းရိတ်လျှင် မြွေကိုက်တတ်တယ်။ (ကိုယ့်အလုပ်ကိုသာ အားထုတ်ရန်၊ သူတစ်ပါး လုပ်ငန်းတွင် ဝင်မရှုပ် မိစေရန် ဒုက္ခတွေ့တတ်တယ်။)

၄။ မျက်စိမြင်သူနှင့် မျက်စိမမြင်သူ နှစ်ဦး လမ်းမှာတွေ့လျှင် မျက်စိမြင်သူက ရှောင်ပေးရမည်။ တိုးမိလျှင်မြင်သူသာအပြစ်ရှိ၏။ (တရားသိမြင်သူ ကိုဆိုလို၏ တရားမသိမမြင် မလိမ္မာသော လူ့အန္ဓဗာလကို မေတ္တာ ဂရုဏာဖြင့် ရှောင်ရမည်။)

၅။ သူတစ်ပါးအချစ်မခံချင်နဲ့၊ အချစ်ခံချင်လို့ ချစ်တော့ ပွဲတတ်တယ်။ (တဏှာ လောဘပါတဲ့ အချစ်နဲ့ အချစ်မခံချင်နဲ့၊ သူတစ်ပါးလည်းမချစ်နဲ့ လက်သည်းနဲ့ခြစ်ရင်တောင်မှ ပွဲတတ်သေးတယ်။ ချစ်မိရင် ချစ်ဒုက္ခ ရောက်၍ သံသရာဝဲသြဃထဲ မျောနေတတ်တယ်။ နစ်နေတတ်တယ်။)

၆။ ဘုန်းမကြီးချင်နဲ့ ၊ ဘုန်းကြီးချင်လို့ ဘုန်းကြီးတော့ ဘုန်းမွှန်တတ်တယ်။ ဂုဏ်မကြီးချင်နဲ့ ဂုဏ်ကြီးချင်လို့

http://www.dhammadownload.com



ဂုဏ်ကြီးတော့ ဂုဏ်မွေးစူးတတ်တယ်။ (ဘုန်းကြီး အောင်ကြံဆောင်ပြုလုပ်တော့ ဒုက္ခတွေ့တတ်တယ်။ မရှိတဲ့ဂုဏ် လုပ်တော့ ဒုက္ခတွေ့တတ်တယ်)

၇။ ဂုဏ်မလိုတော့ ဂုဏ်ပိုတယ်။ ဂုဏ်လိုတော့ ဂုဏ်ပြုတယ်။ (ကိုယ့်မရှိတာ ထက် ဂုဏ်ကြီးကိုလိုချင်လို့ လုပ်တော့ ပျက်စီးတယ်။ မလိုချင်ပေမယ့် သူ့အလိုလိုရလာတော့ ဂုဏ်ရှိတယ် ၊ ပိုတယ်။ )

၈။ မပြည့်သောအိုး ဘောင်ဘင်ခတ်တယ်။ နေရာကျလျှင် မလှုပ်တော့ဘူး။ (မတတ်တတက် အလွန်ပြောချင်ကျယ်ချင်ကြ၏။ ပလ္လာား မော်ကြွား တတ်၏ တကယ်တတ်လာတော့ မပြောဘူး။ မမေးရင် မဖြေဘူး။ မေးရင် ဖြေတယ်။ ရေအိုးနေရာတကျမထားလျှင် လှုပ်နေတယ်။ နေရာတကျ ထားလျှင် မလှုပ်ဘူး။မှတ်ရမည်။ )

၉။ ကိုယ်မကြိုက်တဲ့ အမှုမျိုးနဲ့ သူတစ်ပါးကို မပြုနဲ့ ။ (ကိုယ်ချင်းစာ တရားထားရန် သူတစ်ပါးမတရားမပြုရန် အရာရာ ကိုယ်နှင့်နှိုင်း၍ သတိပြုဆင်ခြင်ရာ၏။ )

၁၀။ သူတစ်းပါးကို လက်ညှိုးတစ်ချောင်းထိုးလျှင် ကိုယ့်ကို သုံးချောင်းထိုး နေ၏။ (သူတစ်တပါးအပြစ်ကိုသာ မြင်တတ်၏ ကိုယ့်အပြစ်ကိုယ် မမြင်တတ်ချေ။ ကိုယ့်မျက်ချေး ကိုယ်မမြင်သလို ဆိုလို၏။ ထို့ကြောင့် ကိုယ့်အပြစ်သာ ရှုကြည့်ရမည်။ စစ်ဆေးရမည်။ သူများအပြစ်တစ်ခု ကိုသာ မြင်၏။ စွပ်စွဲတတ်၏။ ကိုယ့်အပြစ်ကား သုံးဆရှိနေတတ်၏။)

၁၁။ စိတ်တို ၊ စိတ်ပေါက် ၊ စိတ်ပျက်မဖြစ်စေနဲ့ ။ စိတ်တိုလျှင်တင်းမပြည့် တော့ဘူး။ စိတ်ပေါက်နေလျှင် ယိုကျနေလျှင် တင်းမပြည့်ဘူး။ စိတ်ပျက် နေလျှင် ဘယ်ကောင်းပါ့မလဲ။ (ထို့ကြောင့် စိတ်မဆိုးကြနှင့် ၊ စိတ်မတိုကြ နှင့် ၊ ဒေါသမဖြစ်ကြနှင့်။ ဆန်ခြင်တဲ့ စိပ်တောင်းကလေး တိုနေရင်၊ ပျက်နေရင်၊ ပေါက်နေရင် မကောင်းသလို၊ တင်းမပြည့်သလို စိတ်တို၊ စိတ်ပေါက်၊ စိတ်ပျက်နေရင် ဘယ်မှာတရားပြည့်သူ စိတ်ရှည်သူ၊ စိတ်ကောင်းသူ ဖြစ်ပါ့မလဲ။ တရားမရနိုင်၊ မသိမမြင်နိုင်၊ တရားနဲ့ ပြည့်စုံသူမဟုတ်ချေ။)

၁၂။ သူတစ်ပါးမကောင်း မထောင်းတာ၊ ကိုယ်မကောင်း ခက်လိမ့်မှာ။ သူ့ခများထက် ကိုယ့်ခများ အရေးကြီးတယ်။ (သူတစ်ပါးမကောင်းတာ မြင်ရ၊ ကြားရ၊ သိရ၍ မထောင်းတာလှပေ၊ မဆိုင်ချေ။ ကိုယ်မကောင်း မှ ခက်လိမ့်မယ်။ ကိုယ်ကောင်းဖို့အရေးကြီးတယ်။ သူ့ခများထက် ကိုယ့်ခများ မဂ်ဖိုလ် နိဗ္ဗာန်ရဘို့ အလွန်အရေးကြီးတယ်မှတ်။)

၁၃။ တစ်နေ့ကျတော့ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားပါလိမ့်မယ်။ (နောက်ဆုံးတစ်နေ့ သေလျှင် ကိုယ်ပြုလုပ်ခဲ့တဲ့ အကုသိုလ်တရားက အကျိုးပေးလိမ့်မယ်၊ ကံပစ်ချရာ သွားရ၏။ ထို့ကြောင့် သုဂတိ ဒုဂ္ဂတိကို ပိုင်းခြားသိမြင်အောင် တရားအားထုတ်ကြ မမေ့ကြနဲ့ ၊ ကိုယ့်လမ်း ကိုယ်လျှောက် ပန်းတိုင်နိဗ္ဗာန်ရောက်ပါစေ။ )

၁၄။ ချိတ်ချိတ်ချင်းတွေ့လျှင် ချိတ်တတ်တယ်။ ဆောင့်ဆွဲလျှင် ကြက်ပေါင်ပဲ့ တတ်တယ်။ (မြွေ ၊မြွေချင်းမို့ ခြေမြင်တယ်။ ပါးကိုက်လို့ နားကိုက်တယ်၊ ရန်ဖြစ်တတ်တယ်။ ဆောင့်ဆွဲသလို ပိုမိုဆိုးရွားလာလျှင် တရားစွဲ၍ ထောင်တန်းကျ ဒုက္ခရောက်တတ်သေး၏။ လောကီလည်းမကောင်း နောင်သံသရာလည်းမကောင်းချေ။ ရန်ကို ရန်နှင့် မတုန့်နှင်းနဲ့ ။)

၁၅။ ငြိမ်ငြိမ်နေ လျှင် ချမ်းသာတယ်။ ခြေဆော့လျှင် ခြေဆင်းရဲတယ်၊ လက်ဆော့ လျှင် လက်ဆင်းရဲတယ်။ (တရားအားထုတ်ပြီး ငြိမ်ငြိမ်လေးနေရန်၊ ဣန္ဒြိယသံဝရ စောင့်ရှောက်ရန် ဖြစ်၏။ ခြေရှည် ခရီးသွားလျှင် ဆင်းရဲ၏ လက်ကလည်း အမှုသစ်လုပ်နေရင် ဆင်းရဲ၏။ ကိုယ်ရတဲ့ တရားအရသာ ခံစားနေရတယ်။ ကိုယ်စိတ် ငြိမ်းချမ်း နိဗ္ဗာန်နန်းဝင်စားရ၏။)

၁၆။ သူတစ်ပါးဘာသာကို မဖျက်နဲ့ ။ လောကမှာ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ မဟာဖေဒင်ဘာသာ

http://www.dhammadownload.com



လေးမျိုးရှိတယ်ဟု ပြောဆိုကြ ၏။ သို့သော် လူတစ်ယောက်လျှင် တစ်ဘာသာဖြစ်တယ်။ (ကုသိုလ် အကုသိုလ် ကံတရားအတိုင်း သူ့အကြောင်းနဲ့ သူ့အကျိုးဖြစ်လာတယ်။ သူ့အယူဝါဒနဲ့သူဖြစ်တာတွေ မဖျက်နဲ့ ။ တကယ်အမှန်တရားသိချင်လျှင် တရားအားထုတ်သိမည်။ )

၁၇။ ကြက်ဖကြီးလို ခေါင်းမထောင်နဲ့ ၊ အမောက်မထောင်နဲ့ ၊ကြက်မလိုနေ၊ ခေါင်းစိုက်နေ။ (မာနတံခွန် မထူနဲ့မထောင်လွှားနဲ့ ၊ ပညာရှိတရား သိမြင်သူမှန်လျှင် သည်းခံပြီး မာနချိုးနှိမ်ထားရတယ်။ စပါးပင်အနှံများ စထွက်လာစက ထောင်နေတယ်၊ အဆံပြည့်လာတော့ ငိုက်ကျလာတယ်။ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ ချိုကျိုးနွားပမာကဲ့သို့ ကျင့်ရမည်။ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာသည် အလွန်မာနချထားကြောင်း ပိဋကတ်သုံးပုံ၌ အထင်အရှားရှိ၏။ )

၁၈။ မီးသွားတဲ့လမ်းသို့ မဖြစ်စေနဲ့ ။ ရေသွားလမ်းဖြစ်ပါစေ။ (မီးလောင်သွား တဲ့လမ်း မီးခိုးတွေ ၊ မီးတောက်တွေ၊ ပြာတွေ၊ လောင်စာတွေနဲ့ အလွန် အရုပ်ဆိုးလှ၏။ ရေသွားလမ်းကတော့ အလွန်အေးချမ်းသာယာ လှပေသည်။ လောဘ ၊ ဒေါသ ၊ မောဟအားကြီးပြီး ခိုက်ရန်ဖြစ်၊ စိတ်ဆိုး ကွဲပြဲ သွားအောင် သူတစ်ပါးကျောင်းရှိ သံဃာတွေထဲမှာ မပြုလုပ်ရ၊ စိတ်သဘောချင်း ညီညွတ်အေးချမ်းသာယာဝပြော စည်ပင်အောင် ဆောင်ရွက်သွားရ၏။ ကျောင်းလာပြီး ခလောက်ဆန် ယောက်ယက်ခတ် ဒုက္ခပေးတတ်သော အာဂန္တုတို့ကို ဆိုးမတော်မူခဲ့၏။ )

၁၉။ မရှိတာထက် မသိတာခက်တယ်၊ မသိတာအခက်ဆုံး၊ မရှိဆင်းရဲလို့ခက် တာပဲ– မှန်၏၊ ဒုက္ခဖြစ်တယ်။ ထို့ထက် မသိတာက ပိုဆိုးသေးတယ်။ (အထူးသဖြင့် အဝိဇ္ဇာ မောဟဖုံးလွှမ်းနေ၍ တရားမသိမမြင်နိုင်အောင် လောဘ ဒေါသ မောဟ ကြီးမားပြင်းထန်နေတဲ့ ပုထုဇဉ် အကန်းတွေ မသိတာ မမြင်တာက ပိုဆိုးဝါး ခက်လှ၏။ )

၂၀။ ကုသိုလ် ၊ အကုသိုလ်ပဲ သတ္တဝါခေါ်စရာရှိတယ်။ ကုသိုလ် ၊ အကုသိုလ်က လွဲရင် သတ္တဝါခေါ်စရာမရှိ။ (မှန်၏။ လူရယ်လို့ဖြစ်လာတာ ကုသိုလ်၊ အကုသိုလ်ကြောင့် တွဲဖြစ်လာကြတယ်။ အရဟတ္တဖိုလ်ရမှပဲ ကုသိုလ်၊ အကုသိုလ်တွေ ပယ်စွန့်၍တရားနှလုံးသွင်း ပရိနိဗ္ဗာန်ပြုတယ်။ )

၂၁။ သပိတ်မကျော်နဲ့ ၊ သပိတ်ကျော်ရင် ငရဲကြီးတတ်တယ်။ ထိုင်အိပ်မထားနဲ့၊ ထိုင်အိပ်ထားတော့ ကော်ဖီအမှု ရောက်တတ်တယ်။ (သပိတ်မကျော်နဲ့ ဆိုတာ ခြေနဲ့ကျော်တာ မဆိုလိုချေ။ ဝက်သားဟင်းလောင်းတော့ ပြုံးပြုံး ပြုံးပြုံးနဲ့၊ ချဉ်ပေါင်ဟင်းလောင်းတော့ မဲ့ရွဲ့နေတာကိုပြောတာ။ ဘာပဲ လောင်းလောင်း လှူလှူတဲ့ သတိထား မေတ္တာပွားရ၏။ အလှူခံပုဂ္ဂိုလ်ဟာ သည်းခံရ၏။ သည်းမခံနိုင်ရင် ဒုက္ခတွေ့တတ်သည်။ ငရဲကြီးတတ်သည်။ ထိုင်အိပ်ထားတော့ ကော်ဖီသောက်ရာကစပြီး အမှုရောက်တတ်တယ်။ လူထွက်တတ်တယ်။ ဆွမ်းခံတဲ့ သံဃာတော်များအား ဆိုးမတော်မူ၏)

၂၂။ ကိုယ်တော်တို့ စိတ်ကူးမလွဲကြနဲ့။ ဒါယကာ ဒါယိကာမများ လှူတဲ့ ဆွမ်းစား၊ လှူတဲ့သင်္ကန်းဝတ်၊ ဆောက်ပေးတဲ့ကျောင်းမှာနေ၊ ကိုယ့်တရား ကိုယ်အားထုတ်ယူတာထက် ပါးနပ်တာ ရှိကြသေးသလား၊ စိတ်ကူးမလွဲကြနဲ့။ (တရားအားထုတ်နေသော ရဟန်းများကို ဆိုးမ အားပေးလေ့ရှိတော်မူ၏။ )

၂၃။ အဆင်တူ ချည်တူမှ၊ အဆင်တော့တူပါရဲ့ ချည်မတူလျှင် မကောင်းဘူး။ (အထည်များမှာ အကွက်၊ အချိတ် အဆင်တူသော်လည်း ချည်ကကြီး တယ်၊ ညံ့တယ် မတူဘူး၊ ချည်သေးပြီးချော၍ ခိုင်တယ်၊ ချည်ထည်နဲ့ ပိုးထည်ကျတော့ သာမတူဘူး။ စွန်းလွန်းနည်းဆိုပြီး ပြောတတ်၊ ဟောတတ်၊ တရားပြကြသော်လည်း တရားစစ် တရားမှန်တွေ့မှ သိမှ စိတ်ချရ၏။)

၂၄။ သူတစ်ပါး အိတ်ကပ်ထဲက ပိုက်ဆံရအောင်ကြံ၊ ရတော့ ငါ့ပါးလို့ လည်လို့ ရတာပဲဟု အပါးအလည် မလုပ်နဲ့။ အပါးလည်တော့ အပါယ်လား တတ်တယ်။ သားကလေးနဲ့ပျော်၊ သမီးကလေးနဲ့ပျော်၊ ပျော်လိုက် တာ၊ ပါးလိုက်တာ၊

http://www.dhammadownload.com



မော်လိုက်တာ၊ ကြွားလိုက်တာ၊ ငါလိုက်တာတွေ၊ အဝါစိတ်လိုတာက အဝိဇ္ဇာပဲ၊ မဟာန်ဘူး။ အားကိုးရှာဦးမှပဲဆိုပြီး ဘုရား၊ တရား၊ သံဃာ အားကိုးရတော့ အလွန်အေး အလွန်မြ အလွန်ချမ်းသာ နေတာပေါ့ ဟု စွန်းလွန်းဆရာတော်ဘုရားကြီးက ကိုယ်တွေ့တရား ဟောကြားတော်မူခဲ့၏။

၂၅။ သားအားကိုးလိုက်၊ သမီးအားကိုးလိုက်၊ မယားအားကိုးလိုက် မဖြစ် ကြစေနဲ့။ ဘုရား၊ တရား၊ သံဃာ အားကိုးကြ ဟု ရဟန်းကိစ္စ ပြီးစီး၍ ဥဒါန်းတရား ဟောတော်မူ၏။

၂၆။ သိမ်အတွင်း ဥပုသ်ပြုပြီးသောအခါ စွန်းလွန်းဆရာတော်ဘုရားကြီး ဆုံးမသြဝါဒ ပေးတော်မူပုံမှာ ကိုယ်တော်တို့ စာချုပ်မဖျက်ကြနဲ့။ ရတနာသုံးပါးဦးထိပ်ထား၍ မောင်ဘယ်သူ၊ မယ်ဘယ်သူ၊ ဘယ်ဝါသည် မာတာမိခင်ဖွားသန့်စင်သည် စသည်ဖြင့် ဇာတာဖွဲ့ခဲ့ကြသလိုပဲ ရတနာ သုံးပါး မမေ့ကြနဲ့ ဦးထိပ်ထား ကိုးကွယ်ကြ။ လူတွေ စာချုပ်ဖျက်ကြ သလို ရဟန်းတွေကလည်း ''သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ'' ဆိုတဲ့အတိုင်း သာမဏေဝတ်ကတည်းက စာချုပ်လာတာ ဝတ်ပြုလာတာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက် ကျွတ်လွတ်ပါရခြင်းအကျိုးငှာ မြတ်စွာဘုရား သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဖြစ် ခံယူကတိပြုသစ္စာဆို စာချုပ်ခဲ့တာ ကို မဖျက်ကြနဲ့။ စာချုပ်ဖျက်ရင် ငရဲကြီးတတ်တယ်။

၂၇။ ထို့နောက် ရဟန်းတရားငါးပါးရှိတယ်။ အလိုရှိခြင်း၊ ကျက်စားခြင်း၊ ဆောက်တည်ခြင်း၊ နှလုံးသွင်းခြင်း၊ ပြီးဆုံးခြင်းတဲ့။

(က) (မဂ်ဖိုလ်နိဗ္ဗာန်) ချမ်းသာကို အလိုရှိခြင်း။

(ခ) ပညာကိုကျက်စားခြင်း။ (ဝိပဿနာပညာမှစ၍ မဂ်ဖိုလ်ပညာအထိ)

(ဂ) သီလ၊ သမာဓိ၊ ပညာတို့ကို ဆောက်တည်ခြင်း။

(ဃ) ကြောင့်ကြမှု၊ တောင့်တမှု ကင်းတာကို နှလုံးသွင်းခြင်း။

(င) (အနုပါဒိသေသ) နိဗ္ဗာန်ဟာ ပြီးဆုံးခြင်းပဲ။ အဲဒါ ရဟန်းများသိအပ်တဲ့ တရားငါးပါးဖြစ်တယ်။ (မှတ်ကြပါ)

၂၈။ မသိလို့ လိုချင်၊ လိုချင်လို့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ၊ ရရှိတော့ ခံကြပေတော့။

၂၉။ မခံသာ မှန်ပါဘိသည်တရား၊ ခံသာလျှင် သံသရာကြောမှာ မျောလိမ့် အများ။ (မသိတာက အဝိဇ္ဇာ ဆိုတဲ့ မောဟ၊ လိုချင်တာက တဏှာဆိုတဲ့ လောဘ၊ စွဲလမ်းတာက ဥပါဒါန် ဒီတရားသုံးပါးနဲ့ ပြည့်စုံတော့ လူ၊ နတ်၊ ဗြဟ္မာ၊ သူဌေးကြီး၊ သူကြွယ်ကြီး လောကအထက်တန်းစား ဖြစ်ချင် တာပေါ့။ ဒီလိုဖြစ်ချင်တော့ ကြောင့်ကြ တောင့်တပြီး ပြုလုပ်တယ်ဆိုပါ တော့။ ဘာရရှိသလဲ ဇာတိကို ရရှိတယ်။ ဇာတိကို ရရှိမှုဖြင့် မအိုချင်၊ မနာချင်၊ မသေချင်၊ မနေရဘူး။ ဇာတိဆိုတဲ့ ဝဋ်ကောင်ကြီးရရှိမှုဖြင့် ကြိုးစားပြီး ခံကြဖို့ပဲ။ ခံကြ ပေတော့။

(တပည့်တော်တို့တော့ ဝဋ်ဆင်းရဲကို ထိုထိုဘဝက ခံခဲ့ကြလေပြီ ဖြစ်သောကြောင့် မခံချင်ဘူး ဆိုပါတော့။ မခံချင်ရင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနဲ့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဦးထိပ်ထားပြီး သမထ ဝိပဿနာ တရားပွားများအားထုတ်ကြ။)

၃၀။ ဝိနည်း ဥပဒေများငုံ၍ ဆရာတော်ကြီး ဖြေဆိုအမိန့်ရှိသည်မှာ (ဘုရား မကြိုက်တာ မလုပ်နဲ့) စကား တစ်လုံးတည်းနဲ့ ဝိနည်း အကုန်ငုံမိစေ၏။

၃၁။ နွားကောင်း မကောင်း ချောင်းအတတ်မှာ သိလိမ့်မယ်။ (တရားအားထုတ် သော ယောဂီများအားဆုံးမပုံတည်း။ ငါတို့က ယာလုပ်ခဲ့ဘူးတဲ့သူဆိုတော့ နွားအကြောင်း ကောင်းကောင်းသိတယ်။ ပြောရဦးမယ်။ နွားကောင်း ကောင်းနဲ့ လှည်းမောင်းတဲ့သူဟာ ချောင်းကို တက်နိုင်တယ်။ မောင်းသူ လည်း မပင်ပန်းလှဘူး။ ဒါပေမဲ့ နွားမကောင်းတော့ မောင်းသူက ဆင်းပြီး တွန်းတင်ပေးတာတောင် မရုန်းချင်ဘူး။ ပေပြီးချေကန်နေတယ်။ ပြန်လှည့် ကြည့်နေတယ်။

http://www.dhammadownload.com



အဲဒီ ဥပမာအတိုင်းပဲ တရားအားမထုတ်ချင်သူတွေဟာ အပြောရ အလွန်ခက်တယ်။ ဒါကြောင့် တရားအားထုတ်တဲ့ ယောဂီတွေ လည်း တကယ့် သဒ္ဓါတရားနဲ့ အားထုတ် မထုတ် ဝေဒနာ အခံခက်တဲ့အခါ သိသာလာတယ်။ စိတ်မတည်ငြိမ်ဘူး။ တချို့ထွက်ပြေးကြတယ်။ တရား ကို လုံးဝအားမထုတ်ချင်တဲ့သူကတော့ အပြစ်တွေပြော ကဲ့ရဲ့ စွပ်စွဲ နေကြတယ်။ ဒီတော့ ကမ္မဿကာ ဥပေက္ခာ ထားရတော့မှာပဲဟု ဆုံးမလေ့ရှိ၏။)

၃၂။ မောင်းကြီးဆွဲထားတယ်။ ထုကြည့် သိလိမ့်မယ်။ (ထိုပုဂ္ဂိုလ် တရား ရှိ၊ မရှိ၊ သိ၊ မသိကို စမ်းသပ်ကြည့်ရင် သိနိုင်ကြောင်း ဥပမာပြ ဆုံးမတော် မူခဲ့၏။ ကွဲနေရင် ကွဲသံ-အက်သံ ပေါ်လာလိမ့်မယ်။ ကောင်းနေရင် ကောင်းတဲ့အသံ ထွက်လာလိမ့်မယ်။ ထို့ကြောင့် တရားသဘော၌ ခရီးရောက်၊ မရောက် တီးခေါက် ကြည့်ရာ၏။ )

၃၃။ နေ့တိုင်း နှလုံးသွင်းရန် ဆရာတော်ဘုရားကြီးသည် တပည့်ရဟန်း ယောဂီများအား ဆုံးမပုံမှာ-

(က) ကိုယ်မကြိုက်တာ သူများသွားမလုပ်နဲ့။

( ခ ) သေရလိမ့်ဦးမယ်၊ နာရလိမ့်ဦးမယ်၊ အိုရလိမ့်ဦးမယ်ဆိုတာ အမြဲနှလုံးသွင်းကြ။

( ဂ ) ပစ္စဝေက္ခဏာဆင်ခြင်နေကြရမယ်။ ဒီနေ့ငါဘာတွေလုပ်ရသလဲ ကုသိုလ်တွေလား၊ အကုသိုလ် တွေလား၊ စဉ်းစားစိစစ်၊ ကိုယ့် အပြစ်ကို ဆင်ခြင်ကြ၊ အပြစ်ရှိရင် ဆေးကြောသုတ်သင်ပစ်ကြ။

(ဃ) ဝင်လေ/ထွက်လေသတိပြု၊ သတိနှင့်ဖြစ်ပေါ်လာသမျှ ကုန်ဆုံးရာ ဖြစ်ပျက်ရှုကြည့်ပြီး ဝိပဿနာ တရားဖြစ်နေပါစေ။ (ထိမှု၊ သိမှု၊ သတိ ကြပ်ကြပ်ပြု)

( င ) သေခါနီး မရဏာသန္နဇောကျရာတွင် ဝေဒနာကြီးစွာခံသေရတယ်။ ဒီတော့ ဘာနဲ့ သေမလဲ၊ ဘယ်လိုသေမလဲ၊ သေဝံ့အောင် ကြပ်ကြပ် တရားဖိအားထုတ်၊ သေမင်းနဲ့ ရင်ဆိုင်ဝံ့အောင် တရား အားထုတ် ကြ။ သေခါနီး ဝင်လေ ထွက်လေမှာ သတိမြဲနေအောင် ဖြစ်ပျက် အစဉ် သိနေအောင် အာသေဝနပစ္စည်းဆက်ရန်ကျင့်ကြ။

၃၄။ တစ်ယောက်တည်းစကားပြောမနေနဲ့၊ ဝိတက်တွေအားထုတ်ပစ် (ယောဂီ များဂူထဲဝင် တရားအားထုတ်၊ လူနားကပ်ရင် ကာမဝိတက်တွေ ဝင်လာ တတ်၏။ ကြံစည်စိတ်ကူးကောင်းနေတတ်ကြ၏။ ကာမဝိတက်၊ ဗျာပါဒ ဝိတက်၊ ဝိဟိံသဝိတက်တွေ မဝင်ရအောင် အားထုတ်ရမည်။ အားထုတ် ပြီးလည်း ခန္ဓာကိုယ်ပေါ်မှာ ဝေဒနာကပ်လာရင် အသိနဲ့ ဝေဒနာလိုက် နေရတယ်။ တစ်ယောက်တည်း စကားပြောမနေနဲ့။

၃၅။ ကြိုးအလိမ် ပြေသလိုပေါ့ ၊ ရှေ့လျှောက်ဖြေလို့မရတော့ နောက်ကြောင်း ပြန်လည်တတ်တယ်။ ပြန်ပြီးကြိုးက လိမ်နေတတ်တယ်။ ( ယောဂီများ တရားအားထုတ်၍ သတိ၊ သမာဓိ၊ ပညာထက်သန်ကောင်းမွန်၍ ဝိပဿ နာဉာဏ်တွေ မြင်လာပြီးနောက် ရှေ့လျှောက်ဖြေစရာမရှိတော့ ဖြေပြီးတဲ့ ကြိုးက နောက်က ပြန်လိမ်လာသလိုပဲ နောက်နောက်က ပြုလုပ်ခဲ့တဲ့ အကုသိုလ်တရားတွေ ပေါ်လာတတ်တယ်။ တစ်ချို့ ဒီအကုသိုလ်တွေ သတိရပြီး တရားဆက်၍ အားမထုတ်ဝံ့ကြဘူး။ ထွက်ပြေးတတ်ကြ သေးတယ်။ ဤနေရာမှာ နောက်ကြောင်းပြန်နေရန်မဟုတ်၊ ဖြစ်ခဲ့ပြီးတာ တွေ ပြီးပါစေ။ ယခု ပစ္စုပ္ပန် တည့်တည့်နေရန်။ ရှေ့လျှောက် တရားတစ် ဆင့်ထက် တစ်ဆင့်မြင့်ရန် အထွက်အထိပ်အဆုံးသို့ ရောက်ဖို့ရာ ကြိုးစား ရမည်။

၃၆။ ကြွေးရှင်းမှ ဘေးကင်းမည်။ သံသရာကြွေးတွေ ၊ ဝဋ်ကြွေးတွေ ရှင်းပစ် ရတယ်။ (တရားအားထုတ်ရင်း ဓားနဲ့ထိုးခဲ့လို့ ၊ လှံစွပ်နဲ့ ထိုးခဲ့လို့ မိမိကိုယ်မှာ မချိမဆန့် ဝေဒနာ ခံရတတ်တယ်။ နွားသတ်ခဲ့လို့ နွားလိုအော် နေရတယ်။ သူတစ်ပါး ညှဉ်းဆဲခဲ့လို့ ရောဂါဝေဒနာဆိုတွေ ဖြစ်ပေါ်လာ တယ်။ ဝေဒနာလိုက်ရင်းလည်း ခံစားချက်မသက်သာလှချေ။ သည်းခံပြီး ဝေဒနာကို လိုက်ရတယ်။ ဒီဝဋ်ကြွေးတွေ၊ သံသရာကြွေးတွေရှင်းမှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပွင့်လင်းရရှိမယ်။ ကြိုးစားသည်းခံကြ။)

http://www.dhammadownload.com



၃၇။ ပါရမီမရှိရင်လည်း ရှိအောင်လုပ်ကြ ၊ ပါရမီရှိရင်လည်း မင်္ဂဖိုလ်ရအောင် လုပ်ကြ။ ရရင်လည်း ကောင်းမှန်းသိတော့ မလွှတ်တော့ဘူး။ ယောဂီ အချို့က ပါရမီ မရှိဘူး ထင်ပါရဲ့ စသည်ဖြင့် ပြောဆိုတတ်ကြ၏။ ပါရမီဆိုတာ ဘူးသီး ၊ ခရမ်းသီး တွေလို အလိုလို လေတိုက်တာနဲ့ ကြီးလာ တာ မဟုတ်ဘူး။ ပါရမီ မရှိရင်လည်း ရှိအောင် အခုကစပြီး တရားအား ထုတ်ရတယ်။ မရှိလို့ မလုပ်ရင် မွဲပြီး သံသရာထဲ ဝဲလည်နစ်နေရုံပဲ။ လုံ့လ၊ ဝီရိယနဲ့ အခုကစပြီး တရားအားထုတ်ရတယ်။ ရှေးကမရှိရင် လည်း အခုဘဝကစပြီး ရှိအောင်လုပ်ရမယ်။ ပါရမီရှိရင်လည်း မင်္ဂဖိုလ်ရအောင် အားထုတ်ကြရမယ်။ အဲ မင်္ဂဖိုလ်ရသွားပြန်တော့လည်း ဒီတရားကို လက်လွှတ်လို့ မဖြစ်ဘူး။ ဆက်အားထုတ်နေရတယ်။ ကောင်းမှန်းသိတော့ မလွှတ်ဘူးဆိုသလို ဒီတရားနဲ့ ပျော်မွေ့နေရတယ်။ ဒီတရားနဲ့ သေရတယ်။ အသက် ထက်ဆုံး တရားနဲ့ နေရ ၊ သတိကပ်ကြ။

၃၈။ ငွေကွမ်းအစ်ကြီး ဥပမာပြ ဆုံးမတော်မူခဲ့၏။ ငွေကွမ်းအစ်ကြီးဟာ တစ်ရာ တန် တယ်ဆိုပါတော့၊ ကိုယ်မှာရှိတာက ငွေတစ်ကျပ်တည်းရယ်။ ၉၉ ကျပ် ရအောင် ကြိုးစားရှာရတယ်။ အဲဒီလိုပဲ ပါရမီက နည်းနေလို့ရှိရင် ပိုပြီး ကြိုးစားထုတ်ရတယ်။ ကြာလည်းကြာ ဆင်းလည်းဆင်းရဲ အား ထုတ်ရတတ်တယ်။ (ဒုက္ခပဋိပဒါဒန္ဓာဘိညာပုဂ္ဂိုလ်မျိုးပေါ့။ ယခုခေတ် ယောဂီအချို့ နေယျပုဂ္ဂိုလ်မျိုးဖြစ်၏။ ) အကယ်၍ကိုယ့်မှာ ၉၉ ကျပ်သာရှိ နေရင် ငွေတစ်ကျပ်လောက်တော့ ခဏလေးရှာဖွေရတယ်။ အဲဒီလိုပဲ ပါရမီရှိသူဆိုရင် မကြာဘူး၊ တရားရတယ်။ ဆင်းရဲစွာ အားထုတ်၍ ခဏနဲ့ တရားရတယ်။ (ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ ပုဂ္ဂိုလ်မျိုးဖြစ်၏။) ငွေကွမ်းအစ် ဝယ်ရန် ငွေတစ်ရာရှိသော်လည်း အတော်ကြာရှာဖွေပြီးမှ ဝယ်ယူရသည်။ (သုခပဋိပါဒါ ဒန္ဓာဘိညာ ပုဂ္ဂိုလ်မျိုးဖြစ်၏။ ဤနှစ်ဦးကား ဝိပဉ္စိတညူ ပုဂ္ဂိုလ်မျိုးများဖြစ်ကြကုန်၏။ ) ငွေတစ်ရာလည်းရှိတယ်။ မရှာဖွေရဘဲ လက်ဆောင်ပေးသလို အိမ်ပေါ်လာရောင်းလို့ဝယ်လိုက်ရသကဲ့သို့ အဆင်သင့်ရတယ်။ (သုခပဋိပဒါ ခိပ္ပါဘိညာ ပုဂ္ဂိုလ်မျိုးဥဂ္ဃဋိတညူ ပုဂ္ဂိုလ်မျိုးဖြစ်ပေ၏။ )

၃၉။ အသီးတစ်ရာ အညှာတစ်ခု ၊ တစ်ချက်ခုတ် အကုန်ပြတ်။ (တရားအား ထုတ်ရာ၌ သတိပဋ္ဌာန်လေးပါးကစပြီး ရုပ်နာမ် ဖြစ်လျက် မြင်အောင် အားထုတ်၍ ဗောဓိပက္ခိယတရား (၃၇)ပါး ပြည့်စုံမှ မင်္ဂဖိုလ်ရသလို အသီးတစ်ရာ အညှာတစ်ခုတည်းရယ်။ တစ်ချက်ခုတ် အကုန်ပြတ်သွား သလိုပဲ မင်္ဂက ပယ်သတ်ရင် အားလုံးပျက်စီးသွားတော့၏။ အကြောင်း တရား မဂ္ဂင်ရှစ်ပါးကိုသာ ပွားများအားထုတ်နေရင် အကျိုးတရားက သူ့အချိန်ကျရင် ပယ်သတ်သွားတာပဲ။

၄၀။ ဧကောဓမ္မော ဘုရားဟော×××အာနာပါန သတိ ကမ္မဋ္ဌာန်းအားထုတ်၍ ထိမှု ၊ သိမှု ၊ သတိပြုနေရုံပဲ မှန်၏။ အင်္ဂုတ္တိုရ်ပါဠိတော် ကေနိပါတ်၌ ပေယျာလထိုး၍ မြှုပ်ထားသည့်ပါဠိတော် စာမျက်နှာ ( ၃၂ )၌ ရှိပေ၏။ အပြည့်အစုံ ဖော်ပြလိုက်ဦးအံ့။ ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဧကန္တ နိဗ္ဗိဒါယဝိရာဂါ ယနိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ကတမောစ ဧကော ဓမ္မော အာနာပါနသတိ။ အယံခေါ ဘိက္ခဝေဧကော ဓမ္မော ဘာဝိတော ဗဟုလီကတော ဧကန္တ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတီတိ။ ဆဋ္ဌမူ ပါဠိတော် ကျမ်းစာအုပ်၌ ဗုဒ္ဓါနုဿတိသာ– အစဖော်ပြီးလျှင် ပေယျာလထိုး၍ မြှုပ်ထားခဲ့သဖြင့် အမှတ်တမဲ့ ကျော်လွန်သွားကြတတ်၏။ မသိမမြင် ကြတော့ချေ။ အာနာပါနသတိ – ကမ္မဋ္ဌာန်းအားထုတ်နေသော်လည်း နိမိတ်တွေမြင်မည်။ သမထစျာန်တွေ ရနိုင်သည်။ အရိုးစု ကမ္မဋ္ဌာန်းလည်း တွေ့တတ်၏။ သုံးဆယ့်နှစ်ကောဋ္ဌာသလဲ တွေ့တတ်၏။ ဓာတ်သဘော တွေလည်း တွေ့တတ်၍ ကမ္မဋ္ဌာန်း ( ၄၀ ) မှ ကိုယ့်စရိုက်ပါရမီအတိုင်း တွေ့တတ်၏။ ကမ္မဋ္ဌာန်းအမျိုးမျိုး ရှာကြံအားထုတ်မနေရဘဲ အာနာပါန တစ်ခုတည်းနှင့်ပင် ရရှိနိုင်၏။ သို့သော် ပညတ် နိမိတ်သမထစျာန်တွေကို ပယ်ဖျက်ချထား၍ သော်လည်းကောင်း၊ စျာန်အခြေခံ၍လည်းကောင်း၊ ရုပ်နာမ်–ခန္ဓာကိုယ်ပေါ်မှာ ဝေဒနာလိုက်၍ ဝိပဿနာ

http://www.dhammadownload.com



ဉာဏ်ဖြစ်ပျက် တရား၌ သိမြင်အောင် ထိုးထွင်းပေါက်မြောက် မဂ်ဖိုလ်ရောက်အောင် အားထုတ်ကြကုန်ရာသတည်း။

၄၁။ ရှိ – သုံး – ရှိနဲ့ အားထုတ်ရမယ်။

(က) ပါရမီ ရှိ လို့သာ အားထုတ်နိုင်တယ်။

(ခ) လုံ့လဝီရိယ ရှိ လို့သာ အားထုတ်နိုင်တာ။

(ဂ) ဝေဒနာပေါ်လာရင်လည်း ဇွဲရှိရှိ ၊ သတ္တိရှိရှိနဲ့ ဝေဒနာလိုက် သည်းခံ နိုင်တာ။ ဒီလို ရှိသုံးရှိနဲ့ အားထုတ်မှ မဂ်ဖိုလ်ရမယ်။

၄၂။ ဘုရားဟောခဲ့တာ ဒုက္ခသစ္စာပဲရှိတယ်။ သုခသစ္စာ မရှိ။ သုခသစ္စာ ဟောခဲ့ ရင် သစ္စာငါးပါးဖြစ်နေမှာပေါ့။ အခုဒုက္ခသစ္စာသာ ဟောခဲ့တာ သုခသစ္စာ မရှိဘူးမှတ်။ သုခလို့ထင်နေကြပေမဲ့ အမှန်တကယ်က ဒုက္ခကြီးပဲ။ ဒုက္ခသစ္စာ သိမြင်ပြီး သမုဒယသစ္စာ လောဘ တဏှာပယ်ရမယ်။ မဂ္ဂသစ္စာ ပွားများအားထုတ်၍ နိရောဓသစ္စာ မျက်မှောက်ဆိုက်ရမယ်။ (သစ္စာ လေးပါးကလွဲလို့ လွတ်တဲ့တရား မရှိချေ။ )

၄၃။ မဂ်မရနိုင်တဲ့ အန္တရာယ်ငါးပါးတွေက –

(က) ခေတ်မရှိတော့ဘူး။

(ခ) ပါရမီ မရှိလို့ပါ။

(ဂ) ပရိယတ် စာပေ မတတ်လို့ပါ။

(ဃ) ဒွိဟိတ် ဖြစ်နေလို့ပါ။

(င) သံသရာ တကယ်မကြောက်လို့ပါ။

ဒီငါးပါး အကြောင်းပြနေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်မှာ မဂ်ဖိုလ်ရနိုင်ပါ့မလဲ။ အမှန်တကယ် သံသရာတကယ်မကြောက်လို့ဘဲ။ (မူလအခြေခံဖြစ်တဲ့ ပရိယတ် ထွန်းကားနေတယ်။ ပဋိပတ်အကျင့်အားထုတ်ရင် မုချ ပဋိဝေဓ ဆိုက်ရမယ်) (စာမတတ်လည်းဆရာသမားကောင်းပြသတဲ့အတိုင်း အားထုတ်ရင် ရတယ်။ သံသယဖြစ်နေလို့သာ ဒွိဟိတ်ထင်တာ အားထုတ် ရင် သိသာ၏။ )

၄၄။ သပိတ်မှောက်ကြ၊ သံသရာလွတ်လပ်ရေးရအောင် ဂူထဲဝင်ကြ။ သပိတ် မှောက်နေကြ၊ တရားအားထုတ်နေကြဆိုလို၏။ ကိလေသာတွေ ကာမ ဂုဏ်တရားတွေ သပိတ်မှောက်ကြ။ ယောကျ်ားတွေ ငါ့ကျောင်းလာရင် သပိတ်စကြာပေးမယ်။ မိန်းမတွေ ငါ့ကျောင်းလာရင် ဘန်းကုန်းစကြာ ပေးမယ်။ (ဘုန်းကြီး၊ သီလရှင် ဝတ်ခိုင်းမည်။)

၄၅။ စွန်းလွန်းဆရာတော် ဘုရားကြီး ရေချိုးရာ၌ ရေလောင်းပေးကြ။ ချေးတွန်းပေးကြ ၊ ဆပ်ပြာတိုက်ပေးကြ ဝေယျာဝစ္စ ဆောင်ရွက်ကြ၏။ ဆရာတော်ကြီးက ''ရေချိုးပေးသော်လည်း ကျေးဇူးမတင်ဘူးဟေ့ ၊ ငါ့သီလ–သမာဓိ–ပညာကိုပဲ ကျေးဇူးတင်တယ်။ ဖြူစင်အောင် တရား ဖိအားထုတ် ကြရမယ်။

၄၆။ ပဋိရူပ ဒေသဝါသောစ–သင်တင့်လျောက်ပတ်သော နေရာဆိုတာ လောဘ၊ ဒေါသ၊ မောဟတောမှ ထွက်ပြီး တရားအားထုတ်တဲ့ နေရာပဲကွယ့် မှတ်ထားကြ။ အတ္တသမ္မာ ပဏိဓိစ မိမိကိုယ်ကို ဆင်ခြင် သုံးသပ်ရမယ်။ မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ရမယ်ဆိုတာ တရား အားထုတ်ပြီး သီလ၊ သမာဓိ၊ ပညာ ပြည့်စုံစွာ ရှိရမယ် ဆိုလိုတာမှတ်။ ပုဗ္ဗေစ ကတပုညတာ ကုသိုလ်၊ အကုသိုလ်တွေ တပြိုင်နက်ပါလာခဲ့တာပဲ အကုသိုလ်ကြွေးတွေရှင်း၊ ကုသိုလ်တွေ ထပ်မံဖြစ်ပွားအောင် အားထုတ်မှ တရားရမယ်။

၄၇။ ကောင်းတာတွေ ခွာစမ်းပါ။ မရတော့ လျှော်ရတာ မဟုတ်ပါဘူး၊ ခွာသာ ခွာကြစမ်းပါ။ (ကောင်းတော့ ခွာဆိုတာက ဆရာတော်ဘုရားကြီး ကိုယ်တိုင် သိမြင်ပေါက်ရောက်သလို ငါလည်း သူလုပ်သလိုလုပ်လျှင် သူရသလို ကေန်အမှန်မလွဲရမှာပဲဟု မမိုတ်မသုန်ယုံကြည်စွာ ကြိုးစား အားထုတ်ကြပါဟု ဆိုလိုသည်။ မရတော့ဟူသော

http://www.dhammadownload.com



စကားသည် သူ့ကဲ့သို့ အဆုံးတိုင်အောင်ပင် မရောက် မရသော်လည်း လုပ်သလောက် ထိုက်သလောက်တော့ ရပါလိမ့်မည်။ စမ်းကြည့်ပါ။ သိရပါလိမ့်မည်ဟု ဆိုလိုရင်းဖြစ်သည်။)

၄၈။ သေမှာမကြောက်နဲ့၊ သေတော့ အေးတာပေါ့ မြန်မြန်သေ မြန်မြန်အေး တာပေါ့။ ဇာတ်ပွဲထဲကလို သေရင် စောစောအိပ်ရတာပေါ့။ ဒါပေမယ့် မင်းသမီးကဖြစ်စေ၊ မင်းသားကဖြစ်စေ အလွမ်းသယ်နေရင် သစ်ရွက် စိမ်း ချိုးပြီး နတ်အဖြစ် ထွက်လာနေရအုံးမယ်။ မထွက်လာရအောင် လုပ်ကြ။ (ရဟန်းကိစ္စ ပြီးအောင်လုပ်ကြ၊ အရဟတ္တမဂ်ဖိုလ်ရမှ ကိစ္စ ငြိမ်းမည်။ သံသရာအေးမည်။ နိဗ္ဗာန်ဝင်မည်။ နောင်တဖန် ဇာတိမရတော့ ဘဝတဖန် မပြန်ရတော့ဘူး။ သောတာပန် သကဒါဂါမ်လောက်နဲ့ နတ်စိမ်းအဖြစ် ပြန်ထွက်လာနေရအုံးမယ်။ သတိပေး ဆုံးမတော်မူခဲ့၏)

၄၉။ လောကီဖေဒင်အရ ညှိရင် မသေပါဘူး။ တရားအားထုတ်နေတဲ့သူဟာ ဘုန်းကြီးပြီး လာဘ်လာဘ ပေါ်များလာရင်၊ တန်ခိုးကြီးရင် ပျံတော်မူ တတ်တယ်မှတ်။

၅၀။ ဝေဒနာလိုက်ရာ၌ ယုန်ကို ခွေးလိုက်သကဲ့သို့လည်းကောင်း၊ ဖောင်စီးသူ ကဲ့သို့လည်းကောင်း ဥပမာပေး ဆုံးမတော်မူခဲ့၏။ အာနာပါနသတိ ကမ္မဋ္ဌာန်း စတင်အားထုတ်၍ ဝင်လေ ထွက်လေ တိုးထိသွားသော နှာသီးဖျား၌ စိတ်ကို စူးစိုက်တည်ကြည်နေအောင် စိတ်ထိန်းထားခိုင်း၏။ အဝင်အထွက်မှန်၍ အရှုအရှိုက် မှန်မှန်တင်းတင်းပြင်းပြင်း လုံ့လဝီရိယကောင်းကောင်းနဲ့ အားထုတ်ခိုင်း၏။ အချို့ကိုလည်း စရိုက်အတိုင်း မှန်မှန်ဖြည်းဖြည်း သက်သာစွာပင် ရှုရှိုက်အားထုတ်ခိုင်း၏။ နှစ်မျိုးနှစ်စားရှိ၏ဟု မှတ်သားကြရ၏။ သင်တန်း အားဖြင့် အချိန်တစ်နာရီနီးပါး အားထုတ်ရ၏။ ထို့နောက် အရှုရပ် ခန္ဓာကိုယ်စိုက် ဝေဒနာလိုက်ခိုင်း၏။ ခန္ဓာကိုယ်ပေါ်တွင် ဖြစ်ပေါ်လာသော သုခ၊ ဒုက္ခ၊ ဥပေက္ခာ စသည့် ဝေဒနာအမျိုးမျိုးကို သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ လောဘ၊ ဒေါသ၊ မောဟ မဖြစ်စေရအောင် ဝေဒနာ အနုပဿနာ ရှုရ၏။ ထုံကျင်ကိုက်ခဲ မခံမရပ်နိုင်အောင် ခံစားနေရတဲ့သဘောတရားကို သတိပညာ ဦးစီး၍ ရှုရာမပြတ်မခဲ ဒလစပ် ဖြစ်ပျက် ဝေဒနာ တရားတွေမြင်သိရှိရ၏။ ပူလိုက်၊ အေးလိုက်၊ နာလိုက်၊ ကျင်လိုက်၊ ကိုက်လိုက်၊ ခဲလိုက်၊ ယိမ်းယိုင်တုန်လှုပ်လိုက် ဖြစ်ပျက်မစဲ ဓာတ်သဘောတရား ဖောက်ပြန်ပျက်စီးနေပုံ သိမြင်ရ၏။ ဒီဒုက္ခ ဝေဒနာကို ဒေါသ ဒေါမနဿ မဖြစ်ရအောင် သတိပညာဖြင့် သည်းခံရှုရ၏။ သုခဝေဒနာကိုလည်း ပီတိ သောမနဿ လောဘတွေ မဖြစ်ရလေအောင် သတိပညာဖြင့် သည်းခံရှုရ၏။ ဥပေက္ခာဝေဒနာကိုလည်း လျစ်လျူရှု မောဟတွေ မဖြစ်ရလေအောင် သတိပညာဖြင့် သည်းခံရှုရ၏။ ဝေဒနာ ခံစားမှုဟာ တက်လိုက်၊ ကျလိုက်၊ ဖြစ်လိုက်၊ ပျက်လိုက် အမျိုးမျိုး သူဖြစ်ပေါ်သလို ဖြစ်ပေါ်တဲ့အတိုင်း အောင့်အီးသည်းခံကာ ဇွဲသတ္တိ ကောင်းကောင်းနဲ့ နှလုံးသွင်းဖြောင့်မှန်စွာ ရှုနေရ၏။ ဝေဒနာ၏ ဖြစ်ပျက် မစဲ ရှုနေရာမှ ဖြစ်ပြီး ပျက်ပျက်သွားတဲ့ သဘောတရားဟာ မမြဲပါကလား (အနိစ္စ)၊ ခံစားနေရတာ ဆင်းရဲပါကလား(ဒုက္ခ)၊ ကိုယ့်အလိုမလိုက် သူ့သဘောနဲ့သူ ဖြစ်နေတာပါကလား(အနတ္တ)၊ သာမညလက္ခဏာတွေ ကို အထင်ရှား အမြင်ပါတွေ့သိလာအောင် ထပ်ကြပ်မက္ခာ ယုန်လိုက်တဲ့ ခွေးလို အစဉ်မပြတ် ရှုကြည့်နေရမယ်။ ဖောင်စီး သမားလို ရေလှိုင်း ကြီးမားလာလည်း ဖောင်ကို မလွှတ်မြဲစွာ တွယ်ကပ်လျက် လှိုင်းတံပိုး ထသည့်အလျှောက် မြင့်လိုက် နိမ့်ကျလိုက်ဖြစ်နေသလို ဝေဒနာတိုးတက် လာလိုက်၊ ကျသွားလိုက်၊ မခံနိုင်အောင်ဖြစ်လာလိုက်၊ သက်သာသွား လိုက်နဲ့ ခံစားမှုသဘောတရား ဖြစ်ပျက်နေပုံကို သတိကပ်၍ ပညာဖြင့် ရှုနေရ၏။ ဤ ဝိပဿနာလမ်းမှန်ကို ဆက်၍ လမ်းဆုံးအောင် အားထုတ်ပြီး မဂ်ဖိုလ်ရစေနိုင်၏။

၅၁။ ဝေဒနာကို ရက်ရက်စက်စက်လိုက်ရဲမှ၊ လိုက်ဝံ့မှ၊ သည်းခံနိုင်မှ လိုရာပန်းတိုင်ရောက်မယ်။ (ဘုရားဟော ပါဠိနဲ့ ကိုက်ညီ၏။ ဓမ္မပဒ (၁၈၄)ခန္တီပရမံ တပေါတိတိက္ခာ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။ တိတိက္ခာဟု အမည်ရသော

http://www.dhammadownload.com



သည်းခံမှု ခန္တီသည် မြတ်သောအကျင့်တည်း။ နိဗ္ဗာန်ကို အလွန်မြတ်၏ဟု မြတ်စွာဘုရားရှင် ဟောတော်မူ၏။ အဲဒီလို အားထုတ်ရင်း ဝေဒနာပေါ်မှာ သတိပညာ ကပ်လိုက်ပါများလာတော့ တစ်စထက်တစ်စ သည်းခံနိုင်လာတယ်။ သူတကာက နင့်အမေ၊ နင့်နှမနဲ့ဆဲရင် မကြိုက်ဘူး၊ ဒေါ်ထတယ်။ ဒီတော့ သတိနဲ့ ပညာက ဒေါသပါကလား၊ အကုသိုလ်ပဲလို့ အောက်မေ့ပြီး စိတ်ကို ပြန်ထိန်းသိမ်း လိုက်တယ်။ ဒီတော့ ငါတော်လာပြီး ဒါပေမဲ့ ရှေးအခါကဆိုရင် ပါးဆွဲချလိုက်မှာ၊ လက်သီးနဲ့ရင်လည်း ထိုးမှာ၊ ခုတော့ ငါသည်းခံ နိုင်လာပြီးဆိုတာ ဝမ်းမြောက်လာတယ်။ ကျေနပ်လာတယ်။ ဒါနဲ့မပြီး သေးဘူး၊ ရှေ့ဆက်ပြီး ဒွါရခြောက် ပေါက်စလုံးမှာ သည်းခံရမယ်။ ရုပ်ရုံလေး မြင်လိုက်ပြန်တော့ သာယာနှစ်သက်မှု ဖြစ်လာတယ်။ သာယာနှစ်သက်တာက တဏှာလောဘ ၊ မျက်စိလည်းမြင်ရုံတင် မြင်တာ။ ရုပ်ရုံက သညာ၊ နင်နဲ့ဘာဆိုင်တုန်း၊ သတိပညာနဲ့ ပယ်ဖြတ်၊ နောက်တော့ ကြားတာနဲ့ သညာဖြတ် ၊ စားတာနဲ့ သညာဖြတ်၊  နံတာနဲ့သညာဖြတ် ၊ ထိသာနဲ့ သညာဖြတ် ဒီလိုဖြတ်သွားရင်းနဲ့ ၊ တရားသဘောပေါက်လာမယ်မှတ် )။

၅၂။ တရား ကိုယ်ရှာတော့ တဏှာလောဘ တစ်လုံးပဲ တွေ့တယ်။ သူ့သတိရမှာပဲ။ ဘယ်လို သတိရတုန်း လို့မေးတယ်ဆိုပါတော့။ ထိတော့ သိတယ်၊ သိတဲ့အပေါ်မှာ သတိထားနေ။ အဲဒီလိုထားနေပြီး ဝေဒနာ လိုက်ပါများတော့ လောဘဟာ သေးသေးပြီး အားနည်းနည်း သွားတာပေါ့။ ကာမ ရာဂတဏှာကို အရင်သတ်ရမယ်ဆိုတာ တရားဟောနဲ့ ကိုက်ညီတယ်။ နေတ္တိပါဠိတော် (၇၂၅ )နှင့် ထေရပါဠိတော် (၂၂၈ ) ၌အမှန်ဥဒါန်းကျူးခဲ့တယ်။ ဂါထာကတော့ သတ္တိယာဝိယသြမဌော၊ ဍယှမာယနောဝမတ္ထတော၊ ကာမရာ ဂပ္ပဟာနာယ သတော ဘိက္ခု ပရိဗ္ဗဇေ၊ အဲဒီဂါထာကို သံယုတ်ပါဠိတော် ( ပထမတွဲ ၁၂ )၌ပုထုဇဉ် ဖြဟ္မာကြီး လျှောက်ထားတဲ့ဂါထာဖြစ်၍ မြတ်စွာဘုရားက လက်မခံ ပယ်ချပြီး အရိယာ သောတာပန် ဖြစ်ရန်အတွက်သက္ကာယ ဒိဋ္ဌိကိုသာ အရင်ပယ်သတ်ရန် ဟောကြားဆုံးမတော်မူခဲ့ပေ၏။ ဤသို့ပိုင်းခြားဝေဖန် ရှင်းလင်းစွာ မှတ်သားရာ၏။ ၎င်းဂါထာ၏ အနက်အဓိပ္ပါယ်မှာ လှံဖြင့် အထိုးခံရသော သူကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌မီးအလောင်ခံရသော သူကဲ့သို့လည်းကောင်း ရဟန်းသည် ကာမဂုဏ်၌ တပ်မွန်းမှု တဏှာ ရာဂကို ပယ်သတ်ရန် သတိနှင့် ပြည့်စုံသည် ဖြစ်၍နေရာ၏။

၅၃။ ကိုးလိုးကန့်လန့် သမားတွေတော့ ခက်တယ်၊ ရေနစ်တဲ့သူက ‘‘ကယ်ပါကယ်ပါ ’’လို့ အော်ပြီး အကူအညီတောင်းတော့ ကြိုးပစ်ပေးပြီး ကမ်းပေါ်ကို ဆွဲတင်ပေးရတာပေါ့ ။ အကယ်၍ကြိုးပစ်တာတောင် ကောင်းကောင်းမဆွဲရင် သူ့ထိုက်နဲ့ သူ့ကံ ဥပေက္ခာထားပေတော့။ သူများအတွက်နဲ့ ကိုယ်အဆင်းရဲ မခံနိုင်ဘူး။ ကိုယ့်ဖို့ ကိုယ့်ဟာ ကိုယ်လုပ်ပေါ့။ ဓမ္မပဒပါဠိတော်မှာ ဘုရားဟောနဲ့ ကိုက်ညီနေတဲ့ ဂါထာက အတ္တ ဒတ္ထပရတ္ထေန၊ ဗဟုနာပိ နဟာပယေ။ အတ္တဒတ္ထမ ဘိညာယ၊ သဒတ္ထ ပသုတောသိယာ။ (၁၆၆) အနက်အဓိပ္ပါယ်မှာ သူတစ်ပါး၏ များစွာသော အကျိုးစီးပွားအတွက်ကြောင့် မိမိ၏ အကျိုးစီးပွားကို (အနည်းငယ်မျှ) မဆုတ်ယုတ်စေရာ။ မိမိအကျိုးစီးပွားကို တိုးပွားအောင် လေ့ကျင့်အား ထုတ်ရာ၏။

၅၄။ လူမိုက်နှင့်အတူ ခရီးသွားလျှင် ဒုက္ခတွေ့ရတတ်၏။ လမ်းမှားခြင်း၊ ဆူးစူး၍ ဆူးထွင်ပေးရခြင်း (ဘေးအန္တာရယ်နဲ့ တွေ့တတ်ခြင်းများဖြစ်တတ်၏။ အယုတ်ဆုံးအားဖြင့် ဖြစ်တတ်သေး၏။ ‘‘အသေဝနာစ ဗာလာနံ’’ ဆိုတဲ့ မင်္ဂလာတရားတော်နဲ့ ညီ၏။

၅၅။ ပညာရှိနဲ့ ခရီးသွားလျှင် ချမ်းသာ၏။ ပညာရှိရှေ့ကထားပြီး ကိုယ်ကနောက်လိုက်လျှင် အလွန်သက်သာ ချမ်းသာလိုရာခရီး ချောချော မောမော ရောက်၏။‘‘ပဏ္ဍိတာ နဉ္စ သေဝနာ’’ ဆိုတဲ့ မင်္ဂလာတရားနဲ့ ညီ၏ဟု ဆုံးမတော်မူခဲ့၏။

၅၆။ ငွဲ့ရင် စောင်းမယ်၊ စောင်းရင် မှောက်မယ်၊ မငွဲ့နဲ့ သတိထား။ သူတစ်ပါး အားနာတာနဲ့ ငွဲ့လိုကရ၏။ အများ သူငါ

http://www.dhammadownload.com



ဝိုင်းပြောတာ ငဲ့မိ၍ နောက်တစ်နေ့ကျတော့ ပေါက်ကွဲပြီး ဒုက္ခရောက်၍ သံဃာစင်ပါ မှောက်တတ်ကြောင်း သတိပေး ဆုံးမတော်မူခဲ့၏။ တိတိကျကျ မှန်မှန်ကန်ကန် ပြုလုပ်ရန် သတိပေးခဲ့ခြင်းဖြစ်ပေ၏။ သို့မှသာ မဇ္ဈိမပဋိပဒါလမ်းစဉ် သဘာဝ ကျကျ လမ်းမှန်ရပေမည်။ ဘယ်သူ့မှ မငဲ့ရဘူး။ ဘုရားရှေ့မျက်နှာ တော်နဲ့ တရားတော်ကိုသာ ကြည့်ပြီး တရားအားလျော်စွာ ဆောင်ရွက်ကြ။

၅၇။ ဘယ်ဂိုဏ်းဂဏကလဲ၊ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ စသည်ဖြင့်လည်းကောင်း၊ လယ်တီ၊ မင်းကွန်း၊ မိုးညှင်း၊ စွန်းလွန်း စသည်ဖြင့်လည်းကောင်း မေးမြန်းတတ်ကြ၏။ ဆရာတော်ဘုရားကြီးက ''တို့တော့ ပင်မကြီး ကပဲ'' ဟု မိန့်တော်မူလေ့ရှိ၏။ (မြတ်စွာဘုရားဟော အာနာပါနသတိ ကမ္မဋ္ဌာန်းအတိုင်း အားထုတ်တာပဲ။ မူလပင်မကြီးပေါ့။ ကိုင်းတွေလျှောက် လိုက်နေရင် ကိုင်းကျိုးကျတတ်တယ်။ ဘယ်ဂိုဏ်း ဖြစ်ဖြစ် ဘုရား သားတော်ချည်းပဲ၊ ဘုရားစကား နားထောင်ကျင့်သုံးရင် ကောင်းတယ်၊ နားမထောင်ရင် ဘယ်ဂိုဏ်းဖြစ်ဖြစ် မကောင်းဘူး။)

၅၈။ လျှာမှာ မြက်ပေါက်ပြီး ငတ်မသေနိုင်ဘူး၊ ကိုယ်တော်တို့ မတရားသဖြင့် ဘုရားမကြိုက်တဲ့နည်းနဲ့ ပစ္စည်းလေးပါး ရှာဖွေသုံးဆောင်ခြင်း မပြုကြပါနဲ့။ သမ္မာအာဇီဝဖြစ်အောင် နေကြပါ။ (အရှင်သာရိပုတ္တရာ မထေရ် လေနာထ၍ အရှင်မဟာမောဂ္ဂလန်ဟာ နို့ယာဂုဆွမ်း အလှူခံ လာ၍ ပေးသော်လည်း ဆင်ခြင်ကြည့်ရာ ဘုမ္မစိုးနတ်၏ ပြောဆိုပြု လုပ်ချက် ကာယ၊ ဝစီ ဝိညတ်ပါနေသောကြောင့် မသောက်တော့ချေ။ သွန်မှောက် ပစ်သောအခါ ရောဂါပျောက်ကင်း လေ၏။ ငါ့ရှင် အူအခွေ လိုက်ထွက်၍ ဆာလောင်လှသဖြင့် ရှာဖွေစေကာမူ ဝိနည်းနှင့်မညီသော ပစ္စည်းကို မစား၊ မသုံးဆောင်ချေဟု မိန့်တော်မူခဲ့လေသည်။ ထို့ပြင် တစ်မျိုးရှိသေး၏။ ဆရာတော် မဟာထေရ်ကြီး၏တူတော် သံဃရက္ခိတ ရဟန်းအား ''ငါ့ရှင် ဤဆွမ်းဖြင့် သင်၏လျှာ မပူလောင်ပါစေနဲ့'' ဟု ဆုံးမသတိပေးရာ ဆွမ်းကို ဘာကြောင့်မပူလောင်စေနဲ့ ဆုံးမသနည်းဟု ဆင်ခြင်လျက် ဘုဉ်းပေးသောကြောင့် ရဟန္တာ ဖြစ်ခဲ့ဘူးလေ၏။ (ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၌ ပါရှိ၏။)

၅၉။ မဂ် ဖိုလ် လိုချင်တဲ့လူတွေ တရားအားထုတ်ကြ။ အညာမှာ ထန်းပင် ပေါလှ၏။ ထို့ကြောင့် ဟောဟို ထန်းပင် ပေါ်က ထန်းရေသောက်ချင်ရင် ထန်းပင်ပေါ်တက်ပြီး သောက်ပေတော့ဟု လက်ညှိုးထိုးပြတာနဲ့ သမုတိ သစ္စာ စာတတ် ပေတတ်များ ထိုးပြ ညွှန်ပြတာနဲ့တူတယ်။ လက်တွေ့က ထန်းပင်ပေါ် လှေကားထောင်တက်။ တစ်ခါ ခြေကွင်းစွပ်ပြီး ရောက်အောင်တက်။ ရောက်တော့ ထန်းရေအိုးငှဲ့သောက်ရုံပေါ့။ ဥပမာပေး ဟောတော်မူခဲ့၏။ စာချ ဓမ္မကထိက ကမ္မဋ္ဌာန်းဆရာ စသည်တို့သည် အကျင့်လမ်းကိုသာ ဟောကြား ညွှန်ပြကြကုန်၏။ မြတ်စွာဘုရားသခင် ဟောကြားဆုံးမတော်မူခဲ့သည့် ပါဠိတော် ဓမ္မပဒ (၂၇၆)ဂါထာနှင့် ညီညွတ်ပါပေ၏။ တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။ ပဋိပန္နာ ပမောက္ခန္တိ ဈာယိနော မာရဗန္ဓနာ။ အနက် အဓိပ္ပာယ်မှာ သင်တို့သည် ကိုယ်တိုင်အားထုတ်ကြကုန်လော့။ ဘုရားရှင်တို့သည် လမ်းမှန်ကို ညွှန်ကြားပြသရုံမျှ ဖြစ်ကြကုန်၏။ ကျင့်ကြကုန်၍ ကိလေသာတို့ကို ရှို့မြိုက်ကြကုန်သော သူတို့သည်သာ မာရ်နတ်မင်း၏။ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကြ ကုန်၏။

၆၀။ အုန်းသီးရိုက်ခွဲသလို မဂ်ဖိုလ်ဥပမာပေးတော်မူခဲ့၏။ (ယောဂီသည် ဉာဏ်စဉ်အလျှောက် အဆင့်ဆင့် တက်ရောက်လာ၍ မဂ်ဖိုလ်ရတော့ မည့်အခါ၌ မိမိ၏အတွင်းသန္တာန် ဟဒယဝတ္ထု အကြည်အိမ်တွင် ဥပမာအားဖြင့် အုန်းသီးကြီးတစ်လုံးကို ရိုက်ခွဲလိုက်သောအခါ အရှိန်ပြင်းစွာ ဒိုင်းကနဲ့ ကွဲ၍အစိတ်စိတ် အမွှာမွှာ လွင့်ကျသွားသလို ပယ်သတ်အပ်သော ကိလေသာကို ဖြိုခွင်းပယ်သတ်သွားခြင်းဖြင့် ဖရိုဖရဲ ပြိုကွဲစေ၏ ထိုသို့ မဂ်ကပယ်သတ်သွားသည်နှင့် မရှေးမနှောင်း ဖိုလ်စိတ်များ ဖြစ်ပေါ်၍ အေးငြိမ်းသော ''သန္တိသုခ'' ကို မျက်မှောက်ပြုရ ပေ၏။ အေးချမ်းသာသည်မှာ ဥပမာ ရေချမ်းအိုးပေါင်းတစ်ထောင်ဖြင့် ဦးခေါင်းမှ လောင်းချခံရဘိ သကဲ့သို့ပင်တည်း။ )

http://www.dhammadownload.com



၆၁။ စွန်းလွန်းဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သည့် မဂ်ဂင်ပုံတရားမှာ “ ဉာဏ်စဉ်ဆယ်ပါးရောက်၍ သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်ပြီး မနောဒွါရာဝဇ္ဇန်းဖြစ်တဲ့အခါမှာ စွန့်လိုက်ရင် တစ်ခါပဲ မဂ်ဖိုလ်ရောက်သွားတော့တာပါပဲ”။ “ဆရာတော်ကြီးတုန်းက ဒီနေရာရောက်ရင်း ပြန်လျှောကျရင်းနဲ့ ဒုက္ခများခဲ့တယ်။ နောက်တော့ ဖြစ်ချင်ရာဖြစ်ရောဟယ် ဆိုပြီး အသာမျှဉ်းပြီး လျှော့ချလာတော့မှပဲ ဒင်းကနဲ့ ပွင်းလင်းသွားတော့တယ်။ အဲဒီလို မဖြစ်ခင်မှာ ချိန်ခွင်လျှာ တစ်ဖက်ထွက်နေတာပြီး ပေါ်လာတာမြင်ရတော့ ငါ့တော့ ကုသိုလ်ဆက် တော့ များနေပြီ၊ လွန်နေပြီ၊ နည်းနည်းလျှော့ချမှပဲဆိုပြီး မျှဉ်းပြီး လျှော့ချမှရတာ။ သေတော့မလောက် ကြပ်တက်လာတာပဲ။ သေချင်သေ ဆိုပြီး သေဝံ့ စွန့်ဝံ့မှရတာ။ အဲဒီ နောက်ဆုံး ဉာဏ်သင်္ခါရုပေက္ခာမှာ စွန့်စားရတာ။ ဒီတော့ မနောဒွါရာဝဇ္ဇန်းဖြစ်ပြီး ပရိကံ၊ ဥပစာ ၊ အနုလုံ ၊ ဂေါ်တြဘူ အဲဒီ ဂေါ်တြဘူက နိဗ္ဗာန်ကို ညွှန်ပြလို့ မြင်ရတယ်။ စိတ်က အာရုံပြုပြီးမြင်တာ။ ခန္ဓာကိုယ်ကြီးကိုရှာတော့ အသက်ထွက်သွား သလိုပဲ ဖြစ်တယ်။ အသက်ထွက်ပြီး သေတယ်ဆိုတာ တစ်အိမ်မကောင်းလို့ တစ်အိမ်ပြောင်းတာပဲ။ နိဗ္ဗာန်မှ ကူးလို့မရတော့ ခန္ဓာကိုယ် ပြန်ရောက် လာတော့တာပဲ။ ( အဲဒီသေသလို ပြတ်ထွက်သွားတာဟာ မဂ်ပေါ့ ) အဲဒီတော့ ဖိုလ်ဖြစ်ပြီး (အနည်းဆုံး ၂–ကြိမ် အများဆုံး ၃–ကြိမ် ကျပြီး ဘဝင်စိတ်ဖြစ်သွားတာပေါ့ ) ဒါကြောင့် မနောဒွါရ ဝဇ္ဇန်းဖြစ်ပြီး (ဇောခုနစ်ကြိမ် ကျတယ်ဆိုတာပေါ့ ) ၁–ပရိကံ၊ ၂–ဥပစာ ၊ ၃–အနုလုံ ၊ ၄–ဂေါ်တြဘူ ၊ ၅–မဂ် ၊ ၆–ဖိုလ် ၊ ၇ဖိုလ်။ ထို့နောက် ဘဝင်၊ ဘဝင်ကျ၏။ တိက္ခ ပုဂ္ဂိုလ်က ပရိကံမပါဘူး။ ဖိုလ်က သုံးကြိမ်ကျတယ်။ မှတ်ကြ ပေရော။

၆၂။ ရှေ့ဆက်ပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်အောင်အားမထုတ်ဘဲ ချမ်းသာလေးမှိန်းနေသူ ၊ ဖိုလ်ချမ်းသာ ခံစားနေချင်သူကို ဆရာတော် ကြီးက “ရပြီးသား ဖွတ်ကလေး ဖင်လှန်ကြည့်နေတာနဲ့ တူတယ် ” ဟု ဆုံးမလေ့ရှိ၏။ မုဆိုးကတောလိုက်လို့ ဖွတ်ကလေး တစ်ကောင် ရတာနဲ့ ဖင်လှန်ကြည့်နေတာနဲ့တူ၏။ ရှေ့ဆက်မဂ်ဖိုလ် ရအောင် အားမထုတ်တော့ဘူး။ ချမ်းသာခံစားနေခြင်းကြောင့် သတိပေး ဆုံးမတော်မူခဲ့၏။

၆၃။ တောလိုက်မုဆိုးဟာ သားကောင်ရရင် ကျောကုန်းပေါ် ပစ်တင်ပြီး နောက်တစ်ကောင် ထပ်ပစ်ပြန်တယ်၊ သားကောင်ရပြန်တော့ ကျောပေါ် ပစ်ပြီး နောက်တစ်ကောင်ပစ်ပြန်တယ်။ လေးကောင်ရမှ ပြည့်ပြည့်ဝဝ ချက်စားသလိုပဲ မဂ်လေးပါး ၊ ဖိုလ်လေးပါးရမှ ကိစ္စပြီးတယ်။ မလျှော့ကြနဲ့ ကြိုးစားအားထုတ်ကြဟု ဆုံးမတော်မူ၏။

၆၄။ ပစ်တိုင်းထောင် ကြိုးရှုပ်မနေနဲ့ ၊ တရားအားထုတ်ဟု သတိပေး၏။

၆၅။ သမထသန်ရင် လမ်းလွဲလိုက်တတ်တယ်။ လောကီအမြင်တွေ အကြား တွေနောက် လိုက်တတ်တယ်။ ဈာန်လမ်းရသူများ အထင်ကြီးတတ် ရဟန္တာ ထင်ကြတယ်။ တဘက်သန်နေတတ်တယ်။ နိကန္တိခံတတ်တယ်။ သူ့ဘဝတွေမြင်၊ အကြားတွေရ နတ်ပြဟ္မာနဲ့ စကားပြောရပြီး လမ်းလွဲတတ်ကြ၏။ ဝိပဿနာနဲ့ယှဉ်တဲ့သမာဓိမှ (ဈာန်အခြေခံ၍ ဝိပဿနာရှုမှ ) ဝိပဿနာနဲ့ ယှဉ်တဲ့သမာဓိမှ မဂ်ဖိုလ်ရနိုင်တယ်။ ဓူတင်ဆောင် သမားတွေ ပိုဆိုးတယ်။ စားချိန်စား၊ အိပ်ချိန်အိပ်၊ မအိပ်ဘဲ မစားဘဲ မနေနဲ့ ဟု အမိန့်ရှိ၏။ (မအိပ်မစား အလွန်အကျွံအားထုတ် လွန်လျှင် မဂ်မရနိုင်ချေ။ ဓူတင်ကား အမွန်းတင် သီလဖြစ်၏။ လုပ်နိုင်ကောင်း၏။ စနစ်ကျပါစေ။ ရိုးရိုးသီလ စင်ကြယ်ရင်ဖြစ်၏။

၆၆။ မတင်းတိမ်ရဘူး။ တရားအားထုတ်ရရင် မတင်းတိမ်ရချေ။ တင်းတိမ် နေရင် ကောင်းပါ့မလား။ စပါးတင်းဟာ တိမ်တိမ်လေးဆို ဘယ်ကောင်း မလဲ။ ဒါကြောင့် မတင်းတိမ်ကြနဲ့ ။ (မဂ်ဖိုလ်ရသူအစစ်ကား မတင်းတိမ်ကြချေ။ တရားနဲ့ မွေ့လျော်၏။ )

၆၇။ မြေကြီးလို သည်းခံရတယ်။ မြေကြီးကို ဖနောင့်နဲ့ ပေါက်တော့ ဘယ်သူ နာသလဲ။ ဖနောင့်နာပါတယ်ဘုရား။

http://www.dhammadownload.com



အေး အဲဒီလိုပဲ ဘယ်လိုပြောပြော ဘယ်လိုလုပ်လုပ် ကိစ္စမရှိဘူး။ သူတို့အကုသိုလ်နဲ့ သူတို့ပဲ သည်းခံနေ။

၆၈။ မိမိစိတ် မိမိပြုပြင်မှုရမယ်။ မိမိဆုံးမတော့မှ ရတယ်။

၆၉။ ဆရာတော်ဘုရားကြီး နောက်ဆုံးစကားမှာ "အရိယာတွေ အများကြီး ကျန်သေးတယ်" ဟု အမိန့်ရှိတော်မူခဲ့၍ ယောဂီအပေါင်းတို့ ကြိုးစား အားထုတ်ကြပါကုန်လော့။ ယခုဘဝ၌ပင်လျှင် မဂ်ဖိုလ်ရနိုင်၏။ အလွန် အားရှိဖွယ် ကောင်းလှ၏။

http://www.dhammadownload.com



# သိမှတ်ဖွယ်ရာအဖြာဖြာ

## အရိမေတ္တယျမြတ်စွာဘုရား

"လူတို့သည် အနှစ် (၈၀၀၀၀) (ရှစ်သောင်း) အသက်တမ်းရှည်ကြာ ကြသည်ရှိသော် ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တော် တိုင်ထိုးထွင်း၍ သိတော်မူသော အသိပညာ အကျင့်အာစရဏနှင့် ပြည့်စုံတော်မူသော၊ ကောင်းသော စကားကိုဆိုတော်မူတတ်သော၊ လောကသုံးပါးကို ပိုင်းခြား၍ သိတော်မူသော၊ လူနတ်ဗြဟ္မာတို့ကို အတုမရှိ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော၊ သစ္စာလေးပါးကို သိတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မေတ္တယျ မည်သော မြတ်စွာဘုရားသည် လောက၌ ထင်ရှားဖြစ်ပေါ်တော်မူလတ္တံ့" ဟု မိန့်တော်မူ၏။

**(သုတ်ပါထေယျ ပါဠိတော်၊ ပါထိကဝဂ်၊ စက္ကဝတ္တိသုတ်)**

## သမ္မပ္ပဓာန်တရားလေးပါး

ရဟန်းတို့ ကောင်းစွာအားထုတ်အပ်သည့် သမ္မပ္ပဓာန်တရားလေးပါး–

(၁) မဖြစ်ပေါ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် အလိုဆန္ဒဖြစ်ပေါ်စေခြင်း၊ မဖြစ်ပေါ်စေရန် ကြိုးစားခြင်း၊ လုံ့လထုတ်ခြင်း၊ ဆောက်တည်ခြင်း၊

(၂) ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရန်အလိုဆန္ဒဖြစ်ခြင်း၊ ပယ်ရန်ကြိုးစားခြင်း၊ လုံ့လထုတ်ခြင်း၊ ဆောက်တည်ခြင်း၊

(၃) မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်ရန် အလိုဆန္ဒဖြစ် ခြင်း၊ ဖြစ်ပေါ်အောင်ကြိုးစားခြင်း၊ လုံ့လထုတ်ခြင်း၊ ဆောက်တည်ခြင်း၊

(၄) ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့ကို တည်တန့်စေရန်၊ မမေ့စေရန်၊ လွန်စွာဖြစ်စေရန် ပြန်ပြောစေရန်၊ ပွားများခြင်း၊ အလိုဆန္ဒကိုဖြစ် စေခြင်း၊ ဖြစ်ပေါ်ရန် ကြိုးစားခြင်း၊ လုံ့လထုတ်ခြင်း၊ ဆောက်တည်ခြင်း။

**(အင်္ဂုတ္တိုရ်ပါဠိတော်၊**
**စတုက္ကနိပါတ်၊ စရဝဂ်၊ ပဓာနသုတ်)**

## သိကြားမင်းဖြစ်ကြောင်း အကျင့်(၇)ပါး

နတ်တို့သနင်း သိကြားမင်းသည် ရှေးလူဖြစ်စဉ်က ခုနစ်ပါးသော ကျင့်ဝတ်တို့ကို ကောင်းမွန်ပြည့်စုံစွာ ဆောက်တည်ခြင်းကြောင့် သိကြားမင်း အဖြစ်ကိုရ၏။

(၁) အသက်ထက်ဆုံး အမိ၊ အဖတို့ကို လုပ်ကျွေးမွေးမြူခြင်း၊

(၂) အသက်ထက်ဆုံး အမျိုး၌ အဖိုး၊ အဖွား စသော ကြီးသောသူတို့ကို အရိုအသေပြုလေ့ရှိခြင်း၊

(၃) အသက်ထက်ဆုံး သာယာနာပျော်ဖွယ်ရှိသော စကားကို အစဉ် ပြောဆို လေ့ရှိခြင်း၊

(၄) အသက်ထက်ဆုံး ကုန်းတိုက်စကားကို မပြောဆိုခြင်း၊

(၅) အသက်ထက်ဆုံး မစ္ဆေရတည်းဟူသော အညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်ကိုအုပ်စိုး၍ နေခြင်း၊ အလှူဝတ္ထုကို ပေးလှူသည့်အခါ အမြဲဆေးကြောစင်ကြယ်ပြီးသော လက်တို့ဖြင့် သန့်ရှင်းစွာပေးလှူခြင်း၊ စွန့်လှူခြင်း၌ မွေ့လျော်ခြင်း။ သူတစ်ပါးတို့သည် တောင်းခံခြင်းငှာ ထိုက်သည်ဖြစ်အံ့။ လှူဒါန်းပေးကမ်းခြင်းတို့၌

http://www.dhammadownload.com



မွေ့လျော်ခြင်း၊

(၆) အသက်ထက်ဆုံးမှန်သောစကားကို ဆိုလေ့ရှိခြင်း၊

(၇) အသက်ထက်ဆုံး အမျက်ထွက်ခြင်းမရှိသူဖြစ်ခြင်း၊ အကယ်၍ အမျက် ထွက်ခြင်းဖြစ်ပါကလည်း အမျက်ဒေါသကို လျင်မြန်စွာ ပယ်ဖျောက် နိုင်အောင် ဆောက်တည်ခြင်း။

**(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊**
**သက္ကသံယုတ်၊ သက္ကနာမသုတ်)**

## နတ်ပြည်သို့ ရောက်သောအကျင့်

သစ်သီးဥယျာဉ်တို့ကို စိုက်ပျိုးလှူဒါန်းသူ၊ တံတားခင်းလှူသူ၊ ရေအိုးစင် တည်သူ၊ ရေတွင်းရေကန်တူးခြင်းကိုပြုသူ၊ ဇရပ်၊ ကျောင်းအရိပ်အာဝါသ ဆောက်လုပ်လှူဒါန်းသူတို့သည် နတ်ပြည်သို့ရောက်၏ဟု မြတ်စွာဘုရား ဟောတော်မူ၏။

**(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊**
**ဒေဝတာသံယုတ်၊ ဝနရောပသုတ်)**

## နတ် (၃)မျိုး

(၁) သမ္မုတိဒေဝ – သမ္မုတိနတ် ( မင်း၊ မိဖုရား စသည် )

(၂) ဥပပတ္တိဒေဝ – ဥပပတ္တိနတ် ( နတ်၊ ဗြဟ္မာ )

(၃) ဝိသုဒ္ဓိဒေဝ – ဝိသုဒ္ဓိနတ် ( မြတ်စွာဘုရား )

## အစိန္တေယျ (၄)ပါး

လောက၌ ကြံစည်စဉ်းစားခြင်းဖြင့် ပြည့်စုံအောင် မသိနိုင်သော အစိန္တေယျလေးပါးရှိသည်–

(၁) ဘုရားရှင်တို့အရာကို မကြံစည်နိုင်၊

(၂) ဈာန်၏အရာကို မကြံစည်နိုင်၊

(၃) ကံ၏အကျိုးပေးမှုကို မကြံစည်နိုင်၊

(၄) လောက၏အကြောင်းအရာကို မကြံစည်နိုင်။

## လောကကို စောင့်ရှောက်သည့်တရား (၂)ပါး

(၁) မကောင်းမှုမှရှက်ခြင်း ဟိရီ

(၂) မကောင်းမှုမှထိတ်လန့်ခြင်း ဩတ္တပ္ပ

**(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုကနိပါတ်၊**
**ကမ္မကရဏဝဂ်၊ စရိယသုတ်)**

## ရှစ်ပါးသီလ ဆောက်တည်သူသည် ရဟန္တာတို့အကျင့်ကို အတုလိုက်ကျင့်သည်ဟု သဘောထားအပ်သည်။

အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သည် ကြီးသောအကျိုး၊ ကြီးသော အာနိသင်၊ ကြီးသောတန်ခိုးရှိသည်။ ပျံ့နှံ့ခြင်း သတ္တိရှိသည်ဟု သာသနာတော်၌ အရိယာတပြည့်သည် ဤသို့ ဆင်ခြင်၏။

'' ရဟန္တာတို့သည် အသက်ထက်ဆုံး အသက်သတ်ခြင်းမှ ရှောင်ကြဉ် ကြ၏။ သနားတတ်၏။ အလုံးစုံသောသတ္တဝါတို့၏ အစီးအပွားကို အစဉ် စောင့်ရှောက်၏။ ဥပုသ်သည် သည်လည်း ဤတစ်ညဉ့်နှင့် တစ်နေ့ပတ်လုံးသူ၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်လျက် အလုံးစုံသော သတ္တဝါတို့၏ အစီးအပွား ကို

http://www.dhammadownload.com



အစဉ်စောင့်ရှောက်နေအံ့။ ဤအကြောင်းအင်္ဂါဖြင့် ရဟန္တာတို့၏ အတုကို လိုက်၍ ဥပုသ်ကိုဆောက်တည်ကျင့်သုံးအပ်သည်။

ရဟန္တာတို့သည် အသက်ထက်ဆုံး သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏။ ရွာသူတို့၏ အကျင့်ဖြစ်သော မေထုန်မှုမှ ရှောင်ကြဉ်၏။ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည် အရက်သောက်စားခြင်းမှ ရှောင်ကြဉ်၏။ ညစာ စားခြင်းမှ ရှောင်ကြဉ်၏။ နေလွဲသောအခါ၌ စားခြင်းမှ ရှောင်ကြဉ်၏။ သူတော်ကောင်း တရား၏ ဆူးငြောင့်ဖြစ်သော ကခြင်း၊ သီချင်း၊ တီးမှုတ်ခြင်း၊ ပွဲကြည့်ခြင်း၊ ပန်းပန်ခြင်းတို့မှ ရှောင်ကြဉ်၏။ ဥပုသ်သည် သည်လည်း ဤတစ်ညဉ့်နှင့် တစ်နေ့ ပတ်လုံး သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ မေထုန်မှုပြုခြင်း၊ မဟုတ် မမှန်ပြောဆိုခြင်း၊ သေရည်အရက်သောက်ခြင်း၊ နေလွဲသောအခါ၌ စားခြင်း၊ ကခြင်း၊ သီချင်း၊ တီးမှုတ်ခြင်း၊ ပွဲကြည့်ခြင်း၊ ပန်းပန်ခြင်း၊ မြင့်သော နေရာ၊ မြတ်သောနေရာ၌ နေခြင်းတို့မှ ရှောင်ကြဉ်လျက် အလုံးစုံသောသတ္တဝါတို့၏ အစီးအပွားကို အစဉ်စောင့်ရှောက်၍ နေသည်ဖြစ်အံ့၊ ရဟန္တာတို့ကို အတုလိုက်၍ ဥပုသ် ဆောက်တည်ကျင့်သုံးအပ်သည်ဟု ဆင်ခြင်၏။

ဤသို့ကျင့်သုံးအပ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောဥပုသ်သည် အကျိုးကြီး၏။ အာနိသင်ကြီး၏။ တန်ခိုးကြီး၏။ ကြီးသောပျံ့နှံ့ခြင်းရှိ၏ဟု မိန့်တော်မူ၏။

**(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဥပေါသထဝဂ်၊**
**သံခိတ္တူပေါသထသုတ်)**

## <u>တရားစောင့်ကအားလုံးချမ်းသာ</u>

မြစ်ကိုကူးကုန်သော နွားတို့တွင် ရှေ့ဆောင်နွားလားသည် ဖြောင့်ဖြောင့် သွားခဲ့မူ ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားခြင်းကြောင့် နွားမအားလုံး တို့သည် ဖြောင့်ဖြောင့်ပင် လိုက်သွားကုန်၏။

ဤအတူသာလျှင် လူတို့တွင် အမြတ်ဆုံးဟု သမုတ်အပ်သူ မင်းသည် တရားကိုကျင့်အံ့ပါက သတ္တဝါအပေါင်းသည် အဘယ်ဆို ဖွယ်ရာရှိအံ့နည်း၊ မင်းတရားစောင့်က တစ်နိုင်ငံလုံး ချမ်းသာရလေသတည်း။

**(အင်္ဂုတ္တိုပါဠိတော်၊ စတုက္ကနိပါတ်၊ အဓမ္မိကသုတ်)**

## <u>ယောက်ျားမြတ်နှင့် အကောင်းဆုံးအရသာသစ္စာ</u>

ဤလောက၌ ယောက်ျားမြတ်၏ ဥစ္စာသည်ကား ရတနာသုံးပါးဂုဏ်နှင့် ကံ ကံ၏အကျိုးကိုယုံကြည်သော သဒ္ဓါတရားပေတည်း။ ကောင်းစွာ လေ့ကျင့် အပ်သော ဒုစရိုက်ဆယ်ပါးတရားသည် ချမ်းသာကိုစောင့်တတ်၏။ အရသာ တကာတို့တွင် သစ္စာသည် အလွန်အကျူး အထူးကောင်းသော အရသာမည်၏။

**(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဆေတွာဝဂ်၊ ဝိတ္တသုတ်)**

## <u>မိဘစကားကိုနားထောင်သောသားသမီး</u>

မြတ်စွာဘုရားအား နတ်သားတစ်ယောက်က “ အခြေနှစ်ချောင်းရှိသူ တို့တွင် မင်းသည်အလွန်မြတ်၏။ ခြေလေးချောင်း ရှိသော သတ္တဝါတို့တွင် နွားလားဥသဘသည် အလွန်မြတ်၏။ မယားတို့တွင် ပျိုပြစ်နုနယ်သော သတို့သမီးသည် အလွန်မြတ်၏။ သားတို့တွင် ရှေးဦးစွာမွေးဖွားသော သားသည် အလွန်မြတ်၏ ” ဟုလျှောက်၏။

အခြေနှစ်ချောင်းရှိသူတို့တွင် မြတ်စွာဘုရားသည်လွန်မြတ်၏။ ခြေလေးချောင်းရှိသတ္တဝါတို့တွင် အာဇာနည်သည်

http://www.dhammadownload.com



လွန်မြတ်၏။ မယားတို့တွင် လင်ကိုရိုသေသောမယားသည် လွန်မြတ်၏။ သားသမီးတို့တွင် မိဘတို့၏ စကားကို နားထောင်သော သားသမီးသည် လွန်မြတ်၏ဟု ဘုရားရှင် ဟောတော်မူ၏။

**(သဂါထာဝဂ္ဂသံယုတ်၊ ဒေဝတာသံယုတ်၊ နန္ဒတိ၊ ခတ္တိယသုတ်)**

## မိတ်ဆွေကောင်း

ဗုဒ္ဓဘုရားရှင်သည် သက္ကတိုင်း နာဂရကမည်သော နိဂုံး၌ သီတင်းသုံး တော်မူစဉ် အာနန္ဒာက " အသျှင်ဘုရား အဆွေ ခင်ပွန်းကောင်း၊ အပေါင်း ဖော်ကောင်း ရှိသောသူသည် မြတ်သောမဂ်အကျင့်၏ထက်ဝက်ကို ပြီးစီးနိုင် ပါ၏ " ဟု လျှောက်၏။

ဗုဒ္ဓဘုရားရှင်က " အာနန္ဒာ ဤသို့မဆိုလင့်၊ အာနန္ဒာ ကောင်းသော အဆွေခင်ပွန်းရှိသူ၏ အဖြစ်၊ ကောင်းသောအပေါင်း အဖော်ရှိသူ၏ အဖြစ်သည် မြတ်သောမဂ် အကျင့်အားလုံးကိုပင် ပြီးစေနိုင်၏ " ဟု မိန့်တော်မူ၏။

**(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ကောသလသံယုတ်၊ ဒုတိယဝဂ်၊ ကလျာဏမိတ္တသုတ်)**

## ယမမင်း၊ ငရဲမင်း

ယမမင်းသည် အပါယ်ဘုံသားမဟုတ်၊ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်မျိုး ရောစပ်ပြုလုပ်ခဲ့သောကြောင့် စတုမဟာရာဇ်ဘုံ အပါအဝင် ဝေမာနိက ပြိတ္တာမျိုး၌ ဖြစ်ရသည်။ ရံခါ နတ်နန်းဗိမာန် နတ်သမီးအခြွေအရံ ဥယျာဉ် ပဒေသာပင် စသော ကုသိုလ်အကျိုးကိုခံစား၍ ရံခါ အကုသိုလ်အကျိုးကို ခံစား ရသည်။ အချို့သောယမမင်းတို့ကား မင်ဖိုလ် နိဗ္ဗာန်ကိုပင် ရကြသည်။ မဂ်ဖိုလ် ရသည့်အခါမှစ၍ အကုသိုလ်ကံ၏မကောင်းကျိုးကို မခံစားရတော့ချေ။

## အဆွေခင်ပွန်းကောင်း (၃) မျိုး

(၁) ပေးနိုင်ခဲသည်ကိုပေးခြင်း၊

(၂) ပြုနိုင်ခဲ့သည်ကိုပြုခြင်း၊

(၃) သည်းခံနိုင်ခဲသည်ကိုသည်းခံခြင်း။

**(အင်္ဂုတ္တိုရ်၊ ယောဓာဇီဝဝဂ်၊ မိတ္တသုတ်)**

## နိကာယ် (၅)ရပ်

မြတ်စွာဘုရားဟောကြားတော်မူသော ဒေသနာအားလုံးကို ပထမ သင်္ဂါယနာတင်ပွဲ၌ ပဥ္စနိကာယ်ခေါ် နိကာယ်ငါးရပ် အဖြစ်ပိုင်းခြား ထားရှိသည်–

(၁) ရှည်လျားသော သုတ်အပေါင်းအစု (ဒီဃနိကာယ်)

(၂) မရှည်လွန်း၊ မတိုလွန်းသော အလတ်စားဖြစ်သော သုတ် အပေါင်းအစု (မဇ္ဈိမနိကာယ်)

(၃) အကြောင်းအရာစသည်အလိုက် စပ်လျဉ်းရာ သုတ်အပေါင်းအစု (သံယုတ္တနိကာယ်)

(၄) တရားများကို တစ်ပါးစုမှ တစ်ဆယ့်တစ်ပါးစုအထိ အသီးသီး စုပေါင်း ဖော်ပြထားသော တရားအပေါင်းအစု (အင်္ဂုတ္တရ နိကာယ်)

(၅) သေးငယ်သော သုတ်အပေါင်းအစု (ခုဒ္ဒနိကာယ်)

http://www.dhammadownload.com



## အဘိညာဉ် (၆)မျိုး

(၁) တန်ခိုးအမျိုးမျိုးဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓအဘိညာဉ်၊
(၂) နတ်နားကဲ့သို့ အသံအမျိုးမျိုးကို ကြားနိုင်သော ဒိဗ္ဗသောတ အဘိညာဉ်၊
(၃) သူတစ်ပါးတို့၏ စိတ်အကြံကို သိနိုင်သော ပရစိတ္တဝိဇာနန အဘိညာဉ်၊
(၄) များစွာသော ရှေးဘဝတို့ကို ပြန်ပြောင်းဆင်ခြင်နိုင်သော ပုဗ္ဗေနိဝါသာ နုဿတိအဘိညာဉ်၊
(၅) နတ်မျက်စိကဲ့သို့ အဆင်းအာရုံအမျိုးမျိုးကို မြင်နိုင်သော ဒိဗ္ဗစက္ခု အဘိညာဉ်၊
(၆) အာသဝေါတရားတို့ကို ကုန်ခမ်းစေနိုင်သော အာသဝက္ခယ အဘိညာဉ် တို့ဖြစ်သည်။

## ရတနာ

နှစ်သက်ဖွယ် မြတ်နိုးဖွယ်အရာ

(၁) ရတနာသုံးပါး– ဘုရား၊ တရား၊ သံဃာ။
(၂) ရတနာခုနစ်ပါး–

သုဝဏ္ဏ – ရွှေ
ရဇတ – ငွေ
မုတ္တာ – ပုလဲ
မဏိ – ပတ္တမြား
ဝေဠုရိယ– ကြောင်မျက်ရွဲ
ဝဇိရ – စိန်
ပဝါဠ – သန္တာ

(၃) သားသမီးရတနာ၊ ဆင်, မြင်း ရတနာစသည်တို့ဖြစ်သည်။

## ပါရမီ (၁၀)ပါး

ဘုရားလောင်းကျင့်စဉ်၊ မြင့်မြတ်သူတို့၏လုပ်ငန်းစဉ်။

ဘုရားအလောင်းတော်တို့သည် ဘုရားဖြစ်ရန်အတွက် ပါရမီ (၁၀)ပါးကို ဖြည့်ကျင့်ကြရသည်။

| | | | |
|---|---|---|---|
| (၁) | ဒါနပါရမီ | (၆) | ခန္တီပါရမီ |
| (၂) | သီလပါရမီ | (၇) | သစ္စာပါရမီ |
| (၃) | နေက္ခမ္မပါရမီ | (၈) | အဓိဋ္ဌာနပါရမီ |
| (၄) | ပညာပါရမီ | (၉) | မေတ္တာပါရမီ |
| (၅) | ဝီရိယပါရမီ | (၁၀) | ဥပေက္ခာပါရမီ တို့ဖြစ်ကြသည်။ |

## ဝိဝေက (၃) ပါး

(၁) **ကာယဝိဝေက** – ကာမဂုဏ်ကိလေသာတို့မှ ကင်းလွတ်ခြင်း ဟူသော ကိုယ်၏ကင်းဆိတ်ငြိမ်းအေးမှု၊
(၂) **စိတ္တဝိဝေက** – ကိလေသာကာမတရားတို့မှ ကင်းလွတ်ခြင်း ဟူသော စိတ်၏ ကင်းဆိတ်ငြိမ်းအေးမှု၊
(၃) **ဥပဓိဝိဝေက**– ဖလသမာပတ်ကို ဝင်စား၍ နိဗ္ဗာန်ကို အာရုံ ပြုနေခြင်း ဟူသောကင်းဆိတ်ငြိမ်းအေးမှု၊

http://www.dhammadownload.com



## ရာဂကိုပယ်ရန်အသုဘကိုပွား

(၁) ရာဂကိုပယ်ရန် အသုဘကို ပွားများရမည်၊

(၂) ဗျာပါဒကိုပယ်ရန် မေတ္တာကို ပွားများရမည်၊

(၃) ဝိတက်ကိုဖြတ်ရန် အာနာပါနသတိကို ပွားများရမည်၊

(၄) ငါတကားဟု ထောင်လွှားသော 'အသ္မိမာန 'ကို ပယ်ရန် အနိစ္စသညာကို ပွားများရမည်။

အနိစ္စသညာရှိသော ရဟန်းအား အနတ္တသညာ်တည်၏။ အနတ္တသညာ ရှိသော ပုဂ္ဂိုလ်အား ငါတကားဟု ထောင်လွှားသော အသ္မိမာနကို အကြွင်းမဲ့ ဖြတ်၍ မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်ရ၏ ဟုမိန့်တော်မူ၏။

**(အင်္ဂုတ္တိုရ်ပါဠိတော်၊ နဝကနိပါတ်၊ သမ္ဗောဝဂ်၊ သမ္ဗောဓိသုတ်)**

## ရပ်ပြစ်ရှစ်ပါး

(၁) ငရဲ၊

(၂) တိရစ္ဆာန်၊

(၃) ပြိတ္တာ (အသုရကာယ်အပါအဝင်)

(၄) အသက်ရှည်အောင် အရူပဘုံ၊ အသညသတ်ဘုံ၊

(၅) ဘုရားနှင့် ရဟန္တာများ မရောက်သောပစ္စန္တရစ်အရပ်၊

(၆) မိစ္ဆာဒိဋ္ဌိ အယူရှိခြင်း၊

(၇) တရားကိုနားလည်နိုင်အောင် ဉာဏ်မရှိသူဖြစ်ခြင်း၊

(၈) ဉာဏ်ရှိသော်လည်း ဘုရားမပွင့်သည့်အခါ လူဖြစ်ရခြင်း။

## ရန်သူမျိုးငါးပါး

(၁) ရေ၊

(၂) မီး၊

(၃) မင်းဆိုး၊

(၄) ခိုးသူ၊

(၅) အမွေခံ သားဆိုး သမီးဆိုး တို့ဖြစ်သည်။

## ဝိပတ္တိ (၄) ပါး

(၁) ကာလဝိပတ္တိ – မင်းဆိုး မင်းယုတ်အုပ်စိုးသော ကာလ၌ဖြစ်ခြင်း၊

(၂) ဂတိဝိပတ္တိ – အပါယ်လေးပါး၌ ဖြစ်ရခြင်း၊

(၃) ဥပဓိဝိပတ္တိ – ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း၊

(၄) ပယောဂဝိပတ္တိ – အသိအလိမ္မာဉာဏ်ပညာနှင့် သတိဝီရိယမရှိခြင်း။

## ဗျသန (၅) ပါး

(၁) ဉာတိဗျသန – ဆွေမျိုးများပျက်စီးခြင်း၊

(၂) ဘောဂဗျသန – စည်းစိမ်ဥစ္စာပျက်စီးခြင်း၊

(၃) ရောဂဗျသန – အနာရောဂါဖြစ်၍ပျက်စီးခြင်း၊

http://www.dhammadownload.com



(၄) ဒိဋ္ဌိဗျသန – အယူမှား၍ပျက်စီးခြင်း၊
(၅) သီလဗျသန – သီလပျက်စီးခြင်း။

## တရားကျင့်ရာ ကြံ့ချိုပမာ

နိဗ္ဗာန်သို့ရောက်ရန် ထက်သန်သောလုံ့လ၊ မဆုတ်နစ်သောစိတ်ရှိခြင်း၊ မပျင်းရိခြင်း၊ မြဲမြံသော ဝီရိယရှိခြင်းတို့ဖြင့် ကိုယ်အား၊ ဉာဏ်အားနှင့် ပြည့်စုံလျက် ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်ရာ၏။

**(သုတ္တနိပါတ်၊ ဥရဂဝဂ်၊ ခဂ္ဂဝိသာဏသုတ်)**

## ကိုယ်ရေအဆင်းတင့်တယ်ခြင်း

မရောက်သေးသော အနာဂတ်အကြောင်းကို တောင့်တပူပန်ခြင်း၊ လွန်ခဲ့ပြီးသောအတိတ်အကြောင်းကို စိုးရိမ်ပူပန်ခြင်း ထိုအတူသူမိုက်တို့သည် စိမ်းသောကျူပင်ကိုရိတ်ဖြတ်၍နေပူ၌ထားသကဲ့သို့ တစ်နေ့တစ်ခြား အသား အရေ ခြောက်ကပ်လေ၏။

အတိတ်အကြောင်းကို မစိုးရိမ်မကြောင့်ကြ၊မရောက်သေးသော အနာဂတ်အကြောင်းကိုလည်းမတောင့်တ၊ ပစ္စုပ္ပန်ကာလ၌ ရသမျှတို့ဖြင့် သာမျှတတင်းတိမ်ကုန်သော အရှင်မြတ်တို့၏အဆင်းသည် ကြည်ညိုဖွယ် တင့်တယ်ပေ၏။

**(သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော်၊**
**ဒေဝတာသံယုတ်၊ နဠဝဂ် အရညသုတ်)**

## အကျိုးမရှိငိုးကြွေးခြင်း

ငိုကြွေးခြင်းဖြင့်လည်းကောင်း၊ စိုးရိမ်ပူဆွေးခြင်းဖြင့်လည်းကောင်း၊ စိတ်၏ငြိမ်းအေးခြင်းသို့မရောက်နိုင်၊ ငိုကြွေးသူအားသာ ဆင်းရဲခြင်းဖြစ်၏ ခန္ဓာကိုယ်လည်းပင်ပန်း၏။

သေသောသူကိုတဖန်အသက်ပြန်ရှင်ပါစေသတည်းဟုတောင့်တ၍ မရနိုင်သည်ကိုသိလျက်ငိုကြွေးခြင်းကိုပယ်ဖျောက်ရာ၏။

**(သုတ္တနိပါတ်ပါဠိတော်၊ မဟာဝဂ်၊ သလ္လသုတ်)**

## မနောမယပတ္တမြား

ဓမ္မမိတ်ဆွေများ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ၊ အသိမိတ်ဆွေများကို အခါအခွင့်ကြုံတိုင်း စားရေးသူ ပြောလေ့ပေးလေ့ရှိသည့် လက်ဆောင်မွန် **''မနောမယပတ္တမြား''** ကို **''ဗုဒ္ဓသာသနာနှင့်ရွှေသာလျောင်းသမိုင်း''**၊ **''အံ့ဖွယ်မင်္ဂလာနှင့်ဓမ္မပဒေသာ''** စာအုပ်များတွင်လည်း ဖော်ပြခဲ့ပါသည်။ ယခု **''ဆားတောင်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့်ကိုယ်တွေ့ ဖြစ်ရပ် များ''** စာအုပ်တွင်လည်း စာရှုသူများကို အခါအခွင့်သင့်တုန်း လက်ဆောင်ပါးလိုပါသည်။ စာရေးသူဖြတ်သန်းခဲ့ရသည့် ဘဝနှင့်အသိကြောင့် ဤလူမှု ပတ်ဝန်းကျင်တွင် သက်ရှင်လှုပ်ရှားနေစဉ်ကာလအတွင်း ချမ်းသာမှုအမှန် ပေးနိုင်သည့် **ကျေနပ်ခြင်း** ဆိုသည့် **မနောမယပတ္တမြား**ကို လူတိုင်း ကိုယ်စီကိုယ်ငှသိရှိ ရရှိထားစေချင်ပါသည်။ သို့မှသာ နှလုံးထဲတွင် ရှိသမျှ လှစ်ပြသည်နှင့်တူသည့် သန့်စင်သော အပြုံး၊ သာမန်အားဖြင့် မသိနိုင်သည့် နှစ်သိမ့်ရွှင်လန်းမှုကို ကျေနပ်မှု **မနောမယပတ္တမြား**က ပေးစွမ်းနိုင်ပါသည်။ ကျေနပ်မှုကို ထိတွေ့ခံစားလိုက်ရသည့်အခါ နှလုံးတွင် ပီတိဖုံးသွားပြီး တန်ဖိုး မဖြတ်နိုင်သည့် သည်းခံခွင့်လွှတ်မှုသည် အလိုလိုဖြစ်ပေါ်လာတတ်ပါသည်။ **မနောမယပတ္တမြား**ကို **''ကြံစည်တိုင်းပြည့်စုံ၊ သာသနာပြု၍မကုန်၊ တန်ဖိုးရှိသည့်အရာ၊''** ဟုလည်းဖွင့်ဆိုကြသည်။

လူမှုနယ်ပယ်တွင် နိစ္စဓူဝ မရပ်မနား ရဟတ်ခြားပမာ သက်ဝင်လှုပ်ရှား လုပ်ကိုင်နေရင်း မတွေ့ချင် မမြင်ချင်၍လည်းမရ၊ တစ်ခါတစ်ရံ မသိအပ် မသိသင့် သည်များကိုပင် တိုက်ဆိုင်မြင်တွေ့ သိရှိနေရသည်။ အချို့ဆိုလျှင်

http://www.dhammadownload.com



လောဘ၊ ဒေါသ၊ မောဟပွားကာ ပင်ပန်းကြီးစွာဖြင့် လှုပ်ရှားလုပ်ကိုင်နေကြသည်။ အချို့မှာ လူအချင်းချင်း မနာလို၊ ဝန်တို၊ မုန်းတီးမှု၊ အထင်မှား၊ အမြင်မှားမှုဖြစ်၍ ဆိုးရွား လှသော ပြဿနာမျိုးစုံနှင့် တွေ့ကြုံခံစားနေကြရသည်။ အချို့ လူမှုဒုက္ခတို့ဖြင့် ထွေးလုံးရစ်ပတ်၍ ချမ်းသာအောင်နေရင်း ဒုက္ခဖြစ်နေကြရသည်။ စိုးရိမ် ပူပန်နေကြရသည်။ အချို့ရာထောင်များစွာတို့သည် ဩဇာအရှိန်အဝါဂုဏ် အတွက် မသိစိတ်ကဦးဆောင်ပြီး မဟုတ်မမှန် လုပ်ကိုင်နေကြသည်။ ဩဇာ အရှိန်အဝါ ဒေါသ မာန်မာန ရှေ့ထားလွန်း၍ အသိဉာဏ်ပညာ ပျက်စီးဆုံးရှုံး သွားရင် အပါယ်တံခါး ပွင့်လာတတ်သည်။ ထို့ကြောင့်ပင် ကျေနပ်မှု မရှိက အန္တရာယ်များပြီး အကုသိုလ်ပွားနိုင်သည်ကို သတိပြုသင့်ပါသည်။ ကျေနပ်မှု အမှန်ရှိမှ ချမ်းသာမှုအမှန် ရနိုင်သည်ကို အမြင်နှင့်အကြား အထင်နှင့်တသား တည်း ဖြစ်၍ ကျေနပ်မှုကို **မနောမယပတ္တမြား**နှင့် တင်စားခြင်း ဖြစ်ပါသည်။ ပစ္စည်းဥစ္စာ၊ ရာထူး၊ ဂုဏ်ပကာသန၊ အခြွေအရံ၊ အကျော်စော၊ အာဏာတန်ခိုး၊ ပျိုရွယ်မှု တို့တွင် လက်ရှိဘဝ၏ နှစ်သိမ့်ရွှင်လန်း ကျေနပ်မှု ပုန်းကွယ်ပျောက် နေသည်ကို "**မနောမယပတ္တမြား**" မရှိက မသိနိုင်ပေ။ မြတ်ဗုဒ္ဓကလည်း "စိတ္တဿ ဒမထော သာဓု" စိတ်ကိုဆုံးမနိုင်မှ ကောင်းသည်ဟု မိန့်ဆိုထား ပါသည်။ ယောနိသော မနသိကာရ သင့်တင့်စွာ နှလုံးသွင်းနိုင်မှ ကျေနပ်ချမ်းသာ ပေမည်။ မိမိရရှိထားသည့် တန်ဘိုးကြီးလှသည့် လူ့ဘဝကို အင်မတန်နိမ့်ကျ သည့် အဆင့်ဆင်းပြီး စဉ်းစားဆင်ခြင် နှလုံးသွင်း၍ မသင့်လျော်ပါ။ လူ၊ နတ်၊ ဗြဟ္မာ ဘုံသုံးဖြာ၌ ပြိုင်ရာကင်းဘိ တုမရှိသော မြတ်ဗုဒ္ဓ၏ မြင့်မြတ်သော ဓမ္မရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူသည်ကို အရယူ၍ အမြင့်တက်ပြီး စဉ်းစားဆင်ခြင်သုံးသပ်မှ စိတ်ထားမြင့်မြတ်ပြီး ချမ်းသာအစစ်ကို မြင်နိုင်ပေမည်။

## မကျေနပ်၍သတ်

ကမ္ဘာအရပ်ရပ်ရှိ အတိုင်းတိုင်းအပြည်ပြည်မှ သန်းကြွယ်သူဌေးကြီး များသည်ပင်လျှင် သိန်းဂဏန်း၊ သန်းဂဏန်းငွေပစ္စည်း၊ ရာထူးဂုဏ်သိမ် အတွက်နှင့် လောဘ၊ ဒေါသ၊ မောဟတို့ မထိန်းသိမ်းနိုင်၊ သတိမမူနိုင်ဘဲ မကျေနပ်မှု ဖြစ်ပေါ်လာသည့် တခဏအတွင်းပင် လူများစွာကို သတ်ခဲ့ကြ၊ ပစ္စည်းမျိုးစုံကို ဖျက်စီးခဲ့ကြ၊ နောက်ဆုံး အနီးစပ်ဆုံးဆွေမျိုး၊ ညီအစ်ကို၊ မောင်နှမကိုပင် ချမ်းသာမပေး၊ အလွတ်မပေး၊ ယုတ်စွအဆုံး မိမိကိုယ်ကိုပင် သေကြောင်းကြံစည်ခြင်း ဖြစ်ကြသည်။ မသင့်လျော်သော်လည်း မထိန်းသိမ်းနိုင် တော့၍ သတ်သေကြသည့် ဘဝအထိ အချို့ရောက်ခဲ့ကြရသည်။ မကြာခဏ ကမ္ဘာအရပ်ရပ်မှဖြစ်ရပ်မှန်သတင်းများကို ကြားသိဖတ် ရှုနေရသည်။ မကျေနပ်၍ အမျက်ဒေါသထွက်လာသောအခါ ပကတိစိတ် ပျောက်သွားသဖြင့် အကြောင်း အကျိုး၊ အကောင်းအဆိုးတို့ကို မဝေခွဲနိုင်၊ မသိရှိနိုင်တော့ဘဲ၊ မိုက်မဲတွေဝေ လာပြီး ထိုခဏ၌ ပြုမူပြောဆိုသော အရာမှန်သမျှသည် အမှားများသာ ဖြစ်တတ်ကြသည်။ ထို့ကြောင့် "စိတ်" ဆိုးနေသည့်အချိန် မပြောနှင့်၊ မလုပ်နှင့်ဟူ၍ သတိပေး ဆိုးမတတ်ကြသည်။ သတိပြုသင့်ပေသည်။ ဤဖြစ်စဉ်၊ ဖြစ်ရပ်အားလုံးသည် မကျေနပ်မှုကြောင့်ပင်ဖြစ်သည်။

## အလိုမကျ၍ မကျေနပ် ဆင်းရဲ

ထို့အတူပင် ဆီဦးထောပတ်၊ ချိုချဉ်ရသာအဖြာဖြာစုံလင်စွာဖြင့် တည်ခင်း ပြင်ဆင်ထားသည့် စားပွဲတွင်ပင် ဆန္ဒပြင်းပြ အာသီသရှိသည့် ဟင်းလျာ တစ်မယ်၊ ရသာတစ်ခုခု မပါဝင်၊ ရှိသည့်ဟင်းလျာကိုလည်း မကြိုက်ဟု နှလုံး သွင်းမိသည်နှင့် မကျေနပ်မှုဖြစ်ပေါ်လာပြီး အလိုမကျ ဆင်းရဲရသည်ကိုလည်း မကြာခဏ မြင်ဘူး၊ ကြားဘူး၊ တွေ့ဘူး၊ ကြုံဘူးခဲ့ရသည်။

http://www.dhammadownload.com



## ဒေါသပေါက်ကွဲစိတ်ဆင်းရဲ

တန်ဖိုးကြီးမား တိုက်တာအဆောက်အအုံကြီးများကို နန်းတော်တမျှ ဘုံဗိမာန်အသွင် ပြင်ဆင်မွမ်းမံ ခြယ်သ ဆောက်လုပ်နိုင်ကြသော်လည်း မကျေ နပ်သည့် နေရာတစ်ကွက် ပစ္စည်းအချို့လိုရုံမျှဖြင့် ဆန္ဒမပြည့် ဒေါသပေါက်ကွဲ စိတ်ဆင်းရဲနေရသည့် သာဓကစုံကိုလည်း နေရာမျိုးစုံ အခါမလင့် တွေ့ဆုံ ကြုံခဲ့ရဘူးသည်။

## မသင့်မတင့်နှလုံးသွင်း

ထို့ထက်လွန်ကဲ ပုဂ္ဂိုလ်အချင်းချင်း မဆင်မခြင်မိ၍ မသင့်မတင့် နှလုံးသွင်းကာ ဒေါသပေါက်ကွဲ ဆိုဆဲကြိမ်းမောင်း ဆောက်တည်ရာမရ၊ ယောနိ သော မနသိကာရ သင့်တင့်စွာ နှလုံးမသွင်းနိုင်လျှင် သတိသမ္ပဇဉ်ဖြင့် မထိန်း သိမ်းနိုင်လျှင် စိတ်လိုက်မာန်ပါ ပြုလုပ်မိခါ မကျေနပ်ကြသည့် အဖြစ်ကြောင့် အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာတွေ့နိုင်သည် လူတစ်ခုပူမှုရယ် ဆယ်ကုဋေလို့ဆိုကြသည်။ ထို့ကြောင့်ပင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်နေ ကြရသည်ကိုလည်း နေရာအနှံ့ ကြိမ်ဖန်များစွာ တွေ့ခဲ့ရသည်။

## ငရဲဘုံသို့ဆွဲချ

တစ်ဦးနှင့်တစ်ဦး မျက်မှောက်၊ မျက်ကွယ်၌ ကာယကံ မေတ္တာတရား၊ ဝစီကံ မေတ္တာတရား၊ မနောကံ မေတ္တာတရား ပွားများလျက် ယောနိသော မနသိကာရ သင့်တင့်စွာ နှလုံးသွင်းနိုင်မှ ကျေနပ်မှု၊ ချမ်းသာမှု ရရှိနိုင်ပေမည်။

တစ်ခဏသာခံပြီး ပျက်စီးချို့ယွင်းမည့် ချမ်းသာသုခဖြစ်သည့် ဉစ္စာ ဓနအတွက်၊ အခွင့်အရေးအတွက်၊ အာဏာအတွက်၊ စည်းစိမ်ခံစားမှုအတွက် လုပ်နေကြသည်။ မည်သည့်နည်းနှင့်မဆို ဉစ္စာဓန၊ အကျော်စော၊ အခွင့်အာဏာ၊ စည်းစိမ်ချမ်းသာတို့ ရရှိရေးအတွက် အခါခပ်သိမ်း သတိမမူ အာသာငမ်းငမ်း မရပ်မနား ကြိုးစားနေကြသည်။ သင့်မသင့်မတွက် ဆထက်တန်ဖိုးတိုး၍သာ လိုချင်မှုဆန္ဒဖြင့် လုပ်ကိုင် နေကြလျှင် မုချမလွဲ ဒုက္ခနှင့်တွေ့ပေမည်။ တခဏသာ ခံသည့် ရုပ်ပိုင်းဆိုင်ရာပစ္စည်းများဖြင့် စည်းစိမ်ချမ်းသာကို ခံစားနေက အချိန် ကုန် လူပမ်းပြီး နောက်ဆုံး တွေးတောစိုးရိမ်မှု မုန်တိုင်းထဲ မသိစိတ်ရောက်ရှိပြီး စိတ်ဂဏာမငြိမ်ဖြစ်ခါ အဆုံးအပိုင်းအခြားမရှိ ငရဲဘုံသို့ ဆွဲချ ရောက်ရှိတတ် ပေသည်။

စဉ်းစားဆင်ခြင်၊ ခွဲခြမ်းစိတ်ဖြာ၊ ဝေဖန်သုံးသပ်ပြီး မိမိရရှိထားသည့် မွန်မြတ်လှသည့် လူ့ဘဝနှင့် လျော်ညီသည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်နေသဘောထားကို မတည်ဆောက်၊ မဖန်တီးနိုင်လျှင် အပေါ်ယံကိုသာ စဉ်းစားဆင်ခြင်၊ လုပ်ကိုင်နေကြလျှင် ရေရှည်အကျိုးရှိမည့် အမှန်ကောင်းကျိုးကို လုပ်နိုင်ကြမည်မဟုတ်၊ ငြိမ်းအေးနိုင်သည့် နှလုံးသွင်းကျေနပ်မှု ရှိနေမှ စိတ်နှလုံး ရွှင်ပြုံးပြီး ဆန္ဒပြည့်နိုင်ပေမည်။ အနှောက်အယှက်၊ အနှောင်အဖွဲ့မှ ကင်းပြီး လူသားအားလုံးအတွက် အလိုအပ်ဆုံး ချမ်းသာအစစ်ကို ရနိုင်ပေမည်။ နှလုံးသွင်းမှန်သည့် တွေးခေါ်ကြံစည်မှုကသာလျှင် အတွင်းသန္တာန်မှာ ပညာ ဉာဏ်အဖြစ်ရှိနေပေမည်။ မြင့်မြတ်မှု၊ ယုတ်နိမ့်မှုတို့ကို ဖြစ်နိုင်သည်။ ကျေနပ်မှု ကသာ အမှန်ကို စဉ်းစားဝေဖန်လျက် သစ္စာတည်းဟူသော အလင်းရောင်ကို သိရှိနိုင်ခွင့်ရှိပေမည်။

## အချိန်ကောင်းအခွင့်ကောင်း

ဤလောကကြီးတွင် ဗုဒ္ဓသာသနာနှင့်အတူ အမှန်တကယ် တည်ရှိနေ သည့် အနိစ္စ မမြဲခြင်း၊ ဒုက္ခ ဆင်းရဲခြင်း၊ အနတ္တ အစိုးမရခြင်းဆိုသည့် တရားကို ရသမျှ အချိန်တိုင်း နှလုံးသွင်းကြရန်၊ ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည် သေပြန်လျှင်လည်း ငိုသူကငို၊ အော်သူကအော်၊ ဟစ်သူကဟစ်၊ စိတ်မထိန်းနိုင်သူများက အချို့ဆိုလျှင် ဇာတ်သဖွယ် ဇာတ်လမ်းပမာဖွဲ့ဆိုကာ အော်ဟစ်ငိုကြွေးကြသည်။ သဗ္ဗေ သတ္တာ ကမ္မသကာ ခံကြရတာပဲ နောက်ဆုံး

http://www.dhammadownload.com



အရှိန်ကုန်မောပန်းပြီး ကောက်ရိုးမီးပမာ ငြိမ်ကျသွားသည်။ သေခြင်း မရဏ၊ ပူဆွေးခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်း ရဲခြင်း ဒေါမနဿ၊ ပြင်းစွာပူပန်ခြင်း ဥပယာသ တို့သည် မဆင်ခြင်လျှင် ဤလူ့ရွာတွင် အမြဲတွေ့ရမည်။ သုံးဆယ့်တစ်ဘုံအတွင်း ရောက်လာကြသည့် သတ္တဝါအားလုံးကို အိုဘေး၊ နာဘေးတို့ကလည်း မည်သူ့ကိုမျှ ချန်မထား၊ သေမင်းကလည်း အလွတ်မပေး၊ ''ကောင်းကင်ပစ်မြှောက်၊ အုတ်ခဲကျောက် သည် အောက်သို့မလွဲကျစမြဲ။ ကိုယ်ဝန်ပဋိသန်လည်း အမှန် မလွဲဖွားစမြဲ။ ရဲရဲလျှံဝေ၊ ဖန်စက်ရွှေလည်း၊ ညနေရှိန်စဲဝင်စမြဲ။ ကျွဲဝက်ပမာ၊ သတ္တဝါလည်း ခန္ဓာဖောက်လဲ အသေမြဲ။ ဆိုသည့်အတိုင်း သတ္တဝါမှန်သမျှ သေရမည်မှာ ဧကန်မလွဲပင်။

မျက်စေ့ကမှိုင်း၊ နားကထိုင်း၊ ခါးကကိုင်း၊ ကျောကုန်းရေတံလျှောက်၊ ဗိုက်လောက်စာလုံး၊ ခြေသလုံး ပလွေရိုးဖြစ်ခါမှ ကြိုးစားလျှင် ခက်ခဲ၍ နေတော့မည်။ သို့အတွက်ကြောင့် ဤလောက၌ ပျက်စီးကြောင်း တရားများ ထဲတွင် မိမိကိုယ်ကိုမိမိဖျက်ဆီးခြင်းသည် အဆိုးဝါးဆုံး၊ အထိခိုက်ဆုံး၊ အပျက်စီးဆုံးဖြစ်သည်။ မပျက်စီးအောင် ဗုဒ္ဓအဆုံးအမများကို အသေမဦးမီ လေးစားလေ့လာမှတ်သား ကျင့်ကြံအားထုတ်ကြရမည်။ တမလွန်ဘဝ၏ သုဂတိ ဒုဂ္ဂတိ ကောင်းကောင်းရွေးနိုင် ဖန်တီးနိုင်ခွင့် ရှိချိန်ကို အကျိုးအရှိဆုံး အသုံးချသင့်သည် ဘဝနိဂုံးအတွက် နှလုံးသွင်းလျက် ငါဘယ်ဘဝ၊ ဘယ်ဂတိ လားမည်နည်းဟု ဆင်ခြင်မိလျှင် အရာရာကို ကျေနပ်သွားမည်မှာ ဧကန်မလွဲ နိုင်ပါ။ ဤအသိရှိလျှင်ပင် ကျေနပ်မှု ပတ္တမြား လက်ဝယ်က ဘယ်သောအခါမှ ပျောက်ပျက်မသွားနိုင်တော့ပေ။ ''လို့လန့်ဇွဲ၊ မလျှော့ဘဲ အမြဲတင်းတင်းထား၊ လောကီလောကုတ် ဒီတိုင်းလုပ် မုချအောင်တရား'' ဆိုသည့်အတိုင်း ကောင်းတာကြံ၊ မှန်တာလုပ်၊ ဟုတ်တာပြော၊ လူရော၊ နတ်ရော၊ ဗြဟ္မာရော ကြည်ညိုမည်။ ထို့အတူ မိမိလုပ်သည့်အလုပ်ကို ကျေနပ်မှု ပီတိဖြစ်လျက် အကျိုးများမည်။ ထိတ်လန့်ကြောက်ရွံ့ဖွယ် အကြပ်အတည်းကို ဖြေရှင်း နိုင်မည်။ ဤသို့သိရှိပြီး တန်ဖိုးမဖြတ်နိုင်သည့် **မနောမယပတ္တမြားကြီး** လက်ဝယ်ပိုင်ပိုင် ကိုင်ထားနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါသည်။

http://www.dhammadownload.com



# နိဂုံး

ဆားတောင်ဆရာတော်ဘုရားကြီးနှင့်စားရေးသူ မိသားစု စတင်ဖူးမျှော် ပူဇော်ခွင့် ရသည့် အချိန်မှစ၍ ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို လွန်စွာကြည်ညိုမိပါသည်။ ဆရာတော်ဘုရားကြီးဟောသမျှ မိန့်မှာချက်များကိုလည်း တရိုတသေမှတ်သားနာယူကြပါသည်။ ဆရာတော် ဘုရားကြီး ဟောကြားသည်များကို သိလေသိလေ သိချင်လေ၊ ပိုသိအောင် လုပ်ရာမှ ပို၍ပို၍ သဘောပေါက်လာရသည်။ သိသမျှမေ့လျော့ ပျောက်ပျက် သွားမည်ကို စိုးရိမ်၍ ဟောတရား၊ မိန့်စကား၊ အားထုတ်ရမည့်ကျင့်စဉ်များ၊ မှတ်သားလိုက်နာရမည့်အချက်များ၊ ထူးခြားဖြစ်စဉ်များကို ဓါတ်ပုံ၊ ဗွီဒီယို၊ တိတ်ခွေ၊ ဗွီစီဒီ၊ ကက်ဆက်စသည်များဖြင့် မှတ်တမ်းတင်ပါသည်။ ဤသို့ ဆောင်ရွက်ထားမိခြင်းသည်ပင် ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိရေးခွင့်ပြုသည့် အချိန်တွင် အတော်အသင့်အဆင်ပြေသွားပါသည်။

ဆရာတော်ဘုရားကြီးသည် စိတ်ကိုအဓိကထားဆုံးမသည်၊ သတိအမြဲ ကပ်ရန်မှာကြားသည် အလွန်လည်းမှန်ပါသည်။ စိတ်သည် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သလို ကြည်လင်၏ စိတ်သည် အပြောင်းအလဲအမြန်ဆုံး ဥပမာ ပေးရန်ပင်မလွယ်ကြောင်း ဗုဒ္ဓမိန့်ခဲ့သည်ကို ဧကအင်္ဂုတ္တိုရ်တွင်တွေ့ရသည်။ သတိကိုအများဆုံး အနှောက်အယှက်ပေးဆုံးမှာ ကြိစည်စိတ်ကူးမှုပင်ဖြစ်သည်။ ''ပါပသ္မိံရမတေမနော'' မနော စိတ်သည် ပါပသ္မိံ မကောင်းမှု၌သာလျှင် ရမတေ မွေ့လျော်မြဲတည်း။ အဆိုးမြင် အပျက်တွေး၊ အမြဲပင်ရှုံ့ချ၊ ငိုညည်း နေသူများ သည်၊ ကိုယ်ရောစိတ်ပါ ပျက်စီးစေသော အဆိပ်အတောက်များကို သုံးဆောင် နေသူများနှင့်တူသည်။ အကောင်းမြင်၊ အပြုတွေး၊ နိုးကြားရှင်သန် စိတ်ထက်သန် စွာဖြင့် ဆင်ခြင် လုပ်ကိုင်နေထိုင်ရမည်။ ''သဒ္ဓါအတိ ဒုလ္လဘာ၊ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ'' လို့ သီလက္ခန် အဋ္ဌကထာမှာ ဖွင့်ဆိုထားပါသည်။ သဒ္ဓါသမ္ပတ္တိ၊ သဒ္ဓါတရားနှင့် ပြည့်စုံခြင်းသည် ဒုလ္လဘာ ရခဲလှ၏။ လေးကျွန်းသနင်း စကြာမင်း၏ ပတ္တမြားရတနာသည် ရေသို့ချက ရွံ့ ညွန်ရေမှော် နောက်ကျုခြင်း ကို တစ်ပြိုင်နက်ပယ်ရှားသုတ်သင်ဘိသကဲ့သို့ သဒ္ဓါသည် စိတ်နောက်ကျုမှု အားလုံးကို ပယ်ရှားနိုင်ပေသည်။ ''သဒ္ဓါရက္ခတိ သီလံပိ'' အစရှိပါဠိတော်အရ သီလကို သဒ္ဓါကစောင့်သည်၊ သီလနှင့်သဒ္ဓါကို ပညာကစောင့်သည်၊ သီလ၊ သဒ္ဓါနှင့်ပညာကို သတိကစောင့်၏ဟု ဗုဒ္ဓက ဟောတော်မူထားသည်။ ထို့ကြောင့် လည်း ဆရာတော်ကြီးက သတိကိုထပ်ချည်းတလဲလဲ ဟောပြောဆုံးမနေခြင်း ဖြစ်ပေမည်။

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်မှစ၍ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ လက်ထက်တော်တိုင် မဟာဂရုဏာတော်ဖြင့် အမြဲ မိန့်မှာသည့် အနိစ္စ မမြဲခြင်း၊ ဒုက္ခ ဆင်းရဲခြင်း၊ အနတ္တ အစိုးမရခြင်းဆိုသည့် တရားကို ရသမျှအချိန်တိုင်း နှလုံးသွင်းနိုင်က မုချအကျိုးများလှပေမည်။

အကျိုးများသည်ကို သိတော်မူ၍လည်း ဆားတောင်ဆရာတော် ဘုရားကြီးက ကြိမ်ဖန်များစွာ ဤအနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုသည့် လက္ခဏာရေး သုံးပါးကို မကြာခဏ မိန့်ကြားသည်။ ထို့ကြောင့်ပင် အားထားကိုးကွယ်ရမှာက ဘုရား၊ တရား၊ သံဃာ၊ အနီးကပ် ရန်သူက လောဘ၊ ဒေါသ၊ မောဟ၊ မိတ်ဆွေ အစစ်က ဒါန၊ သီလ၊ ဘာဝနာ၊ အမြဲသိရှိသတိ ပြုလျက်နေထိုင်ကျင့်သုံးရမှာက အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သည်ကို ထာဝရနှလုံးသွင်းနိုင်ကြလျှင် ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်းပြည်နိဗ္ဗာန်ဆိုသည့်အတိုင်း ဘဝဇာတ်သိမ်းကောင်း ကြပေမည်။ ဤသည်ကိုလည်း ယုံကြည်မှု သဒ္ဓါတရား အခိုင်အမာရှိရန် အရေးကြီးသည်။

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက မရှိတာ ထက်၊ မသိတာခက်၊ မသိတာထက်၊ မကျင့်တာခက်၊ မကျင့်တာထက်၊ မယုံကြည်တာခက်သည်ဟု မိန့်ကြားဘူးပါသည်။ သို့ဖြစ်၍ စိန္တေယျာ သုံးလူ့ သဗ္ဗညုကိုယ်တော်မြတ်၏ နှုတ်တော်မှ ဖွင့်ဟမိန့်ကြားခဲ့သည့် တရားတော် များသည် ကေန်စင်စစ်အမှန်တရားချည်းသာဖြစ်သည်။ စိတ်ချ ယုံကြည်ကြရန် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးများက

http://www.dhammadownload.com



ဗုဒ္ဓ၏တရားစစ်တရားမှန် များကို ထပ်ဆင့်ပောကြား ဆုံးမခဲ့ကြခြင်းဖြစ်သည်။

ဆားတောင်ဆရာတော်ဘုရားကြီးက ခန္ဓာကတော့ သူ့တရားသူပြ နေတာပဲ၊ လောဘ၊ ဒေါသ၊ မောဟ၊ ဖုံးနေတော့ဘာမှ မသိလိုက်ရဘူးဟု မကြာခဏ မိန့်ကြားပါသည်။ ပြည့်ပြည့်စုံစုံ သိသင့်သိထိုက်သည့် ဉာဏ်ဖြင့် မဆင်ခြင်ဘဲ အများအားဖြင့် တခဏအတွင်း ဖြစ်ပေါ်သည့်ဆန္ဒအရ ကြံစည် ပြုလုပ်တတ်ကြသည်။ နောက်ဆုံး အမှန်မမြင်၊ အကျိုးမထင်၊ မကျေမနပ် ဖြစ်ကာ ဆင်းရဲကြရသည်။

ထို့အတူပင် ဆားတောင်ဆရာတော်ဘုရားကြီးက လောဘ၊ ဒေါသ၊ မောဟ ကင်းအောင် ပြတ်အောင်လုပ်ကြ၊ ဖြစ်အောင်လည်းမလုပ်နဲ့ ပျက်အောင် လည်းမလုပ်နဲ့ ဖြစ်တာပျက်တာ အမြဲသိနေပါစေ။ ဖြစ်အောင်လုပ်တာက လောဘ၊ ပျက်အောင်လုပ်တာက ဒေါသ၊ ဖြစ်ပျက်မသိတာက မောဟ။ ဘာမဆို အတွင်းကနေ အေးအောင်လုပ်ရတယ်။ အပြင်ကဘယ်လောက်ပူပူ အတွင်းက အေးနေတော့ အေးတာပဲ။ အပြင်ကဘယ်လောက် အေးအေး အတွင်းက ပူတော့ ပူတာပဲဟု မိန့်ကြားသည်မှာ လွန်စွာမှတ်သားဖွယ်ကောင်းလှသည်။ ကျေနပ်နိုင်ပါမှ အတွင်းကအေးနိုင်သည်။ ကျေနပ်မှုမေတ္တာဖြင့် အရာရာကို မှန်မှန်ကန်ကန် ဆုံးဖြတ်ဆောင်ရွက် အနိုင်ယူနိုင်သည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက လောဘဖြစ်ဖြစ်၊ ဒေါသဖြစ်ဖြစ်၊ ထိနမိဒ္ဓဖြစ်ဖြစ်၊ ဥဒ္ဓစ္စဖြစ်ဖြစ်၊ ကုက္ကုစ္စဖြစ်ဖြစ်၊ ဖြစ်တယ်ဆိုရင် သေ့ဖြစ်သွားပြီလို့ နောက်ကတခါတည်း ဉာဏ်လိုက်တယ်၊ ဖြစ်ကြောမရှည်စေရဘူးဟု မိန့်ကြားခဲ့သည်မှာလည်း လွန်စွာမှတ်သား သင့်ပါသည်။

ဆားတောင်ဆရာတော်ဘုရားကြီးက စိတ်ဆိုတာ မြင့်မိုရ်တောင်နဲ့ ကြိတ်လို့ ကြေတာမဟုတ်ဘူး။ ဝိပဿနာနဲ့ကြိတ်မှ ကြေတယ်ဟု မိန့်ပါသည်။ ဘဝနိဂုံးအတွက် ငါသည် မုချသေရမည်၊ အချိန်ပိုင်း၊ ရက်ပိုင်းသာ လိုတော့သည်။ ငါအသက်မည်မျှရှည်မည်နည်း။ ငါဘယ်ရောဂါ ဝေဒနာများနှင့် သေမည်နည်း။ ဘယ်အချိန်သေမည်နည်း၊ ဘယ်နေရာမှာ သေမည်နည်း၊ ဘယ်ဘဝ ဘယ်ဂတိ လားမည်နည်းဟု ဆင်ခြင်မိလျှင်၊ နှလုံးသွင်းလိုက်မိလျှင်ပင် အရာရာခွင့်လွှတ် နိုင်မည်၊ အကျေနပ်ကြီး ကျေနပ်သွားမည်မှာ ဧကန်မလွဲပင်၊ ဒီနေရာမှာ အလျှဉ်းသင့်လို့ ဖော်ပြလိုသည်မှာ အား(၇) ပါးနှင့် ပြည့်စုံသူများပင် သေကြရသည်။

## အား(၇)ပါး

၁။ ချမ်းသာသူများလည်း သေရသည်။
၂။ လက်ရုံးအားကောင်းသူများလည်း သေရသည်။
၃။ တိုင်းပြည်အုပ်ချုပ်မင်းလုပ် စိုးစံသူများလည်း သေရသည်။
၄။ မြေလျှိုးမိုးပျံနိုင်သည့် တန်ခိုးရှိသူများလည်း သေရသည်။
၅။ ဉာဏ်ပညာအရာမှာ ကြီးကျယ်သူများလည်း သေရသည်။
၆။ ပစ္စေကဗုဒ္ဓါ ဘုရားငယ်များလည်း ပရိနိဗ္ဗာန်စံရသည်။
၇။ ဘုရားရှင်များလည်း ပရိနိဗ္ဗာန်စံရသည်။

ထို့ကြောင့် ဘဝတစ်သက်တာကာလသည်လည်း တခဏတာမျှတည်း။ ချမ်းသာဟူသည်လည်း ညှော်သည်ပမာတည်း၊ ညှော်သည်ကို ထာဝရစွဲလမ်း နေ၍ကားမဖြစ်ချေ၊ ဤသို့လျှင်၊ အမြဲသိ၊ အမြဲသတိပြုနေရမည့်အရာကား ချမ်းသာအစစ်ဖြစ်နိုင်သည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အမှန်တရားပင်ဖြစ်သည်။

ဆရာတော်ကြီးများက ထပ်ချည်တလဲလဲ နားထဲစွဲသွားကြရအောင် ကြိမ်ဖန်များစွာ ပြောဆိုသတိပေးနေခြင်းသည်၊ တခဏစာ၊ တစ်ဘဝစာမဟုတ်၊ သံသရာတောက်လျှောက်လုံးအတွက် အရေးကြီးလှသဖြင့်

http://www.dhammadownload.com



သတိပေးနေခြင်း ဖြစ်သည်။ ယှူရရှိထားသည့် မနုဿတ္တ ဒုလ္လဘ ဘဝတွင်ပင်ဖြည့်ကြ၊ ကျင့်ကြ၊ အားထုတ်ကြရန်၊ မိမိကိုယ်ကိုသာ အားကိုးကြိုးစားကြရန် မေတ္တာရှေ့ထား တိုက်တွန်းလိုပါသည်။ ကြုံတောင့်ကြုံခဲ၊ ကြုံလာရတဲ့ အခွင့်ကောင်းကို လက် မလွှတ်သင့်ပါ။ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုးလျက်၊ ကောင်းမှုတိုး၍ ကောင်းကျိုးကိုယ်၌ တည်စေအောင် ကြိုးစားကြရမည်။ ကြိုးစားကြရာတွင် လည်း လောက၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း၊ လူ့ဘုံဌာန၊ လူ့ဘဝ၏ ပန်းတိုင် မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်သွားနိုင်အောင် ကြိုးစားနိုင်ကြပါစေလို့ ဆန္ဒပြုပါသည်။

ဆားတောင်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်တရားများ စာအုပ်ရေးခြင်းသည် သာသနာပြုအလုပ် ကုသိုလ်ကောင်းမှုလုပ်လိုက်ရသည်ဟု စာရေးသူ နှလုံးသွင်းယုံကြည်ပါသည်။ အတိုင်းမသိဝမ်းသာ ပီတိဖြစ်ပါသည်။

ဤစာအုပ်တွင် အကာလိကော၊ အခါမလင့် အချိန်နှင့်အမျှ ချမ်းသာ အစစ်ကိုပေးစွမ်းနိုင်သည့် တုမဖြင်နှိုင်းမရတိုင်းဆမပြနိုင်လောက်အောင် အကျိုး ကြီးမားလှသည့် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတရားများ၊ ဆရာတော်ကြီးများ၏ အဆုံးအမများ အကြပ်အတည်းအခက်အခဲတိုလှုပ်ခြောက်ခြားဖွယ်များ ကြုံတွေ့သည့်အခါဆင်ခြင်ရမည့် အသိတရားနှင့် သတိထားစရာများကို တစ်ဘဝစာ မဟုတ် သံသရာတောက်လျှောက်လုံးအတွက် ကြိုတင်ပြင်ဆင် မှတ်သားကျင့်ကြံ အားထုတ်နိုင်ရန် ဖော်ပြထားပါသည်။ မှန်ကန်သောအရာသည်ပင်၊ အကြံအစည် ဉာဏ်မမီက ဒုက္ခာရီသဖွယ်ဖြစ်တတ်သည်ကို သတိပြုစေချင်ပါသည်။

စာရှုသူများအနေဖြင့် ဆားတောင်ဆရာတော်ဘုရားကြီးနှင့် ပတ်သက် သော ကိုယ်တွေ့ ဖြစ်ရပ်များနှင့် ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိ ဂုဏ်၊ ပညာဂုဏ်များ ထပ်မံဖြည့်စွက်လိုပါကလည်း စာရေးသူထံပေးပို့၍ ထပ်မံ ဖြည့်စွက်နိုင်ပါသည်။ ဤ စာအုပ်တွင် ချို့ယွင်းအားနည်းချက်များ ပါရှိသွားပါက စာရေးသူ၏ အားနည်းချက်သာဖြစ်ပါသည်။ ဖြည့်စွက်ပြင်ဆင်ပါမည်။ မြတ်စွာဘုရားက ''ချစ်သားရာဟုလာ၊ မိမိအပြစ်ကို ထောက်ပြသူအား ရွှေအိုးပေးလာသူဟု မှတ်အပ်၏'' ဟု မိန့်ဆိုခဲ့သည်ကို မှတ်သားနှလုံးသွင်း လျက် စာရေးသူ၏ ဖော်ပြတင်ပြချက်တွင် အမှားတွေ့က၊ ကရုဏာထား၍ ထောက်ပြလျှင် ကျေနပ်စွာ ဂရုတစိုက် မှတ်သားလေ့လာ ပြင်ဆင်သွားပါမည်။

စာဖတ်သူများလည်း စဉ်းလဲခြင်း၊ ဝန်တိုခြင်း၊ နှမြောခြင်းစသည့် ဘေးရန်များ ကင်းဝေး၍ ဒါန၊ သီလ၊ ဘာဝနာကောင်းမှုများကို သဒ္ဓါစိတ် ကြည်လင်စွာ စွဲကပ်လျက် သာသနာအကျိုး မိမိအကျိုးဆောင်ရွက်နိုင်ကြပါစေ၊ အတိတ်အနာဂတ်ကို သိမြင်၍ ပစ္စုပ္ပန် သံသရာအကျိုးကို ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါစေလို့ ဆုတောင်းဆန္ဒပြုအပ်ပါသည်။

**ဦးလှမြင့် (မနောမယပတ္တမြား)**